www.burmeseclassic.com

# ဥပဒေ(၁၀၀) ပုဒ်မ(၁၀၀၀) ရှောင်ဖို့သိဖို့ဆောင်

ဦးကျော်ဇေယျ

www.burmeseclassic.com

www.burmeseclassic.com

ဖြန့်ချိရေး
"[illegible]" စာပေစာအုပ်တိုက်
အမှတ် ၁၂၅၊ အခန်း (၁၁)၊ ပထမထပ်
ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၂၄၃၈၁၃

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး။
- အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး ဒို့အရေး။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများကို ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆော[illegible]
- ဈေးကွက်စီးပွားရေးစနစ် [illegible]ာရေး။
- ပြည်တွင်းပြည်ပမှ အတတ်[illegible]နှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

ဦးကျော်ဇေယျ

# ဥပဒေ(၁၀၀) ပုဒ်မ(၁၀၀၀)

## ရှောင်ဖို့ သိဖို့ဆောင်

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်းစာနယ်ဇင်း
ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
၁၀၁၈/ ၂၀၀၄ (၁၁)
မျက်နှာဖုံးကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
**၁၀၂၈/၂၀၀၄ (၁၁)**

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | ရွက်လက်လှ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| ပုံနှိပ်ပြီးသည့်လ | - | ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ |
| တန်ဖိုး | - | ၃၀၀၀ ကျပ် |
| မျက်နှာဖုံးပုံနှိပ် | - | ဦးတင်မောင်ဝင်း (၀၅၉၄၆) |
| အတွင်းပုံနှိပ် | - | သင်းလဲ့ဝင်းပုံနှိပ်တိုက်<br>အမှတ် (၁)၊ ဗိုလ်ရာညွန့်လမ်း၊<br>ယောမင်းကြီးရပ်ကွက်၊<br>ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | - | ဦးကျော်ဟင်း<br>ယုံကြည်ချက်စာပေ (၀၁၉၁၀)<br>အမှတ် ၁၁၁၊ ၃၃ လမ်း၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | တရားမဝင်နည်းလမ်းဖြင့် ပိုင်ဆိုင်ရောင်းဝယ်သည့်ကိစ္စ။ | ၁ |
| ၂။ | တရားမဝင်နည်းလမ်းဖြင့် ရသည့်ငွေကိစ္စ။ | ၂ |
| ၃။ | နိုင်ငံသားများအခွင့်အရေး ကာကွယ်သည့်ကိစ္စ။ | ၅ |
| ၄။ | နိုင်ငံတော်တည်ငြိမ်ရေးနှင့် နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ကိစ္စ။ | ၈ |
| ၅။ | နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးသည့်အန္တရာယ်ကို ကြိုတင်ကာကွယ်သည့်ကိစ္စ။ | ၁၀ |
| ၆။ | အရေးပေါ်စီမံမှုကိစ္စ။ | ၁၁ |
| ၇။ | အသင်းအဖွဲ့များကိစ္စ။ | ၁၇ |
| ၈။ | မတရားအသင်းကိစ္စ။ | ၂၀ |
| ၉။ | နိုင်ငံခြားသားနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကိစ္စ။ | ၂၁ |
| ၁၀။ | လောင်းကစားကိစ္စ။ | ၂၃ |
| ၁၁။ | လျှပ်စစ်မီးကိစ္စ။ | ၂၈ |
| ၁၂။ | နိုင်ငံသားကိစ္စ။ | ၂၉ |
| ၁၃။ | နိုင်ငံခြားငွေကိစ္စ။ | ၃၅ |
| ၁၄။ | ပြည်သူပိုင်ပစ္စည်းကာကွယ်သည့်ကိစ္စ။ | ၃၆ |
| ၁၅။ | အစိုးရအိမ်ဉပစာမှာ တရားမဝင်နေသည့်ကိစ္စ။ | ၃၇ |
| ၁၆။ | လက်နက်ကိစ္စ။ | ၃၉ |
| ၁၇။ | တိုင်းရင်းဆေးဝါးကိစ္စ။ | ၄၄ |
| ၁၈။ | တိုင်းရင်းဆေးဆရာကိစ္စ။ | ၄၆ |
| ၁၉။ | ဆေးကုလိုင်စင်ကိစ္စ။ | ၄၇ |
| ၂၀။ | ဆေးဝါးထုတ်လုပ်သည့်ကိစ္စ။ | ၄၈ |
| ၂၁။ | ရန်ကုန်မြို့ရေကိစ္စ။ | ၅၀ |
| ၂၂။ | လယ်ယာမြေကိစ္စ။ | ၅၁ |
| ၂၃။ | ရန်ကုန်ရဲလုပ်ပိုင်ခွင့်ကိစ္စ။ | ၅၃ |
| ၂၄။ | ရဲလုပ်ပိုင်ခွင့်ကိစ္စ။ | ၆၂ |
| ၂၅။ | စည်ပင်သာယာရေးကိစ္စ။ | ၆၈ |
| ၂၆။ | ယဉ်ကျေးမှုအမွေအနှစ်ကိစ္စ။ | ၇၄ |


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၂၇။ | အဏုမြူစွမ်းအင်ကိစ္စ။ | ၇၇ |
| ၂၈။ | အစားအသောက်ကိစ္စ။ | ၇၈ |
| ၂၉။ | ကွန်ပျူတာပညာဖွံ့ဖြိုးရေးကိစ္စ။ | ၈၂ |
| ၃၀။ | မီးသတ်ကိစ္စ။ | ၈၄ |
| ၃၁။ | ရုပ်ရှင်လုပ်ငန်းကိစ္စ။ | ၈၆ |
| ၃၂။ | ရုပ်မြင်သံကြားနှင့်ဗီဒီယိုလုပ်ငန်းကိစ္စ။ | ၈၈ |
| ၃၃။ | ကျောက်မျက်ရတနာကိစ္စ။ | ၉၀ |
| ၃၄။ | ပုလဲလုပ်ငန်းကိစ္စ။ | ၉၂ |
| ၃၅။ | ကူးစက်ရောဂါကာကွယ်ရေးကိစ္စ။ | ၉၅ |
| ၃၆။ | တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကိစ္စ။ | ၉၇ |
| ၃၇။ | ဓာတ်သတ္တုလုပ်ငန်းကိစ္စ။ | ၉၉ |
| ၃၈။ | စာရင်းကိုင်လုပ်ငန်းကိစ္စ။ | ၁၀၁ |
| ၃၉။ | ကလေးသူငယ်အရေးကိစ္စ။ | ၁၀၂ |
| ၄၀။ | အပင်ပိုးမွှားကာကွယ်သည့်ကိစ္စ။ | ၁၀၄ |
| ၄၁။ | မူးယစ်ဆေးဝါးကိစ္စ။ | ၁၀၆ |
| ၄၂။ | သစ်တောကိစ္စ။ | ၁၁၀ |
| ၄၃။ | ဆားကိုစီးပွားဖြစ်ထုတ်သည့်ကိစ္စ။ | ၁၁၃ |
| ၄၄။ | ငွေစုဘဏ်လုပ်ငန်းကိစ္စ။ | ၁၁၄ |
| ၄၅။ | ရေချိုငါးလုပ်ငန်းကိစ္စ။ | ၁၁၆ |
| ၄၆။ | အမြတ်ခွန်ကိစ္စ။ | ၁၁၉ |
| ၄၇။ | ပုံနှိပ်ထုတ်ဝေသည့်ကိစ္စ။ | ၁၂၁ |
| ၄၈။ | ငါးမွေးမြူရေးကိစ္စ။ | ၁၂၅ |
| ၄၉။ | ပုဂ္ဂလိကစက်မှုလုပ်ငန်းကိစ္စ။ | ၁၂၆ |
| ၅၀။ | နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကိစ္စ။ | ၁၂၈ |
| ၅၁။ | နိုင်ငံတော်အလံကိစ္စ။ | ၁၂၈ |
| ၅၂။ | အစိုးရကသာလုပ်ကိုင်ရသည့် စီးပွားရေးလုပ်ငန်းကိစ္စ။ | ၁၃၂ |
| ၅၃။ | ဝင်ငွေခွန်ကိစ္စ။ | ၁၃၃ |
| ၅၄။ | စာကြည့်တိုက်၊ ပြတိုက်၊ ပြပွဲများကိစ္စ။ | ၁၃၅ |
| ၅၅။ | စက်တပ်ယာဉ်ထိခိုက်သည့်ကိစ္စ။ | ၁၃၇ |
| ၅၆။ | မော်တော်ယာဉ်ကိစ္စ။ | ၁၄၃ |
| ၅၇။ | အဂတိလိုက်စားသည့်ကိစ္စ။ | ၁၄၇ |


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၅၈။ | ခြေချုပ်ခံဝန်နှင့်ထားရမည့်သူများကိစ္စ။ | ၁၅၀ |
| ၅၉။ | ပြည့်တန်ဆာနှိပ်ကွပ်ရေးကိစ္စ။ | ၁၅၄ |
| ၆၀။ | သမိုင်းဝင်ပုဂ္ဂိုလ်များအထိမ်းအမှတ်ကိစ္စ။ | ၁၆၀ |
| ၆၁။ | မြို့ပြဆိုင်ရာငှားရမ်းခကိစ္စ။ | ၁၆၀ |
| ၆၂။ | တောင်သူလယ်သမားအခွင့်အရေးကိစ္စ။ | ၁၆၃ |
| ၆၃။ | လယ်ယာမြေသီးစားချထားရေးကိစ္စ။ | ၁၆၄ |
| ၆၄။ | အများနှင့်သက်ဆိုင်သောပစ္စည်းကိစ္စ။ | ၁၆၆ |
| ၆၅။ | လူမှုဖူလုံရေးကိစ္စ။ | ၁၆၇ |
| ၆၆။ | ရှေးဟောင်းဝတ္ထုပစ္စည်းကိစ္စ။ | ၁၆၈ |
| ၆၇။ | ပွဲကျင်းပရာတွင် ဆေးလိပ်သောက်ခြင်း တားမြစ်သည့်ကိစ္စ။ | ၁၇၂ |
| ၆၈။ | အလုပ်ခန့်ထားမှုကန့်သတ်ရေးကိစ္စ။ | ၁၇၃ |
| ၆၉။ | လူဝင်မှုကိစ္စ။ | ၁၇၅ |
| ၇၀။ | မြို့ပြကိစ္စ။ | ၁၇၇ |
| ၇၁။ | ကျေးရွာကိစ္စ။ | ၁၈၀ |
| ၇၂။ | နိုင်ငံတွင်းနေထိုင်သူများနှင့် မှတ်ပုံတင်ကတ်ပြားကိစ္စ။ | ၁၈၂ |
| ၇၃။ | တူးမြောင်းကိစ္စ။ | ၁၈၄ |
| ၇၄။ | လောင်စာဆီကိစ္စ။ | ၁၈၅ |
| ၇၅။ | တရားရုံးများကို မထိမဲ့မြင်ပြုသည့်ကိစ္စ။ | ၁၈၆ |
| ၇၆။ | ကုန်းလမ်းအကောက်ခွန်ကိစ္စ။ | ၁၈၇ |
| ၇၇။ | ကျွဲ နွားတိရစ္ဆာန်ကျော်နင်းသည့်ကိစ္စ။ | ၁၈၈ |
| ၇၈။ | ယစ်မျိုးကိစ္စ။ | ၁၉၀ |
| ၇၉။ | ပြည်တွင်းရေကြောင်းတွင် သယ်ယူပို့ဆောင်သည့်ကိစ္စ။ | ၁၉၂ |
| ၈၀။ | လမ်းနှင့်တံတား အသုံးပြုသည့်ကိစ္စ။ | ၁၉၄ |
| ၈၁။ | လမ်းမကြီးများနှင့်သက်ဆိုင်သည့်ကိစ္စ။ | ၁၉၄ |
| ၈၂။ | ကုန်လမ်း၊ ရေလမ်း သယ်ယူပို့ဆောင်သည့်ကိစ္စ။ | ၁၉၆ |
| ၈၃။ | ကုန်သည်သင်္ဘောကိစ္စ။ | ၁၉၇ |
| ၈၄။ | ရေကြောင်းမီးသင်္ဘောကိစ္စ။ | ၂၀၀ |
| ၈၅။ | မြေယာချထားရေးနှင့်မြေယာသိမ်းရေးကိစ္စ။ | ၂၀၅ |
| ၈၆။ | စာချုပ်စာတမ်း မှတ်ပုံတင်သည့်ကိစ္စ။ | ၂၀၅ |
| ၈၇။ | မြို့တော်နေသူ ကျန်းမာရေးကိစ္စ။ | ၂၀၇ |
| ၈၈။ | မြို့တော်ဈေးများကိစ္စ။ | ၂၀၈ |


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၈၉။ | မြို့တော်ပန်းဥယျာဉ်နှင့်အားကစားကိစ္စ။ | ၂၀၈ |
| ၉၀။ | အဆောက်အအုံဆောက်လုပ်သည့်ကိစ္စ။ | ၂၀၉ |
| ၉၁။ | မြို့တော်သန့်ရှင်းရေးကိစ္စ။ | ၂၀၉ |
| ၉၂။ | မြို့တော်အခွန်းစည်းကြပ်ရေးကိစ္စ။ | ၂၁၀ |
| ၉၃။ | ရန်ကုန်မြို့တွင် တိရစ္ဆာန်မွေးမြူခြင်း၊ သားသတ်ခြင်းကိစ္စ။ | ၂၁၀ |
| ၉၄။ | မြို့တော်စီမံခန့်ခွဲရေးကိစ္စ။ | ၂၁၁ |


## ဥပဒေများ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို အရေးယူသည့်ဥပဒေ။ | ၁ |
| ၂။ | တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးဥပဒေ။ | ၂ |
| ၃။ | နိုင်ငံသားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက် ပေးသည့်ဥပဒေ။ | ၅ |
| ၄။ | နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေး နှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး တို့ကို နှောင့်ယှက် ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေ။ | ၈ |
| ၅။ | နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးသည့်သူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေ။ | ၁၀ |
| ၆။ | ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေ။ | ၁၁ |
| ၇။ | အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ။ | ၁၇ |
| ၈။ | ၁၉၀၈ ခုနှစ်၊ မတရားအသင်း အက်ဥပဒေ။ | ၂၀ |
| ၉။ | မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေ။ | ၂၁ |
| ၁၀။ | လောင်းကစားဥပဒေ။ | ၂၃ |
| ၁၁။ | လျှပ်စစ်ဥပဒေ။ | ၂၈ |
| ၁၂။ | မြန်မာနိုင်ငံသားဥပဒေ။ | ၂၉ |
| ၁၃။ | ၁၉၄၇ ခုနှစ်၊ နိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းဥပဒေ။ | ၃၅ |


www.burmeseclassic.com

www.burmeseclassic.com


၁၄။ ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေ။ ၃၆
၁၅။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေ။ ၃၇
၁၆။ ၁၈၇၈ ခုနှစ်၊ လက်နက်ဥပဒေ။ ၃၉
၁၇။ ၁၉၄၉ ခုနှစ်၊ လက်နက်(အရေးပေါ်ပြစ်ဒဏ်စီရင်မှု)(ယာယီ) အက်ဥပဒေ။ ၄၀
၁၈။ ၁၉၅၁ ခုနှစ်၊ လက်နက်(ယာယီ)ပြင်ဆင်ချက် အက်ဥပဒေ။ ၄၁
၁၉။ တိုင်းရင်းဆေးဝါးဥပဒေ။ ၄၄
၂၀။ တိုင်းရင်းဆေးကောင်စီဥပဒေ။ ၄၆
၂၁။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ။ ၄၇
၂၂။ အမျိုးသားဆေးဝါးဥပဒေ။ ၄၈
၂၃။ ၁၈၈၅ ခုနှစ်၊ ရန်ကုန်ရေပေးရေးလုပ်ငန်း အက်ဥပဒေ။ ၅၀
၂၄။ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ။ ၅၁
၂၅။ ၁၈၉၉ ခုနှစ်၊ ရန်ကုန်ရဲအက်ဥပဒေ။ ၅၃
၂၆။ ၁၉၄၅ ခုနှစ်၊ ရဲအက်ဥပဒေ။ ၆၂
၂၇။ ၁၈၉၈ ခုနှစ်၊ မြူနီစပယ်အက်ဥပဒေ။ ၆၈
၂၈။ စည်ပင်သာယာရေးအဖွဲ့ဥပဒေ။ ၇၁
၂၉။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ။ ၇၄
၃၀။ အဏုမြူစွမ်းအင်ဥပဒေ။ ၇၇
၃၁။ အမျိုးသားအစားအသောက်ဥပဒေ။ ၇၈
၃၂။ ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေ။ ၈၂
၃၃။ မီးသတ်တပ်ဖွဲ့ဥပဒေ။ ၈၄
၃၄။ ရုပ်ရှင်ဥပဒေ။ ၈၆
၃၅။ ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေ။ ၈၈
၃၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ။ ၉၀
၃၇။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ။ ၉၂
၃၈။ ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေ။ ၉၅
၃၉။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ။ ၉၇


www.burmeseclassic.com

www.burmeseclassic.com


၄၀။ မြန်မာ့သတ္တုတွင်းဥပဒေ။ ၉၉

၄၁။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ။ ၁၀၁

၄၂။ ကလေးသူငယ်ဥပဒေ။ ၁၀၂

၄၃။ အပင်ပိုးမွှားကာကွယ်သည့်ဥပဒေ။ ၁၀၄

၄၄။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ
ဆိုင်ရာဥပဒေ။ ၁၀၆

၄၅။ သစ်တောဥပဒေ။ ၁၁၀

၄၆။ ဆားလုပ်ငန်းဥပဒေ။ ၁၁၃

၄၇။ ငွေစုဘဏ်လုပ်ငန်းဥပဒေ။ ၁၁၄

၄၈။ ရေချိုငါးလုပ်ငန်းဥပဒေ။ ၁၁၆

၄၉။ အမြတ်ခွန်ဥပဒေ။ ၁၁၉

၅၀။ ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ။ ၁၂၁

၅၁။ ငါးမွေးမြူရေးဆိုင်ရာဥပဒေ။ ၁၂၅

၅၂။ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ။ ၁၂၆

၅၃။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် ဥပဒေ။ ၁၂၈

၅၄။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် နည်းဥပဒေ။ ၁၂၈

၅၅။ နိုင်ငံတော်အလံ ဥပဒေ။ ၁၂၉

၅၆။ နိုင်ငံတော်အလံ နည်းဥပဒေ။ ၁၃၀

၅၇။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေ။ ၁၃၂

၅၈။ ၁၉၇၄ ခုနှစ် ဝင်ငွေခွန် ဥပဒေ။ ၁၃၃

၅၉။ ၁၉၆၄ ခုနှစ်၊ စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲကြီးကြပ်
အုပ်ချုပ်ရေးဥပဒေ။ ၁၃၅

၆၀။ သူတစ်ပါးထိခိုက်မှုအာမခံ နည်းဥပဒေ။ ၁၃၇

၆၁။ ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ် ဥပဒေ။ ၁၄၃

၆၂။ ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှု တားမြစ်ရေးဥပဒေ။ ၁၄၇

၆၃။ ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်
အက်ဥပဒေ။ ၁၅၀

၆၄။ ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေ။ ၁၅၄

၆၅။ ၁၉၆၂ ခုနှစ်၊ သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ် မော်ကွန်း
ဥပဒေ။ ၁၆၀

၆၆။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး
အက်ဥပဒေ။ ၁၆၀


www.burmeseclassic.com

www.burmeseclassic.com

၆၇။ ၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်သည့်
ဥပဒေ။ ၁၆၃
၆၈။ ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေ။ ၁၆၄
၆၉။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်
စောင့်ရှောက်ရေး ဥပဒေ။ ၁၆၆
၇၀။ ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေး အက်ဥပဒေ။ ၁၆၇
၇၁။ ၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေ။ ၁၆၈
၇၂။ ၁၉၅၉ ခုနှစ်၊ ပွဲကျင်းပပြသရာ အဆောက်အအုံများတွင်
ဆေးလိပ်သောက်ခြင်း တားမြစ်ရေးအက်ဥပဒေ။ ၁၇၂
၇၃။ ၁၉၅၉ ခုနှစ်၊ အလုပ်ခန့်ထားမှု ကန့်သတ်ရေးအက်ဥပဒေ။ ၁၇၃
၇၄။ ၁၉၇၇ ခုနှစ်၊ လူဝင်မှုကြီးကြပ်ရေး(အရေးပေါ်
ပြဋ္ဌာန်းချက်များ) အက်ဥပဒေ။ ၁၇၅
၇၅။ ၁၉၀၇ ခုနှစ်၊ မြို့များဥပဒေ။ ၁၇၇
၇၆။ ၁၉၀၇ ခုနှစ်၊ ကျေးရွာအက်ဥပဒေ။ ၁၈၀
၇၇။ ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ
မှတ်ပုံတင်ရေးအက်ဥပဒေ။ ၁၈၂
၇၈။ ၁၉၄၀ ခုနှစ်၊ နိုင်ငံခြားသားမှတ်ပုံတင်အက်ဥပဒေ။ ၁၈၃
၇၉။ ၁၉၀၅ ခုနှစ်၊ တူးမြောင်းအက်ဥပဒေ။ ၁၈၄
၈၀။ ၁၉၃၄ ခုနှစ်၊ လောင်စာဆီအက်ဥပဒေ။ ၁၈၅
၈၁။ ၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်ပြုမှု အက်ဥပဒေ။ ၁၈၆
၈၂။ ၁၉၂၄ ခုနှစ်၊ ကုန်းလမ်းအကောက်ခွန်ဥပဒေ။ ၁၈၇
၈၃။ ကျွဲ နွားတိရစ္ဆာန်ကျော်နင်းမှုဥပဒေ။ ၁၈၈
၈၄။ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေ။ ၁၉၀
၈၅။ ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံ ပြည်တွင်းရေကြောင်းသယ်ယူ
ပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေ။ ၁၉၂
၈၆။ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေ။ ၁၉၄
၈၇။ လမ်းမကြီးများ ဥပဒေ။ ၁၉၄
၈၈။ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း
သယ်ယူပို့ဆောင် ရေးလုပ်ငန်းများဥပဒေ။ ၁၉၆
၈၉။ ၁၉၂၃ ခုနှစ်၊ မြန်မာနိုင်ငံ ကုန်သည်သင်္ဘောအက်ဥပဒေ။ ၁၉၇
၉၀။ ၁၉၁၇ ခုနှစ်၊ ပြည်တွင်းရေကြောင်းမီးသင်္ဘောအက်ဥပဒေ။ ၂၀၀

www.burmeseclassic.com


၉၁။ ၁၈၉၄ ခုနှစ်၊ အစိုးရမြေယာချထားရေးနှင့် မြေယာသိမ်းယူရေး
ဥပဒေ။ ၂၀၅
၉၂။ စာချုပ်စာတမ်း မှတ်ပုံတင်အက်ဥပဒေ။ ၂၀၅
၉၃။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ကျန်းမာရေးဆိုင်ရာ နည်းဥပဒေများ။ ၂၀၇
၉၄။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စျေးများဆိုင်ရာ
နည်းဥပဒေများ။ ၂၀၈
၉၅။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်
အားကစားကွင်းများဆိုင်ရာ နည်းဥပဒေများ။ ၂၀၈
၉၆။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံ
ဆိုင်ရာ နည်းဥပဒေများ။ ၂၀၉
၉၇။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်
ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဆိုင်ရာ နည်းဥပဒေများ။ ၂၀၉
၉၈။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ယာဉ်၊ ကူးတို့၊
ပွဲရုံ နှင့် ပုဂ္ဂလိကငွေချေးလုပ်ငန်းဆိုင်ရာ နည်းဥပဒေများ။ ၂၁၀
၉၉။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်များ
မွေးမြူခြင်းနှင့် သားသတ်ရုံများဆိုင်ရာ နည်းဥပဒေများ။ ၂၁၀
၁၀၀။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စီမံခန့်ခွဲရေး
ဆိုင်ရာ နည်းဥပဒေများ။ ၂၁၁


www.burmeseclassic.com

www.burmeseclassic.com

## ၁။ တရားမဝင်နည်းဖြင့် ပိုင်ဆိုင်၊ ရောင်းဝယ်သည့်ကိစ္စ။

**ဥပဒေ။** တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို အရေးယူသည့်ဥပဒေ။ (ဥပဒေအမှတ် ၃/၁၉၈၆)

### တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

**ပုဒ်မ ၁၄။** စုံစမ်းစစ်ဆေးခြင်းခံရသူသည် -

(က) မိမိပိုင် ပစ္စည်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အဖွဲ့က စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း ယင်းပစ္စည်းကို ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုရ။

(ခ) လုပ်ထုံးလုပ်နည်းများနှင့်အညီ မိမိအား ပြန်လည် အပ်နှံထားသည့် ပစ္စည်းတစ်ရပ်ရပ်ကို ဖျက်ဆီးခြင်း၊ သို့မဟုတ် ပျက်စီးစေရန် ရည်ရွယ်၍ ပြုလုပ်ခြင်း မပြုရ။

**ပုဒ်မ ၁၅။** စုံစမ်းစစ်ဆေးခြင်းခံရသူသည် ပုဒ်မ ၁၄ ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မခွဲ(ခ)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ်ငါးနှစ်မှ အများဆုံး ထောင်ဒဏ် တစ်ဆယ်နှစ်အထိ ကျခံရမည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂။ တရားမဝင်နည်းလမ်းဖြင့် ရသည့်ငွေကိစ္စ။

**ဥပဒေ။** တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေ။
(ဥပဒေအမှတ် ၆/၂၀၀၂)

### ပြစ်မှုနှင့် ပြစ်ဒဏ်များ

**ပုဒ်မ ၂၂။** မည်သူမဆို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကိုလည်း ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်အနည်းဆုံး ၁၀ နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်အထိ ချမှတ်ရမည် -

(က) ပြစ်မှုကျူးလွန်ရာမှ ရရှိသော ငွေကြေးနှင့်ပစ္စည်းများကို အရေးယူခြင်းမပြုနိုင်စေရန် ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊

(ခ) ပြစ်မှုနှင့် သက်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းများကို တရားဝင်အသွင်သို့ ရောက်ရှိစေရန် ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ အသွင်ပြောင်းခြင်း။

**ပုဒ်မ ၂၃။** မည်သူမဆို ပုဒ်မ ၂၂ ပါ ပြစ်မှုတစ်ရပ်ရပ်မှအပ ပုဒ်မ ၅၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှရရှိသော ငွေကြေးနှင့် ပစ္စည်းတစ်ရပ်ရပ်ကို တရားဝင်အသွင်သို့ ရောက်ရှိစေရန် ပြောင်းလဲကြောင်း၊ လွှဲပြောင်းကြောင်း၊ ဖုံးကွယ်ကြောင်း၊ ဖျောက်ဖျက်ကြောင်း သို့မဟုတ် အသွင်ပြောင်းလဲကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်ခံရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**ပုဒ်မ ၂၄။** ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူ မည်သူမဆို ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုနှင့် စပ်လျဉ်း၍ အောက်ပါ ပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ယင်းပြုလုပ်မှု တစ်ရပ်ရပ်အတွက် ထိုသူအား ထောင်ဒဏ်အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်

www.burmeseclassic.com

www.burmeseclassic.com



အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဂ)နှင့်အညီ စုံစမ်းစစ်ဆေးရေးအဖွဲ့က တရားဝင်တာဝန်ထမ်းဆောင်ခြင်းကို ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(ခ) ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)ပါ တားမြစ်ချက်ကို ဖောက်ဖျက်၍ တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို ဗဟိုထိန်းချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ထုတ်ပေးခြင်း သို့မဟုတ် လွှဲပြောင်းခြင်း။

(ဂ) ပုဒ်မ ၁၈၊ ပုဒ်မခွဲ(င)ပါ တားမြစ်ချက်ကို ဖောက်ဖျက်၍ ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ဗဟိုထိန်းချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းခြင်း။

**ပုဒ်မ ၂၅။** စုံစမ်းစစ်ဆေးရေး အဖွဲ့ဝင်တစ်ဦးဦးသည် ဤဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုပြုရာတွင် အောက်ပါ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ချမှတ်မည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ တံစိုးလက်ဆောင်အဖြစ် ငွေကြေးပစ္စည်း တစ်စုံတစ်ရာကို တောင်းခံခြင်း သို့မဟုတ် လက်ခံရယူခြင်း၊

(ခ) ပြစ်မှုကျူးလွန်သူအား အရေးယူခြင်းမပြုနိုင်စေရန် ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူကို အရေးမယူဘဲ ထိမ်ချန်ခြင်း၊

(ဂ) တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းကို အရေးယူခြင်း မပြုနိုင်စေရန် ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်း။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၂၆။** မည်သူမဆို တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် စပ်လျဉ်း၍ ဤဥပဒေအရ စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်း မပြုရန် ဗဟိုထိန်းချုပ်ရေးအဖွဲ့က ထုတ်ဆင့်ထားသော တားမြစ်မိန့်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်ခုနစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

**ပုဒ်မ ၂၇။** မည်သူမဆို ဤဥပဒေအရ စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း ဗဟိုထိန်းချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်အရ ခံဝန်ချုပ်ဖြင့် ပြန်လည် အပ်နှံထားသည့် ပစ္စည်းကို ဖျက်ဆီးကြောင်း သို့မဟုတ် ပျက်စီးစေရန် ရည်ရွယ်၍ ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ခုနစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**ပုဒ်မ ၂၈။** ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူ မည်သူမဆို အောက်ပါ ပျက်ကွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်သုံးနှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ပုဒ်မ ၁၈၊ ပုဒ်မခွဲ(က) နှင့် (ခ)တို့ပါ လုပ်ငန်းတာဝန် တစ်ရပ်ရပ်ကို သတ်မှတ်ချက်များနှင့်အညီ ထမ်းဆောင်ရန် ပျက်ကွက်ခြင်း။

(ခ) ပုဒ်မ ၁၉ အရ သတ်မှတ်ချက်များနှင့်အညီ ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ သတင်းပို့ရန် ပျက်ကွက်ခြင်း။

**ပုဒ်မ ၂၉။** ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနနှင့် ယင်းလက်အောက်ရှိ ဌာနအသီးသီး၏ တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၂၀ အရ သတ်မှတ်ချက်များနှင့်အညီ ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ သတင်းပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၃၀။** သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၂၁ အရ သတ်မှတ်ချက်များနှင့်အညီ ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ သတင်းပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၃၁။** မည်သူမဆို မမှန်သောအမည်ဖြင့် ငွေစာရင်းဖွင့်လှစ်ခြင်း၊ ငွေသွင်းငွေထုတ်ပြုလုပ်ခြင်း၊ ငွေကြေးလွှဲပြောင်းခြင်းပြုကြောင်း သို့မဟုတ် ထိုသို့ပြုလုပ်ရန် ပုဂ္ဂိုလ်တစ်ဦးဦးအား အခွင့်အာဏာလွှဲအပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

"၃၁-က။ မည်သူမဆို ဤဥပဒေအရ ပေးပို့သည့် သို့မဟုတ် ပေးပို့ရန်ရှိသည့် သတင်းနှင့် စပ်လျဉ်း၍ဖြစ်စေ၊ သာမန်ထက် ပိုမိုထူးခြားသော သို့မဟုတ် သံသယဖြစ်ဖွယ်ရှိသောငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းမှုအတွက် ပေးပို့သော သတင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဤဥပဒေအရ စုံစမ်းစစ်ဆေးသည့် သို့မဟုတ် စုံစမ်း စစ်ဆေးရန်ရှိသည့် သတင်း သို့မဟုတ် ကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ သတင်းပေးပို့ခြင်းနှင့်သက်ဆိုင်သူ သို့မဟုတ် အမှုသည်အပါအဝင် အခြားသူတစ်ဦးဦးကို ထုတ်ဖော်ပြောဆိုကြောင်း၊ ပြသကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အသိပေးကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

သို့ရာတွင် ဤပုဒ်မသည် အမှုစစ်အရာရှိ၊ ရှေ့နေရှေ့ရပ်၊ နိုင်ငံခြားဥပဒေပညာဖြင့် အသက်မွေးဝမ်းကြောင်းပြုသူ၊ စာရင်းကိုင် သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးက ဥပဒေနှင့်အညီ ဆောင်ရွက်ရာတွင် အမှုသည်ကိုဖြစ်စေ၊ အခြားပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ တာဝန်အရ သတင်းအချက်အလက် သို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကို ထုတ်ဖော်ပြောဆိုခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။" [တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ။ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၈/၂၀၀၄)]

**ပုဒ်မ ၃၂။** မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ စည်းရုံးခြင်း၊ စီမံခန့်ခွဲခြင်းပြုလျှင် ဖြစ်စေ၊ ပြစ်မှုတစ်ခုခုကျူးလွန်ရာတွင် အားပေးကူညီခြင်း၊ ငွေကြေးထောက်ပံ့ခြင်းပြုလျှင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ် ချမှတ်ခြင်းခံရမည်။

## ၃။ **နိုင်ငံသားများအခွင့်အရေးကာကွယ်သည့်ကိစ္စ။**

**ဥပဒေ။** နိုင်ငံသားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေ။
(ဥပဒေအမှတ် ၂/၁၉၇၅)

### တိုင်တန်းခြင်းနှင့် အရေးယူဆောင်ရွက်ပေးခြင်း

**ပုဒ်မ ၄။** နိုင်ငံသားတိုင်းသည် မိမိ၏ တရားဝင်ခံစားခွင့်ရှိသော အခွင့်အရေးနှင့် စပ်လျဉ်းသည့် နစ်နာချက်ကို သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းသို့ဖြစ်စေ၊ ယင်းအဖွဲ့အစည်းထက် အဆင့်မြင့်သော အာဏာပိုင်အဖွဲ့အစည်းသို့ဖြစ်စေ တိုင်တန်းနိုင်သည်။

**ပုဒ်မ ၅။** တိုင်တန်းလွှာရရှိသော အာဏာပိုင်အဖွဲ့အစည်းသည် တိုင်တန်းလွှာပါ နစ်နာချက်နှင့်စပ်လျဉ်း၍ လိုအပ်သလို အမြန်ဆုံးစုံစမ်းရမည်။ အဆင့်နိမ့်သော အာဏာပိုင်အဖွဲ့အစည်းကိုလည်း အမြန်ဆုံးစုံစမ်းစစ်ဆေး၍ တင်ပြစေရန် ညွှန်ကြားနိုင်သည်။

**ပုဒ်မ ၆။** တိုင်တန်းလွှာပါနစ်နာချက်သည် တရားဝင်ခံစားခွင့်ရှိသော အခွင့်အရေးနှင့် စပ်လျဉ်းသည့် နစ်နာချက် မှန်ကန်ကြောင်း တွေ့ရှိရသည့်အခါ တိုင်တန်းလွှာရရှိသော အာဏာပိုင်အဖွဲ့အစည်းသည် အရေးယူဆောင်ရွက်ပေးပိုင်ခွင့်ရှိလျှင် တိုင်တန်းသူ၏ တရားဝင်ခံစားခွင့်ရှိသော အခွင့်အရေးကို အပြည့်အဝ ရရှိစေရေးအတွက် အရေးယူဆောင်ရွက်ပေးရမည်။

**ပုဒ်မ ၇။** တိုင်တန်းလွှာပါ နစ်နာချက်သည် တရားဝင်ခံစားခွင့်ရှိသော အခွင့်အရေးနှင့် စပ်လျဉ်းသည့် နစ်နာချက် မှန်ကန်ကြောင်း တွေ့ရှိသော်လည်း တိုင်တန်းလွှာရရှိသော အာဏာပိုင်အဖွဲ့အစည်းက အရေးယူဆောင်ရွက်ပေးပိုင်ခွင့်မရှိလျှင် အရေးယူဆောင်ရွက်ပေးပိုင်ခွင့်ရှိသော အာဏာပိုင်အဖွဲ့အစည်းသို့ တိုင်တန်းသူ၏

www.burmeseclassic.com

www.burmeseclassic.com



တရားဝင်ခံစားခွင့်ရှိသော အခွင့်အရေး အပြည့်အဝရရှိစေရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်ရန် တွေ့ရှိချက်ကို တိုင်တန်းလွှာနှင့်အတူ ပေးပို့ရမည်။

**ပုဒ်မ ၈။** တိုင်တန်းလွှာပါ နစ်နာချက်သည် တရားဝင်ခံစားခွင့်ရှိသော အခွင့်အရေးနှင့် စပ်လျဉ်းသည့် နစ်နာချက်မဟုတ်ကြောင်း တွေ့ရှိလျှင် တိုင်တန်းလွှာကို ပယ်နိုင်သည်။

**ပုဒ်မ ၉။** တိုင်တန်းလွှာရရှိသော အာဏာပိုင်အဖွဲ့အစည်းသည် တိုင်တန်းလွှာနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်ကို တိုင်တန်းသူထံ အကြောင်းကြားရမည်။

**<u>နိုင်ငံသားများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးခြင်း</u>**

**ပုဒ်မ ၁၀။** ဗဟိုနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း တစ်ရပ်ရပ်တွင် ပါဝင်သော အဖွဲ့ဝင်တစ်ဦး သို့မဟုတ် ဗဟိုနှင့် ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းတစ်ရပ်ရပ်သည် နိုင်ငံသားတိုင်း၏ တရားဝင်ခံစားခွင့်ရှိသော အခွင့်အရေးများကို ထိခိုက်နစ်နာ ဆုံးရှုံးမှုမရှိစေရန် ကာကွယ်စောင့်ရှောက်ပေးရမည်။

**ပုဒ်မ ၁၁။** ဝန်ထမ်းတစ်ဦးဦး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်သည် မိမိ၏လုပ်ပိုင်ခွင့်ဘောင်အတွင်း နိုင်ငံသားတိုင်း၏ တရားဝင်ခံစားခွင့်ရှိသော အခွင့်အရေးများ ထိခိုက်ဆုံးရှုံးမှုမရှိစေရန် ကာကွယ်စောင့်ရှောက်ပေးရမည်။

**ပုဒ်မ ၁၂။** နိုင်ငံသားတစ်ဦးဦး၏ တရားဝင်ရပိုင်ခွင့်ရှိသော အခွင့်အရေး တစ်ရပ်ရပ် ဆုံးရှုံးနစ်နာကြောင်းတွေ့ရှိလျှင် သက်ဆိုင်ရာ ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်တွင်ပါဝင်သောအဖွဲ့ဝင် သို့မဟုတ် သက်ဆိုင်ရာ ဗဟိုနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် သက်ဆိုင်ရာ ဝန်ထမ်းတစ်ဦးဦး သို့မဟုတ် သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်သည် နစ်နာဆုံးရှုံးသည့် အခွင့်အရေးများ တရားဝင် အပြည့်အဝ ရရှိစေရေးအတွက် လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးရမည်။

**ပုဒ်မ ၁၃။** သက်ဆိုင်ရာ ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း တစ်ရပ်ရပ်တွင် ပါဝင်သော အဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် သက်ဆိုင်ရာ ဗဟိုနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်သည် လုံလောက်သော အကြောင်း တစ်စုံတစ်ရာမရှိဘဲ နိုင်ငံသားတစ်ဦးဦး၏ တရားဝင်ရပိုင်ခွင့်ရှိသော အခွင့်အရေးနှင့် စပ်လျဉ်းသည့် နစ်နာချက်ကို တရားဝင်ရရှိရေးအတွက် အရေးယူ ဆောင်ရွက်ပေးရန် ပျက်ကွက်လျှင် နိုင်ငံတော်ကောင်စီက လိုအပ်သလို အရေးယူရမည်။

**ပုဒ်မ ၁၄။** သက်ဆိုင်ရာ ဝန်ထမ်းတစ်ဦးဦး သို့မဟုတ် သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်သည် လုံလောက်သော အကြောင်းတစ်စုံတစ်ရာမရှိဘဲ နိုင်ငံသားတစ်ဦးဦး၏ တရားဝင်ရပိုင်ခွင့်ရှိသော အခွင့်အရေးနှင့် စပ်လျဉ်းသည့် နစ်နာချက်ကို တရားဝင်ရရှိရေးအတွက် အရေးယူ ဆောင်ရွက်ပေးရန် ပျက်ကွက်လျှင် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက လိုအပ်သလို အရေးယူရမည်။

**ပုဒ်မ ၁၅။** နိုင်ငံသားတစ်ဦးဦးက မိမိတရားဝင်ရပိုင်ခွင့်ရှိသော အခွင့်အရေးတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ အကြံဉာဏ်တောင်းခံလာလျှင် ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ သို့မဟုတ် အဆင့်ဆင့်သော ဥပဒေဝန်ထမ်းများက လိုအပ်သော အကြံဉာဏ်များ ပေးရမည်။

**ပုဒ်မ ၁၆။** ဥပဒေအကျိုးဆောင်အဖွဲ့သည် နိုင်ငံသားတစ်ဦးဦး၏ တရားဝင်ရပိုင်ခွင့်ရှိသော အခွင့်အရေးတစ်ရပ်ရပ် နစ်နာဆုံးရှုံးကြောင်းတွေ့ရှိပါက ယင်းအခွင့်အရေးကို တရားဝင်ခံစားပိုင်ခွင့်ရရှိရေးအတွက် သက်ဆိုင်ရာတို့နှင့် ညှိနှိုင်း၍ ဆောင်ရွက်ပေးရမည်။ လိုအပ်ပါက နိုင်ငံတော်ကောင်စီသို့ တင်ပြရမည်။

## အခွင့်အာဏာ အလွဲသုံးစားပြုသဖြင့် နစ်နာ၍ အရေးယူခြင်း

**ပုဒ်မ ၁၇။** ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း တစ်ရပ်ရပ်တွင် ပါဝင်သော အဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် ဗဟိုနှင့် ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ဝန်ထမ်းတစ်ဦးဦး သို့မဟုတ် သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်က ပြည်သူတို့အပ်နှင်းထားသော အခွင့်အာဏာကို အလွဲသုံးစားပြုသဖြင့် နိုင်ငံသားတစ်ဦးဦး၏ အခွင့်အရေးတစ်ရပ်ရပ် သို့မဟုတ် အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို ထိခိုက်နစ်နာခဲ့လျှင် ယင်းပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ရှိရင်းစွဲ ဥပဒေများနှင့်အညီ တရားစွဲဆိုပိုင်ခွင့်ရှိသည်။ ထိခိုက်နစ်နာမှုအတွက်ကိုလည်း ရှိရင်းစွဲဥပဒေများနှင့်အညီ လျော်ကြေးတောင်းခံနိုင်ခွင့်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၄။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ကိစ္စ။

**ဥပဒေ။** နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေ။
(ဥပဒေအမှတ် ၅/၁၉၉၆)

### တားမြစ်ချက်များ

**ပုဒ်မ ၃။** မည်သူမဆို သို့မဟုတ် မည်သည့် အဖွဲ့အစည်းမဆို အောက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖောက်ဖျက် ကျူးလွန်ခြင်း မပြုရ -

(က) နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့ကို ထိခိုက် ပျက်ပြားစေရန် လှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ ဟောပြောခြင်း၊ ပြောဆိုခြင်း သို့မဟုတ် ရေးသားဖြန့်ဝေခြင်း။

(ခ) အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ထိခိုက် ပျက်ပြားစေရန် လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ ပြောဆို ခြင်း သို့မဟုတ် ရေးသားဖြန့်ဝေခြင်း။

(ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေးကို ရေးရှု၍ အမျိုးသားညီလာခံက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ထိခိုက်ပျက်ပြားစေရန်ဖြစ်စေ၊ သေးသိမ် စေရန်ဖြစ်စေ၊ ပြည်သူများ အထင်အမြင်လွဲမှားစေရန် ဖြစ်စေ နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း၊ လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ ပြောဆိုခြင်း သို့မဟုတ် ရေးသားဖြန့်ဝေခြင်း။

(ဃ) တရားဝင် ဆောင်ရွက်ပိုင်ခွင့်မရှိဘဲ အမျိုးသားညီလာခံ ၏လုပ်ငန်းများကို ဆောင်ရွက်ခြင်း သို့မဟုတ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခြင်း သို့မဟုတ် ရေးဆွဲ ဖြန့်ဝေခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(င) အထက်ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း။

**ပြစ်ဒဏ်များ**

**ပုဒ်မ ၄။** မည်သူမဆို ပုဒ်မ ၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး (၅)နှစ်မှ အများဆုံး (၂၀)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

**ပုဒ်မ ၅။** ပုဒ်မ ၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို အဖွဲ့အစည်းတစ်ခုခုက ဖောက်ဖျက်ကျူးလွန်လျှင်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခု၏ စီစဉ်ဆောင်ရွက်မှုဖြင့်သော်လည်းကောင်း၊ အားပေးကူညီမှုဖြင့်သော်လည်းကောင်း မည်သူမဆို ဖောက်ဖျက်ကျူးလွန်လျှင်ဖြစ်စေ ယင်းအဖွဲ့အစည်းကို -

(က) ကာလသတ်မှတ်၍ ရပ်ဆိုင်းထားနိုင်သည်၊
(ခ) ဖျက်သိမ်းနိုင်သည် သို့မဟုတ်
(ဂ) မတရားအသင်းများ ဥပဒေအရ မတရားအသင်းအဖြစ် ကြေညာနိုင်သည်။

**ပုဒ်မ ၆။** ပုဒ်မ ၅ အရ အရေးယူခြင်းခံရသည့် အဖွဲ့အစည်းပိုင် ငွေကြေးနှင့် ပစ္စည်းအရပ်ရပ်ကိုလည်း နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

## ၅။ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးသည့်အန္တရာယ်ကို ကြိုတင်ကာကွယ်သည့်ကိစ္စ။

**ဥပဒေ။** နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ။ (ဥပဒေအမှတ် ၃/၁၉၇၅)

**ကြိုတင်ကာကွယ်ခြင်းအတွက် လုပ်ပိုင်ခွင့်များ**

**ပုဒ်မ ၁၀။** ဗဟိုအဖွဲ့သည် နိုင်ငံတော်အားထိပါးမည့်အန္တရာယ်မှ ကြိုတင်ကာကွယ်ခြင်းအတွက် ကန့်သတ်မိန့်ချမှတ်၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည် -

www.burmeseclassic.com

www.burmeseclassic.com



(က) အရေးယူခြင်းခံရသူအား တစ်ကြိမ်လျှင် ရက်ပေါင်း ၆၀ ထက်မပိုဘဲ စုစုပေါင်း ၁၈၀ ထိ ဖမ်းဆီး ချုပ်နှောင်ထားနိုင်ခြင်း၊

(ခ) အရေးယူခြင်းခံရသူအား တစ်နှစ်ထိ တားဆီးမှုပြုလုပ်နိုင်ခြင်း၊

**ပုဒ်မ ၁၁။** ဗဟိုအဖွဲ့သည် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ) အရ အရေးယူခြင်းခံရသူအား အောက်ပါအတိုင်း တားဆီးမှုပြုလုပ်နိုင်သည် -

(က) မည်သည့်နေရာဒေသတွင် မနေထိုင်ရဟု သတ်မှတ်ခြင်း၊

(ခ) မည်သည့်နေရာဒေသတွင်သာ နေထိုင်ရမည်ဟု သတ်မှတ်ခြင်း၊

(ဂ) သွားလာမှုကို လိုအပ်သလို တားဆီးခြင်း၊

(ဃ) သတ်မှတ်သည့် အရာဝတ္ထုများကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် အသုံးပြုခြင်းကို ပိတ်ပင်တားဆီးခြင်း၊

**ပုဒ်မ ၁၂။** **ဗဟိုအဖွဲ့သည်** အရေးယူခြင်းခံရသူအား ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က)ပါ ကာလအပိုင်းအခြားထက် ကျော်လွန်၍ ဆက်လက် ဖမ်းဆီးချုပ်နှောင်ထားရန် လိုအပ်ပါက ဝန်ကြီးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

**ပုဒ်မ ၁၃။** **ဗဟိုအဖွဲ့သည်** အရေးယူခြင်းခံရသူအား ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ)ပါ ကာလအပိုင်းအခြားထက် ကျော်လွန်၍ ဆက်လက် ဖမ်းဆီးချုပ်နှောင်ထားရန် လိုအပ်ပါက ဝန်ကြီးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

**ပုဒ်မ ၁၄။** **ဝန်ကြီးအဖွဲ့သည်** ဆက်လက် ဖမ်းဆီးချုပ်နှောင်ရန်ဖြစ်စေ၊ ဆက်လက်တားဆီးမှု ပြုလုပ်ရန်ဖြစ်စေ ကြိုတင်ခွင့်ပြုချက်ပေးရာတွင် တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုစေဘဲ စုစုပေါင်း(၅)နှစ်အထိ ခွင့်ပြုနိုင်သည်။

*မှတ်ချက်။* နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၁/၉၁ ဖြင့် ပြင်ဆင်ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၁၅။ ဗဟိုအဖွဲ့သည်** ဖမ်းဆီးချုပ်နှောင်ခြင်း သို့မဟုတ် တားဆီးခြင်း ပြုလုပ်ရန် လိုအပ်သည့်အခါ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်အား ဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

## ၆။ အရေးပေါ်စီမံမှုကိစ္စ။

**ဥပဒေ။** ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေ
(အက်ဥပဒေအမှတ် ၁၇/၁၉၅၀)

### (က) ပုဒ်မ ၃။ ပြစ်မှု

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

သေဒဏ် သို့တည်းမဟုတ် တစ်သက်တစ်ကျွန်းဒဏ် ထိုက်သင့်စေရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့် အင်္ဂါရပ်များ**

မည်သူမဆို နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ဝတ္တရားများကို ဆောင်ရွက်နေသည့် နိုင်ငံတော်လက်နက်ကိုင် စစ်တပ် အစည်းအရုံးများ၏ သို့တည်းမဟုတ် ရာဇဝတ်အမှုထမ်းအဖွဲ့၏ ဆောင်ရွက်မှု အောင်မြင်ရေးကို နှောင့်နှေးစေရန်သော် လည်းကောင်း၊ ပျက်ပြားစေရန်သော် လည်းကောင်း အကြောင်းရှိသည့် အမှုတစ်ရပ်ရပ်ကိုကြံရွယ်၍ ပြုမူဆောင်ရွက်လျှင်၊

### (ခ) ပုဒ်မ ၅။ ပြစ်မှု

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ပုဒ်မ ၅(က)မှ (ဍ)ထိပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် ထိုသူအား (၇)နှစ်ထိ ထောင်ဒဏ်သော်လည်းကောင်း၊ ငွေဒဏ်သော်လည်းကောင်း ဒဏ်နှစ်ရပ်လုံးသော်လည်းကောင်း ထိုက်သင့်စေရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့် အင်္ဂါရပ်များ**

ပုဒ်မ ၅ (က) ပြည်ထောင်စုမြန်မာနိုင်ငံ လက်နက်ကိုင် စစ်တပ် အစည်းအရုံးများက သို့တည်းမဟုတ် အစိုးရ အရာထမ်းအမှုထမ်းများက အစိုးရအပေါ် မေတ္တာပျက်စေရန်သော်လည်းကောင်း၊ သစ္စာမဲ့ရန်သော်လည်းကောင်း၊ ထိုသူတို့ သစ္စာစောင့်ထိန်းမှု၊ စိတ်ဓာတ်

www.burmeseclassic.com

www.burmeseclassic.com



တက်ကြွမှု၊ စည်းကမ်းသေဝပ်မှု၊ ကျန်းမာမှု၊ လေ့ကျင့်မှု သို့တည်းမဟုတ် ဝတ္တရားဆောင်ရွက်မှုကို ယုတ်လျော့စေရန်၊ ထိခိုက်စေရန်၊ တားမြစ်စေရန်၊ အနှောင့်အယှက်ပြုစေရန်၊ ပျက်စီးစေရန် ကြံရွယ်လျက် တစ်ခုခုလုပ်လျှင် သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသောအမှုကိုပြုလျှင် (အက်ဥပဒေ အမှတ် ၄၂/၁၉၅၃ အရ ပြင်ဆင်ထားပါသည်။)

(ခ) ပြည်ထောင်စုလက်နက်ကိုင် စစ်တပ်အစည်းအရုံးဝင် တစ်ဦးဦးအား သို့တည်းမဟုတ် အစိုးရ အရာထမ်းအမှုထမ်း တစ်ဦးဦးအား သက်ဆိုင်ရာ မိမိ၏ဝတ္တရားကို ကျေပွန်စွာ မဆောင်ရွက်စေရန်ဖြစ်စေ၊ ထိုသူ၏ ဝတ္တရားဆောင်ရွက်ရာတွင် ပျက်ကွက်အောင် သွေးဆောင်ရန် သို့တည်းမဟုတ် တိုက်တွန်းရန်ဖြစ်စေ ကြံရွယ်၍ တစ်ခုခုလုပ်လျှင် သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသော အမှုကိုပြုလျှင် (အက်ဥပဒေအမှတ်-၄၂/၁၉၅၃ အရ ပြင်ဆင်ထားပါသည်)

(ဂ) ပြည်ထောင်စုလက်နက်ကိုင် စစ်တပ်အစည်းအရုံး၊ ရာဇဝတ်အမှုထမ်းအဖွဲ့များ၊ မီးသတ်အဖွဲ့များ သို့တည်းမဟုတ် အစိုးရ ရာဇဝတ်အမှုထမ်းအဖြစ်ဖြင့် စာရင်းသွင်းထားသော သို့တည်းမဟုတ် လုပ်ကိုင်ဆောင်ရွက်သော အဖွဲ့များအတွက် အဖွဲ့ဝင်စုဆောင်းထိန်းသိမ်းခြင်းကို ထိခိုက်စေရန် သို့မဟုတ် ထိုအဖွဲ့ဝင်များ အလုပ်ဆောင်ရွက်ခြင်းကိုထိခိုက်စေရန် ကြံရွယ်၍ တစ်ခုခုလုပ်လျှင် သို့တည်းမဟုတ် ဖြစ်စေရန်အကြောင်းရှိသော အမှုပြုလျှင်၊

(ဃ) အများပြည်သူတို့အား သို့တည်းမဟုတ် ပြည်သူတစ်စုအား အထိတ်တလန့်ဖြစ်စေရန် ကြံရွယ်ချက်တစ်ခုခု ပြုလုပ်လျှင် သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသော အမှုကို ပြုလျှင်၊

(င) မမှန်ဟု သိလျက်နှင့် သို့တည်းမဟုတ် မမှန်ဟုယုံကြည်လောက်အောင် အကြောင်းရှိလျက်နှင့် မမှန်ဟုသတင်းလွှင့်ရန် ကြံရွယ်၍ တစ်ခုခုလုပ်လျှင် သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသော အမှုကိုပြုလျှင်၊

www.burmeseclassic.com

www.burmeseclassic.com



(စ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သော သယ်ယူပို့ဆောင်မှုကိုဖြစ်စေ၊ လုပ်ငန်းကိုဖြစ်စေ၊ စစ်သုံး လက်နက်ခဲယမ်းမီးကျောက်ကို ပြုလုပ်ခြင်း သို့တည်းမဟုတ် သယ်ယူပို့ဆောင်ခြင်းကိုဖြစ်စေ၊ မရှိမဖြစ်သော ပစ္စည်းများ ပေးသွင်းထောက်ပံ့လျှင် သို့တည်းမဟုတ် ဖြန့်ဖြူးခြင်းကိုဖြစ်စေ ဟန့်တားရန်သော်လည်းကောင်း၊ နှောင့်နှေးစေရန်သော်လည်းကောင်း၊ ချုပ်ချယ်ရန်သော်လည်းကောင်း ကြံရွယ်၍ တစ်ခုခုလုပ်လျှင် သို့တည်းမဟုတ် ဖြစ်စေရန်အကြောင်းရှိသော အမှုကိုပြုလျှင်၊

(ဆ) စစ်သုံးလက်နက်ခဲယမ်းမီးကျောက်ကို လုံးလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ထိရောက်စွာ အသုံးပြု၍မရအောင်သော်လည်းကောင်း၊ ဘေးအန္တရာယ်ဖြစ်အောင်သော် လည်းကောင်း ထို လက်နက်ခဲယမ်းမီးကျောက် ပြုလုပ်ရာ၌ဖြစ်စေ၊ သယ်ယူပို့ဆောင်ရာ၌ဖြစ်စေ ပါဝင်လုပ်ကိုင်သော သို့တည်းမဟုတ် အသုံးပြုသောသူကို ဘေးဖြစ်စေအောင်သော် လည်းကောင်း၊ ဘေးပွားများစေအောင်သော်လည်းကောင်း ကြံရွယ်၍ တစ်ခုခုလုပ်လျှင် သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသော အမှုကိုပြုလျှင်၊

(ဇ) နိုင်ငံတော်၏ ဘောဂဗလ၌သော်လည်းကောင်း၊ အစိုးရချေးယူငွေ၌သော်လည်းကောင်း၊ အစိုးရ၏အာမခံ၌သော် လည်းကောင်း၊ ပြည်ထောင်စုနိုင်ငံတစ်ဝန်းလုံး၌ ဖြစ်စေ၊ တစ်စိတ်တစ်ဒေသ၌ဖြစ်စေ၊ တရားဝင်ငွေစက္ကူ၌သော် လည်းကောင်း၊ ဒင်္ဂါး၌သော်လည်းကောင်း ပြည်သူတို့၏ အယုံအကြည် ပျက်ပြားစေရန် သို့တည်းမဟုတ် နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးအတွက် ထိရောက်စွာ ဆောင်ရွက်စိမ့်သောငှာ အစိုးရပြုလုပ်သော ဘဏ္ဍာရေးဆောင်ရွက်ချက် အောင်မြင်မှုကိုဖြစ်စေ၊ စီမံချက် အောင်မြင်မှုကိုဖြစ်စေ ထိခိုက်စေရန် ကြံရွယ်၍ တစ်ခုခုလုပ်လျှင် သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသော အမှုကိုပြုလျှင်၊

(ဈ) ပြည်ထောင်စု သို့တည်းမဟုတ် ပြည်နယ်အစိုးရအား သော်လည်းကောင်း၊ ဒေသန္တရ အာဏာပိုင်အဖွဲ့အားသော် လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း ပေးရမည်ဖြစ်သော သို့တည်းမဟုတ် ဥပဒေအရဖြစ်စေ၊ ဥပဒေအကျိုးအာဏာ သက်ရောက်သော ဓလေ့ထုံးစံအရဖြစ်စေ ပေးရမည်ဖြစ်သော မြေခွန်တော်၊ အခွန်တော်၊ နှုန်းခွန်၊ ခိုင်းကြေး အခြားပေးဆောင်စရာ ငွေတစ်ခုခုကို မပေးမဆောင် ငြင်းဆန်အောင်ဖြစ်စေ၊ ပေးဆောင်ခြင်းကို ရွှေ့ဆိုင်းအောင်ဖြစ်စေ လူတစ်ဦးတစ်ယောက်ကို သို့တည်းမဟုတ် လူမျိုးစားတစ်ခုခုကို သို့တည်းမဟုတ် အများပြည်သူကိုအားပေးရန်သော် လည်းကောင်း၊ လှုံ့ဆော်ရန်သော်လည်းကောင်း ကြံရွယ်၍ တစ်ခုခုလုပ်လျှင် သို့တည်းမဟုတ် ယင်းသို့ ဖြစ်စေရန်အကြောင်းရှိသော အမှုကိုပြုလျှင်၊

(ည) ပြည်ထောင်စု၏ လုံခြုံရေးကိုသော်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားမှု ပြန်လည်ထူထောင်ရေးကိုသော် လည်းကောင်း ထိခိုက်စေရန် အကြောင်းရှိသော နည်းလမ်းဖြင့် အများပြည်သူ၏ သို့တည်းမဟုတ် ပြည်သူလူတစ်စု၏ ကိုယ်ကျင့်တရားကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ ဖောက်လွှဲဖောက်ပြန် ဖြစ်စေရန် ကြံရွယ်၍ တစ်ခုခုလုပ်ကိုင်လျှင် သို့တည်းမဟုတ် ယင်းသို့ ဖြစ်စေရန် အကြောင်းရှိသော အမှုကိုပြုလျှင်၊

(ဋ) အစိုးရရာဇဝတ် အမှုထမ်းများကိုဖြစ်စေ၊ အစိုးရ ရာဇဝတ် အမှုထမ်းအမျိုးအစားတစ်ခုခုကိုဖြစ်စေ၊ အစိုးရရာဇဝတ် မှုထမ်း တစ်ဦးတစ်ယောက်ကိုဖြစ်စေ ရာဇဝတ်ပြစ်ဒဏ် ထိုက်သင့်သော လက်ရုံးအားဖြင့် ခုခံဖီဆန်အောင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း လှုံ့ဆော်ရန်ကြံရွယ်၍ တစ်ခုခုလုပ်လျှင် သို့တည်းမဟုတ် ယင်းသို့ ဖြစ်စေရန် အကြောင်းရှိသော အမှုကိုပြုလျှင်၊

(ဌ) လက်နက်ဥပဒေ၊ ပေါက်ကွဲတတ်သော ခဲယမ်းမီးကျောက် အက်ဥပဒေ သို့တည်းမဟုတ် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ အက်ဥပဒေကိုဖြစ်စေ၊ ထိုအက်ဥပဒေအရ ပြုလုပ်ထားသော နည်းဥပဒေကိုဖြစ်စေ ကျူးလွန်အောင် သို့တည်းမဟုတ် ကျူးလွန်သောပြစ်မှုကို အားပေးကူညီအောင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လှုံ့ဆော်ရန်ကြံရွယ်၍ တစ်ခုခုလုပ်လျှင် သို့တည်း

www.burmeseclassic.com

www.burmeseclassic.com



မဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသော အမှုကိုပြုလျှင်၊

(ဠ) တရားဥပဒေလမ်းကြောင်းအတိုင်း မလိုက်နာမဆောင်ရွက် ခုခံအောင်သော်လည်းကောင်း၊ လိုက်နာဆောင်ရွက်ခြင်းမှ ရှောင်ရှားအောင်သော်လည်းကောင်း၊ တရားစီရင်ဆောင်ရွက်မှုကိုဖြစ်စေ၊ ငြိမ်ဝပ်ပိပြားအောင်ပြုမှုကိုဖြစ်စေ အနှောင့်အယှက် ဖြစ်စေအောင်သော် လည်းကောင်း၊ အပိုဒ် (ဈ) ၌ ဖော်ပြထားသော ပေးဆောင်စရာများကို မပေးမဆောင် ငြင်းဆန်အောင်သော် လည်းကောင်း၊ ပေးဆောင်ခြင်းကို ရွှေ့ဆိုင်းအောင်သော် လည်းကောင်း၊ ပြုသောအစီအစဉ်ကိုဖြစ်စေ၊ ပြုမှုဆောင်ရွက်ချက်ကို ဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း အားပေးရန်၊ လှုံ့ဆော်ရန်၊ ပြင်ဆင်ရန် သို့တည်းမဟုတ် သဘောတူကြောင်းဖော်ပြရန် သို့တည်းမဟုတ် ထိုအစီအစဉ်ကို ဖြစ်စေ၊ ထိုပြုမှုဆောင်ရွက်ချက်ကိုဖြစ်စေ ဖြစ်မြောက်တိုးတက်စေရေးအတွက် လူသူစုဆောင်း၊ သိမ်းသွင်းအောင်၊ ထိုသို့ လူသူစုဆောင်း သိမ်းသွင်းရေးအတွက် ပြင်ဆင်အောင် ငွေကောက်ခံစုဆောင်းအောင် သို့တည်းမဟုတ် ထိုသို့ငွေကောက်ခံစုဆောင်းရေးအတွက် ပြင်ဆင်အောင် တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း အားပေးရန်၊ လှုံ့ဆော်ရန်၊ ပြင်ဆင်ရန် သို့တည်းမဟုတ် သဘောတူကြောင်း ဖော်ပြရန် ကြံရွယ်၍ တစ်ခုခုလုပ်လျှင် သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသော အမှုကိုပြုလျှင်၊

(ဂ) ပုဒ်မ ၅-က (၁)။ ပြစ်မှု

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

(၇)နှစ်ထိ ထောင်ဒဏ်စီရင်ခြင်းခံရမည့်အပြင် ငွေဒဏ်လည်း စီရင်ခြင်းခံရမည်။ (အက်ဥပဒေအမှတ် ၂၆/၁၉၅၈ အရ ပြင်ဆင်ထားသည်။)

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့် အင်္ဂါရပ်များ**

**ပုဒ်မ ၅ (က)(၁)။** မည်သူမဆို -

(က) ရာဇသတ်ပုဒ်မ ၁၂၄-က ၏ ပြဋ္ဌာန်းချက် တစ်ခုခုကို ကျူးလွန်အောင်သော် လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ လက်နက်ကိုင် စစ်တပ် အစည်းအရုံး၏ သို့တည်းမဟုတ် အစိုးရအရာထမ်းအမှုထမ်းများ၏ စည်းကမ်းသေဝပ်မှု သို့မဟုတ် စိတ်ဓာတ်တက်ကြွမှုကို တစ်နည်းနည်းဖြင့် ထိခိုက်စေအောင်သော်လည်းကောင်း၊

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံ လက်နက်ကိုင် စစ်တပ်အစည်းအရုံးဝင် တစ်ဦးဦးအား သို့မဟုတ် အစိုးရအရာထမ်း တစ်ဦးဦးအား စည်းကမ်းဖီဆန်အောင်သော်လည်းကောင်း၊ သစ္စာမဲ့အောင်သော်လည်းကောင်း၊ ပုန်ကန်အောင်သော် လည်းကောင်း၊ တာဝန်ဝတ္တရားကို မဆောင်ရွက်ဘဲနေအောင်သော် လည်းကောင်း၊

(ဃ) ရာဇသတ်ကြီးပုဒ်မ ၁၅၃-က ၏ ပြဋ္ဌာန်းချက် တစ်ခုခုကို ကျူးလွန်အောင်သော်လည်းကောင်း၊

(င) ရာဇသတ်ကြီးပုဒ်မ ၂၉၅-က ၏ ပြဋ္ဌာန်းချက် တစ်ခုခုကို ကျူးလွန်အောင်သော် လည်းကောင်း၊

အကြံညာဏ်ပေးသည့်၊ တိုက်တွန်းလှုံ့ဆော်သည့် သို့မဟုတ် အားပေးအားမြှောက်ပြုသည့် လက်ရေး၊ စာရွက်စာတမ်းကိုဖြစ်စေ၊ ပုံနှိပ်စာရွက်စာတမ်းကိုဖြစ်စေ ပုံနှိပ်လျှင်၊ တည်းဖြတ်လျှင်၊ ထုတ်ဝေလျှင်၊ ပေးလျှင်၊ ပြသလျှင်၊ ရောင်းလျှင်၊ အများမြင်သာအောင် ဖော်ပြထားလျှင် သို့မဟုတ် လက်ရှိထားလျှင်၊

## ၇။ **အသင်းအဖွဲ့များကိစ္စ။**

**ဥပဒေ။** အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ။
(ဥပဒေအမှတ် ၆/၁၉၈၈)

### ဖွဲ့စည်းခွင့်ရရှိရန် လျှောက်ထားခြင်း

**ပုဒ်မ ၃။** (က) အသင်းအဖွဲ့များသည် ဖွဲ့စည်းခွင့်ရရှိရန် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသို့ သတ်မှတ်ထားသော နည်းလမ်းအတိုင်း လျှောက်ထားရမည်၊

(ခ) ဖွဲ့စည်းပြီးသော အသင်းအဖွဲ့သည် ဤဥပဒေ ပြဋ္ဌာန်းသောနေ့မှ ရက်ပေါင်းသုံးဆယ်အတွင်း လျှောက်ထားရမည်၊

www.burmeseclassic.com

www.burmeseclassic.com



(ဂ) ခွင့်ပြုချက်မရသော အသင်းအဖွဲ့ကို ဖွဲ့စည်းခြင်း သို့မဟုတ် ဆက်လက် ရပ်တည်လှုပ်ရှားခြင်းမပြုရ။

ပုဒ်မ ၄။ အောက်ပါ အသင်းအဖွဲ့များသည် ဤဥပဒေအရ ဖွဲ့စည်းခွင့် လျှောက်ထားရန်မလို -

(က) ၁၉၆၄ ခုနှစ်၊ အမျိုးသား စည်းလုံးညီညွတ်ရေးကို ကာကွယ်သည့်ဥပဒေအရ ပြည်ထဲရေးနှင့်သာသနာရေး ဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားပြီးဖြစ်၍ ယင်း မှတ်ပုံတင် တည်လျက်ရှိသော အသင်းအဖွဲ့၊

(ခ) ဘာသာ၊ သာသနာရေး သက်သက်ကိုသာ ကျင့်သုံးဆောင်ရွက်သော အသင်းအဖွဲ့၊

(ဂ) စီးပွားရေးသက်သက်ကိုသာ လုပ်ကိုင် ဆောင်ရွက်သော အသင်းအဖွဲ့၊

(ဃ) တည်ဆဲ ဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ထားသော အသင်းအဖွဲ့၊

(င) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ မှတ်ပုံတင်ခွင့် ရရှိပြီးသော သို့မဟုတ် ယင်းကော်မရှင်သို့ မှတ်ပုံတင်ရန် လျှောက်ထားပြီး သို့မဟုတ် လျှောက်ထားရန် ပြင်ဆင်လျက်ရှိကြောင်း တင်ပြပြီးဖြစ်သော နိုင်ငံရေးပါတီ၊ အသင်းအဖွဲ့။

## ဖွဲ့စည်းခွင့်မရှိသော အသင်းအဖွဲ့များ

ပုဒ်မ ၅။ အောက်ပါအသင်းအဖွဲ့များကို ဖွဲ့စည်းခြင်းမပြုရ၊ ဖွဲ့စည်းထားပြီးဖြစ်လျှင်လည်း လှုပ်ရှားခြင်းမပြုရ၊ ဆက်လက်တည်ရှိခွင့် မရှိစေရ -

(က) ၁၉၈၈ ခုနှစ်၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရ မှတ်ပုံတင်ခွင့်မရသော အသင်းအဖွဲ့၊ မှတ်ပုံတင်ခွင့်ရသော်လည်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ခြင်းခံရသော အသင်းအဖွဲ့၊

www.burmeseclassic.com

www.burmeseclassic.com



(ခ) တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးကို ဖြစ်စေ၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကို ဖြစ်စေ တစ်နည်းနည်းအားဖြင့် ထိခိုက်စေရန် အားထုတ်သော၊ လှုံ့ဆော်သော၊ တိုက်တွန်းအားပေးသော၊ ကူညီသော အသင်းအဖွဲ့၊

(ဂ) နိုင်ငံတော် အုပ်ချုပ်ရေးယန္တရား လည်ပတ်မှုကို ထိခိုက်စေရန် သို့မဟုတ် ရပ်တန့်သွားစေရန် အားထုတ်သော၊ လှုံ့ဆော်သော၊ တိုက်တွန်းသော၊ အားပေးကူညီသော၊ ပြုလုပ်သော အသင်းအဖွဲ့၊

(ဃ) နိုင်ငံတော် အုပ်ချုပ်ရေးယန္တရားရှိ ပြည်သူ့တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့စသော ကာကွယ်ရေး တပ်ဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်း အဖွဲ့အစည်းအသီးသီး၊ နိုင်ငံပိုင်စီးပွားရေး ကော်ပိုရေးရှင်းနှင့် အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများ သို့မဟုတ် နိုင်ငံတော်ဘဏ္ဍာမှ လစာရယူကြသော ဝန်ထမ်း တစ်ဦးဦး သို့မဟုတ် ဝန်ထမ်းများ ပါဝင်ဖွဲ့စည်းထားပြီး နိုင်ငံရေးအသင်းအဖွဲ့ တစ်ခုခု၏ သြဇာခံယူသော သို့မဟုတ် နိုင်ငံရေးအသင်းအဖွဲ့တစ်ခုခုနှင့် ဆက်သွယ်သော အသင်းအဖွဲ့။

## ပြစ်ဒဏ်များ

**ပုဒ်မ ၆။** မည်သူမဆို ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ)ကိုဖြစ်စေ၊ ပုဒ်မ ၅ ကို ဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် ၅ နှစ်ထိ ကျခံစေရမည်။

**ပုဒ်မ ၇။** မည်သူမဆို ပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ) အရ ဖွဲ့စည်းခွင့်ကိုဖြစ်စေ၊ ဆက်လက်ရပ်တည်ခွင့်ကိုဖြစ်စေ မရသော အသင်းအဖွဲ့ သို့မဟုတ် ပုဒ်မ ၅ အရ ဖွဲ့စည်းခွင့်မရှိသော အသင်းအဖွဲ့တစ်ခုခုတွင် ပါဝင်ကြောင်း၊ အသင်းအဖွဲ့ကို အားပေးကူညီကြောင်း သို့မဟုတ် ထိုအသင်းအဖွဲ့၏ အဆောင်အယောင်ကို အသုံးပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် ၃ နှစ်အထိ ကျခံစေရမည်။

www.burmeseclassic.com

www.burmeseclassic.com



၈။ **မတရားအသင်းကိစ္စ။**

**ဥပဒေ။** ၁၉၀၈ ခုနှစ် မတရားအသင်းအက်ဥပဒေ။
(အက်ဥပဒေအမှတ် ၁၄/၁၉၀၈)

**(က)** ပုဒ်မ ၁၇(၁)။ ပြစ်မှု

(၁) **ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ထောင်ဒဏ် (၂) နှစ်ထက် မနည်း၊ (၃) နှစ်ထက် မပိုသော ထောင်ဒဏ်နှင့် ငွေဒဏ်ကိုပါ စီရင်ခြင်းခံရမည်။

(၂) **ပြစ်မှုမြောက်ရန် လိုအပ်သည့် အင်္ဂါရပ်များ**

မည်သူမဆို မတရားအသင်း၏အဖွဲ့ဝင်ဖြစ်လျှင် သို့တည်းမဟုတ် ယင်းအသင်း၏ အစည်းအဝေး၌ ပါဝင်ဆောင်ရွက်လျှင် သို့တည်း မဟုတ် ယင်းအသင်းအတွက် ဝင်ကြေးထည့်ဝင်၊ ရယူ၊ တောင်းခံလျှင် သို့တည်းမဟုတ် တစ်နည်းနည်းဖြင့် ယင်းအသင်း၏ လုပ်ကိုင်ဆောင်ရွက်ရာတွင် ကူညီလျှင်၊

**(ခ)** ပုဒ်မ ၁၇(၂)။ ပြစ်မှု

(၁) **ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

(၃)နှစ်ထက်မနည်း၊ (၅)နှစ်ထက်မပိုသော ထောင်ဒဏ်နှင့် ငွေဒဏ်ကိုပါ စီရင်ခြင်းခံရမည်။

(၂) **ပြစ်မှုမြောက်ရန် လိုအပ်သည့် အင်္ဂါရပ်များ**

မည်သူမဆို မတရားအသင်းကို စီမံအုပ်ချုပ်လျှင် သို့တည်းမဟုတ် စီမံအုပ်ချုပ်ခြင်းတွင် ကူညီလျှင် သို့တည်းမဟုတ် အဆိုပါ အသင်း တစ်ခုခု သို့မဟုတ် ထိုအသင်းသားများ၏ အစည်းအဝေးကို ဆော်ဩ ကမကထပြုလျှင် သို့တည်းမဟုတ် ဆော်ဩကမကထပြုရာတွင် ကူညီလျှင်၊

www.burmeseclassic.com

www.burmeseclassic.com



## ၉။ နိုင်ငံခြားသားနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကိစ္စ။

**ဥပဒေ။** မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေ။
(ဥပဒေအမှတ် ၁/၁၉၈၇)

**ပုဒ်မ ၃။** မည်သူမျှ နိုင်ငံခြားသားနှင့်ဖြစ်စေ၊ နိုင်ငံခြားသားပိုင်ကုမ္ပဏီနှင့်ဖြစ်စေ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေးကမ်းခြင်း၊ ပေးကမ်းသည်ကိုလက်ခံခြင်း၊ ပေါင်နှံခြင်း၊ ပေါင်နှံသည်ကိုလက်ခံခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်း၊ လွှဲပြောင်းသည်ကို လက်ခံခြင်း မပြုရ။

**ပုဒ်မ ၄။** မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပိုင် ကုမ္ပဏီမျှ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေးကမ်းခြင်း၊ ပေးကမ်းသည်ကိုလက်ခံခြင်း၊ ပေါင်နှံခြင်း၊ ပေါင်နှံသည်ကို လက်ခံခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်း၊ လွှဲပြောင်းသည်ကို လက်ခံခြင်း မပြုရ။

**ပုဒ်မ ၅။** မည်သူမျှ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို တစ်ကြိမ်လျှင် တစ်နှစ်ထက်ပို၍ -

(က) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပိုင်ကုမ္ပဏီအား အငှားချထားခြင်းမပြုရ။

(ခ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပိုင် ကုမ္ပဏီမှ ငှားရမ်းခြင်းမပြုရ။

**ပုဒ်မ ၈။** နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပိုင် ကုမ္ပဏီသည် နိုင်ငံတော်အတွင်း၌ မိမိပိုင် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိုပစ္စည်းတည်ရှိရာ ဒေသနှင့် သက်ဆိုင်သည့် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့တွင် မှတ်ပုံတင်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၉။** ဤဥပဒေ ပြဋ္ဌာန်းခြင်းမပြုမီက နိုင်ငံတော်ပြင်ပတွင် ရောက်ရှိနေသော နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပိုင်ကုမ္ပဏီက ပိုင်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် စပ်လျဉ်း၍ ယင်း၏ကိုယ်စားဆောင်ရွက်သူသည် အဆိုပါပစ္စည်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပစ္စည်းတည်ရှိရာဒေသနှင့် သက်ဆိုင်သည့် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့တွင် မှတ်ပုံတင်ရမည်။

**ပုဒ်မ ၁၀။** ပုဒ်မ ၈ သို့မဟုတ် ပုဒ်မ ၉ အရ မှတ်ပုံတင်ရာတွင် မှန်ကန်မှုရှိမရှိနှင့် ထိမ်ချန်မှုရှိမရှိကို မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးရမည်။

<u>**ပြစ်ဒဏ်များ**</u>

**ပုဒ်မ ၁၁။** မည်သူမဆို ပုဒ်မ ၃ သို့မဟုတ် ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၃ နှစ်မှ အများဆုံး ထောင်ဒဏ် ၅ နှစ်အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

**ပုဒ်မ ၁၂။** မည်သူမဆို ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အငှားချထားသည့် ကာလအတွက် သဘောတူထားသည့် ငှားရမ်းခ၏ သုံးဆထက်မနည်းသောငွေဒဏ် ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

**ပုဒ်မ ၁၃။** ပုဒ်မ ၈ သို့မဟုတ် ပုဒ်မ ၉ အရ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို မှတ်ပုံတင်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် ပုဒ်မ ၁၀ အရ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က စုံစမ်းစစ်ဆေးရာတွင် မှန်ကန်မှုမရှိကြောင်း သို့မဟုတ် ထိမ်ချန်ထားကြောင်း တွေ့ရှိသဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှ အများဆုံး ထောင်ဒဏ် ၃ နှစ်အထိ ချမှတ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း ခြင်းခံရမည်။

**၁၀။ <u>လောင်းကစားကိစ္စ။</u>**

**ဥပဒေ။** လောင်းကစားဥပဒေ။
(ဥပဒေအမှတ် ၆/၁၉၈၆)

**<u>တားမြစ်ချက်များ</u>**

**ပုဒ်မ ၇။** မည်သူမျှ အများပြည်သူနှင့်ဆိုင်သော နေရာတွင် -

(က) လောင်းကစားခြင်းပြုလုပ်ရန် လောင်းကြေး တောင်းခံ စုဆောင်းခြင်းမပြုရ၊

(ခ) လောင်းကစားခြင်း၊ လောင်းကစားရန် အားပေးကူညီခြင်း သို့မဟုတ် တိရစ္ဆာန်ချင်းတိုက်ခြင်း၊ တိရစ္ဆာန်ချင်းတိုက်ရာတွင် ရောက်ရှိပြီး အားပေးကူညီခြင်း၊ လူစုခြင်း၊ လှုံ့ဆော်ခြင်း မပြုရ။

(ဂ) မည်သည့် အားကစားပွဲ သို့မဟုတ် လေ့ကျင့်ပွဲ၌မဆို လောင်းကစားခြင်း၊ လောင်းကစားရန် တစ်နည်းနည်းဖြင့် အားပေးကူညီခြင်း၊ လူစုခြင်း၊ လှုံ့ဆော်ခြင်းမပြုရ။

**ပုဒ်မ ၈။** မည်သူမျှ လောင်းကစားအိမ်တွင် -

(က) လောင်းကစားခြင်း မပြုရ၊

(ခ) ရောက်ရှိနေခြင်း မရှိစေရ။

**ပုဒ်မ ၉။** မည်သူမျှ -

(က) လောင်းကစားအိမ်ဖွင့်လှစ်ခြင်း သို့မဟုတ် တည်ထောင်ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်း သို့မဟုတ် ထိုသို့ဆောင်ရွက်ခြင်းကို တစ်နည်းနည်းဖြင့် အားပေးကူညီခြင်းမပြုရ။

(ခ) လက်ဝယ်ရှိသော သို့မဟုတ် အသုံးပြုခွင့်ရသော အိမ်၊ အဆောက်အအုံ၊ ကာရံထားသောနေရာ၊ ဝင်း၊ ခြံ၊ အခန်း၊

www.burmeseclassic.com

www.burmeseclassic.com



ယာဉ်တစ်ခုခုကို လောင်းကစားအိမ်အဖြစ် ဖွင့်လှစ်ရန် သို့မဟုတ် တည်ထောင်ရန် သို့မဟုတ် အသုံးပြုရန် ခွင့်မပြုရ။

**ပုဒ်မ ၁၀။** မည်သူမျှ -

(က) ခွင့်ပြုချက်မရှိဘဲ ထီ သို့မဟုတ် ထီကဲ့သို့ အခြားကံစမ်းကစားနည်း တစ်ခုခုတွင် စီမံခန့်ခွဲသူအဖြစ်လည်းကောင်း၊ လောင်းကြေးလက်ခံသူအဖြစ် လည်းကောင်း၊ ဒိုင်အဖြစ်လည်းကောင်း ဆောင်ရွက်ခြင်း သို့မဟုတ် ထိုသို့ဆောင်ရွက်ခြင်းကို တစ်နည်းနည်းဖြင့် အားပေးကူညီခြင်း မပြုရ။

(ခ) ပုဒ်မခွဲ(က)ပါ ကစားနည်းတစ်မျိုးမျိုးကို အကြောင်းပြု၍ ငွေကြေးအကျိုးအမြတ်ရယူခြင်း မပြုရ။

(ဂ) ပုဒ်မခွဲ (က) ပါ ကစားနည်း တစ်မျိုးမျိုးတွင် ပါဝင်လောင်းကစားခြင်း မပြုရ။

**ပုဒ်မ ၁၁။** မည်သူမျှ လောင်းကစားရန် ငွေချေးခြင်း သို့မဟုတ် ငွေကြေးထောက်ပံ့ခြင်း မပြုရ။

## ပြစ်ဒဏ်များ

**ပုဒ်မ ၁၂။** မည်သူမဆို -

(က) ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၃ လ မှ အများဆုံး ထောင်ဒဏ် ၆ လ အထိ သို့မဟုတ် ထိုထောင်ဒဏ်နှင့်ငွေဒဏ် ကျပ် ၅၀၀ အထိ ချမှတ်ခြင်း ခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၆ လ မှ အများဆုံး ထောင်ဒဏ် ၁ နှစ် အထိ သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ်ကျပ် ၁၀၀၀ အထိ

www.burmeseclassic.com

www.burmeseclassic.com



ချမှတ်ခြင်း ခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံ ပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

**ပုဒ်မ ၁၃။** မည်သူမဆို -

(က) ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၆ လ မှ အများဆုံး ထောင်ဒဏ် ၁ နှစ် အထိ သို့မဟုတ် ထိုထောင်ဒဏ်နှင့်ငွေဒဏ် ကျပ် ၁၀၀၀ အထိ ချမှတ်ခြင်း ခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၁ နှစ် မှ အများဆုံး ထောင်ဒဏ် ၃ နှစ် အထိ သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀ မှ ကျပ် ၅၀၀၀ အထိ ချမှတ်ခြင်း ခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

**ပုဒ်မ ၁၄။** မည်သူမဆို -

(က) ပုဒ်မ ၉ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၁ နှစ် မှ အများဆုံး ထောင်ဒဏ် ၃ နှစ် အထိ သို့မဟုတ် ထိုထောင်ဒဏ်နှင့်ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀ မှ ကျပ် ၅၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၉ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၃ နှစ် မှ အများဆုံး ထောင်ဒဏ် ၅ နှစ် အထိ

www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀ မှ ကျပ် ၁၀၀၀၀ အထိ ချမှတ်ခြင်း ခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

**ပုဒ်မ ၁၅။** မည်သူမဆို -

(က) ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှ အများဆုံး ထောင်ဒဏ် ၃ နှစ်အထိ သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀ မှ ကျပ် ၅၀၀၀ အထိ ချမှတ်ခြင်း ခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၃ နှစ်မှ အများဆုံး ထောင်ဒဏ် ၅ နှစ် အထိ သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀ မှ ကျပ် ၁၀၀၀၀ အထိ ချမှတ်ခြင်း ခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

**ပုဒ်မ ၁၆။** မည်သူမဆို -

(က) ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဂ)ပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၆ လ မှ အများဆုံး ထောင်ဒဏ် ၁ နှစ် အထိ သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ် ကျပ် ၁၀၀၀ အထိ ချမှတ်ခြင်း ခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံ

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

(ခ) ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဂ)ပါ ပြဋ္ဌာန်းချက်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၁ နှစ် မှ အများဆုံး ထောင်ဒဏ် ၃ နှစ် အထိ သို့မဟုတ် ထိုထောင်ဒဏ်နှင့်ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀ အထိ ချမှတ်ခြင်း ခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံ ပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

**ပုဒ်မ ၁၇။** မည်သူမဆို -

(က) ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၁ နှစ် မှ အများဆုံး ထောင်ဒဏ် ၃ နှစ် အထိ သို့မဟုတ် ထိုထောင်ဒဏ်နှင့်ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀ အထိ ချမှတ်ခြင်း ခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၁၁ပါ ပြဋ္ဌာန်းချက်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၃ နှစ် မှ အများဆုံး ထောင်ဒဏ် ၅ နှစ် အထိ သို့မဟုတ် ထိုထောင်ဒဏ်နှင့်ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ ချမှတ်ခြင်း ခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံ ပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

www.burmeseclassic.com

www.burmeseclassic.com



**၁၁။ လျှပ်စစ်မီးကိစ္စ။**

**ဥပဒေ။** လျှပ်စစ်ဥပဒေ။
(ဥပဒေအမှတ် ၇/၁၉၈၄)

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

**ပုဒ်မ ၂၃။** မည်သူမဆို လျှပ်စစ်ဓာတ်အားကို မရိုးမဖြောင့်သောသဘောဖြင့် ထုတ်ယူခြင်း၊ ဖြန့်တီးမှုပြုလုပ်ခြင်း၊ တရားမဝင်အသုံးပြုခြင်းတစ်ခုခုကို ပြုလုပ်လျှင် ပြစ်မှုဆိုင်ရာ ဥပဒေအရ ဓာတ်အားခိုးမှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။

**ပုဒ်မ ၂၄။** မည်သူမဆို မရိုးမဖြောင့်သောသဘောဖြင့် လျှပ်စစ်ဓာတ်အားကို ဖြန့်တီးခြင်း သို့မဟုတ် လျှပ်စီးကြောင်းလွှဲပေးခြင်း သို့မဟုတ် လျှပ်စစ်ဓာတ်အား ပေးသည့်လိုင်းကို ဖြတ်တောက်ခြင်း သို့မဟုတ် လျှပ်စစ်ဓာတ်အားပေးသည့် လုပ်ငန်းကို ဖျက်ဆီးခြင်းပြုလုပ်လျှင် သို့မဟုတ် ထိုသို့ပြုလုပ်ရန် အားထုတ်လျှင် ထောင်ဒဏ်အနည်းဆုံး နှစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ဖြစ်စေ၊ ငွေဒဏ်အနည်း ဆုံး ကျပ်ငါးထောင်မှ ကျပ်တစ်သောင်းအထိဖြစ်စေ ထောင်ဒဏ် ငွေဒဏ် ဒဏ်နှစ်ရပ် လုံးကိုဖြစ်စေ ကျခံစေရမည်။

**ပုဒ်မ ၂၅။** မည်သူမဆို ပုဒ်မ ၄၊ ပုဒ်မ ၅၊ ပုဒ်မ ၆ အရ လုပ်ကိုင်ခွင့် အမိန့် ဖြင့်သာ ဆောင်ရွက်ရမည့် လျှပ်စစ်ဓာတ်အားရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်အမိန့်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်လျှင် ငွေဒဏ် အနည်းဆုံး ကျပ်နှစ်ထောင်မှ အများဆုံး ကျပ်သုံးထောင်အထိ ကျခံစေမည့်အပြင် ပြစ်ဒဏ်ချမှတ်ပြီးနောက် ပြစ်မှုကို ဆက်လက်၍ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ကျူးလွန်သောရက်များအတွက် တစ်ရက်လျှင် ငွေဒဏ် ကျပ် သုံးရာစီ ကျခံစေရမည်။

**ပုဒ်မ ၂၆။** မည်သူမဆို ပုဒ်မ ၁၀၊ ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ်အနည်းဆုံး ကျပ်သုံးထောင်မှ အများဆုံး ကျပ်ငါးထောင်အထိ ကျခံစေရမည်။

www.burmeseclassic.com



**ပုဒ်မ ၂၇။** မည်သူမဆို ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် အနည်းဆုံး တစ်လမှ အများဆုံး သုံးလအထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်ငါးရာမှ အများဆုံး ကျပ်တစ်ထောင်အထိဖြစ်စေ၊ ထောင်ဒဏ် ငွေဒဏ် ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ကျခံစေရမည်။

**ပုဒ်မ ၂၈။** မည်သူမဆို လျှပ်စစ်ဓာတ်အားကို မရိုးမဖြောင့်သောသဘောဖြင့် ထုတ်ယူခြင်း၊ ဖြုန်းတီးမှုပြုလုပ်ခြင်း၊ တရားမဝင်အသုံးပြုခြင်းတစ်ခုခုကြောင့်ဖြစ်စေ၊ မရိုးမဖြောင့်သောသဘောဖြင့် လျှပ်စစ်ဓာတ်အားကို ဖြုန်းတီးခြင်း၊ လျှပ်စီးကြောင်း လွှဲပေးခြင်း၊ လျှပ်စစ်ဓာတ်အားပေးသည့်လိုင်းကို ဖြတ်တောက်ခြင်း၊ လျှပ်စစ်ဓာတ်အားပေးသည့်လုပ်ငန်းကို ဖျက်ဆီးခြင်း တစ်ခုခုကြောင့်ဖြစ်စေ၊ ပုဒ်မ ၄၊ ပုဒ်မ ၅၊ ပုဒ်မ ၆ အရ လုပ်ကိုင်ခွင့်အမိန့်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်ခြင်းကြောင့်ဖြစ်စေ၊ နိုင်ငံတော်ပိုင်ပစ္စည်းများကို လည်းကောင်း၊ သမဝါယမပိုင်ပစ္စည်းများကို လည်းကောင်း နစ်နာပျက်စီးဆုံးရှုံးစေပါက သက်ဆိုင်ရာပုဒ်မများတွင် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်များအပြင် နစ်နာပျက်စီးဆုံးရှုံးသွားသော ပစ္စည်း၏ ကာလတန်ဖိုးကို သက်ဆိုင်ရာ နိုင်ငံတော်ပိုင် အဖွဲ့အစည်းသို့ လည်းကောင်း၊ သမဝါယမအသင်းသို့ လည်းကောင်း ပေးလျော်စေရမည်။

## ၁၂။ <u>နိုင်ငံသားကိစ္စ</u>။

**ဥပဒေ။** မြန်မာနိုင်ငံသားဥပဒေ။
(ဥပဒေအမှတ် ၄/၁၉၈၂)

**ပုဒ်မ ၉။** နိုင်ငံတော်အတွင်း မွေးဖွားသော နိုင်ငံသားတစ်ဦးအတွက် အသက်တစ်ဆယ်နှစ်ပြည့်သည့် နေ့မှစ၍ တစ်နှစ်အတွင်း ပြည်ထဲရေးဝန်ကြီးဌာန၏ သတ်မှတ်သော အဖွဲ့အစည်းများ၌ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ မိဘ သို့မဟုတ် အုပ်ထိန်းသူက မှတ်ပုံတင်ရမည်။

*ခြွင်းချက်။* အသက်တစ်ဆယ်နှစ် ပြည့်သည့်နေ့မှစ၍ တစ်နှစ်အတွင်း မှတ်ပုံမတင်နိုင်ပါက မိဘ သို့မဟုတ် အုပ်ထိန်းသူသည် ခိုင်လုံသော အကြောင်းပြ၍ ပြည်ထဲရေးဝန်ကြီးဌာန၏ သတ်မှတ်သည့် အဖွဲ့အစည်းများသို့ လျှောက်ထားရမည်။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၁၀။** နိုင်ငံတော်ပြင်ပတွင် မွေးဖွားသော နိုင်ငံသားတစ်ဦးအတွက် ထိုသို့ မွေးဖွားကြောင်းကို မွေးဖွားသည့်နေ့မှစ၍ တစ်နှစ်အတွင်း မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး သို့မဟုတ် ပြည်ထဲရေးဝန်ကြီးဌာန၏ သတ်မှတ်သော အဖွဲ့အစည်းများ၌ သတ်မှတ်သည့်နည်းလမ်းနှင့်အညီ မိဘ သို့မဟုတ် အုပ်ထိန်းသူက မှတ်ပုံတင်ရမည်။

*ခြွင်းချက်။* မွေးဖွားသည့်နေ့မှစ၍ တစ်နှစ်အတွင်း မှတ်ပုံမတင်နိုင်က မိဘ သို့မဟုတ် အုပ်ထိန်းသူသည် ခိုင်လုံသောအကြောင်းပြ၍ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး သို့မဟုတ် ပြည်ထဲရေးဝန်ကြီးဌာန၏ သတ်မှတ်သည့် အဖွဲ့အစည်းများမှတဆင့် ဗဟိုအဖွဲ့သို့ လျှောက်ထားရမည်။

**ပုဒ်မ ၁၁။** (က) ပုဒ်မ ၉၊ ပုဒ်မ ၁၀ ပါအတိုင်း လိုက်နာရန် ပျက်ကွက်လျှင် မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး သို့မဟုတ် ပြည်ထဲရေး ဝန်ကြီးဌာန၏ သတ်မှတ်သည့် အဖွဲ့အစည်းသို့ တစ်နှစ်လျှင် ကျပ် ငါးဆယ် ကျစီ ဒဏ်ငွေကို ပေးဆောင်စေရမည်။

(ခ) ပုဒ်မ ၉၊ ပုဒ်မ ၁၀ ပါအတိုင်း လိုက်နာရန် ငါးနှစ်ဆက်တိုက် ပျက်ကွက်လျှင် မိဘ သို့မဟုတ် အုပ်ထိန်းသူသည် ဒဏ်ငွေ ကျပ်တစ်ထောင်ကို ပေးဆောင်စေရမည်။

**ပုဒ်မ ၁၈။** နိုင်ငံသားတစ်ဦးသည် မဟုတ်မမှန်ဖော်ပြခြင်း သို့မဟုတ် ဖုံးကွယ်ခြင်းဖြင့် နိုင်ငံသားအဖြစ်ကိုရရှိပါက နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်းခံရမည့်အပြင် ထောင်ဒဏ် တစ်ဆယ်နှစ်နှင့် ငွေဒဏ် ကျပ်ငါးသောင်းကိုလည်း ကျခံစေရမည်။

**ပုဒ်မ ၁၉။** နိုင်ငံသားတစ်ဦးသည် မသမာသော နည်းလမ်းဖြင့် နိုင်ငံသား လက်မှတ် သို့မဟုတ် ဧည့်နိုင်ငံသားလက်မှတ် သို့မဟုတ် နိုင်ငံသားပြုခွင့်လက်မှတ်ကို သူတစ်ဦးရရှိရန် အားပေးကူညီလျှင် ထောင်ဒဏ်ခုနစ်နှစ်နှင့် ငွေဒဏ် ကျပ်တစ်သောင်းကို ကျခံစေရမည်။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၂၀။** (က) နိုင်ငံသားအဖြစ်မှ ရပ်စဲခံရသူ သို့မဟုတ် ရုပ်သိမ်းခံရသူ၏ နိုင်ငံသားလက်မှတ်ကို ပယ်ဖျက်ရမည်။ ထိုသို့ ပယ်ဖျက်ထားသော လက်မှတ်ကို ကိုင်ဆောင်သူသည် ပြည်ထဲရေးဝန်ကြီးဌာန၏ သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ပြန်လည်အပ်နှံရမည်။

(ခ) ပယ်ဖျက်ထားသော နိုင်ငံသားလက်မှတ်ကို ပြန်လည် အပ်နှံရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ဆက်လက်အသုံးပြုလျှင်ဖြစ်စေ၊ သူတစ်ဦးအား မသမာသောနည်းဖြင့် လွှဲပြောင်းပေးအပ်လျှင်ဖြစ်စေ ထောင်ဒဏ်တစ်ဆယ်နှစ်နှင့် ငွေဒဏ် ကျပ်နှစ်သောင်းကို ကျခံစေရမည်။

(ဂ) မည်သူမဆို ပယ်ဖျက်ထားသော နိုင်ငံသားလက်မှတ်ကိုဖြစ်စေ၊ သေဆုံးသူ နိုင်ငံသား၏ လက်မှတ်ကိုဖြစ်စေ ကိုင်ဆောင်အသုံးပြုလျှင် ထောင်ဒဏ် တစ်ဆယ်နှစ်နှင့် ငွေဒဏ်ကျပ်နှစ်သောင်းကို ကျခံစေရမည်။

**ပုဒ်မ ၂၁။** မည်သူမဆို နိုင်ငံသားလက်မှတ်အတု ပြုလုပ်လျှင်ဖြစ်စေ၊ ထိုသို့ ပြုလုပ်ရန် အားပေးကူညီလျှင်ဖြစ်စေ ထောင်ဒဏ်တစ်ဆယ့်ငါးနှစ် နှင့် ငွေဒဏ် ကျပ်ငါးသောင်းကို ကျခံစေရမည်။

**ပုဒ်မ ၂၅။** ဧည့်နိုင်ငံသားလက်မှတ်တွင် လျှောက်လွှာ၌ ဖော်ပြထားသော သားသမီး၏အမည်ကို ဗဟိုအဖွဲ့က ထည့်သွင်းနိုင်သည်။ အမည်ထည့်သွင်းပေးခြင်း ခံရသော သားသမီးသည် ဧည့်နိုင်ငံသားဖြစ်သည်။

**ပုဒ်မ ၂၇။** (က) ပုဒ်မ ၂၅ အရ အမည်ထည့်သွင်းပေးခြင်းခံရသော သားသမီးသည် အသက်တစ်ဆယ့်ရှစ်နှစ် မပြည့်သေးပါက အသက်ပြည့်သည့်နေ့မှစ၍ တစ်နှစ်အတွင်း ပြည်ထဲရေးဝန်ကြီးဌာန၏ သတ်မှတ်သောအဖွဲ့အစည်းရှေ့သို့ ကိုယ်တိုင်လာရောက်ပြီး ပုဒ်မ ၂၄ ပါအတိုင်း ကတိသစ္စာပြုရမည်။

(ခ) ပုဒ်မခွဲ(က) ပါအတိုင်း လိုက်နာရန် ပျက်ကွက်သူသည် ပြည်ထဲရေးဝန်ကြီးဌာန၏ သတ်မှတ်သည့် အဖွဲ့အစည်းသို့

www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်လျှင် ကျပ်ငါးဆယ်ကျစီ ဒဏ်ငွေကို ပေးဆောင်စေရမည်။

**ပုဒ်မ ၃၆။** ဧည့်နိုင်ငံသားတစ်ဦးသည် မဟုတ်မမှန်သောဖော်ပြခြင်း သို့မဟုတ် ဖုံးကွယ်ခြင်းဖြင့် ဧည့်နိုင်ငံသားအဖြစ်ကိုရရှိပါက ဧည့်နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်းခံရမည့်အပြင် ထောင်ဒဏ်တစ်ဆယ်နှစ်နှင့် ငွေဒဏ်ကျပ်ငါးသောင်းကိုလည်း ကျခံစေရမည်။

**ပုဒ်မ ၃၇။** ဧည့်နိုင်ငံသားတစ်ဦးသည် မသမာသောနည်းလမ်းဖြင့် နိုင်ငံသားလက်မှတ် သို့မဟုတ် ဧည့်နိုင်ငံသားလက်မှတ် သို့မဟုတ် နိုင်ငံသားပြုခွင့်လက်မှတ်ကို သူတစ်ဦးရရှိရန် အားပေးကူညီလျှင် ဧည့်နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်းခံရမည့်အပြင် ထောင်ဒဏ်ခုနစ်နှစ်နှင့် ငွေဒဏ် ကျပ်တစ်သောင်းကိုလည်း ကျခံစေရမည်။

**ပုဒ်မ ၃၈။** ဧည့်နိုင်ငံသားတစ်ဦးသည် ပုဒ်မ ၃၆၊ ပုဒ်မ ၃၇ အရ သူတစ်ဦး ကျူးလွန်သော အမှုကိစ္စကို ကိုယ်တိုင်သိရှိလျှင်ဖြစ်စေ၊ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့လျှင်ဖြစ်စေ ဤဥပဒေ အာဏာတည်သည့်နေ့မှစ၍ တစ်နှစ်အတွင်း ပြည်ထဲရေးဝန်ကြီးဌာန၏ သတ်မှတ်ထားသောအဖွဲ့အစည်းများသို့ ဖော်ထုတ်ဝန်ခံပါက ဤအမှုကိစ္စနှင့်စပ်လျဉ်းသော ပြစ်မှုနှင့်ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ရရှိစေရမည်။

**ပုဒ်မ ၃၉။** (က) ဧည့်နိုင်ငံသားအဖြစ်မှ ရပ်စဲခံရသူ သို့မဟုတ် ရုပ်သိမ်းခံရသူ၏ ဧည့်နိုင်ငံသားလက်မှတ်ကို ပယ်ဖျက်ရမည်။ ထိုသို့ ပယ်ဖျက်ထားသော လက်မှတ်ကို ကိုင်ဆောင်သူသည် ပြည်ထဲရေးဝန်ကြီးဌာန၏ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ပြန်လည်အပ်နှံရမည်။

(ခ) ပယ်ဖျက်ထားသော ဧည့်နိုင်ငံသားလက်မှတ်ကို ပြန်လည်အပ်နှံရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ဆက်လက်အသုံးပြုလျှင်ဖြစ်စေ၊ သူတစ်ဦးအား မသမာသောနည်းလမ်းဖြင့် လွှဲပြောင်းပေးအပ်လျှင်ဖြစ်စေ ထောင်ဒဏ်တစ်ဆယ်နှစ်နှင့် ငွေဒဏ်ကျပ်နှစ်သောင်းကို ကျခံစေရမည်။

www.burmeseclassic.com

www.burmeseclassic.com



(ဂ) မည်သူမဆို ပယ်ဖျက်ထားသော ဧည့်နိုင်ငံသားလက်မှတ်ကိုဖြစ်စေ၊ သေဆုံးသူ ဧည့်နိုင်ငံသားလက်မှတ်ကို ဖြစ်စေ ကိုင်ဆောင်အသုံးပြုလျှင် ထောင်ဒဏ် တစ်ဆယ်နှစ်နှင့် ငွေဒဏ် ကျပ်နှစ်သောင်းကို ကျခံစေရမည်။

**ပုဒ်မ ၄၀။** မည်သူမဆို ဧည့်နိုင်ငံသားလက်မှတ် အတုပြုလုပ်လျှင်၊ ထိုသို့ပြုလုပ်ရန် အားပေးကူညီလျှင်ဖြစ်စေ ထောင်ဒဏ် တစ်ဆယ့်ငါးနှစ်နှင့် ငွေဒဏ် ကျပ်ငါးသောင်းကို ကျခံစေရမည်။

**ပုဒ်မ ၄၇။** နိုင်ငံသားခွင့်ပြုလက်မှတ်တွင် လျှောက်လွှာ၌ ဖော်ပြထားသော သားသမီး၏အမည်ကို ဗဟိုအဖွဲ့က ထည့်သွင်းနိုင်သည်။ အမည် ထည့်သွင်းပေးခြင်းခံရသော သားသမီးသည် နိုင်ငံသားပြုခွင့်ရသူဖြစ်သည်။

**ပုဒ်မ ၄၉။** (က) ပုဒ်မ ၄၇ အရ အမည်ထည့်သွင်းပေးခြင်းခံရသော သားသမီးသည် အသက်တစ်ဆယ့်ရှစ်နှစ် မပြည့်သေးပါက အသက်ပြည့်သည့်နေ့မှစ၍ တစ်နှစ်အတွင်း ပြည်ထဲရေးဝန်ကြီးဌာန၏ သတ်မှတ်ထားသည့် အဖွဲ့အစည်းသို့ ကိုယ်တိုင်လာရောက်ပြီး ပုဒ်မ ၄၆၊ ပုဒ်မခွဲ (က)ပါ အတိုင်း ကတိသစ္စာပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါအတိုင်း လိုက်နာရန် ပျက်ကွက်သူသည် ပြည်ထဲရေးဝန်ကြီးဌာန၏ သတ်မှတ်သည့် အဖွဲ့အစည်းသို့ တစ်နှစ်လျှင် ကျပ်ငါးဆယ်ကျစီ ဒဏ်ငွေကို ပေးဆောင်စေရမည်။

**ပုဒ်မ ၅၉။** နိုင်ငံသားပြုခွင့်ရသူ တစ်ဦးသည် မဟုတ်မမှန်ဖော်ပြခြင်း သို့မဟုတ် ဖုံးကွယ်ခြင်းဖြင့် နိုင်ငံသားပြုခွင့်ရသူအဖြစ်ကို ရရှိပါက နိုင်ငံသား ပြုခွင့်ရသူအဖြစ်မှ ရုပ်သိမ်းခြင်းခံရမည့်အပြင် ထောင်ဒဏ်တစ်ဆယ်နှစ်နှင့် ငွေဒဏ် ကျပ်ငါးသောင်းကိုလည်း ကျခံစေရမည်။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၆၀။** နိုင်ငံသားပြုခွင့်ရသူ တစ်ဦးသည် မသမာသော နည်းလမ်းဖြင့် နိုင်ငံသားလက်မှတ် သို့မဟုတ် ဧည့်နိုင်ငံသားလက်မှတ် သို့မဟုတ် နိုင်ငံသား ပြုခွင့်လက်မှတ်ကို သူတစ်ဦးရရှိရန် အားပေးကူညီလျှင် နိုင်ငံသားပြုခွင့်ရသူ အဖြစ်ကို ရရှိပါက နိုင်ငံသားပြုခွင့်ရသူအဖြစ်မှ ရုပ်သိမ်းခြင်းခံရမည့်အပြင် ထောင်ဒဏ်ခုနစ်နှစ် နှင့် ငွေဒဏ်ကျပ်တစ်သောင်းကိုလည်း ကျခံစေရမည်။

**ပုဒ်မ ၆၁။** နိုင်ငံသားပြုခွင့်ရသူတစ်ဦးသည် ပုဒ်မ ၅၉၊ ပုဒ်မ ၆၀ အရ သူတစ်ဦးကျူးလွန်သော အမှုကိစ္စကို ကိုယ်တိုင်သိရှိလျှင်ဖြစ်စေ၊ ကိုယ်တိုင် ပါဝင် ကူညီဆောင်ရွက်ခဲ့လျှင်ဖြစ်စေ ဤဥပဒေအာဏာတည်သည့်နေ့မှစ၍ တစ်နှစ် အတွင်း သို့မဟုတ် ကျူးလွန်ခဲ့သည့်နေ့မှစ၍ တစ်နှစ်အတွင်း ပြည်ထဲရေးဝန်ကြီး ဌာန၏ သတ်မှတ်ထားသော အဖွဲ့အစည်းများ၌ ဖော်ထုတ်ဝန်ခံပါက ဤအမှုကိစ္စ နှင့်စပ်လျဉ်းသော ပြစ်မှုပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့် ရရှိစေရမည်။

**ပုဒ်မ ၆၂။**

(က) နိုင်ငံသားပြုခွင့်ရသူအဖြစ်မှ ရပ်စဲခံရသူ သို့မဟုတ် ရုပ်သိမ်း ခံရသူ၏ နိုင်ငံသားပြုခွင့်လက်မှတ်ကို ပယ်ဖျက်ရမည်။ ထိုသို့ပယ်ဖျက်ထားသောလက်မှတ်ကို ကိုင်ဆောင်သူသည် ပြည်ထဲရေးဝန်ကြီးဌာန၏ သတ်မှတ်သည့် နည်းလမ်းနှင့် အညီ ပြန်လည်အပ်နှံရမည်။

(ခ) ပယ်ဖျက်ထားသော နိုင်ငံသားပြုခွင့်လက်မှတ်ကို ပြန်လည် အပ်နှံရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ဆက်လက်အသုံးပြုလျှင် ဖြစ်စေ၊ သူတစ်ဦးအား မတရားသော နည်းလမ်းဖြင့် လွှဲပြောင်းပေးအပ်လျှင်ဖြစ်စေ ထောင်ဒဏ်တစ်ဆယ်နှစ်နှင့် ငွေဒဏ် ကျပ်နှစ်သောင်းကို ကျခံစေရမည်။

(ဂ) မည်သူမဆို ပယ်ဖျက်ထားသော နိုင်ငံသားပြုခွင့် လက်မှတ် ကိုဖြစ်စေ၊ သေဆုံးသူ နိုင်ငံသားပြုခွင့်ရသူ၏ လက်မှတ် ကိုဖြစ်စေ ကိုင်ဆောင်အသုံးပြုလျှင် ထောင်ဒဏ်ဆယ်နှစ် နှင့် ငွေဒဏ်ကျပ်နှစ်သောင်းကို ကျခံစေရမည်။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၆၃။** မည်သူမဆို နိုင်ငံသားပြုခွင့် လက်မှတ်အတု ပြုလုပ်လျှင်ဖြစ်စေ၊ ထိုသို့ပြုလုပ်ရန် အားပေးကူညီလျှင်ဖြစ်စေ ထောင်ဒဏ်တစ်ဆယ့်ငါးနှစ်နှင့် ငွေဒဏ် ကျပ်ငါးသောင်းကို ကျခံစေရမည်။

**ပုဒ်မ ၇၆။** အောက်ပါဥပဒေတို့ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် -

(က) ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် (ရွေးချယ်ရေး) အက်ဥပဒေ၊

(ခ) ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေ၊

## ၁၃။ <u>နိုင်ငံခြားငွေကိစ္စ။</u>

**ဥပဒေ။** ၁၉၄၇ ခုနှစ်၊ နိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းဥပဒေ။ (အက်ဥပဒေအမှတ် ၄၄/၁၉၄၇)

### (က) <u>ပုဒ်မ ၂၄။ ပြစ်ဒဏ်နှင့် လုပ်ထုံးလုပ်နည်းများ</u>

### (၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်

သုံးနှစ်ထိ ထောင်ဒဏ်အပြင် ငွေဒဏ်ကိုလည်း စီရင်နိုင်သည်။ အကယ်၍ ကျူးလွန်သည့်ပြစ်မှုသည် ပုဒ်မ ၉ (၂)တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခြင်းဖြစ်လျှင် ခြောက်လထက်မနည်း ထောင်ဒဏ်အပြင် ငွေဒဏ်ကိုပါ စီရင်နိုင်သည်။ ထို့ပြင် ပြစ်မှုတွင်ပါဝင်သည့် ရွှေ၊ ငွေ၊ ငွေစက္ကူ အပါအဝင် အခြားပစ္စည်းများကိုပါ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။ {ပုဒ်မ ၂၄(၁)}

### (၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ

တရားခံသည် ဤဥပဒေအရ ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ ဤဥပဒေအရ ပြုလုပ်ထားသည့် နည်းဥပဒေ၊ ညွှန်ကြားချက် သို့မဟုတ် အမိန့်တစ်စုံတစ်ရာကို ဖောက်ဖျက်ခဲ့ကြောင်း သက်သေခံချက်ရှိရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၉(၁)။** ရွှေ၊ ငွေ၊ ငွေစက္ကူ၊ ဘဏ်ငွေစက္ကူ နှင့် ဒင်္ဂါးများ (မြန်မာနိုင်ငံသုံးဖြစ်စေ၊ နိုင်ငံခြားသုံးဖြစ်စေ) ကို နိုင်ငံတော်သမ္မတ၏ ကင်းလွတ်ချက် သို့မဟုတ် အခွန်ပေးဆောင်သဖြင့် ငွေလွှဲကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်တို့မှတစ်ပါး မြန်မာနိုင်ငံအတွင်းသို့ ယူဆောင်လာခြင်း သို့မဟုတ် ပေးပို့ခြင်းမပြုလုပ်ရန် တားမြစ်သည်။

**ပုဒ်မ ၉(၂)။** ငွေလွှဲကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက် သို့မဟုတ် ငွေလွှဲကြီးကြပ်ရေးဝန်က အာဏာအပ်နှင်းခြင်းခံရသူ၏စာဖြင့် ခွင့်ပြုချက်မရရှိဘဲ ရွှေ၊ လက်ဝတ်လက်စား၊ အဖိုးတန် ကျောက်မျက်ရတနာ၊ မြန်မာနိုင်ငံငွေစက္ကူ၊ ဘဏ်ငွေစက္ကူ၊ ဒင်္ဂါးနှင့် နိုင်ငံခြားသုံးငွေ (နိုင်ငံခြားငွေ ရောင်းဝယ်ခွင့်ရှိသူထံမှ ရရှိသည့် နိုင်ငံခြားသုံးငွေမပါ) များကို မြန်မာနိုင်ငံပြင်ပသို့ ယူဆောင်ခြင်း သို့မဟုတ် ပေးပို့ခြင်းမပြုရန် တားမြစ်သည်။

### (ခ) နိုင်ငံခြားသုံးငွေများ လက်ဝယ်ထားရှိလျှင် ပုဒ်မ ၂၄(၁)အရ ပြစ်မှုမြောက်သည်

ပုဒ်မ ၁၀ အရဆိုလျှင် နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံ ပြန်တမ်းတွင် ကြော်ငြာထည့်သွင်းလျှင် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားသုံးငွေ ပိုင်ဆိုင်သူ သို့မဟုတ် ပိုင်ဆိုင်ရန်ရှိသည့် မည်သူမဆို အဆိုပါ နိုင်ငံခြားသုံးငွေများကို နိုင်ငံခြားငွေ ရောင်းဝယ်ခွင့်ရှိသူထံတွင် သတ်မှတ်ထားသည့်လဲလှယ်နှုန်းဖြင့် လဲလှယ်စေရန် ညွှန်ကြားနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်။

## ၁၄။ <u>ပြည်သူပိုင်ပစ္စည်းကာကွယ်သည့်ကိစ္စ။</u>

**ဥပဒေ။** ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေ။
(အက်ဥပဒေအမှတ် ၈၃/၁၉၄၇)

### (က) <u>ပုဒ်မ ၆ (၁) ။ ပြစ်မှု</u>

### (၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်

ထောင်ဒဏ် ၇ နှစ်အထိ သို့မဟုတ် ကြိမ်ဒဏ် သို့မဟုတ် ထောင်ဒဏ်နှင့်ကြိမ်ဒဏ် နှစ်ရပ်လုံးအနက် ငွေဒဏ်လည်း စီရင်ခြင်းခံရမည်။

www.burmeseclassic.com

www.burmeseclassic.com



**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ပြည်သူပိုင်ပစ္စည်း တစ်စုံတစ်ရာကို -

(က) တရားမဝင်ဘဲ လက်ဝယ်ထားရှိမှု၊

(ခ) ခိုးမှု၊

(ဂ) အလွဲသုံးစားမှု၊

(ဃ) အကျိုးဖျက်ဆီးမှု

စသည့် အချက်တစ်ရပ်ရပ်ကို တရားခံက ကျူးလွန်ခဲ့ကြောင်း သက်သေခံချက်ရှိရပါမည်။

## ၁၅။ အစိုးရအိမ်ဥပစာမှာ တရားမဝင်နေသည့်ကိစ္စ။

**ဥပဒေ။** ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေ။ (အက်ဥပဒေအမှတ် ၅၃/၁၉၅၅)

**ပုဒ်မ ၃ ။ နှင်ထုတ်သည့်အာဏာ**

**ပုဒ်မ ၃။** (၁) ဤအက်ဥပဒေ စတင်အာဏာ မတည်မီဖြစ်စေ၊ စတင်အာဏာတည်ပြီးသည့်နောက်ဖြစ်စေ၊ အစိုးရအိမ်ဥပစာ တစ်ခုခုတွင် နေထိုင်ခွင့်ရသူသည် နိုင်ငံတော်အစိုးရ သို့တည်းမဟုတ် အခွင့်အာဏာရ အာဏာပိုင်၏ ခွင့်ပြုချက်မရဘဲ အဆိုပါအိမ်ဥပစာတစ်ခုလုံးကို သို့တည်းမဟုတ် တစ်စိတ်တစ်ပိုင်းကို တစ်ဆင့်ငှားရမ်းသည်ဟုသော်လည်းကောင်း၊ ထိုအိမ်ဥပစာတွင် နေထိုင်ရာ၌ လိုက်နာရမည့် စည်းကမ်းတစ်ခုခုကို အခြားနည်း ဆန့်ကျင်သည်ဟုသော်လည်းကောင်း အစိုးရအာဏာပိုင်က ယူဆလျှင် သို့တည်းမဟုတ် တစ်ဦးတစ်ယောက်သောသူကို အစိုးရအိမ်ဥပစာတစ်ခုခုတွင် ခွင့်ပြုချက်မရဘဲ နေထိုင်လျက်ရှိသည်ဟုသော်လည်းကောင်း၊ ခွင့်ပြုချက်ကို ရုပ်သိမ်းပြီးနောက် ဆက်လက်နေထိုင်လျက်ရှိသည်ဟုသော် လည်းကောင်း အခွင့်ရအာဏာပိုင်က ယူဆလျှင် အခွင့်ရအာဏာပိုင်သည် ထိုအိမ်ဥပစာတစ်ခုလုံးတွင်ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းတွင်ဖြစ်စေ နေထိုင်သည့်ထိုသူထံ သို့တည်းမဟုတ် အခြားသူတစ်ဦးတစ်ယောက်ထံ စာပို့တိုက်မှသော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း ချအပ်သော နို့တစ်စာဖြင့် ထိုနို့တစ်စာရသည့်နေ့မှ တစ်ဆယ့်ငါးရက်အတွင်း ထိုအိမ်ဥပစာတစ်ခုလုံးမှ သို့တည်းမဟုတ် တစ်စိတ်တစ်

www.burmeseclassic.com



ပိုင်းမှ ထွက်ခွာသွားရမည်ဟု အမိန့်ထုတ်ဆင့်နိုင်သည်။ (အက်ဥပဒေအမှတ် ၂၈/၆၁ အရ ပြင်ဆင်ထားသည်။)

(၂) မည်သူမဆို ပုဒ်မခွဲ(၁)အရ ထုတ်ဆင့်သောအမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင် သို့တည်းမဟုတ် ငြင်းဆိုလျှင် ထိုသူအား အခွင့်ရအာဏာပိုင်က အဆိုပါအိမ်ဥပစာမှ ဖယ်ရှား၍ အိမ်ဥပစာကို သိမ်းယူနိုင်သည်။ ထိုသို့ဖယ်ရှားရာတွင် သင့်တော်လိုအပ်သည့် အနိုင်အထက်ပြုမှုဖြင့် ဖယ်ရှားနိုင်သည်။

**ဥပဒေ။** ၁၉၆၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ။
(ဥပဒေအမှတ် ၄/၁၉၆၅)

**ပုဒ်မ ၂ ။** နောက်တွင် အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၂ တွင် အောက်ပါကို ပုဒ်မ ၂-က အဖြစ်ဖြင့် ထည့်သွင်းရမည်။

"၂-က။ အစိုးရအိမ်ဥပစာတစ်ခုခုတွင် နေထိုင်ခွင့်ရသူသည် -

(က) အစိုးရ သို့မဟုတ် အခွင့်ရအာဏာပိုင်၏ ခွင့်ပြုချက်မရဘဲ အဆိုပါ အိမ်ဥပစာတစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုသော် လည်းကောင်း တဆင့်ငှားရမ်းခြင်း မပြုလုပ်ရ။

(ခ) အဖိုးအစားနားဖြင့်ဖြစ်စေ၊ အဖိုးအစားနားမပါဘဲ ဖြစ်စေ လွှဲပြောင်းခြင်းမပြုရ။

(ဂ) အခွင့်အာဏာပိုင်အား စာဖြင့်ကြိုတင်အကြောင်းကြားရန် ပျက်ကွက်လျှင် အဆိုပါအိမ်ဥပစာမှ ထွက်ခွာသွားခြင်း မပြုလုပ်ရ။

(ဃ) အဆိုပါ အိမ်ဥပစာကို အခွင့်ရအာဏာပိုင်အား ပြန်လည်အပ်နှံရန် ပျက်ကွက်လျှင် ထွက်ခွာသွားခြင်း မပြုလုပ်ရ"

**ပုဒ်မ ၃ ။** အဆိုပါ အက်ဥပဒေပုဒ်မ ၉ အစား အောက်ပါကို ပုဒ်မ ၉ အဖြစ် ထည့်သွင်းရမည်။

www.burmeseclassic.com

www.burmeseclassic.com



"၉(၁) မည်သူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုကို ဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေတစ်ခုခုကို ဖြစ်စေ၊ ဤအက်ဥပဒေအရ ထုတ်ဆင့်ချမှတ်သော အမိန့်ကိုဖြစ်စေ ဆန့်ကျင်လျှင် သို့မဟုတ် ဤအက်ဥပဒေဖြင့် အပ်နှင်းထားသည့် အာဏာတစ်ရပ်ရပ်ကို တရားဥပဒေနှင့်အညီ သုံးစွဲခြင်းကို တားဆီးလျှင် သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ကျပ်တစ်ထောင်ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

(၂) အစိုးရက ဤကိစ္စအလို့ငှာ အမိန့်ကြော်ငြာစာဖြင့် အာဏာအပ်နှင်းထားသည့် အရာရှိ၏ ကြိုတင်အခွင့်အမိန့်မရှိဘဲ မည်သည့်တရားရုံးမှာမျှ ပုဒ်မခွဲ(၁)အရဖြစ်သော ပြစ်မှုကို အရေးယူပိုင်ခွင့်မရှိစေရ"

***မှတ်ချက်။*** ။၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၉ ကို ယခုပုဒ်မနှင့် ပြင်ဆင်ခြင်းဖြစ်ပါသည်။ ယခင်က ထောင်ဒဏ်(၆)လအထိ၊ ကျပ်တစ်ထောင်ငွေဒဏ်၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်ဟု ပါရှိပါသည်။

## ၁၆။ <u>လက်နက်ကိစ္စ။</u>

**ဥပဒေ။** ၁၈၇၈ ခုနှစ်၊ လက်နက်ဥပဒေ။
(အက်ဥပဒေအမှတ် ၁၁/၁၈၇၈)

### (က) <u>ပုဒ်မ ၁၉။ ပြစ်မှု</u>

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

သုံးနှစ်ထိ ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး စီရင်ခြင်းခံရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

**ပုဒ်မ ၁၉။** မည်သူမဆို -

(က) ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ လက်နက်ခဲယမ်းမီးကျောက်၊ စစ်သုံးပစ္စည်းတစ်စုံတစ်ရာကို လိုင်စင်မရှိဘဲ ထုတ်လုပ်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်သိမ်းဆည်းခြင်း သို့မဟုတ် ရောင်းချရန် ကမ်းလှမ်းခြင်းပြုလျှင်၊

www.burmeseclassic.com



(ခ) ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်အတိုင်း ရောင်းချပြီးခဲ့သော် ရောင်းသူနှင့် ဝယ်သူ၏ အမည်နှင့်နေရပ်တို့ကို သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့ အစည်း သို့မဟုတ် ရဲတပ်ဖွဲ့အရာရှိထံ အသိပေးရန် ပျက်ကွက်လျှင်၊

(ဂ) ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်၍ လက်နက်ခဲယမ်းမီးကျောက်၊ စစ်သုံးပစ္စည်းကို လိုင်စင်မရှိဘဲ သို့မဟုတ် လိုင်စင်ပါ စည်းကမ်း အတိုင်းမဟုတ်ဘဲ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ ထုတ်ယူ ခြင်းပြုလျှင်၊

(ဃ) ပုဒ်မ ၁၀ အရ ထုတ်ပြန်ထားသော စည်းမျဉ်း၊ တားမြစ်ချက် တစ်စုံ တစ်ရာကို ဆန့်ကျင်၍ လက်နက်ခဲယမ်းမီးကျောက်၊ စစ်ပစ္စည်း တစ်စုံတစ်ရာကို လိုင်စင်မဲ့ သယ်ယူပို့ဆောင်လျှင်၊

(င) ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်၍ လိုင်စင်မဲ့သေနတ် စွဲကိုင် သွားလာလျှင်၊

(စ) ပုဒ်မ ၁၄ သို့မဟုတ် ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ လက်နက်၊ ခဲယမ်းမီးကျောက်၊ စစ်ပစ္စည်းတစ်ခုခုကို လက်ဝယ်ထားမှု (သို့မဟုတ်) မိမိစီမံအုပ်ချုပ်မှုအောက်တွင် ထားရှိလျှင်၊

(ဆ) ပုဒ်မ ၁၇(ဂ)အရ နည်းဥပဒေအတိုင်း မိမိထားရှိရမည့် စာရင်း သို့မဟုတ် မှတ်တမ်းများကို လိမ်လည်၍ ရေးသွင်းလျှင်၊

(ဇ) ပုဒ်မ ၁၇(င)အရ နည်းဥပဒေအတိုင်း ပစ္စည်းပြသရန် အစိုးရက ဆင့်ခေါ်သောအခါ ပြသရန်တာဝန်ရှိလျက် ပျက်ကွက်လျှင်၊

(ဈ) ပုဒ်မ ၁၄ သို့မဟုတ် ပုဒ်မ ၁၆ အရ လိုအပ်သည့်အတိုင်း လက်နက်၊ လက်နက်ခဲယမ်းမီးကျောက်၊ စစ်သုံးပစ္စည်းတို့ကို လာရောက်အပ်နှံ ရန် ပျက်ကွက်လျှင်၊

**ဥပဒေ။** ၁၉၄၉ ခုနှစ်၊ လက်နက်(အရေးပေါ်ပြစ်ဒဏ်စီရင်မှု)(ယာယီ) အက်ဥပဒေ။
(အက်ဥပဒေအမှတ် ၃၁/၁၉၄၉)

**(က) <u>ပုဒ်မ ၂။ (၁) (က) (ခ) (ဂ) (ဃ) ပြစ်မှု</u>**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

သေဒဏ်ဖြစ်စေ၊ တစ်သက်ပတ်လုံး တစ်ကျွန်းဒဏ်ဖြစ်စေ၊ ၁၀ နှစ်

www.burmeseclassic.com

www.burmeseclassic.com



ထက်မပိုသော အလုပ်ကြမ်းနှင့်ထောင်ဒဏ်ဖြစ်စေ၊ အလုပ်မဲ့နှင့်ထောင်ဒဏ်ဖြစ်စေ စီရင်ရမည်။

**(၂) ဖြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

**ပုဒ်မ ၂။** (၁) တည်ဆဲဖြစ်သော အခြားဥပဒေတစ်ခုခုတွင် မည်သို့ပင် ပါရှိစေကာမူ မည်သူမဆို -

(က) အစိုးရပိုင် သို့တည်းမဟုတ် ဥပဒေအရ လက်ရှိကိုင်ဆောင်ခွင့်ရှိသူပိုင် အမြောက်နှင့်ဖြစ်စေ၊ အခြားလက်နက်နှင့်ဖြစ်စေ၊ ခဲယမ်းမီးကျောက်နှင့်ဖြစ်စေ စပ်လျဉ်း၍ ခိုးမှုကျူးလွန်လျှင် သို့တည်းမဟုတ် ကျူးလွန်ရန် ကြံစည်အားထုတ်လျှင်သော်လည်းကောင်း၊

(ခ) အစိုးရပိုင် အမြောက်ကိုဖြစ်စေ၊ အခြားလက်နက်ကိုဖြစ်စေ၊ ခဲယမ်းမီးကျောက်ကိုဖြစ်စေ ရောင်းချလျှင် သို့တည်းမဟုတ် ရောင်းချရန် ကြံစည်အားထုတ်လျှင်၊

(ဂ) ဥပဒေအရ လက်ရှိကိုင်ဆောင်ခွင့်ရှိသူပိုင် အမြောက်ကိုဖြစ်စေ၊ အခြားလက်နက်ကိုဖြစ်စေ၊ ခဲယမ်းမီးကျောက်ကိုဖြစ်စေ ဥပဒေအရ လက်ရှိကိုင်ဆောင်ခွင့်မရှိသော အခြားသူတစ်ဦးတစ်ယောက်အား ရောင်းချလျှင် သို့တည်းမဟုတ် ရောင်းချရန် ကြံစည်အားထုတ်လျှင်သော်လည်းကောင်း၊

(ဃ) အစိုးရပိုင် သို့တည်းမဟုတ် ဥပဒေအရ လက်ရှိကိုင်ဆောင်ခွင့်ရှိသူပိုင် အမြောက်ကို ဖြစ်စေ၊ အခြားလက်နက်ကိုဖြစ်စေ၊ ခဲယမ်းမီးကျောက်ကိုဖြစ်စေ ဥပဒေအရ လက်ခံရယူပိုင်ခွင့်မရှိသော အခြားသူ တစ်ဦးတစ်ယောက်အား ပေးအပ်လျှင် သို့တည်းမဟုတ် ပေးအပ်ရန် ကြံစည်အားထုတ်လျှင်သော်လည်းကောင်း၊

**ဥပဒေ။** ၁၉၅၁ ခုနှစ်၊ လက်နက်(ယာယီ) ပြင်ဆင်ချက် အက်ဥပဒေ။ (အက်ဥပဒေအမှတ် ၅၁/၁၉၅၁)

www.burmeseclassic.com

www.burmeseclassic.com



**(က)** ဥပဒေအတည်ဖြစ်သောနေ့

၁၉၅၁ ခုနှစ်၊ အောက်တိုဘာလ(၂၇)ရက်နေ့တွင် ဥပဒေအဖြစ် ပြဋ္ဌာန်းခဲ့သည်။

**(ခ) ရည်ရွယ်ချက်**

ဤယာယီအက်ဥပဒေသည် ၁၈၇၈ ခုနှစ်၊ လက်နက်အက်ဥပဒေပုဒ်မ ၁၉ အပြင် ပုဒ်မ ၁၉-က အဖြစ် ပြဋ္ဌာန်းခြင်းဖြစ်သည်။ လက်နက်ကိုင်သောင်းကျန်းမှုများ မြန်မာပြည်တွင်ရှိနေသဖြင့် ၁၈၇၈ ခုနှစ်၊ လက်နက်အက်ဥပဒေပုဒ်မ ၁၉(င) နှင့် (စ) အရ ပြစ်ဒဏ်ချမှတ်လျှင် လုံလောက်မှုမရှိ၍ ထိုထက်ကြီးလေးသည့် ပြစ်ဒဏ်သတ်မှတ်နိုင်ရန် ရည်ရွယ်၍ ဤယာယီအက်ဥပဒေကို ပြဋ္ဌာန်းခြင်း ဖြစ်သည်။ ယင်းယာယီအက်ဥပဒေအရ အကျုံးဝင်သော လက်နက်အမျိုးအစားများကို ဖော်ပြထားသည်။ ယင်းကဲ့သို့ ဖော်ပြထားသည့် လက်နက်အမျိုးအစားတစ်ခုခုကို နိုင်ငံတော်ပုန်ကန်မှု ကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် ယူဆောင်သွားသည်ဖြစ်စေ၊ လက်ရှိထားသည်ဖြစ်စေ ဤပုဒ်မအရ ပြစ်မှုမြောက်သည်ဟု ပြဋ္ဌာန်းထားသည်။

ဤအက်ဥပဒေအရ တရားစွဲဆိုခြင်းခံရသူသည် ပုဒ်မ ၁၉-က တွင် ဖော်ပြထားသော လက်နက်ခဲယမ်းမီးကျောက်များကို ယူဆောင်သွားသည်ဖြစ်စေ၊ လက်ရှိထားသည်ဖြစ်စေ ယင်းသို့ ယူဆောင်ခြင်း၊ လက်ရှိထားခြင်းသည် ဆန့်ကျင်ဘက်သက်သေမပြနိုင်သမျှ ကာလပတ်လုံး နိုင်ငံတော်ပုန်ကန်မှု ကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် ယူဆောင်သွားခြင်း သို့မဟုတ် လက်ရှိထားခြင်းဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ဆက်လက်ပြဋ္ဌာန်းထားသည်။

**(ဂ)** ပုဒ်မ ၁၉-က။ ပြစ်မှု

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

၃ နှစ်ထက်မနည်း၊ ၇ နှစ်ထက်မပိုသည့် ထောင်ဒဏ်ချမှတ်ရမည်။ (ယခင် အလုပ်ကြမ်းနှင့် ၇ နှစ်ထိ ထောင်ဒဏ်စီရင်ခြင်းခံရမည်ဟု ပြဋ္ဌာန်းခဲ့ရာ အက်ဥပဒေအမှတ် ၄၂/၁၉၅၅ အရ ထပ်မံပြင်ဆင်ထားပါသည်။)

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

မည်သူမဆို နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှုကို ကျူးလွန်ရန် အကြံဖြင့် လက်နက်ဥပဒေပုဒ်မ ၁၃၊ ၁၄ သို့မဟုတ် ၁၅ ပါ ပြဋ္ဌာန်းချက်များကို

www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်၍ အောက်ပါ လက်နက်ခဲယမ်းမီးကျောက်၊ စစ်ပစ္စည်းမျိုးကို ကိုင်တွယ်သွားလာလျှင် သို့မဟုတ် လက်ဝယ်ထားရှိလျှင် သို့မဟုတ် မိမိ၏ စီမံအုပ်ချုပ်မှုအောက်တွင်ထားလျှင် -

(၁) အောက်ပါကဲ့သို့သော လက်နက်ငယ်များ -

(က) ရိုင်ဖယ် (Rifles)

(ခ) ပေါ့သော အလိုအလျောက် ကျည်ထွက်လက်နက် (Light Automatic) စတင်း၊ ဘရင်း၊ တော်မီ၊ ဘရောင်နင်၊ အမေရိကန် ကာဘိုင်သေနတ်များ၊

(၂) ပေါ့သော စက်သေနတ် သို့မဟုတ် ၎င်း၏ ခဲယမ်းမီးကျောက်များ၊ (Light Machine Gun or Ammunition thereof)

(၃) မော်တာ သို့မဟုတ် ၎င်း၏ခဲယမ်းမီးကျောက်များ၊

(၄) လေးသော စက်သေနတ်များ၊ ဗစ်ကာ၊ ဘရောင်နင်၊ ဘီစာစက်သေနတ်၊ ဂျပန်စက်သေနတ်များ၊ တင့်ကားပစ်လက်နက်၊ မြေပြင်ပစ်လက်နက်၊ လေယာဉ်ပစ်လက်နက်၊ လေယာဉ်ပစ် အမြောက် သို့မဟုတ် ၎င်း၏ခဲယမ်းမီးကျောက်များ (Vickers Machine Gun, Japanese Heavy Machine Gun, Anti Tank Weapon, and any variety of Field Artillery, Light Antiaircraft Gun, Aircraft Cannon or Ammunition thereof)

(၅) စနက်တံပါသော လက်ပစ်ဗုံး (Live Hand Grenade)

(၆) စနက်တံပါသော ရိုင်ဖယ်လက်ပစ်ဗုံး (Live Rifle Grenade)

(၇) စနက်တံပါသော မော်တာပစ်ဗုံး (Live Motor Bomb)

(၈) ဖောက်ခွဲယမ်းဗုံးများ (Demolition Explosives) သို့မဟုတ် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေငြာသည့် အခြား လက်နက်ခဲယမ်းမီးကျောက်များ။

***ခြွင်းချက်။*** ။ တည်ဆဲ အခြားဥပဒေတစ်ခုခုတွင် မည်သို့ပင် ဆန့်ကျင်ပါရှိစေကာမူ ဤပုဒ်မတွင် သတ်မှတ်ထားသည့် လက်နက်ခဲယမ်းမီးကျောက် စစ်ပစ္စည်းများကို ဆွဲကိုင်သွားခြင်းကိုတွေ့ရ၍ဖြစ်စေ၊ မိမိလက်ရှိ သို့မဟုတ် ကြီးကြပ်အုပ်ချုပ်မှုအောက်တွင် ထားခြင်းကို တွေ့ရ၍ဖြစ်စေ ဤပုဒ်မအရ တရားစွဲဆိုမှု၌ တရားစွဲ

www.burmeseclassic.com

www.burmeseclassic.com



ခံရသူက ၄င်းမှာ နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးကို ကျူးလွန်ရန် အကြံ မရှိပါဟု ထင်ရှားအောင်မပြနိုင်ပါက ထိုသူသည် နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးကို ကျူးလွန်ရန်အကြံရှိသည်ဟု မှတ်ယူရမည်။

## ၁၃။ တိုင်းရင်းဆေးဝါးကိစ္စ။

**ဥပဒေ။** တိုင်းရင်းဆေးဝါးဥပဒေ။
(ဥပဒေအမှတ် ၇/၁၉၉၆)

### တားမြစ်ချက်များ

**ပုဒ်မ ၂၇။** မည်သူမျှ အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးကို ထုတ်လုပ်ခြင်း မပြုရ -

(က) မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါး၊
(ခ) မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလုပ်ထားသော တိုင်းရင်းဆေးဝါး၊
(ဂ) စံမညီ တိုင်းရင်းဆေးဝါး၊
(ဃ) သုံးစွဲရန်မသင့်ဟု ကျန်းမာရေးဝန်ကြီးဌာနက အမိန့် ကြော်ငြာစာဖြင့် ထုတ်ပြန်၍ သတ်မှတ်ထားသော တိုင်းရင်းဆေးဝါး၊

**ပုဒ်မ ၂၈။** မည်သူမျှ အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးကို ရောင်းချခြင်း မပြုရ -

(က) မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါး၊
(ခ) မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလုပ်ထားသော တိုင်းရင်းဆေးဝါး၊
(ဂ) ပျက်စီး တိုင်းရင်းဆေးဝါး၊
(ဃ) သုံးစွဲရန်မသင့်ဟု ကျန်းမာရေးဝန်ကြီးဌာနက အမိန့် ကြော်ငြာစာဖြင့် ထုတ်ပြန်၍ သတ်မှတ်ထားသော တိုင်းရင်းဆေးဝါး၊

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၂၉။** မည်သူမျှ လိုင်စင်မရှိဘဲ တိုင်းရင်းဆေးဝါးကို ထုတ်လုပ်ခြင်းမပြုရ။

**ပုဒ်မ ၃၀။** လိုင်စင်ရရှိသူသည် -

(က) လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ခ) ဤဥပဒေအရ ကျန်းမာရေးဝန်ကြီးဌာနကဖြစ်စေ၊ အာဏာပိုင် အဖွဲ့ကဖြစ်စေ၊ တိုင်းရင်းဆေးပညာဦးစီးဌာနကဖြစ်စေ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

**ပုဒ်မ ၃၁။** မည်သူမဆို ပုဒ်မ ၂၇ သို့မဟုတ် ပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

**ပုဒ်မ ၃၂။** မည်သူမဆို ပုဒ်မ ၂၉ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် -

(က) မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးနှင့်သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူအား ငွေဒဏ်ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(ခ) မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါးနှင့်သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူအား ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(ဂ) ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၃၃။** လိုင်စင်ရရှိသူသည် ပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

**၁၈။ <u>တိုင်းရင်းဆေးဆရာကိစ္စ။</u>**

**ဥပဒေ။** တိုင်းရင်းဆေးကောင်စီဥပဒေ။
(ဥပဒေအမှတ် ၂/၂၀၀၀)

<u>တားမြစ်ချက်နှင့် ပြစ်ဒဏ်များ</u>

**ပုဒ်မ ၂၂။** မည်သူမျှ ကောင်စီကထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ် မရရှိဘဲ ပုဂ္ဂလိကအကျိုးစီးပွားအတွက် ငွေကြေး သို့မဟုတ် အကျိုးခံစားခွင့်ရယူ၍ ဆေးကုသသည့် လုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

**ပုဒ်မ ၂၃။** မည်သူမျှ တိုင်းရင်းဆေးပညာဦးစီးဌာနက ထုတ်ပေးသည့် ဆေးကုသခွင့်လက်မှတ်မရှိဘဲ နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ တိုင်းရင်းရိုးရာ ဆေးပညာကို အသုံးပြု၍ ဆေးကုသည့်လုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

**ပုဒ်မ ၂၄။** မည်သူမဆို -

(က) ပုဒ်မ ၂၂ သို့မဟုတ် ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ(က) အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီးနောက် သက်ဆိုင်ရာ ပြစ်မှုပါ ပြဋ္ဌာန်းချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှ အများဆုံး ထောင်ဒဏ် ၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၉။ ဆေးကုလိုင်စင်ကိစ္စ။

**ဥပဒေ။** မြန်မာနိုင်ငံဆေးကောင်စီဥပဒေ။
(ဥပဒေအမှတ် ၁/၂၀၀၀)

### တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

**ပုဒ်မ ၃၈။** မည်သူမျှ ဤဥပဒေအရ ကောင်စီကထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်မရှိဘဲ ဆေးကုသခြင်းမပြုရ။

**ပုဒ်မ ၃၉။** မည်သည့် ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်မျှ ဆေးကုသသည့်လုပ်ငန်း ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဆေးကုသသည့်လုပ်ငန်းအလိုက် ကျွမ်းကျင်မှုရှိကြောင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက ထုတ်ပေးသည့်လိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ ခွင့်ပြုချက်၊ သင်တန်းဆင်းလက်မှတ် သို့မဟုတ် အထောက်အထား ရရှိသူမှအပ အခြားသူကို တာဝန်ပေးဆောင်ရွက်စေခြင်း မပြုရ။

**ပုဒ်မ ၄၀။** မည်သည့် မှတ်ပုံတင်ဆရာဝန်မျှ မိမိရရှိသော ဘွဲ့၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာပညာတို့နှင့် မလျော်ညီသော အခေါ်အဝေါ်စကားရပ်များကို မိမိ၏အမည်နှင့် ယှဉ်တွဲ၍ သုံးနှုန်းခြင်းမပြုရ။

**ပုဒ်မ ၄၁။** မည်သူမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**ပုဒ်မ ၄၂။** မည်သည့် ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်မဆို ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၅ နှစ်ထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၄၃။** မည်သည့် မှတ်ပုံတင်ဆရာဝန်မဆို ပုဒ်မ ၄၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်ထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂၀။ ဆေးဝါးထုတ်လုပ်သည့်ကိစ္စ။

**ဥပဒေ။** အမျိုးသားဆေးဝါးဥပဒေ။
(ဥပဒေအမှတ် ၇/၁၉၉၂)

**တားမြစ်ချက်**

**ပုဒ်မ ၁၅။** (က) မည်သူမျှ အောက်ဖော်ပြပါဆေးဝါးကို ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ရ -

(၁) မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါး၊

(၂) မှတ်ပုံတင်ခေတ္တရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း ပြုလုပ်ထားသော ဆေးဝါး၊

(၃) ဆေးဝါးအတု၊ စံမညီဆေးဝါး၊ ပျက်စီးဆေးဝါး၊ ရောနှောဆေးဝါး၊

(၄) ဘေးဥပါဒ်ဖြစ်စေနိုင်သည့် ပစ္စည်းများဖြင့် ဖော်စပ်ထုတ်လုပ်ထားသော ဆေးဝါး၊

(၅) ကျန်းမာရေးဝန်ကြီးဌာနက သုံးစွဲရန်မသင့်ဟု အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော ဘေးအန္တရာယ်ရှိသည့်ဆေးဝါး၊

(ခ) မည်သူမျှ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ မှတ်ပုံတင်ထားသောဆေးဝါးကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းမပြုရ။

**ပုဒ်မ ၁၆။** မည်သူမျှ လိုင်စင်မရှိဘဲ ဆေးဝါးကုန်ကြမ်း သို့မဟုတ် ဆေးဝါးကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုရ။

**ပုဒ်မ ၁၇။** လိုင်စင်ရရှိထားသူသည် -

(က) လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခြင်း မရှိစေရ၊

(ခ) ဤဥပဒေအရ ကျန်းမာရေးဝန်ကြီးဌာနကဖြစ်စေ၊ အာဏာပိုင်

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ကဖြစ်စေ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ၊

### ပြစ်မှုနှင့်ပြစ်ဒဏ်များ

**ပုဒ်မ ၁၈။** မည်သူမဆို ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် (၇)နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

**ပုဒ်မ ၁၉။** မည်သူမဆို ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးနှင့်သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ ဖြစ်စေ၊ ထောင်ဒဏ် (၇)နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(ခ) မှတ်ပုံတင်ထားသော ဆေးဝါးနှင့်သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ ဖြစ်စေ၊ ထောင်ဒဏ် (၂)နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(ဂ) ပြစ်မှုနှင့် သက်ဆိုင်သော သက်သေခံ ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

**ပုဒ်မ ၂၀။** လိုင်စင်ရရှိသူသည် ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀ မှ အများဆုံး ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် (၁)နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

www.burmeseclassic.com

www.burmeseclassic.com



၂၀။ **ရန်ကုန်မြို့ ရေကိစ္စ။**
**ဥပဒေ။** ၁၈၈၅ ခုနှစ်၊ ရန်ကုန်ရေပေးရေးလုပ်ငန်းအက်ဥပဒေ။
(အက်ဥပဒေအမှတ် ၂၀/၁၈၈၅)

(က) **ပုဒ်မ ၃၅။ ရေဖြုန်းတီးမှုအတွက် ပြစ်ဒဏ်**

(၁) **ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ကျပ်တစ်ရာထိ ငွေဒဏ်စီရင်ခြင်းခံရမည်။

(၂) **ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

မည်သူမဆို စည်ပင်သာယာရေးအဖွဲ့က စီမံခန့်ခွဲထိန်းသိမ်းသည့် ရေပေးရေးလုပ်ငန်းတစ်ခုခုမှ ရေကိုသော်လည်းကောင်း၊ ယင်းလုပ်ငန်းသို့ ပေးပို့သည့် ရေကိုသော်လည်းကောင်း သို့မဟုတ် ပေးပို့သည့် ရေကြောင်းကိုသော်လည်းကောင်း ဥပဒေမဲ့ ပိတ်ဆို့မှု၊ လျှံကျစေမှု၊ သွယ်ယူမှု၊ လမ်းလွှဲမှု သို့မဟုတ် ပေးထားသောရေကို ဖြုန်းတီးမှုကို တရားခံကျူးလွန်ကြောင်း သက်သေခံချက် ရှိရပါမည်။

(ခ) **ပုဒ်မ ၃၆။ ခွင့်ပြုထားသည့်အတိုင်းမဟုတ်ဘဲ ရေကိုသုံးစွဲသည့်အတွက် ပြစ်ဒဏ်။**

(၁) **ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ကျပ်ငါးဆယ်ထိ ငွေဒဏ်ကိုစီရင်နိုင်သည်။ ထို့ပြင် သုံးစွဲခဲ့သောရေတန်ဖိုးကို ကော်မတီက တောင်းခံနိုင်သည်။

**ပုဒ်မ ၃၆။** မည်သူမဆို -

(က) အိမ်တွင်းမှုအတွက် ပေးထားသောရေကို အခြားကိစ္စအတွက် အသုံးပြုလျှင်၊

(ခ) ဤဥပဒေပုဒ်မ ၁၈ အရ အိမ်တွင်းမှုကိစ္စမှတစ်ပါး အခြားကိစ္စတစ်ရပ်ရပ်အတွက် အသုံးပြုရန် သီးခြားသဘောတူပေးထားသည့်ရေကို ယင်းကိစ္စတစ်ရပ်ရပ်မှတစ်ပါး အခြားကိစ္စအတွက် အသုံးပြုလျှင်၊

(ဂ) **ပုဒ်မ ၃၇။ ရေကိုမသန့်ရှင်းအောင်ပြုလုပ်သည့်အတွက် ပြစ်ဒဏ်**

www.burmeseclassic.com

www.burmeseclassic.com



**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ကျပ်တစ်ရာထိ ငွေဒဏ်စီရင်နိုင်သည်။ ထို့ပြင် ဆက်လက်ကျူးလွန်သည့် နေ့များအတွက် တစ်ရက်လျှင် ကျပ်တစ်ဆယ် ဒဏ်ငွေတပ်ရိုက်နိုင်သည်။

**(၂) ပြစ်မှုမြောက်ရန်လိုအပ်သည့်အင်္ဂါရပ်များ**

**ပုဒ်မ ၃၇။** မည်သူမဆို -

(က) ရေပေးရေးလုပ်ငန်း တစ်ခုခု၌ ရေချိုးမှု၊ ခွေး သို့မဟုတ် အခြား တိရစ္ဆာန်ကို ရေချိုးပေးမှု၊ ပစ်ချမှု၊ ဝင်ရောက်မှု ပြုလုပ်လျှင်၊

(ခ) ရေပေးရေးလုပ်ငန်း တစ်ခုခုအတွင်းသို့ အမှိုက်၊ ဖုန်၊ အညစ်အကြေး၊ နံစော်သောအရာများကို ပစ်ချမှု သို့မဟုတ် အဝတ်စ၊ သိုးမွေး၊ တိရစ္ဆာန်အရေခွံ၊ အဝတ်အထည် သို့မဟုတ် အခြားပစ္စည်းများကို ရေပေးရေးလုပ်ငန်း တစ်ခုခုအတွင်း၌ လျှော်ဖွပ်မှု၊ ဆေးကြောမှုပြုလျှင်၊

(ဂ) မိမိပိုင် သို့မဟုတ် ထိန်းသိမ်းမှုအောက်တွင်ရှိသော ရေဆိုးကန်၊ မစင်ကန်၊ ရေမြောင်း၊ ရေနွေးငွေ့စက်၊ ဘွိုင်လာအိုးတို့မှ ရေများ သို့မဟုတ် အခြားမကောင်းသည့် ရေများကို ရေပေးရေးလုပ်ငန်းတစ်ခုခုအတွင်းသို့ စီးဆင်းစေမှု သို့မဟုတ် ရေပေးရေးလုပ်ငန်း တစ်ခုခုအတွင်းရှိ ရေများကို ညစ်ညမ်းစေအောင် သို့မဟုတ် ညစ်ညမ်းစေတန်ရာသော အခြားပြုလုပ်မှုတစ်ခုခုကို ပြုလုပ်လျှင်၊

## ၂၂။ <u>လယ်ယာမြေကိစ္စ။</u>

**ဥပဒေ။** ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ။ (အက်ဥပဒေအမှတ် ၇၅/၁၉၅၃)

### (က) ပုဒ်မ ၄၆။ လွှဲပြောင်းခြင်းအတွက် ပြစ်ဒဏ်

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ကျပ်ငါးရာထိ ငွေဒဏ်ချမှတ်ခြင်းခံရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

မည်သူမဆို ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်ဖောက်ဖျက်လျှင်၊

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၄၆။** ဤအက်ဥပဒေပါ စတင်အာဏာတည်သည့်နေ့ကစ၍ ဤအက်ဥပဒေနှင့်လည်းကောင်း၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့်လည်းကောင်း မညီညွတ်လျှင် လယ်ယာမြေကို ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း သို့တည်းမဟုတ် ခွဲစိတ်ခြင်းမပြုရ။

**(ခ) ပုဒ်မ ၄၇။ တားဆီးပိတ်ပင်သူတို့အတွက် ပြစ်ဒဏ်**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

မည်သူမဆို ဤအက်ဥပဒေအရ တာဝန်များကို ဆောင်ရွက်နေသော ဤအက်ဥပဒေအရ ခန့်အပ်သည့်ကော်မတီကို သို့တည်းမဟုတ် အာဏာပိုင်ကို သို့တည်းမဟုတ် ဖွဲ့စည်းထားသည့်ကောင်စီကို သို့တည်းမဟုတ် အမှုဆောင်အဖွဲ့ကို သို့တည်းမဟုတ် ကော်မတီလူကြီးကို သို့တည်းမဟုတ် ကောင်စီလူကြီးကို သို့တည်းမဟုတ် အမှုဆောင်အဖွဲ့ဝင်လူကြီးကို တားဆီးပိတ်ပင်လျှင်၊

**(ဂ) ပုဒ်မ ၄၈။ အမိန့်ကိုလိုက်နာရန် ပျက်ကွက်သည့်အတွက် ပြစ်ဒဏ်**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

မည်သူမဆို ခရိုင်မြေယာကော်မတီက ပုဒ်မ ၁၅ အပိုဒ်(ဃ) အရ ထုတ်ဆင့်သည့် အမိန့်မှတစ်ပါး ဤအက်ဥပဒေအရ ခန့်အပ်သော ကော်မတီ သို့တည်းမဟုတ် အာဏာပိုင်ကဖြစ်စေ၊ ဖွဲ့စည်းထားသောကောင်စီ သို့တည်းမဟုတ် အမှုဆောင်အဖွဲ့ကဖြစ်စေ ဤအက်ဥပဒေအရ ထုတ်ဆင့်သည့် အခြားအမိန့်တစ်ခုခုကို သို့တည်းမဟုတ် ဆင့်ဆိုချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်လျှင်၊

**(ဃ) ပုဒ်မ ၄၈(က)။ ခရိုင်မြေယာကော်မတီ၏ နှင်ထုတ်သည့်အမိန့်ကို လိုက်နာရန်ပျက်ကွက်သည့်အတွက် ပြစ်ဒဏ်**

www.burmeseclassic.com

www.burmeseclassic.com



**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

နှစ်နှစ်ထိ ထောင်ဒဏ်နှင့် ငွေဒဏ် ချမှတ်ရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

မည်သူမဆို ဤအက်ဥပဒေအရ ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေမှ သို့တည်းမဟုတ် ဝေငှသည့် လယ်ယာမြေမှ သို့တည်းမဟုတ် သတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုချက်နှင့်သက်ဆိုင်သော လယ်ယာမြေမှ ထွက်ခွာသွားရန် ခရိုင်မြေယာကော်မတီက ပုဒ်မ ၁၅ အပိုဒ်(ဃ)အရ နှင်ထုတ်သည့်အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင်၊

**(င)** ပုဒ်မ ၄၉။ **ငါးဦး သို့မဟုတ် ငါးဦးထက်ပိုသောသူများက ကျူးလွန်သည့်အတွက် ပြစ်ဒဏ်**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ငါးဦး သို့မဟုတ် ငါးဦးထက်ပိုသူတို့သည် ပုဒ်မ ၄၇ အရ သို့တည်းမဟုတ် ပုဒ်မ ၄၈ အရ ပြစ်မှုကျူးလွန်ရန် စုံညီကြံရွယ်ချက်ဖြင့် အသင်းဖွဲ့စည်းလျက် ၎င်းတို့အနက် တစ်ဦးဦးက မိမိတို့၏ စုံညီကြံရွယ်ချက် အထမြောက်အောင် ပုဒ်မ ၄၇ အရ သို့တည်းမဟုတ် ပုဒ်မ ၄၈ အရ ပြစ်မှုကျူးလွန်လျှင်၊

## ၂၃။ <u>ရန်ကုန်ရဲ လုပ်ပိုင်ခွင့်ကိစ္စ။</u>

**ဥပဒေ။** ၁၈၉၉ ခုနှစ် ရန်ကုန်ရဲအက်ဥပဒေ။
(အက်ဥပဒေအမှတ် ၄/၁၈၉၉)

**(က)** **ပုဒ်မ ၃၀(က)။ ကျေနပ်လောက်အောင် အကြောင်းမပြနိုင်ဘဲ ပြစ်မှုကျူးလွန်နိုင်သည့် လက်နက်တစ်စုံတစ်ရာကို ကိုင်စွဲလျက်တွေ့ရှိရမှု**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

သုံးလအထိ ထောင်ဒဏ်စီရင်ခြင်းခံရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ဘေးအန္တရာယ်ဖြစ်စေနိုင်သော သို့တည်းမဟုတ် ပြစ်မှုကျူးလွန်ရန်

www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုနိုင်သော လက်နက်တစ်စုံတစ်ရာနှင့် တွေ့ရှိ၍ မေးမြန်းရာတွင် ထိုသို့သောလက်နက်တို့ကို မည်သည့်အကြောင်းကြောင့် ကိုင်ဆောင်သယ်ယူလာရကြောင်းကို ကျေနပ်လက်ခံနိုင်လောက်အောင် အကြောင်းမပြ၊ မပြောဆိုနိုင်သောသူဖြစ်လျှင်၊

(ခ) **ပုဒ်မ ၃၀(ခ)။ ညဥ့်အချိန် ဈေး၊ လမ်းနှင့် အခြားနေရာများ၌ ကျေနပ်**လောက်အောင် အကြောင်းမပြနိုင်ဘဲ သူခိုးဟုကျော်စော**သတင်းရှိသူအား ယောင်လည်လည်သွားလာနေသည်ကို တွေ့ရှိရမှု**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

သုံးလအထိ ထောင်ဒဏ်စီရင်ခြင်းခံရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

နေဝင်နှင့်နေထွက်စပ်ကြား ညဥ့်အချိန်အတွင်း မည်သည့် ဈေးဖြတ်လမ်း၊ လမ်းကျယ်၊ လမ်းမကြီး၊ ခြံဝင်းမှစ၍ အခြားနေရာဒေသတို့တွင် ပုန်းလျှိုး သို့တည်းမဟုတ် လှည့်ပတ်သွားလာနေ၍ ထိုသူသည် ယင်းကဲ့သို့ လှုပ်ရှားသွားလာမှုနှင့် စပ်လျဉ်း၍ ကျေနပ်လက်ခံနိုင်လောက်အောင် အကြောင်းမပြနိုင်ဘဲ သူခိုးဟု ကျော်စောသတင်းရှိနေသူဖြစ်လျှင်၊

(ဂ) **ပုဒ်မ ၃၀(ဂ)။ ညဥ့်အချိန် ကျေနပ်လောက်အောင်အကြောင်းမပြနိုင်ဘဲ မျက်နှာကို ဖုံးအုပ်လျက်ဖြစ်စေ၊ ရုပ်ဖျက်လျက်ဖြစ်စေ** တွေ့ရှိရမှု

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

သုံးလအထိ ထောင်ဒဏ်စီရင်ခြင်းခံရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

မျက်နှာကို ဖုံးအုပ်၍သော် လည်းကောင်း၊ ရုပ်ဖျက်၍သော် လည်းကောင်း နေဝင်နှင့်နေထွက်စပ်ကြား သွားလာနေသည်ကို တွေ့ရှိရပြီး ၎င်းသူသည် ထိုသို့ပြုမူခြင်းအတွက် ကျေနပ်လက်ခံနိုင်လောက်သော အကြောင်းပြချက်မပေးနိုင်၊ မပြောဆိုနိုင်သူဖြစ်လျှင်၊

www.burmeseclassic.com

www.burmeseclassic.com



(ဃ) ပုဒ်မ ၃၀(ဃ)။ **နေအိမ် သို့မဟုတ် အခြားအဆောက်အအုံတစ်ခုခု၏ ဥပစာ၊ နောက်ဖေးလမ်းကြား၊ ရေယာဉ်တစ်ခုခုပေါ်တွင် ကျေနပ်လောက်အောင်အကြောင်းမပြနိုင်ဘဲ တွေ့ရှိရမှု**

(၁) **ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

သုံးလအထိ ထောင်ဒဏ်စီရင်ခြင်းခံရမည်။

(၂) **ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

မည်သည့် လူနေအိမ် အဆောက်အအုံတွင်သော်လည်းကောင်း၊ အခြား မည်သည့်နောက်ဖေးလမ်းကြားတွင်သော် လည်းကောင်း၊ မည်သည့် ရေယာဉ်ပေါ်တွင်သော်လည်းကောင်း တွေ့ရှိရပြီး ထိုသို့ရောက်ရှိနေကြောင်းကို ကျေနပ်လက်ခံနိုင်လောက်အောင် အကြောင်းမပြနိုင်လျှင်၊

(င) ပုဒ်မ ၃၀။ **တရားဝင်ခွင့်လွှတ်နိုင်သည့် အကြောင်းမပြနိုင်ဘဲ အိမ်ဖောက်ထွင်းကိရိယာကို လက်ဝယ်ထားရှိမှု**

(၁) **ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

သုံးလအထိ ထောင်ဒဏ်စီရင်ခြင်းခံရမည်။

(၂) **ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

အိမ်အဆောက်အအုံ ဖောက်ထွင်းရာတွင် အသုံးပြုသော ကိရိယာများကို လက်ဝယ်တွေ့ရှိရပြီး တရားသဖြင့် ဝင်ရောက်ကြောင်းကို ကျေနပ်လက်ခံလောက်အောင် အကြောင်းမပြနိုင်လျှင်၊

(စ) ပုဒ်မ ၃၁။ **ခိုးရာပါပစ္စည်းနှင့် မသင်္ကာဖွယ်ရာဖြစ်သည့် ပစ္စည်းများကို ကျေနပ်လောက်အောင် အကြောင်းမပြနိုင်ဘဲ လက်ဝယ်ထားရှိမှု**

(၁) **ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

သုံးလအထိ ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး စီရင်ခြင်းခံရမည်။

(၂) **ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၀ တွင် ပြဋ္ဌာန်းထားသည့် ခိုးရာပါပစ္စည်းဟု သဘောသက်ရောက်သော ပစ္စည်းဖြစ်လိမ့်မည်ဟု မသင်္ကာဖွယ်ရာ ပစ္စည်းများကို လက်ဝယ်ထားရှိသည် သို့မဟုတ် ထိုကဲ့သို့ မသင်္ကာ

www.burmeseclassic.com

www.burmeseclassic.com



ဖွယ်ရာဖြစ်လောက်သော အခြေအနေဖြင့် သယ်ယူပို့ဆောင်သွားကြောင်း တွေ့ရှိရသူက အဆိုပါပစ္စည်းများကို မည်သို့ တရားသဖြင့် လက်ဝယ်ထားရှိကြောင်းကို ကျေနပ်လောက်အောင် အကြောင်းမပြနိုင်ဘဲ လက်ဝယ်ထားရှိလျှင်၊

**(ဆ) ပုဒ်မ ၃၁-ခ(၂)။ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ၊ လုံခြုံရေးကိုဖြစ်စေ ထိန်းသိမ်းရန်အတွက် ဤဥပဒေ ပုဒ်မ ၃၁-ခ၊ ပုဒ်မခွဲ(၁)အရ ထုတ်ပြန်ထားသော တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်မှု**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

သုံးလအထိ ထောင်ဒဏ် သို့မဟုတ် ကျပ်တစ်ရာထိ ငွေဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး စီရင်ခြင်းခံရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ပုဒ်မ ၃၁-ခ(၁)။ ရဲမင်းကြီးသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ လူပုဂ္ဂိုလ်များအား အောက်ပါတို့ကို မပြုလုပ်ရန် တားမြစ်နိုင်သည် -

(က) လက်နက်ဥပဒေမှ ကင်းလွတ်ခွင့်ရသော ဓား၊ လက်နက်၊ ဇာလီတုတ်၊ လေးလံသော တုတ်၊ မြင်းစီးတုတ်၊ အရွယ်အစားသတ်မှတ်ထားသော မောင်းချဓား သို့မဟုတ် ရန်မူနိုင်သော ကိရိယာတို့ကို အများပြည်သူတို့ သွားလာနေသော နေရာတို့တွင် သယ်ဆောင်ခြင်း မပြုရန်လည်းကောင်း၊

(ခ) အများပြည်သူတို့ အေးချမ်းသာယာရေးနှင့် လုံခြုံမှုအတွက် လိုအပ်သည့်အချိန်အခါများ၌ တားမြစ်ရန်လိုအပ်လျှင် -

(၁) ပစ်ခတ်ရန် သို့မဟုတ် ပေါက်ရန် သို့မဟုတ် တွန်းထိုးရန် အတွက် ခဲများနှင့်ပစ်ခတ်ရာတွင်အသုံးပြုသော လက်နက်များ သယ်ဆောင်ခြင်းနှင့် စုဆောင်းခြင်းမပြုရန် လည်းကောင်း၊

(၂) လူစီတန်းလှည့်လည်ခြင်း၊ အသုဘနှင့် လှည့်လည်ခြင်း၊ ရုပ်ပုံများကိုင်ဆောင်၍ အများပြည်သူ သွားလာသည့်နေရာတွင် စီတန်းလှည့်လည်ခြင်းကိုလည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



(၃) အများပြည်သူရှေ့မှောက်တွင် အော်ဟစ်ခြင်း၊ သီချင်းသီဆိုခြင်း၊ တီးမှုတ်ခြင်းများကိုလည်းကောင်း၊

(၄) ဟောပြောခြင်း၊ ပြောင်လှောင်ခြင်း သို့မဟုတ် တုပသော ပြိုင်ပွဲများကို ပြင်ဆင်ခြင်း၊ ပြုလုပ်ခြင်း သို့မဟုတ် ရုပ်ပုံများ၊ အမှတ်အသားများ၊ ကြော်ငြာများကို ကိုင်ဆောင်ခြင်း သို့မဟုတ် ဟီရိဩတ္တပ္ပ ကင်းစေသော အပြုအမူများကို ပြုလုပ်ခြင်း သို့မဟုတ် လူတန်းစားများကို ဘာသာရေးအရ မသင့်မမြတ်ဖြစ်စေရန်နှင့် ဆူပူစေရန်လည်းကောင်း၊ ရန်လိုမုန်းတီးစေရန်လည်းကောင်း သို့မဟုတ် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေရန် လှုံ့ဆော်ခြင်း သို့မဟုတ် ဥပဒေကို ဆန့်ကျင်စေရန် သို့မဟုတ် အာဏာပိုင်ပုဂ္ဂိုလ်များကို ဆန့်ကျင်ရန် သို့မဟုတ် တရားဥပဒေကို မထီမဲ့မြင်ပြုလုပ်ရန် လည်းကောင်း စသည်တို့ကို မပြုလုပ်ရန် ရဲမင်းကြီးက တားမြစ်မိန့်ကို ထုတ်ပြန်နိုင်သည်။

**(၉) ပုဒ်မ ၃၆။ ဤဥပဒေပုဒ်မ ၃၅ အရ တရားဝင် ဖမ်းဆီးခြင်းခံရသူက ၎င်းအား ဖမ်းဆီးသူကိုဖြစ်စေ၊ ဖမ်းဆီးသူအား ကူညီသူကိုဖြစ်စေ လက်ရောက်ကျူးလွန်ခြင်း သို့မဟုတ် အင်အားဖြင့် ခုခံမှု**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ကျပ်နှစ်ရာထိ စီရင်ခြင်းခံရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ဤဥပဒေပုဒ်မ ၃၅ အရ တရားဥပဒေနှင့်အညီ ဖမ်းဆီးခံရသူများသည် ၎င်းအား ဖမ်းဆီးသူကိုဖြစ်စေ၊ ဖမ်းဆီးသူအား ကူညီသူကိုဖြစ်စေ လက်ရောက်မှုကျူးလွန်ကြောင်း သို့မဟုတ် အင်အားဖြင့် ခုခံပြုလုပ်ကြောင်း သက်သေခံချက် ရှိရပါမည်။

**(၅) ပုဒ်မ ၄၀။ ဤအက်ဥပဒေပုဒ်မ ၃၇၊ ၃၈၊ ၃၉ တို့အရ ထုတ်ပြန်ထားသော အမိန့်ကို ဆန့်ကျင်မှု၊ မလိုက်နာမှု သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်က ထုတ်ပေးထားသော တီးမှုတ်**

www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ မီးထွန်းခြင်း၊ စုဝေးခြင်း၊ စီတန်းလှည့်လည်ခြင်း **နှင့် ပတ်သက်သည့် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်မှု**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ကျပ်နှစ်ရာထိ ငွေဒဏ် သို့မဟုတ် သုံးလထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ပုဒ်မ ၃၇၊ ၃၈ နှင့် ၃၉ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်လျှင် သို့တည်းမဟုတ် သက်ဆိုင်ရာ ရဲအာဏာပိုင်က ထုတ်ပေးထားသော တီးမှုတ်ခြင်း၊ မီးထွန်းခြင်း၊ စုဝေးခြင်း၊ စီတန်းလှည့်လည်ခြင်းနှင့် ပတ်သက်သည့် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်လျှင်၊

**(ည) ပုဒ်မ ၄၁။ အများပြည်သူသွားလာရာ လမ်းမကြီး၊ လမ်းငယ် သို့မဟုတ် အများပြည်သူ အပန်းဖြေရာနေရာများ၌** သက်ဆိုင်ရာ အာဏာပိုင်များက အခါအားလျော်စွာ **သတ်မှတ်ထားသော နယ်နိမိတ်အတွင်း ကျူးလွန်သော ပြစ်မှုများအတွက် ပြစ်ဒဏ်**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ကျပ်ငါးဆယ်ထက်မပိုသော ငွေဒဏ် သို့မဟုတ် (၈)ရက်ထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ဆင် သို့မဟုတ် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ မောင်းနှင်မှု၊ စီးမှု သို့မဟုတ် ဆွဲခေါ်မှု။ {ပုဒ်မ ၄၁(၁)}

လုံလောက်သော၊ သင့်လျော်သော မီးရောင်မပါဘဲ ညဥ့်အချိန် ယာဉ်များကို မောင်းနှင်မှု။ {ပုဒ်မ ၄၁(၂)}

လမ်း၏ လက်ဝဲဘက်မှတစ်ပါး ယာဉ် သို့မဟုတ် ကျွဲနွားတိရစ္ဆာန်များကို တစ်ဦးတစ်ယောက်အား အတားအဆီး၊ အနှောင့်အယှက်ဖြစ်စေရန် လည်းကောင်း၊ ဘေးအန္တရာယ် ရင်ဆိုင်စေရန်လည်းကောင်း၊ ဘေးအန္တရာယ်ဖြစ်စေရန် လည်းကောင်း၊ ထိခိုက်နာကျင်စေရန်လည်းကောင်း စီးနင်းမှု၊ မောင်းနှင်မှု၊ ရွှေ့လျားစေမှု။

www.burmeseclassic.com



{ပုဒ်မ ၄၁(၃)}

ယာဉ် သို့မဟုတ် ကျွဲနွားတိရစ္ဆာန်ကို အရမ်းမဲ့ သို့မဟုတ် အရှိန်ပြင်းစွာ စီးနင်းမှု သို့မဟုတ် မောင်းနှင်မှု သို့မဟုတ် အခြားနည်းဖြင့် ရွေ့လျားစေမှု။

{ပုဒ်မ ၄၁(၄)}

မည်သူမဆို သတ်မှတ်ထားသော နေရာများနှင့် အချိန်များတွင် ရဲမင်းကြီး ခွင့်ပြုချက်မရရှိဘဲ တစ်ဦးတစ်ယောက်အား အတားအဆီး၊ အနှောင့်အယှက် စွန့်စား စေခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် ပျက်စီးစေရန် -

(က) အခြားတိရစ္ဆာန်ကိုဖြစ်စေ သို့မဟုတ် မြင်းကိုဖြစ်စေ ရောင်းရန်၊ ငှားရမ်း ရန်အတွက် ပြသမှု၊

(ခ) မြင်းကိုဖြစ်စေ သို့မဟုတ် အခြားတိရစ္ဆာန်ကိုဖြစ်စေ သို့မဟုတ် အခြား သယ်ယူပို့ဆောင်သည့်ယာဉ်ကိုဖြစ်စေ ဆေးကြောမှု၊

(ဂ) မတော်တဆ ဖြစ်ပွားသည့်ကိစ္စတွင် အချင်းဖြစ်နေရာ၌ ပြင်ဆင်ရန် လိုအပ်ခြင်းမှတစ်ပါး ယာဉ်ရထား၏ အစိတ်အပိုင်းတစ်ခုခုကို ပြင်ဆင်လျှင်၊

(ဃ) မြင်း သို့မဟုတ် အခြားတိရစ္ဆာန်တို့ကို လေ့ကျင့်ပေးခြင်း သို့မဟုတ် လွှတ်ထားလျှင် {ပုဒ်မ ၄၁(၅)}

ကျွဲ နွား တိရစ္ဆာန်များကို ပေါ့လျော့စွာ မောင်းနှင်ခြင်းကြောင့်ဖြစ်စေ၊ မလျော်မကန် ကိုင်တွယ်ထိန်းသိမ်းခြင်းကြောင့်ဖြစ်စေ အကျိုးပျက်စီးစေမှု၊ အတား အဆီး၊ အနှောင့်အယှက်ဖြစ်စေမှု {ပုဒ်မ ၄၁(၆)}

တာဝန်ရှိသူက လှည်း၊ ယာဉ်ရထား သို့မဟုတ် မြင်းတို့ကို ထိန်းသိမ်းမှုမရှိဘဲ ပစ်ထားမှု {ပုဒ်မ ၄၁(၇)}

ယာဉ် သို့မဟုတ် မြင်း သို့မဟုတ် တိရစ္ဆာန်ဖြင့် အများပြည်သူ သွားရာလမ်း ကို ပိတ်ဆို့မှု {ပုဒ်မ ၄၁(၈)}

ယာဉ် သို့မဟုတ် မြင်း သို့မဟုတ် တိရစ္ဆာန်ကိုဖြစ်စေ ခြေလျင်သွားရာလမ်း ကို ပိတ်ဆို့မှု {ပုဒ်မ ၄၁(၉)}

ခွင့်ပြုချက်မရှိဘဲ ကုန်တင်ကုန်ချပြုလုပ်ရန်အတွက် လိုအပ်သည့်အချိန် ထက်ပို၍ ကုန်ပစ္စည်းများကို လမ်းပေါ်၌ ရောင်းချရန်ဖြစ်စေ၊ အခြားကိစ္စအတွက် ဖြစ်စေ ထားရှိမှုကြောင့် တစ်ဦးတစ်ယောက်အား အတားအဆီး အနှောင့်အယှက် ဖြစ်စေမှု {ပုဒ်မ ၄၁(၁၀)}

အခါအားလျော်စွာ ခွင့်ပြုထားသည့် အချိန်နှင့်နေရာတို့မှတစ်ပါး တစ်ဦး တစ်ယောက် အနှောင့်အယှက်ဖြစ်စေသည့် ဗုံခရာ တူရိယာ သို့မဟုတ် ကြေး

www.burmeseclassic.com



သို့မဟုတ် တူရိယာ စသည်တို့ကို တီးမှုတ်မှု {ပုဒ်မ ၄၁(၁၁)}

ခွင့်ပြုချက်မရှိဘဲ အများပြည်သူသွားလာရာ လမ်းအနီး၌ မီးထွန်းရန် တိုင် သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကို စိုက်ထူမှု {ပုဒ်မ ၄၁(၁၂)}

ရေချိုးရန်၊ ကိုယ်လက်ဆေးကြောရန်အတွက် သတ်မှတ်ထားသည့် နေရာ မဟုတ်သော အများပြည်သူနှင့်ဆိုင်သည့် နေရာ၌ ရေချိုးမှု၊ ကိုယ်လက်ဆေးကြောမှု {ပုဒ်မ ၄၁(၁၃)}

အရက်မူးလျက်တွေ့ရှိမှု သို့မဟုတ် ဆူပူသောင်းကျန်းမှု သို့မဟုတ် မိမိ ကိုယ်ကို မိမိမထိန်းသိမ်းနိုင်အောင် ရှိနေမှု {ပုဒ်မ ၄၁(၁၄)}

တမင်သက်သက် သိက္ခာမဲ့စွာ ကိုယ်ကိုလှစ်ပြမှု သို့မဟုတ် ကျင်ကြီးကျင်ငယ် စွန့်ရန်အတွက် သတ်မှတ်ထားသည့်နေရာ၌ မဟုတ်ဘဲ ကျင်ကြီးကျင်ငယ်စွန့်မှု {ပုဒ်မ ၄၁(၁၅)}

အများပြည်သူ နှောင့်ယှက်မှုကိုလည်းကောင်း၊ အေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေမှုကိုလည်းကောင်း ဖြစ်စေနိုင်သည့် စည်းကမ်းမဲ့စွာ ပြုမူမှု သို့မဟုတ် ဆဲရေးစော်ကားညစ်ညမ်းသည့်စကားများကို ပြောဆိုမှု သို့မဟုတ် ကိုယ် အမူအရာပြမှု {ပုဒ်မ ၄၁(၁၆)}

အန္တရာယ်ရှိသောနေရာများကို ကြည့်ရှုထိန်းသိမ်းရန် တာဝန်ရှိသူက ခြံကာ ရန် ပျက်ကွက်မှု {ပုဒ်မ ၄၁(၁၇)}

စွန်လွှတ်မှု သို့မဟုတ် ဘောလုံးကန်မှု သို့မဟုတ် အခြားကစားနည်းများကို ကစားမှု {ပုဒ်မ ၄၁(၁၈)}

အထက်ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို တရားခံက ကျူးလွန်ကြောင်း သက်သေခံချက် ရှိရပါမည်။

**(၄) ပုဒ်မ ၄၁(က)။ အခွင့်မရှိဘဲ သတ်မှတ်ထားသော စည်းကမ်းချက်များ နှင့်အညီမဟုတ်ဘဲ အသံချဲ့စက် သို့မဟုတ် အသံထိန်း စက်ကို အသုံးပြုမှု၊ အသုံးပြုရန် ခွင့်ပြုမှု**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ကျပ်နှစ်ရာထက်မပိုသော ငွေဒဏ် သို့မဟုတ် (၁၅)ရက်ထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။ (အက်အမှတ် ၄၅/၁၉၅၅ အရ ပြစ်ဒဏ်ကို ပြင်ဆင်ထားပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

Cinematograph Act တွင် အခါအားလျော်စွာ ပြဋ္ဌာန်းသည့် အချက်အလက်များမှတစ်ပါး သက်ဆိုင်ရာ ရဲအရာရှိ၏ အခွင့်အမိန့်မရှိဘဲ သို့မဟုတ် သတ်မှတ်ထားသော စည်းကမ်းချက်နှင့်အညီ မဟုတ်ဘဲ အသံချဲ့စက် သို့မဟုတ် အသံထိန်းစက်ကို အသုံးပြုလျှင် သို့မဟုတ် အသုံးပြုရန် ခွင့်ပြုလျှင်၊

**(၄) ပုဒ်မ ၄၂။ မီးရှို့ခြင်း၊ မီးပုံး၊ မီးပန်းလွှတ်ခြင်းများအတွက်ပြစ်ဒဏ်**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ကျပ်ငါးဆယ်ထက်မပိုသော ငွေဒဏ် သို့မဟုတ် (၈)ရက်ထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

မည်သူမဆို သတ်မှတ်ထားသည့်နေရာများနှင့်အချိန်များ၌ အောက်ပါတို့ကို မပြုလုပ်ရန် ရဲမင်းကြီးက အခါအားလျော်စွာ ပြဋ္ဌာန်းနိုင်သည် -

(က) လူတစ်ဦးတစ်ယောက်အား ဘေးအန္တရာယ် ရင်ဆိုင်စေရန် သို့မဟုတ် ထိခိုက်နစ်နာစေရန် ကောက်ရိုး သို့မဟုတ် အခြားအရာဝတ္ထုကို မီးရှို့မှု သို့တည်းမဟုတ်၊

(ခ) မီးပုံးပျံစေလွှတ်မှု သို့တည်းမဟုတ်၊

(ဂ) အများပြည်သူသွားရာလမ်းမကြီး၊ လမ်းမငယ်များတွင်သော်လည်းကောင်း၊ အနီးအနားတွင်သော်လည်းကောင်း မီးပုံပွဲပြုလုပ်မှု သို့မဟုတ် အရမ်းမဲ့ သေနတ်ပစ်ဖောက်မှု သို့မဟုတ် လေသေနတ်ပစ်မှု သို့မဟုတ် မီးရှူးမီးပန်းများ ပစ်လွှတ်မှု၊ ကျပ်ငါးဆယ်ထိ ငွေဒဏ် သို့မဟုတ် (၈)ရက်ထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး စီရင်ခြင်းခံရမည်။

**(၃) ပုဒ်မ ၄၃။ ကြော်ငြာများကပ်ခြင်းအတွက် ပြစ်ဒဏ်**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ကျပ်ငါးဆယ်ထက်မပိုသောငွေဒဏ် သို့မဟုတ် (၈)ရက်ထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။

www.burmeseclassic.com

www.burmeseclassic.com



**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ပြည်သူပိုင်ပစ္စည်းပေါ်တွင် တာဝန်ရှိသူ၏ ခွင့်ပြုချက်မရဘဲဖြစ်စေ၊ ပုဂ္ဂလိကပိုင် အဆောက်အအုံ၊ နံရံ၊ ဝင်းထရံ သို့မဟုတ် ပစ္စည်းတစ်ခုခုပေါ်တွင် ပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူ၏ သဘောတူညီမှုမရဘဲဖြစ်စေ၊ ကြော်ငြာကပ်လျှင် မြေဖြူဖြင့်ဖြစ်စေ၊ ဆေးဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ရေးသားမှု၊ အသွင်အပြင်ပျက်အောင်ပြုမှု၊ အမှတ်အသားပြုလုပ်မှု၊

**(ခ) ပုဒ်မ ၄၃(ဃ)။ ငွေဒဏ်သက်သက် ချမှတ်ခံရသူများ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်သည့်အတွက် ကျခံရမည့်ထောင်ဒဏ်**

ပုဒ်မ ၄၃(ဃ)။ ဤဥပဒေပုဒ်မ ၄၁၊ ပုဒ်မ ၄၁-က၊ ပုဒ်မ ၄၁-ခ၊ ပုဒ်မ ၄၂ သို့မဟုတ် ပုဒ်မ ၄၃ တို့အရ ပြစ်မှုထင်ရှား၍ ဒဏ်ငွေသက်သက်ကိုသာ ပြစ်ဒဏ်အဖြစ် ချမှတ်သည့်အမှုများတွင် ဒဏ်ငွေမဆောင်သဖြင့် ထောင်ဒဏ်ချမှတ်ရာ၌ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၆၅ ၌ မည်သို့ပင် ပါရှိစေကာမူ ဖော်ပြပါ ပြစ်မှုအသီးသီးအတွက် သတ်မှတ်ထားသည့် အများဆုံးထောင်ဒဏ်ထက်မပိုသော ထောင်ဒဏ်ကိုချမှတ်နိုင်သည်။

## ၂၄။ ရဲလုပ်ပိုင်ခွင့်ကိစ္စ။

**ဥပဒေ။** ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေ။
(အက်ဥပဒေအမှတ် ၆/၁၉၄၅)

**(က) ပုဒ်မ ၃၅။ ကျော်စောသတင်းရှိသော သူခိုးများနှင့် အခြားသူများအား ဖမ်းဆီးခြင်းနှင့် အပြစ်ပေးခြင်း**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ထောင်ဒဏ်သုံးလထိ ချမှတ်ခြင်းခံရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

**ပုဒ်မ ၃၅** (က) ကျေနပ်လောက်အောင် အကြောင်းမပြနိုင်ဘဲ ပြစ်မှုကျူးလွန်နိုင်သည့် လက်နက်တစ်စုံတစ်ရာ စွဲကိုင်လျက် တွေ့ရလျှင်၊

www.burmeseclassic.com

www.burmeseclassic.com



(ခ) ညဥ့်အချိန် ဈေး၊ လမ်းနှင့် အခြားနေရာများ၌ ကျေနပ်လောက်အောင် အကြောင်းမပြနိုင်ဘဲ သူခိုးမဟုတ်ကြောင်း ဖြေရှင်းရန်နှင့် နိုင်ငံခြားသားမဟုတ်သည့်အကြောင်း သက်သေ အထင်အရှား ပြရန်တာဝန်မှာ ထိုနိုင်ငံခြားသားအပေါ်တွင် တည်ရှိကြောင်း ပြဋ္ဌာန်းထားပါသည်။

**(ခ) ပုဒ်မ ၃၆။ ခိုးရာပါပစ္စည်း၊ မသင်္ကာဖွယ်ရာဖြစ်သည့်ပစ္စည်း လက်ဝယ်ထားရှိခြင်းအတွက် ပြစ်ဒဏ်**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ထောင်ဒဏ်သုံးလထိဖြစ်စေ သို့မဟုတ် ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ရာဇဝတ်ကြီး ဥပဒေပုဒ်မ ၄၁၀ တွင် ပြဋ္ဌာန်းထားသော ခိုးရာပါပစ္စည်းဟု မသင်္ကာဖွယ်ရာဖြစ်သည့် ပစ္စည်းများကို လက်ဝယ်ထားသူ သို့မဟုတ် မသင်္ကာဖြစ်လောက်ဖွယ်ရာ အခြေအနေတွင် သယ်ယူပို့ဆောင်သွားသူသည် ယင်းပစ္စည်းများကို မည်သို့ တရားသဖြင့် ပိုင်ဆိုင်ကြောင်းကို ကျေနပ်လက်ခံနိုင်လောက်အောင် ရှင်းလင်းတင်ပြခြင်း မပြုနိုင်လျှင်၊

**(ဂ) ပုဒ်မ ၄၀။ တောင်းစားမှု သို့မဟုတ် လိမ်ညာ၍အလှူခံခြင်းအတွက် ပြစ်ဒဏ်**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ဒဏ်ငွေ ကျပ်ငါးဆယ်ထိငွေဒဏ်ဖြစ်စေ သို့မဟုတ် တစ်လထိ ထောင်ဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

မည်သူမဆို -

(၁) မိမိအတွက်တောင်းစားလျှင် သို့မဟုတ် လိမ်ညာ၍အလှူခံလျှင်၊

(၂) လိမ်ညာ၍သော်လည်းကောင်း သို့မဟုတ် အယောင်ဆောင်၍ အလှူခံလျှင်၊

(၃) အနာ၊ ဒဏ်ရာ၊ ရောဂါ သို့မဟုတ် ကိုယ်ချို့တဲ့မှု သို့မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါမပြည့်မစုံမှုကို ထုတ်ဖော်ပြ၍ တောင်းခံလျှင် သို့မဟုတ် အလှူခံလျှင်၊

(ယ) ပုဒ်မ ၄၇။ ပုဒ်မ ၃၄ ကို ဆန့်ကျင်ခြင်းအတွက် ပြစ်ဒဏ်

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ဒဏ်ငွေ ကျပ်ငါးဆယ်ထိ ငွေဒဏ်ဖြစ်စေ သို့မဟုတ် (၈)ရက်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ စီရင်ခြင်းခံရမည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၆၅ ၌ မည်သို့ပင် ပါရှိစေကာမူ ဒဏ်ငွေမဆောင်နိုင်ပါက (၈)ရက်ထက်မပိုသော ထောင်ဒဏ် ချမှတ်နိုင်သည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ဤဥပဒေပုဒ်မ ၃၄ အာဏာသက်ရောက်သော ဒေသအတွင်းရှိ လမ်းမကြီး၊ လမ်းငယ်၊ လမ်းသွယ်နှင့် ကွက်လပ်၊ ကွင်းပြင်များတွင် ဖြတ်သန်းသွားလာသူ သို့မဟုတ် နေထိုင်သူများအား တားဆီးနှောင့်ယှက်ဖြစ်စေရန်သော်လည်းကောင်း၊ ထိခိုက်နစ်နာစေရန်သော်လည်းကောင်း၊ ဘေးအန္တရာယ်ဖြစ်စေရန်သော် လည်းကောင်း၊ စိတ်ငြိုငြင်စေရန်သော်လည်းကောင်း ပြုလုပ်လျှင် ဤဥပဒေပုဒ်မ ၃၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ၄င်းတို့မှာ -

(၁) တိရစ္ဆာန်တို့ကို အရမ်းစီးခြင်း၊ မောင်းခြင်း သို့မဟုတ် မြင်းကိုဖြစ်စေ၊ အခြားတိရစ္ဆာန်ကိုဖြစ်စေ လေ့ကျင့်ခြင်း၊

(၂) တိရစ္ဆာန်ကိုသတ်ခြင်း သို့မဟုတ် အသေကောင်ကိုဖျက်ခြင်း၊

(၃) တိရစ္ဆာန်ကို ရက်စက်စွာ ရိုက်နှက်ညှဉ်းပန်းခြင်း၊

(၄) တိရစ္ဆာန် သို့မဟုတ် ယာဉ်အမျိုးအစားတစ်ခုခုကို ကုန်တင်ကုန်ချ၊ လူတင်လူချ လုပ်ရာတွင် လိုအပ်သည်ထက် အချိန်ကြာမြင့်စွာရပ်ထားခြင်း သို့မဟုတ် ယာဉ်တစ်ခုခုကို အများပြည်သူတို့အား ဘေးဖြစ်စေမည့်နည်းဖြင့် ပစ်ထားခဲ့ခြင်း၊

(၅) ကုန်များကိုရောင်းရန် ခင်းကျင်းထားခြင်း၊

(၆) အညစ်အကြေး၊ အမှိုက်သရိုက်များကို စွန့်ပစ်ထားခြင်း၊ ကျောက်ခဲများ၊ ဆောက်လုပ်ရေးပစ္စည်းများ စုပုံထားခြင်း၊ နွားတဲ၊ မြင်းဇောင်း၊ အလားတူ အဆောက်အအုံများကို ဆောက်လုပ်ခြင်း၊ အိမ်၊ အလုပ်ရုံ၊ နွားချေးပုံ၊ အခြားနေရာတစ်ခုခုမှ ရွံရှာဖွယ်ရာ စီးဆင်းစေခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(၇) မူးယစ်ခြင်း သို့မဟုတ် ရန်းရင်းဆန်ခတ်ပြုလုပ်ခြင်း သို့မဟုတ် မိမိကိုယ်ကို မထိန်းသိမ်းနိုင်ခြင်း သို့မဟုတ် ငြိမ်ဝပ်ပိပြားရေးပျက်ပြားစေခြင်း သို့မဟုတ် ဆဲရေးတိုင်းထွာစော်ကားရန်စခြင်း သို့မဟုတ် မကြားဝံ့မနာသာအောင် ကိုယ်နှုတ်အမူအရာပြခြင်း၊

(၈) တမင် အမြင်မတော်အောင် မိမိခန္ဓာကိုယ်ကို ဖော်ပြခြင်း သို့မဟုတ် ရွံရှာဖွယ်အနာများ၊ ခန္ဓာကိုယ်ပျက်ပြားချို့တဲ့မှုကို လှစ်ဟပြခြင်း သို့မဟုတ် ကျင်ကြီးကျင်ငယ်စွန့်ခြင်း သို့မဟုတ် ရေချိုးရန်၊ အဝတ်ဖွပ်ရန် သီးသန့်နေရာမဟုတ်သော ရေကန်၊ ရေလှောင်ကန်နေရာတို့တွင် ရေချိုးခြင်း၊ အဝတ်ဖွပ်ခြင်းဖြင့် အနှောင့်အယှက်ပြုလျှင်၊

(၉) ရေတွင်း၊ ရေကန်၊ အခြားဘေးဖြစ်စေတတ်သော နေရာ၊ အဆောက်အအုံများကို ဝင်းခတ်ကာကွယ်ထားရန် ပေါ့လျော့ခြင်း၊

(င) **ပုဒ်မ ၄၈။ ပုဒ်မ ၃၈ ပါ တားမြစ်ချက်ကို ဆန့်ကျင်ခြင်းအတွက်ပြစ်ဒဏ်**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ သို့မဟုတ် ကျပ်တစ်ရာထက်မပိုသောငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံး စီရင်ခြင်းခံရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ပုဒ်မ ၃၈။ ခရိုင်ရာဇဝတ်တရားသူကြီးသည် စာဖြင့်ရေးသားသောအမိန့်ထုတ်ပြန်၍ လူ ပုဂ္ဂိုလ်များအား အောက်ပါတို့ကို မပြုလုပ်ရန်တားမြစ်နိုင်သည် -

(က) လက်နက်ဥပဒေမှ ကင်းလွတ်ခွင့်ရသော ဓား၊ လက်နက်၊ ဇာလီတုတ်၊ လေးလံသော တုတ်၊ မြင်းစီးတုတ်၊ အရွယ်အစားသတ်မှတ်ထားသော မောင်းချဓား သို့မဟုတ် ရန်မူနိုင်သောကိရိယာတို့ကို အများပြည်သူတို့ သွားလာနေသော နေရာတို့တွင် သယ်ဆောင်ခြင်း မပြုရန်သော်လည်းကောင်း၊

(ခ) အများပြည်သူတို့အား အေးချမ်းသာယာရေးနှင့် လုံခြုံမှုအတွက် လိုအပ်သည့်အချိန်အခါများ၌ တားမြစ်ရန်လိုအပ်လျှင် -

(၁) ပစ်ခတ်ရန် သို့မဟုတ် ပေါက်ရန် သို့မဟုတ် တွန်းထိုးရန်အတွက် ခဲများနှင့်ပစ်ခတ်ရာတွင်အသုံးပြုသောလက်နက်များ သယ်ဆောင်ခြင်းနှင့် စုဆောင်းခြင်းမပြုရန် လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



(၂) လူစီတန်းလှည့်လည်ခြင်း၊ အသုဘနှင့် လှည့်လည်ခြင်း၊ ရုပ်ပုံများကိုင်ဆောင်၍ အများပြည်သူ သွားလာသည့်နေရာတွင် စီတန်းလှည့်လည်ခြင်းကိုလည်းကောင်း၊

(၃) အများပြည်သူရှေ့မှောက်တွင် အော်ဟစ်ခြင်း၊ သီချင်းသီဆိုခြင်း၊ တီးမှုတ်ခြင်းများကိုလည်းကောင်း၊

(၄) ဟောပြောခြင်း၊ ပြောင်လှောင်ခြင်း သို့မဟုတ် တုပသောပြိုင်ပွဲများကို ပြင်ဆင်ခြင်း၊ ပြုလုပ်ခြင်း သို့မဟုတ် ရုပ်ပုံများ၊ အမှတ်အသားများ၊ ကြော်ငြာများကို ကိုင်ဆောင်ခြင်း သို့မဟုတ် ဟီရိဩတ္တပ္ပ ကင်းစေသော အပြုအမူများကို ပြုလုပ်ခြင်း သို့မဟုတ် လူတန်းစားများကို ဘာသာရေးအရ မသင့်မမြတ်ဖြစ်စေရန်နှင့် ဆူပူစေရန်လည်းကောင်း၊ ရန်လိုမုန်းတီးစေရန်လည်းကောင်း သို့မဟုတ် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေရန် လှုံ့ဆော်ခြင်း သို့မဟုတ် ဥပဒေကို ဆန့်ကျင်စေရန် သို့မဟုတ် တရားဥပဒေနှင့် အာဏာပိုင်ပုဂ္ဂိုလ်များကို မထီမဲ့မြင်ပြုလုပ်ရန် လည်းကောင်း စသည်တို့ကို မပြုလုပ်ရန် ခရိုင်ရာဇဝတ်တရားသူကြီးက တားမြစ်မိန့်ထုတ်နိုင်သည်။

**(စ) ပုဒ်မ ၄၉။ ပုဒ်မ ၃၉ ကို ဆန့်ကျင်သည့်အတွက် ပြစ်ဒဏ်**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ကျပ်နှစ်ရာထက်မပိုသော ငွေဒဏ် သို့မဟုတ် (၁၅)ရက်ထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံးကို စီရင်ခြင်းခံစေရမည်။ (အက်ဥပဒေအမှတ် ၄၅/၁၉၅၅ အရ ပြစ်ဒဏ်များကို ပြင်ဆင်ထားပါသည်။)

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ခရိုင်ရဲအရာရှိ၏ အခွင့်အမိန့်မရရှိဘဲ သို့မဟုတ် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ အသံချဲ့စက် သို့မဟုတ် အသံထိန်းစက်ကို အသုံးပြုမှု သို့မဟုတ် အသုံးပြုလျှင်၊

***ခြွင်းချက်။*** ကြေးစားတူရိယာအဖွဲ့များ အစမ်းလေ့ကျင့်သီဆိုမှုများနှင့် အကျုံးမဝင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



**(ဆ) ပုဒ်မ ၄၃။ တာဝန်ထမ်းဆောင်ရန်ပျက်ကွက်သော ပြည်သူ့ရဲများအတွက် ပြစ်ဒဏ်**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

သုံးလထိ ထောင်ဒဏ်ဖြစ်စေ သို့မဟုတ် သုံးလအတွက် လစာထိ ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ပုဒ်မ ၄၃။ မည်သည့် ပြည်သူ့ရဲမဆို -

(က) ပုဒ်မ ၁၂(၁) ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ မိမိရာထူးနှင့် သက်ဆိုင်သော တာဝန်ဝတ္တရားများကို မိမိအလိုအလျောက် မဆောင်ရွက်ဘဲနေလျှင်၊

(ခ) ပုဒ်မ ၁၂(၂)ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ မည်သည့် အလုပ်တွင်မဆို သို့တည်းမဟုတ် မည်သည့်ရာထူးတွင်မဆို လုပ်ကိုင်လျှင်၊

(ဂ) ခွင့်ရက်နှင့်နေ၍ ထိုခွင့်ရက်ကုန်ဆုံးသည့်အခါ အလုပ်ခွင်သို့ လာရောက်ရန် သင့်လျော်သောအကြောင်းမရှိဘဲ ပျက်ကွက်လျှင်၊

(ဃ) တာဝန်ဝတ္တရား ပျက်ပြားသည့်ပြစ်မှု သို့တည်းမဟုတ် အခွင့်အာဏာရှိသူက ပြုသည့်နည်းဥပဒေ သို့တည်းမဟုတ် ချမှတ်သည့်အမိန့်ကို တမင်သက်သက် ဖောက်ဖျက်လျှင် သို့တည်းမဟုတ် အလေးမမူ ဂရုမစိုက်လျှင်၊

(င) သူရသတ္တိကင်းမဲ့စွာပြုသည့်ပြစ်မှု သို့တည်းမဟုတ်၊

(စ) အချုပ်ခံနေရသူ တစ်ဦးတစ်ယောက်ကို ထိခိုက်နာကျင်အောင် ပြုလျှင်၊

**ပုဒ်မ ၁၂။** (၁) မည်သည့်ရဲအရာရှိမဆို ခရိုင်ရဲအရာရှိ သို့မဟုတ် အခွင့်အာဏာ အပ်နှင်းထားသော အခြားအရာရှိ၏ အခွင့်အမိန့်မရဘဲ မိမိ တာဝန်ဝတ္တရားမှ စွန့်ခွာ၍ လွတ်လပ်စွာနေထိုင်ခွင့် မရှိစေရ။ သို့တည်းမဟုတ် ခရိုင်ရဲအရာရှိ၏ နုတ်ထွက်ခွင့်အမိန့် မရရှိ လျှင် ထိုသူသည် ပြည်သူ့ရဲတပ်ဖွဲ့ဝင် (၁၈)လတိုင်တိုင် တစ်ဆက်တည်း တာဝန်ထမ်းဆောင်ခဲ့သူမှတစ်ပါး အလုပ်မှ နုတ်

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွင့်ပြုရန် ကြံရွယ်ချက်ရှိကြောင်း (၂)လကြိုတင်၍ ခရိုင်ရဲအရာရှိထံ နို့တစ်စာပေးပြီးဖြစ်သည့် ကိစ္စမှတစ်ပါး မည်သည့်ရဲအရာရှိမျှ မိမိတာဝန်ဝတ္တရားမှ စွန့်ခွာသွားခြင်း မရှိစေရ။

(၂) ဤအက်ဥပဒေပါ တာဝန်ဝတ္တရားမှတစ်ပါး မည်သည့်ရဲအရာရှိမဆို အခြားအလုပ်အကိုင် တစ်စုံတစ်ရာကိုဖြစ်စေ သို့တည်းမဟုတ် ရုံးတစ်ခုခုတွင်ဖြစ်စေ၊ ရဲချုပ်က စာဖြင့်ရေးသားထားသော အခွင့်အမိန့်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိစေရ။

## ၂၅။ **စည်ပင်သာယာရေးကိစ္စ။**

**ဥပဒေ။** ၁၈၉၈ ခုနှစ် မြူနီစပယ်အက်ဥပဒေ။
(အက်ဥပဒေအမှတ် ၃/၁၈၉၈)

**(က) ပုဒ်မ ၂၀၇။** မည်သူမဆို သင့်လျော်သော မီးတပ်ဆင်ခြင်း မရှိသည့်ယာဉ်ကို ညအချိန်လမ်းပေါ်၌ မောင်းနှင်လျှင် ကျပ်နှစ်ဆယ်ထိ ငွေဒဏ်စီရင်ခြင်းခံရမည်။

**(ခ) ပုဒ်မ ၂၀၈။** မည်သူမဆို ခွင့်ပြုချက်မရဘဲ သို့မဟုတ် သတ်မှတ်ခွင့်ပြုထားသော နေရာမှလွဲ၍ အခြားနေရာ၌ သေနတ်ပစ်ဖောက်မှု၊ မီးရှူးမီးပန်း သို့မဟုတ် မီးပုံးပျံလွှတ်လျှင် ဖြတ်သန်းသွားလာသူများ သို့မဟုတ် အနီးပတ်ဝန်းကျင်တွင် နေထိုင်လုပ်ကိုင်သူများကို ဘေးအန္တရာယ်ဖြစ်စေသည့် သို့မဟုတ် ဖြစ်စေနိုင်သည့် သို့မဟုတ် ပစ္စည်းများကို ပျက်စီးဆုံးရှုံးစေနိုင်သည့် ကစားနည်းတစ်မျိုးမျိုးကို ကစားလျှင် ကျပ်နှစ်ဆယ်ထိ ငွေဒဏ်ကို စီရင်ခြင်းခံရမည်။

**(ဂ) ပုဒ်မ ၂၀၉။** မည်သူမဆို မိမိလက်ဝယ်ရှိ သို့မဟုတ် ထိန်းသိမ်းထားသော တိရစ္ဆာန်ကို လမ်းနှင့်ကပ်လျက်ရှိသော ခြံမခတ်သည့်နေရာ၌ဖြစ်စေ လွှတ်ထားလျှင် သို့မဟုတ် လမ်းထဲဝင်သွားနိုင်လောက်အောင် လမ်းအနီး၌ ချည်ထားလျှင်၊ လှန်ထားလျှင် ကျပ်နှစ်ဆယ်ထိ ငွေဒဏ်စီရင်ခြင်းခံရမည်။

**(ဃ) ပုဒ်မ ၂၁၀။** မည်သူမဆို စည်ပင်သာယာရေးအဖွဲ့က ဤအက်ဥပဒေ ပုဒ်မ ၁၀၀ အရ ထုတ်ပြန်ထားသည့် ကြေညာချက်ပါ တားမြစ်ချက်ကို ဖောက်ဖျက်

www.burmeseclassic.com

www.burmeseclassic.com



၍ လမ်း သို့မဟုတ် လမ်း၏အစိတ်အပိုင်း၌ တိရစ္ဆာန် သို့မဟုတ် ယာဉ် စီးနင်းမှု၊ မောင်းနှင်မှု သို့မဟုတ် ဆွဲယူမှုကျူးလွန်လျှင် ကျပ်နှစ်ဆယ်ထိ ငွေဒဏ်စီရင်ခြင်း ခံရမည်။

**(င) ပုဒ်မ ၂၁၁။** မည်သူမဆို ဖြတ်သန်းသွားလာသူများ သို့မဟုတ် အနီးပတ်ဝန်းကျင် နေထိုင်လုပ်ကိုင်သူများကို အန္တရာယ်ဖြစ်စေလောက်အောင် ကျောက်ကျင်းတူးဖော်မှု၊ ပေါက်ကွဲစေတတ်သော အရာဝတ္ထုကို ဖောက်ခွဲမှု၊ သစ်ပင်ခုတ်လှဲမှု သို့မဟုတ် အဆောက်အအုံ ဆောက်လုပ်မှုကို ကျူးလွန်လျှင် ကျပ်ငါးဆယ်ထိ ငွေဒဏ်စီရင်ခြင်းခံရမည်။

**(စ) ပုဒ်မ ၂၁၂။** မည်သူမဆို အများပြည်သူဆိုင်ရာ နေရာ၌ စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်မရဘဲ လမ်းညွှန်မှတ်တိုင်၊ မီးတိုင်၊ ဝင်းထရံ တစ်ခုခုကို အသွင်အပြင်ပျက်အောင် ပြုလုပ်မှု၊ ဖရိုဖရဲဖြစ်အောင်ပြုလုပ်မှု သို့မဟုတ် သစ်ပင်တစ်မျိုးမျိုးကိုဖြစ်စေ၊ မြေထည့်ထားသည့် ကတုတ်ကျင်းကိုဖြစ်စေ ထိခိုက်ပျက်ပြားအောင် ပြုလုပ်မှု သို့မဟုတ် ထွန်းညှိထားသောမီးကို ငြိမ်းသတ်မှုကျူးလွန်လျှင် ကျပ်တစ်ဆယ်ထိ ငွေဒဏ်စီရင်ခြင်းခံရမည်။

**(ဆ) ပုဒ်မ ၂၁၃။** မည်သူမဆို ပုဒ်မ ၁၀၃ အရ စည်ပင်သာယာရေးအဖွဲ့၏ အမိန့်ဖြင့် တပ်ဆင်ထားသော လမ်းအမည် သို့မဟုတ် အဆောက်အအုံအမည်၊ အဆောက်အအုံအမှတ်ကို ဖျက်ဆီးမှု၊ ဖြုတ်ချမှု၊ အသွင်အပြင်ပျက်အောင်ပြုလုပ်မှု သို့မဟုတ် အခြားအမည် အမှတ်အသားတပ်ဆင်မှုကို ကျူးလွန်လျှင် ကျပ်နှစ်ဆယ်ထိ ငွေဒဏ်စီရင်ခြင်းခံရမည်။

**(ဇ) ပုဒ်မ ၂၁၄(၁)။**မည်သူမဆို တာဝန်ရှိသူ၏ သဘောတူညီမှုမရှိဘဲ ပြည်သူပိုင် ပိုင်ပစ္စည်း၌ဖြစ်စေ သို့မဟုတ် လက်ရှိသူ၏ သဘောတူညီမှုမရှိဘဲ ပုဂ္ဂလိကပိုင်ပစ္စည်းပေါ်၌ဖြစ်စေ ဥပဒေအရ ကပ်ပိုင်ခွင့်မရှိဘဲ နံရံကပ်ကြော်ငြာ၊ ကြော်ငြာစာ၊ အကြောင်းကြားစာများကပ်မှု ကျူးလွန်လျှင် ကျပ်နှစ်ဆယ်ထိ ငွေဒဏ်စီရင်ခြင်း ခံရမည်။

www.burmeseclassic.com

www.burmeseclassic.com



**(ဈ) ပုဒ်မ ၂၁၄(၂)။** မည်သူမဆို ဤဥပဒေပုဒ်မ ၂၁၄၊ ပုဒ်မခွဲ(၁)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း နံရံကပ်ကြော်ငြာ၊ ကြော်ငြာစာ၊ အကြောင်းကြားစာများကို ကပ်ရန်စေခိုင်းလျှင် ကိုယ်တိုင်ကပ်သည်ဟု မှတ်ယူ၍ အပြစ်ပေးခြင်းခံရမည်။

**(ည) ပုဒ်မ ၂၀၂။** မည်သူမဆို -

(က) ဤပုဒ်မအောက်၌ ဖော်ပြထားသော ဇယား၊ စာတိုင်(၁)တွင်ပါရှိသည့် ပုဒ်မများ၊ ပုဒ်မခွဲများ သို့မဟုတ် မည်သည့်နည်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ချိုးဖောက်လျှင် သို့မဟုတ် လိုက်နာရန် ပျက်ကွက်လျှင်၊

(ခ) တရားဥပဒေနှင့်အညီ ထုတ်ဆင့်ထားသည့် ပြဋ္ဌာန်းချက် သို့မဟုတ် ခိုင်းစေချက်တို့ကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ဖော်ပြပါဇယား စာတိုင်(၃)၌ ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို စီရင်နိုင်သည်။

**(ဋ) ပုဒ်မ ၂၀၅။** မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နို့တစ်စာ၊ ဆင့်ဆိုချက်၊ ခိုင်းစေချက် သို့မဟုတ် စည်းကမ်းချက် တစ်စုံတစ်ရာကို လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ချိုးဖောက်လျှင် အကယ်၍ ဥပဒေအရ ယင်းပြစ်မှုအတွက် ပြစ်ဒဏ်ပြဋ္ဌာန်းချက်မရှိလျှင် ထိုသူကို ဒဏ်ငွေ ကျပ်တစ်ရာထိ ချမှတ်ရမည့်အပြင် ဆက်လက်ကျူးလွန်သည့်နေ့အတွက် တစ်ရက်လျှင် ကျပ်တစ်ဆယ် ဒဏ်ငွေ တပ်ရိုက်ခြင်းခံရမည်။

## (၄) တရားစွဲဆိုခွင့်ပြုမိန့်

မြူနီစီပယ်အဖွဲ့မှလည်းကောင်း သို့မဟုတ် ယင်းအဖွဲ့၏ကိုယ်စား တရားစွဲဆိုရန် အလို့ငှာ အာဏာလွှဲအပ်ထားခြင်း ခံရသူကလည်းကောင်း စွဲဆိုခြင်းမဟုတ်သည့် အမှုများကို မည်သည့်တရားရုံးကမျှ လက်ခံအရေးယူပိုင်ခွင့်မရှိစေရ။(ပုဒ်မ ၂၃၁ ကိုကြည့်ပါ)

www.burmeseclassic.com

www.burmeseclassic.com



**ဥပဒေ။** စည်ပင်သာယာရေးအဖွဲ့ဥပဒေ။
(ဥပဒေအမှတ် ၅/၁၉၉၃)

**ပုဒ်မ ၅၈။** မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အများပြည်သူနှင့်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် တစ်ခုခုပေါ်တွင် ကျူးကျော်၍ အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆောက်လုပ်ခြင်းမပြုရ၊

(ခ) အများပြည်သူနှင့်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် တစ်ခုခုပေါ်တွင် ပိတ်ဆို့၍ အထည်အလိပ်၊ ဖျာ သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကို ဖြန့်ထားခြင်း၊ ဆွဲထားခြင်းမပြုရ။

**ပုဒ်မ ၅၉။** မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အများပြည်သူသွားလာသည့် လမ်းပေါ်တွင် မည်သည့်ကစားနည်းမျိုးမျှ ကစားခြင်းမပြုရ၊

(ခ) လမ်းပေါ်တွင်လည်းကောင်း၊ လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင် လည်းကောင်း ပိတ်ဆို့၍ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ဖျာ၊ ကုန်ပစ္စည်း သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုကို ခင်းကျင်းခြင်း၊ ဈေးရောင်းခြင်း မပြုရ၊

(ဂ) အမှိုက်၊ မိလ္လာအညစ်အကြေး စသည်တို့ကို လမ်းပေါ် သို့မဟုတ် စွန့်ပစ်ရန် သတ်မှတ်မထားသောနေရာတွင် စွန့်ပစ်ခြင်းမပြုရ၊

(ဃ) ကိုယ်ပိုင်လမ်း ဖောက်လုပ်ခြင်းမပြုရ၊

(င) ဝင်ထွက်နိုင်သော လမ်းမရှိသည့်မြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်း မပြုရ။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၆၀။** မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အဆောက်အအုံတစ်ခုခုကို ဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆင်ဆောက်လုပ်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်းမပြုရ၊

(ခ) စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှရေကို ရယူသုံးစွဲခြင်းမပြုရ၊

(ဂ) ကိုယ်ပိုင် စီးပွားဖြစ် ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ၊

(ဃ) အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကို ဖြစ်စေ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

**ပုဒ်မ ၆၁။** မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) လူသေအလောင်းကို သတ်မှတ်သည့်ကာလထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုလ်ဘဲထားခြင်း မပြုရ၊

(ခ) ကူးစက်တတ်သောရောဂါကြောင့် သေဆုံးသည့် လူသေအလောင်းကို ၁၂ နာရီထက်ကျော်လွန်၍ မြေ မမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုလ်ဘဲထားခြင်း မပြုရ၊

(ဂ) သုသာန်မြေအဖြစ် သတ်မှတ်ထားသည့်နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုလ်ခြင်း မပြုရ၊

**ပုဒ်မ ၆၂။** မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) တည်းခိုခန်း တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ၊

(ခ) စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ နွားနို့အရောင်းဆိုင် ဖွင့်လှစ်ရောင်းချခြင်းမပြုရ၊

www.burmeseclassic.com

www.burmeseclassic.com



(ဂ) ပေါင်မုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ချိုချဉ်နှင့် ယိုမျိုးစုံလုပ်ငန်း တည်ထောင်လုပ်ကိုင်ခြင်း မပြုရ။

**ပုဒ်မ ၆၃။** မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ၊

(ခ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းနှင့် သက်ဆိုင်သောပစ္စည်းများကို ရောင်းချခြင်း၊ သိုလှောင်ခြင်း မပြုရ။

**ပုဒ်မ ၆၄။** မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) တိရစ္ဆာန်များ ထားရှိခြင်း၊ မွေးမြူခြင်းမပြုရ၊

(ခ) တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီ မဟုတ်ဘဲ အခြားနည်းလမ်းဖြင့် သုတ်သင်ရှင်းလင်းခြင်းမပြုရ။

**ပုဒ်မ ၆၅။** မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) ကိုယ်ပိုင်ဈေးကို တည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကို တစ်နေရာမှ အခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်း၊ ဈေးအဖြစ်မှ ရပ်စဲထားပြီးသောဈေးကို ပြန်လည်တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် ဈေး၏ မူလဧရိယာအကျယ်အဝန်းကို တိုးချဲ့ခြင်းမပြုရ၊

(ခ) မမှန်ကန်သည့် အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းမပြုရ၊

(ဂ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းခြင်းမပြုရ၊

(ဃ) ကျွဲ၊ နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်းမပြုရ၊

(င) ရေခဲနှင့်အချိုရည်စက်ရုံများ တည်ထောင်လုပ်ကိုင်ခြင်းမပြုရ၊

www.burmeseclassic.com

www.burmeseclassic.com



(စ) အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

**ပုဒ်မ ၆၁။** မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း -

(က) ဤဥပဒေအရ သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းကမ်းများအရ တာဝန်ဝတ္တရား ဆောင်ရွက်ရန် မြေသို့မဟုတ် အဆောက်အအုံအတွင်းသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ နေ့အချိန် ဝင်ရောက်မည့် ကော်မတီကိုဖြစ်စေ၊ ကော်မတီဝင်ကိုဖြစ်စေ၊ နည်းလမ်းတကျ အခွင့်အာဏာလွှဲအပ်ခြင်းခံရသော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းကိုဖြစ်စေ တားမြစ်ခြင်းမပြုရ၊

(ခ) စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ကော်မတီနှင့် စာချုပ်ချုပ်ဆိုထားသည့် ကန်ထရိုက်တာအား စာချုပ်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ထိုလုပ်ငန်းနှင့် ဆက်နွယ်နေသည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း မပြုနိုင်စေရန် ဥပဒေနှင့်အညီမဟုတ်ဘဲ ပိတ်ပင်ခြင်း၊ တားဆီးနှောင့်ယှက်ခြင်းမပြုရ။

### ပြစ်မှုနှင့်ပြစ်ဒဏ်များ

**ပုဒ်မ ၇၂။** မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀ မှ အများဆုံး ကျပ် ၅၀၀၀ အထိ ချမှတ်ခြင်းခံရမည် -

## ၂၆။ <u>ယဉ်ကျေးမှုအမွေအနှစ်ကိစ္စ။</u>

**ဥပဒေ။** ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ။
(ဥပဒေအမှတ် ၉/၁၉၉၈)

### တားမြစ်ချက်များ

**ပုဒ်မ ၁၈။** မည်သူမျှ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာ ဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာ ဇုန်အတွင်းတွင် ဤဥပဒေအရ ထုတ်ပေး

www.burmeseclassic.com

www.burmeseclassic.com



သည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံ တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း မပြုရ။

**ပုဒ်မ ၁၉။** မည်သူမျှ ကာကွယ်ထိန်းသိမ်းထားသော ဇုန်အတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မပါဘဲ အဆောက်အအုံနှင့်စပ်လျဉ်း၍ အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

(ခ) ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း၊

**ပုဒ်မ ၂၀။** မည်သူမျှ ယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်းတွင် အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံကို ဖျက်ဆီးခြင်း၊

(ခ) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၏ မူလ ရှေးဟောင်းပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ ပြောင်းလဲစေရန် တမင်ပြုလုပ်ခြင်း၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်း ရှာဖွေရန် တူးဖော်ခြင်း၊

(ဃ) ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တု ရှာဖွေရန် တူးဖော်ခြင်း၊

**ပုဒ်မ ၂၁။** မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံကို ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်း ဆောင်ရွက်ခြင်း၊

(ခ) ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ဂ) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံတည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

(ဃ) ရေတွင်း၊ ရေကန်၊ ငါးမွေးမြူရေးကန် တူးဖော်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၂၂။** မည်သူမျှ ယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်းတွင် ယဉ်ကျေးမှု ဝန်ကြီးဌာနက ဒေသအလိုက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းမရှိသော အဆောက်အအုံကို ဆောက်လုပ်ခြင်းမပြုရ။

**ပုဒ်မ ၂၃။** မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ဦးစီးဌာနက သတ်မှတ်ကြေညာသည့် နယ်နိမိတ်အတွင်း၌ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေနိုင်သည့် ဆောင်ရွက်မှု တစ်စုံတစ်ရာပြုလုပ်ခြင်းမပြုရ။

### ပြစ်မှုနှင့်ပြစ်ဒဏ်များ

**ပုဒ်မ ၂၄။** မည်သူမဆို ပုဒ်မ ၁၈၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မ ၂၁ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၂၅။** မည်သူမဆို ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၂၂ သို့မဟုတ် ပုဒ်မ ၂၃ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၂၆။** မည်သူမဆို ပုဒ်မ ၂၀ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှ အများဆုံး ထောင်ဒဏ် ၇ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**ပုဒ်မ ၂၇။** မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တရားရုံးသည် အောက်ပါအမိန့်တစ်ခုခုကိုလည်း ချမှတ်ရမည် -

(က) တည်ဆောက်ထားသည့် အဆောက်အအုံကို ဖျက်သိမ်းစေခြင်း၊

(ခ) တိုးချဲ့ထားသည့် အဆောက်အအုံ သို့မဟုတ် ဝင်းခြံနယ်နိမိတ်ကို မူလအတိုင်း ပြန်လည်ပြုလုပ်စေခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(ဂ) ပုံသဏ္ဍာန်ပြောင်းလဲပြင်ဆင်ထားသည့် အဆောက်အအုံ သို့မဟုတ် မြေကို မူလပုံသဏ္ဍာန်အတိုင်း ပြန်လည်ပြုလုပ်စေခြင်း။

**ပုဒ်မ ၂၈။** မည်သူမဆို ပုဒ်မ ၂၇ အရ ချမှတ်သည့် အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင် ယင်းအမိန့်ကို လိုက်နာရန်ပျက်ကွက်သည့် နေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ အထိ ချမှတ်ခြင်းခံရမည်။

## ၂၇။ **အဏုမြူစွမ်းအင်ကိစ္စ။**

**ဥပဒေ။** အဏုမြူစွမ်းအင်ဥပဒေ။
(ဥပဒေအမှတ် ၈/၁၉၉၈)

**တားမြစ်ချက်များ**

**ပုဒ်မ ၂၉။** မည်သူမျှ ဤဥပဒေနှင့်အညီ မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်း မရှိလျှင်ဖြစ်စေ၊ မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းကို ဦးစီးဌာနက ငြင်းပယ်လျှင်ဖြစ်စေ နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည် ထုတ်ကိရိယာကို လက်ဝယ်ထားရှိခြင်း မပြုရ။

**ပုဒ်မ ၃၀။** မည်သူမျှ လိုင်စင်မရှိဘဲ နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်ကိရိယာကို အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင် ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

**ပုဒ်မ ၃၁။** မည်သူမျှ ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်ကိရိယာကို ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းမပြုရ။

**ပုဒ်မ ၃၂။** မည်သူမျှ ဆက်လက်သုံးစွဲရန် သို့မဟုတ် သိမ်းဆည်းထားရန် မသင့် ဟု ဦးစီးဌာနက သတ်မှတ်ထားသည့် နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်ကိရိယာကို လက်ဝယ်ထားခြင်း၊ အသုံးပြုခြင်း၊ ထုတ်လုပ် ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

www.burmeseclassic.com

www.burmeseclassic.com



### ပြစ်ဒဏ်များ

**ပုဒ်မ ၃၃။** မည်သူမဆို ပုဒ်မ ၂၉ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

**ပုဒ်မ ၃၄။** မည်သူမဆို ပုဒ်မ ၃၀၊ ပုဒ်မ ၃၁ သို့မဟုတ် ပုဒ်မ ၃၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၇ နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

## ၂၈။ **အစားအသောက်ကိစ္စ။**

**ဥပဒေ။** အမျိုးသား အစားအသောက်ဥပဒေ။
(ဥပဒေအမှတ် ၅/၁၉၉၇)

### အရည်အသွေးအာမခံခြင်း၊ အမှတ်တံဆိပ်ကပ်ခြင်း၊ ကြော်ငြာခြင်း

**ပုဒ်မ ၁၈။** အစားအသောက်ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ထုတ်လုပ်ရောင်းချခြင်း ပြုလုပ်သူသည် အစားအသောက်အရည်အသွေး အာမခံခြင်း၊ အမှတ်တံဆိပ်ကပ်ခြင်း၊ ကြော်ငြာနှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ၊ အာဏာပိုင် အဖွဲ့ကဖြစ်စေ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်နှင့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာရမည်။

### တားမြစ်ချက်

**ပုဒ်မ ၂၁။** မည်သူမျှ ပုဒ်မ ၁၃ အရ ချမှတ်သော အမိန့်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၂၂။** မည်သူမျှ အောက်ဖော်ပြပါ အစားအသောက်ကို ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ -

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သော၊ ဘေးဥပါဒ်အန္တရာယ် ဖြစ်စေနိုင်သော သို့မဟုတ် ကျန်းမာရေးကို ထိခိုက်စေနိုင်သော အစားအသောက်၊

(ခ) အစားအသောက်၏ သဘာဝ၊ ဒြပ်ဝတ္ထု သို့မဟုတ် အရည်အသွေးကို ထိခိုက်စေပြီး ဘေးဥပါဒ်အန္တရာယ်ဖြစ်စေရန် အရာဝတ္ထုတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အစားထိုးထားသော သို့မဟုတ် ရောစပ်ထားသော အစားအသောက်၊

(ဂ) အစားအသောက် ထပ်ဖြည့်ပစ္စည်းကို သတ်မှတ်ချက်ထက် ပိုမိုအသုံးပြုထားသော အစားအသောက်၊

(ဃ) သက်ဆိုင်ရာက သတ်မှတ်ထားသည့် စိုက်ပျိုးရေးဆိုင်ရာ ဓာတ်ပစ္စည်းအများဆုံး ပါနိုင်ခွင့်ရှိသော ပမာဏထက် ပိုမိုပါရှိသော အစားအသောက်၊

(င) သက်ဆိုင်ရာက တားမြစ်ထားသည့်ပစ္စည်းဖြစ်စေ၊ ခွင့်မပြုသည့်ပစ္စည်းဖြစ်စေ ပါရှိသော အစားအသောက်၊

(စ) ပုပ်သိုးသော၊ ပျက်စီးသော သို့မဟုတ် လူတို့စားသုံးရန် မသင့်လျော်သောပစ္စည်း ပါရှိသည့် အစားအသောက်၊

(ဆ) စံမညီ အစားအသောက်၊

(ဇ) အစားအသောက်တွင် မပါဝင်သည့် ဂုဏ်သတ္တိကို အမှတ်တံဆိပ်ပေါ်တွင် လွဲမှားဖော်ပြထားသော အစားအသောက်၊

(ဈ) လိုင်စင်ထုတ်ပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းက သတ်မှတ်သည့် ဖော်ပြရမည့် အချက်အလက်များ မပါရှိသော အစားအသောက်။

**ပုဒ်မ ၂၃။** မည်သူမျှ လိုင်စင်မရှိဘဲ ထိန်းချုပ်အစားအသောက်ကို ထုတ်လုပ်ခြင်း မပြုရ။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၂၄။** မည်သူမျှ လိုင်စင်မရှိဘဲ ထုတ်လုပ်ထားသော ထိန်းချုပ် အစားအသောက်ကို ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

**ပုဒ်မ ၂၅။** အစားအသောက်ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်သူမည်သူမျှ အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ၊ အာဏာပိုင်အဖွဲ့ကဖြစ်စေ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်နှင့် စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ -

(က) အရည်အသွေး အာမခံခြင်း၊

(ခ) အမှတ်တံဆိပ်ကပ်ခြင်း၊

(ဂ) ကြော်ငြာခြင်း၊

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

**ပုဒ်မ ၂၆။** မည်သူမဆို ပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၂၇။** မည်သူမဆို ပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပြီးနောက် ဆက်လက်၍ လိုက်နာရန် ပျက်ကွက်လျှင် ထိုသူအား ဆက်လက်၍ ပျက်ကွက်သည့်နေ့ အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ် ကျပ် ၅၀၀ ချမှတ်ရမည်။

**ပုဒ်မ ၂၈။** မည်သူမဆို ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် -

(က) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ(င) သို့မဟုတ် ပုဒ်မခွဲ(စ) ပါ အစားအသောက်နှင့် သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



(ခ) ပုဒ်မခွဲ(ဆ)၊ ပုဒ်မခွဲ(ဇ) သို့မဟုတ် ပုဒ်မခွဲ(ဈ)ပါ အစားအသောက်နှင့် သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူအား ထောင်ဒဏ် ၁ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဂ) ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံ ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

**ပုဒ်မ ၂၉။** မည်သူမဆို ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၅ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

**ပုဒ်မ ၃၀။** မည်သူမဆို ပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

**ပုဒ်မ ၃၁။** အစားအသောက်ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်သူ မည်သူမဆို ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂၉။ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကိစ္စ။

**ဥပဒေ။** ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေ။
(ဥပဒေအမှတ် ၁၀/၁၉၉၆)

### ပြစ်မှုနှင့်ပြစ်ဒဏ်များ

**ပုဒ်မ ၃၁။** မည်သူမဆို ပုဒ်မ ၂၆၊ ပုဒ်မခွဲ(က)အရ သတ်မှတ်သည့် ကွန်ပျူတာ အမျိုးအစားကို ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ပြည်ပမှတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း သို့မဟုတ် အသုံးပြုခြင်း ပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၇ နှစ်မှ အများဆုံး ၁၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**ပုဒ်မ ၃၂။** မည်သူမဆို ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ကွန်ပျူတာကွန်ရက် ထူထောင်ခြင်း သို့မဟုတ် ကွန်ပျူတာ ကွန်ရက်အတွင်း ဝင်ရောက်ချိတ်ဆက်ခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၇ နှစ်မှ အများဆုံး ၁၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**ပုဒ်မ ၃၃။** မည်သူမဆို ပုဒ်မ ၂၆၊ ပုဒ်မခွဲ(က)အရ သတ်မှတ်သည့် ကွန်ပျူတာ အမျိုးအစားနှင့် စပ်လျဉ်း၍ ကောင်စီကဖြစ်စေ၊ ပညာရေးဝန်ကြီးဌာနကဖြစ်စေ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနကဖြစ်စေ ထုတ်ပြန်တားမြစ်သော အမိန့်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၆ လအထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၃၄။** မည်သူမဆို ကွန်ပျူတာကွန်ရက်ကို အသုံးပြု၍ဖြစ်စေ၊ သတင်းဆိုင်ရာ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်အနည်းဆုံး

www.burmeseclassic.com

www.burmeseclassic.com



၇ နှစ်မှ အများဆုံး ၁၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏ စီးပွားရေး သို့မဟုတ် အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေသည့် ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊

(ခ) နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏ စီးပွားရေး သို့မဟုတ် အမျိုးသားယဉ်ကျေးမှုနှင့်စပ်လျဉ်းသည့် နိုင်ငံတော်၏ လျှို့ဝှက်ချက်နှင့်သက်ဆိုင်သော သတင်းအချက်အလက် တစ်ရပ်ရပ်ကို ရယူခြင်း သို့မဟုတ် ပေးပို့ဖြန့်ချိခြင်း၊

**ပုဒ်မ ၃၅။** မည်သူမဆို ကောင်စီက ပုဒ်မ ၇၊ ပုဒ်မခွဲ(ဂ)အရဖြစ်စေ၊ ပုဒ်မခွဲ(င)အရဖြစ်စေ ထိန်းချုပ်ခြင်းနှင့် စပ်လျဉ်း၍ ထုတ်ပြန်သော အမိန့်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၃၆။** မည်သူမဆို ကောင်စီက ပုဒ်မ ၇၊ ပုဒ်မခွဲ(ဆ)အရ သတ်မှတ်ထားသော ကွန်ပျူတာအပျော်ထည် အမျိုးအစားတစ်ခုခု သို့မဟုတ် သတင်းအချက်အလက်တစ်ရပ်ရပ်ကို ပြည်တွင်းသို့ တင်သွင်းကြောင်း သို့မဟုတ် ပြည်ပသို့တင်ပို့ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်အနည်းဆုံး ၅ နှစ်မှ အများဆုံး ၁၀ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**ပုဒ်မ ၃၇။** မည်သူမဆို ကောင်စီက ပုဒ်မ ၇၊ ပုဒ်မခွဲ(ည)အရ ကွန်ပျူတာဆိုင်ရာ အသင်းတစ်ခုခုကို ဖျက်သိမ်းသည့်အမိန့်အား လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၃၈။** မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်းပြုလျှင်ဖြစ်စေ၊ ယင်းပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ရာတွင်

www.burmeseclassic.com

www.burmeseclassic.com



အားပေးကူညီခြင်းပြုလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ် ချမှတ်ခြင်းခံရမည်။

**ပုဒ်မ ၃၉။** တရားရုံးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်လျှင် ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

**၃၀။ မီးသတ်ကိစ္စ။**

**ဥပဒေ။** မီးသတ်တပ်ဖွဲ့ဥပဒေ။
(ဥပဒေအမှတ် ၁/၁၉၉၇)

**တားမြစ်ချက်များ**

**ပုဒ်မ ၂၅။** မည်သူမျှ သက်ဆိုင်ရာ မြို့နယ်မီးသတ်ဦးစီးဌာနမှူးက ပုဒ်မ ၁၇ အရ ထုတ်ပြန်သည့် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

**ပုဒ်မ ၂၆။** စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန သို့မဟုတ် မီးဘေးအန္တရာယ် စိုးရိမ်ရသော လုပ်ငန်းပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူသည် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ -

(က) သီးသန့် မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းထားရန် ပျက်ကွက်ခြင်းမရှိစေရ၊
(ခ) မီးဘေးကြိုတင်ကာကွယ် တားဆီးရေးဆိုင်ရာ ပစ္စည်းကိရိယာများကို ထားရှိရန် ပျက်ကွက်ခြင်း မရှိစေရ။

**ပုဒ်မ ၂၇။** မည်သူမျှ မီးလောင်မှုဖြစ်ပွားခြင်းမရှိကြောင်းသိရှိလျက်နှင့် မီးလောင်မှုဖြစ်ပွားကြောင်း မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ သို့မဟုတ် သီးသန့် မီးသတ်တပ်ဖွဲ့သို့ လိမ်လည်၍ သတင်းပေးတိုင်ကြားခြင်း မပြုရ။

**ပုဒ်မ ၂၈။** မည်သူမျှ မီးလောင်မှုဖြစ်ပွားသည့်အခါ သက်ဆိုင်ရာမီးသတ်တာဝန်ခံကဖြစ်စေ၊ သက်ဆိုင်ရာ မီးဘေးကြိုတင်ကာကွယ်တားဆီးရေး အဖွဲ့ဝင် တစ်ဦးဦး

www.burmeseclassic.com

www.burmeseclassic.com



ကဖြစ်စေ၊ ယင်းတို့၏ တာဝန်ပေးအပ်ခြင်းခံရသော မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ သို့မဟုတ် သီးသန့် မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးဦးကဖြစ်စေ ပုဒ်မ ၂၁ ပါ လုပ်ပိုင်ခွင့်တစ်ရပ်ရပ် ဆောင်ရွက်ခြင်းကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း မပြုရ။

**ပုဒ်မ ၂၉။** မည်သူမျှ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက် မရရှိဘဲ အရန်မီးသတ်တပ်ဖွဲ့ သို့မဟုတ် သီးသန့်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခြင်း မပြုရ။

**ပုဒ်မ ၃၀။** မည်သူမျှ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်အရ ဖွဲ့စည်းတည်ထောင်ထားသော အရန်မီးသတ်တပ်ဖွဲ့ သို့မဟုတ် သီးသန့် မီးသတ်တပ်ဖွဲ့ကို ယင်းဦးစီးဌာန၏ သဘောတူညီချက်မရရှိဘဲ ဖျက်သိမ်းခြင်း မပြုရ။

**ပုဒ်မ ၃၁။** မီးလောင်မှု ဖြစ်ပွားရာတွင် တာဝန်ထမ်းဆောင်နေသော မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ သို့မဟုတ် သီးသန့်မီးသတ်တပ်ဖွဲ့ဝင် မည်သူမျှ ပိုင်ရှင်ခွင့်မပြုသောပစ္စည်း၊ တံစိုးလက်ဆောင် သို့မဟုတ် ငွေကြေးတစ်စုံတစ်ရာကို အဂတိလိုက်စားသောနည်းဖြင့်ဖြစ်စေ၊ မသမာသောနည်းဖြင့်ဖြစ်စေ ရယူခြင်းမပြုရ။

## ပြစ်ဒဏ်များ

**ပုဒ်မ ၃၂။** မည်သူမဆို ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၃၃။** စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန သို့မဟုတ် မီးဘေးအန္တရာယ် စိုးရိမ်ရသော လုပ်ငန်းပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူသည် ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၃၄။** မည်သူမဆို ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၃၅။** မည်သူမဆို ပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၃၆။** မည်သူမဆို ပုဒ်မ ၂၉ သို့မဟုတ် ပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၃၇။** မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ သို့မဟုတ် သီးသန့်မီးသတ်တပ်ဖွဲ့ဝင် မည်သူမဆို ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၇ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

## ၃၀။ <u>ရုပ်ရှင်လုပ်ငန်းကိစ္စ။</u>

**ဥပဒေ။** ရုပ်ရှင်ဥပဒေ။
(ဥပဒေအမှတ် ၉/၁၉၉၆)

### ရုပ်ရှင်လုပ်ငန်းလိုင်စင်

**ပုဒ်မ ၄။** ရုပ်ရှင်လုပ်ငန်းလုပ်ကိုင်လိုသူသည် အောက်ပါလုပ်ငန်း အမျိုးအစားတစ်ခုချင်းအတွက် ရုပ်ရှင်လုပ်ငန်းလိုင်စင် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ မြန်မာ့ရုပ်ရှင်လုပ်ငန်းသို့ လျှောက်ထားရမည် -

(က) ရုပ်ရှင်ကား ထုတ်လုပ်ခြင်း၊
(ခ) ရုပ်ရှင်ကား ရိုက်ကူးခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(ဂ) ရုပ်ရှင်ကား ကူးဆေးခြင်း၊
(ဃ) ရုပ်ရှင်ကား အသံသွင်းခြင်း၊
(င) ရုပ်ရှင်ကား တည်းဖြတ်ခြင်း၊
(စ) ရုပ်ရှင်ကား ဖြန့်ချိခြင်း၊
(ဆ) ရုပ်ရှင်ကား ပြည်ပမှတင်သွင်းခြင်း၊
(ဇ) ရုပ်ရှင်ကား ပြည်ပသို့ တင်ပို့ခြင်း။

**ပုဒ်မ ၅။** မြန်မာ့ရုပ်ရှင်လုပ်ငန်းသည် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းရှိမရှိ စိစစ်၍ ရုပ်ရှင်လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

**ပုဒ်မ ၆။** ပြန်ကြားရေး ဝန်ကြီးဌာနသည် ရုပ်ရှင်လုပ်ငန်း လိုင်စင်သက်တမ်း၊ ရုပ်ရှင်လုပ်ငန်း လိုင်စင်ခ၊ ရက်လွန်ကြေး နှင့် သက်တမ်းတိုးမြှင့်ခတို့ကို သတ်မှတ်ပေးရမည်။

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

**ပုဒ်မ ၃၃။** မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်ပါက တစ်ရက်လျှင် ငွေဒဏ်ကျပ် ၁၀၀၀ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည် -

(က) ရုပ်ရှင်လုပ်ငန်းလိုင်စင်မရှိဘဲ ပုဒ်မ ၄ ပါ ရုပ်ရှင်လုပ်ငန်း အမျိုးအစားတစ်ခုခုကို လုပ်ကိုင်ခြင်း၊
(ခ) ရုပ်ရှင်ဆင်ဆာလက်မှတ်မရှိသော ရုပ်ရှင်ကားကို ပြသခြင်း။

**ပုဒ်မ ၃၄။** မည်သူမဆို ရုပ်ရှင်ရုံလိုင်စင် မရှိဘဲ ရုပ်ရှင်ပြသခြင်း လုပ်ငန်းကို လုပ်ကိုင်လျှင် ထိုသူကို ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀

www.burmeseclassic.com



အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်ပါက တစ်ရက်လျှင် ငွေဒဏ်ကျပ် ၅၀၀ ချမှတ်ရမည်။

**၃၂။ ရုပ်မြင်သံကြားနှင့်ဗီဒီယိုလုပ်ငန်းကိစ္စ။**

**ဥပဒေ။** ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ။
(ဥပဒေအမှတ် ၈/၁၉၉၆)

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

**ပုဒ်မ ၃၁။** မည်သူမဆို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှအပ ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းလုပ်ငန်းကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ လုပ်ကိုင်လျှင် ထိုသူကို ထောင်ဒဏ် ၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

**ပုဒ်မ ၃၂။** မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည် -

(က) ဗီဒီယိုလုပ်ငန်းလိုင်စင်မရှိဘဲ စီးပွားရေးအလို့ငှာ ဗီဒီယိုလုပ်ငန်းကို လုပ်ကိုင်ခြင်း၊

(ခ) ဤဥပဒေအရ ကင်းလွတ်ခွင့်ပြုသော ကိစ္စရပ်မှအပ ဗီဒီယိုဆင်ဆာလက်မှတ်နှင့် ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ်အသေး မပါရှိသည့် ဗီဒီယိုတိပ်ခွေကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း၊

(ဂ) ဗီဒီယိုဆင်ဆာအဖွဲ့က ဖြတ်တောက်ရန်၊ ပြုပြင်ရန် သို့မဟုတ် ဖျက်ရန် ညွှန်ကြားချက်ကို လိုက်နာခြင်းမပြုဘဲ ဗီဒီယိုတိပ်ခွေကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်း ခြင်း သို့မဟုတ် ပြသခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(ဃ) ပြည်ပမှ တင်သွင်းလာသော သို့မဟုတ် ယူဆောင်လာသော ဗီဒီယို တိပ်ခွေကို ဗီဒီယိုဆင်ဆာလက်မှတ်မရှိဘဲ အများပြည်သူအား ပြသခြင်း၊

(င) မိသားစုကြည့်ရှုရန်သာ ခွင့်ပြုသည့် ပြည်ပမှ တင်သွင်းလာသော သို့မဟုတ် ယူဆောင်လာသော ဗီဒီယို တိပ်ခွေကို အများပြည်သူအား ပြသခြင်း၊

**ပုဒ်မ ၃၃။** မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ထုတ်လွှင့်သော ရုပ်မြင်သံကြားအစီအစဉ်ကို စီးပွားရေးအလို့ငှာ ကူးယူ၍ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း၊

(ခ) ဗီဒီယိုထုတ်လုပ်ခြင်း သို့မဟုတ် ဗီဒီယိုတိပ်ခွေဖြန့်ချိခြင်းလုပ်ငန်းလိုင်စင် ရရှိသူ၏ ခွင့်ပြုချက်မရရှိဘဲ ဗီဒီယိုဆင်ဆာလက်မှတ်ရရှိပြီးသော ဗီဒီယိုတိပ်ခွေကို စီးပွားရေးအလို့ငှာ ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း၊

**ပုဒ်မ ၃၄။** မည်သည့် ဗီဒီယိုလုပ်ငန်းလိုင်စင် ရရှိသူမဆို မိမိရရှိထားသော ဗီဒီယိုလုပ်ငန်းလိုင်စင် အမျိုးအစားမှအပ အခြား ဗီဒီယိုလုပ်ငန်း အမျိုးအစားကို လုပ်ကိုင်လျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

**ပုဒ်မ ၃၅။** မည်သည့် ဗီဒီယိုလုပ်ငန်းလိုင်စင် ရရှိသူမဆို မိမိရရှိထားသော ဗီဒီယိုလုပ်ငန်းလိုင်စင်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းလုပ်ကိုင်စေလျှင် ထိုသူကို ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၃၆။** မည်သူမဆို ဤဥပဒေအရ ပြန်ကြားရေးဝန်ကြီးဌာနကဖြစ်စေ၊ ဗီဒီယို ဆင်ဆာအဖွဲ့ကဖြစ်စေ၊ ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီကဖြစ်စေ ထုတ်ပြန်ထားသော အမိန့် သို့မဟုတ် ညွှန်ကြားချက်ကို လိုက်နာရန်ပျက်ကွက် ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## ၃၃။ <u>ကျောက်မျက်ရတနာကိစ္စ။</u>

**ဥပဒေ။** မြန်မာ့ကျောက်မျက်ရတနာဥပဒေ။
(ဥပဒေအမှတ် ၈/၁၉၉၅)

### ပြစ်မှုနှင့်ပြစ်ဒဏ်များ

**ပုဒ်မ ၃၉။** မည်သူမဆို ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက် ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ ပြည်ပသို့ တရားဝင် ထုတ်ဆောင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်း ဆုံး ၁၀ နှစ်မှ အများဆုံး တစ်သက်တစ်ကျွန်းဒဏ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ် လည်း ချမှတ်နိုင်သည်။

**ပုဒ်မ ၄၀။** ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်း၏ ဒါရိုက်တာတစ်ဦး ဦးကဖြစ်စေ၊ ယင်းကုမ္ပဏီ သို့မဟုတ် အသင်း၏ကိုယ်စား စီမံအုပ်ချုပ်သူကဖြစ်စေ၊ ဖော်ထုတ်လုပ်ကွက်ကို လုပ်ကိုင်ခွင့်ရှိသူကဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ် ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်း ဆုံး ၇ နှစ်မှ အများဆုံး ၁၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ် နိုင်သည် -

(က) လုပ်ကိုင်ခွင့်ရရှိသော ကျောက်မျက်ရတနာလုပ်ကွက်မှတစ်ပါး အခြား လုပ်ကွက် သို့မဟုတ် နေရာတွင် ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း၊

(ခ) ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် အမှန်တကယ် ထုတ်လုပ်ရရှိသော ကျောက် မျက်ရတနာအရိုင်းကို မှတ်ပုံမတင်ဘဲ အခြား ကျောက်မျက်ရတနာ အရိုင်းဖြင့် လဲလှယ်၍ မှတ်ပုံတင်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၄၁။** မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ၇ နှစ်မှ အများဆုံး ၁၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုမိန့် မရရှိဘဲ လုပ်ကိုင်ခြင်း၊

(ခ) ကျောက်မျက်ရတနာအရိုင်းကို ခွင့်ပြုချက်မရှိဘဲ ရှာဖွေခြင်း သို့မဟုတ် စမ်းသပ်တိုင်းတာခြင်း၊

**ပုဒ်မ ၄၂။** မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ၁ နှစ်မှ အများဆုံး ၇ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ကျောက်မျက်ရတနာအရိုင်းကို တရားမဝင် လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

(ခ) ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ -

(၁) လိုင်စင်မရှိဘဲ ဆိုင်ခန်းဖွင့်လှစ်၍ နိုင်ငံခြားငွေဖြင့် ရောင်းချခြင်း၊

(၂) နိုင်ငံခြားငွေဖြင့် ရောင်းချရာ၌ သတ်မှတ်ချက်များနှင့်အညီ ရတနာခွန်ပေးဆောင်ရန် ပျက်ကွက်ခြင်း။

**ပုဒ်မ ၄၃။** ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်း၏ ဒါရိုက်တာတစ်ဦးဦးကဖြစ်စေ၊ ယင်းကုမ္ပဏီ သို့မဟုတ် အသင်း၏ကိုယ်စား စီမံအုပ်ချုပ်သူကဖြစ်စေ၊ ဖော်ထုတ်လုပ်ကွက်ကို လုပ်ကိုင်ခွင့်ရှိသူကဖြစ်စေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(စ)နှင့် စပ်လျဉ်းသည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၄၃။** မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်းပြုလျှင် သို့မဟုတ် ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ရာတွင်

www.burmeseclassic.com

www.burmeseclassic.com



အားပေးကူညီခြင်းပြုလျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

**ပုဒ်မ ၄၅။** တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့်ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုနှင့်သက်ဆိုင်သော ကျောက်မျက်ရတနာ၊ လက်ဝတ်ရတနာနှင့် ငွေကြေးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်၊

(ခ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြား စက်ပစ္စည်းကိရိယာ တန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

## ၃၄။ <u>ပုလဲလုပ်ငန်းကိစ္စ။</u>

**ဥပဒေ။** မြန်မာ့ပုလဲလုပ်ငန်းဥပဒေ။
(ဥပဒေအမှတ် ၁/၁၉၉၅)

### ပြစ်မှုနှင့်ပြစ်ဒဏ်များ

**ပုဒ်မ ၂၅။** မည်သူမဆို ခွင့်ပြုမိန့်မရရှိဘဲ အောက်ပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၇ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) မုတ်ကောင်ဖမ်းဆီးစုဆောင်းခြင်း၊
(ခ) မုတ်ကောင် သားဖောက်မွေးမြူခြင်း၊
(ဂ) မုတ်ကောင် ပြုစုစောင့်ရှောက်ခြင်း၊
(ဃ) ပုလဲမွေးမြူခြင်း၊
(င) ပုလဲဖော်ယူခြင်း၊
(စ) မုတ်ခွံရောင်းချခြင်း၊

**ပုဒ်မ ၂၆။** မည်သူမဆို မှတ်ပုံတင်လက်မှတ်မရရှိဘဲ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်

www.burmeseclassic.com

www.burmeseclassic.com



၁နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ရေယာဉ်ကို မှတ်ကောင်ငုပ်ရေယာဉ်အဖြစ် အသုံးပြုခြင်း၊

(ခ) ပုလဲမွေးမြူရေး ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ခြင်း၊

**ပုဒ်မ ၂၇။** မည်သူမဆို ပုဒ်မ ၁၃၊ပုဒ်မခွဲ(က)အရသတ်မှတ်ထားသည့် မှတ်ကောင်ငုပ်ကွက်အတွင်း အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ရေအောက်ကြမ်းပြင်တွင် ချွန်ထက်သော အသွားများ၊ ချိတ်များ၊ ထွန်ခြစ်များပါသော ငါးဖမ်းကိရိယာ တစ်မျိုးမျိုးကို အသုံးပြု၍ မြေထိုးဖွ ငါးဖမ်းခြင်း၊

(ခ) ရေယာဉ်ပေါ်မှ ချောဆီ၊ လောင်စာဆီ သို့မဟုတ် ရေထုညစ်ညမ်းစေမည့် အခြားအညစ်အကြေးများကို ထုတ်ပစ်ခြင်း၊ စွန့်ပစ်ခြင်း၊ ယိုဖိတ်ခြင်း သို့မဟုတ် ပြန့်လွင့်စေခြင်း၊

**ပုဒ်မ ၂၈။** မည်သူမဆို ပုဒ်မ ၁၃၊ပုဒ်မခွဲ(က)အရသတ်မှတ်ထားသည့် မှတ်ကောင်ငုပ်ကွက်အတွင်း အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁၀ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ပေါက်ကွဲစေတတ်သော ပစ္စည်း၊ အဆိပ်အတောက်၊ ဓာတုပစ္စည်း သို့မဟုတ် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေတတ်သော အခြားပစ္စည်းများကို သုံးစွဲခြင်း၊

(ခ) ပုဒ်မခွဲ(က)ပါ ပစ္စည်းများကို ရေယာဉ်ပေါ်တွင် တင်ဆောင်ထားရှိခြင်း၊

**ပုဒ်မ ၂၉။** မည်သူမဆို စစ်ဆေးရေးအရာရှိက တာဝန်အရ စစ်ဆေးနေစဉ် မှတ်ကောင်၊ ရေငုပ်ကိရိယာ သို့မဟုတ် ပြစ်မှုနှင့်သက်ဆိုင်သော အခြားပစ္စည်း တစ်စုံတစ်ရာကို ကွယ်ဝှက်ကြောင်း သို့မဟုတ် စစ်ဆေးရေးအရာရှိ၏ ခွင့်ပြုချက်မရရှိဘဲ စွန့်ပစ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၃၀။** မည်သည့်ပြည်သူ့ဝန်ထမ်းမဆို ဤဥပဒေအရ မိမိအား အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၇ နှစ်အထိ ချမှတ်ရမည် -

(က) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူကို အရေးမယူဘဲ ထိမ်ချန်ခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းကို ဖျောက်ဖျက်ခြင်း၊ မသမာသောနည်းဖြင့် ပြောင်းလဲခြင်း၊ အစားထိုးခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်း၊

**ပုဒ်မ ၃၁။** မည်သူမဆို ပုဒ်မ ၁၅ အရ ထုတ်ပြန်သော တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၃၂။** တရားရုံးသည် ဤဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသူအား ငွေဒဏ်ချမှတ်ရာတွင် တရားခံသည် နိုင်ငံခြားသားဖြစ်ပါက မြန်မာငွေနှင့်ညီမျှသော အစိုးရက သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်စေရမည်။

**ပုဒ်မ ၃၃။** တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



## ၃၅။ ကူးစက်ရောဂါကာကွယ်ရေးကိစ္စ။

**ဥပဒေ။** ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ။
(ဥပဒေအမှတ် ၁/၁၉၉၅)

### ကြိုတင်ကာကွယ်ခြင်း

**ပုဒ်မ ၃။** ကျန်းမာရေးဦးစီးဌာနသည် ကူးစက်ရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် အောက်ပါလုပ်ငန်းစီမံကိန်းများ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည် -

(က) ကလေးသူငယ်များအား ကာကွယ်ဆေးထိုးခြင်း၊ ကာကွယ်ဆေးတိုက်ကျွေးခြင်း၊

(ခ) လိုအပ်ပါက အရွယ်ရောက်သူများကိုပါ ကာကွယ်ဆေးထိုးခြင်း၊ ကာကွယ်ဆေးတိုက်ကျွေးခြင်း၊

(ဂ) ကူးစက်ရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

**ပုဒ်မ ၄။** အဓိက ကူးစက်မြန်ရောဂါ သို့မဟုတ် တိုင်ကြားရမည့်ရောဂါ ဖြစ်ပွားသည့်အခါ -

(က) ကျန်းမာရေးဦးစီးဌာနသည် ရောဂါကူးစက်ပျံ့နှံ့မှုကို နှိမ်နင်းရန် အများပြည်သူတို့အား ကာကွယ်ခြင်းနှင့် အခြားလိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း ပြုရမည်၊

(ခ) အများပြည်သူတို့သည် ပုဒ်မခွဲ(က)အရ ကျန်းမာရေးဦးစီးဌာန၏ ဆောင်ရွက်ချက်ကို လိုက်နာရမည်။

### အသွားအလာ တားမြစ်ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်း

**ပုဒ်မ ၁၄။** ကျန်းမာရေးဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် အရာရှိသည် အောက်ပါကိစ္စရပ်များအတွက် တားမြစ်ပိတ်ပင်သည့် သို့မဟုတ် ကန့်သတ်သည့်အမိန့် ထုတ်ပြန်နိုင်သည် -

(က) အဓိက ကူးစက်မြန်ရောဂါ ဖြစ်ပွားနေသူအား အိမ်မှ ထွက်ခွာသွားလာခွင့်၊

www.burmeseclassic.com

www.burmeseclassic.com



(ခ) အဓိက ကူးစက်မြန်ရောဂါ ဖြစ်ပွားရာနေအိမ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် မြို့နယ်အတွင်းရှိသူများကို ပြင်ပသို့ ထွက်ခွာသွားလာခွင့်၊
(ဂ) ပြင်ပမှလူများအား အဓိက ကူးစက်မြန်ရောဂါ ဖြစ်ပွားရာနေအိမ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် မြို့နယ်အတွင်းသို့ ဝင်ရောက်ခွင့်၊
(ဃ) မီးရထား၊ မော်တော်ယာဉ်၊ လေယာဉ်၊ ရေယာဉ် သို့မဟုတ် အခြားယာဉ်တစ်မျိုးမျိုးဖြင့် ရောက်ရှိလာသူများအနက် အဓိကကူးစက်မြန်ရောဂါ ဖြစ်ပွားနေသူပါရှိလာပါက ယင်းရောဂါ ဖြစ်ပွားနေသူအား ကျန်းမာရေးစစ်ဆေးရန်အလို့ငှာ သီးခြားထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သောအချိန်အထိ ပြင်ပသို့ ထွက်ခွာသွားလာခွင့်၊

## ပြစ်ဒဏ်များ

**ပုဒ်မ ၁၅။** မည်သူမဆို ပုဒ်မ ၄ ပုဒ်မခွဲ(က)အရ ကျန်းမာရေးဦးစီးဌာန၏ ဆောင်ရွက်ချက် တစ်စုံတစ်ရာကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၁၀၀၀ အထိ ချမှတ်ရမည်။

**ပုဒ်မ ၁၆။** မည်သူမဆို ပုဒ်မ ၅ ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲ(ဈ) သို့မဟုတ် ပုဒ်မခွဲ(ည) အရ ကျန်းမာရေးအရာရှိ၏ ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၆ လ အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၁၇။** အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင် တစ်ဦးဦးသည် ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်ကိုဖြစ်စေ၊ တိုင်းရင်းဆေးဆရာ၊ ကျန်းမာရေးမှူး သို့မဟုတ် ဆရာဝန် တစ်ဦးဦးသည် ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်ကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၁ လ အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၁၈။** မည်သူမဆို ပုဒ်မ ၁၄ အရ သက်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် အရာရှိက ထုတ်ပြန်သော တားမြစ်ပိတ်ပင်သည့် သို့မဟုတ် ကန့်သတ်သည့် အမိန့်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား

www.burmeseclassic.com

www.burmeseclassic.com



ထောင်ဒဏ် ၆ လ အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## ၃၆။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကိစ္စ။

**ဥပဒေ။** တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ။
(ဥပဒေအမှတ် ၆/၁၉၉၄)

### ပြစ်မှုနှင့်ပြစ်ဒဏ်များ

**ပုဒ်မ ၃၅။** မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) လိုင်စင်မရှိဘဲ အမဲလိုက်ခြင်း၊
(ခ) အမဲလိုက်ခွင့်လိုင်စင် စည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း၊
(ဂ) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ မွေးမြူခြင်း၊
(ဃ) သဘာဝနယ်မြေအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာ ပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခပ်ခြင်း၊
(င) သဘာဝနယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊
(စ) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို လုပ်ငန်းလိုင်စင်မရှိဘဲ တည်ထောင်လုပ်ကိုင်ခြင်း၊

**ပုဒ်မ ၃၆။** မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်း

www.burmeseclassic.com

www.burmeseclassic.com



တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(ခ) ကာကွယ်ထားသည့် သဘာဝအပင်တစ်မျိုးမျိုးကို သတ်မှတ်ထားသည့် နေရာဒေသအတွင်း ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊

(ဂ) သဘာဝနယ်မြေ နယ်နိမိတ်အမှတ်အသား တစ်ခုခုကိုဖြစ်စေ၊ အစိုးရက စီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရက အစုရှယ်ယာ မ,တည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၏ နယ်နိမိတ် အမှတ်အသား တစ်ခုခုကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဌာန်ပျက်စေရန် ပြုလုပ်ခြင်း၊

**ပုဒ်မ ၃၇။** မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၇ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(ခ) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ကာကွယ်ထားသည့် သဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၏ ထောက်ခံချက်မပါဘဲ ပြည်ပသို့တင်ပို့ခြင်း၊

**ပုဒ်မ ၃၈။** ပုဒ်မ ၃၆ ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မ ၃၇ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်သည် -

(က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် သို့မဟုတ် ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို အမှတ်တရပစ္စည်းအဖြစ်လည်းကောင်း၊ ရိုးရာဓလေ့ ထုံးစံအရ လည်း

www.burmeseclassic.com



ကောင်း လက်ဝယ်ထားခြင်း သို့မဟုတ် ဝတ်စားဆင်ယင်ခြင်းနှင့် မသက်ဆိုင်စေရ၊

(ခ) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို ပုဒ်မ ၂၇ ပုဒ်မခွဲ(ခ)အရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ဖြင့် လက်ဝယ်ထားရှိခြင်း သို့မဟုတ် ဝတ်စားဆင်ယင်ခြင်းနှင့် မသက်ဆိုင်စေရ။

(ဂ) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းဖြင့် ဖော်စပ်ပြီးသော ဆေးဝါးကို လက်ဝယ်ထားခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းနှင့် မသက်ဆိုင်စေရ။

**ပုဒ်မ ၃၉။** တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုကျူးလွန်သူကြောင့် သစ်တောဦးစီးဌာန၏ ပစ္စည်းဆုံးရှုံးမှုတန်ဖိုးကို သစ်တောဦးစီးဌာနသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ပြစ်မှုနှင့်သက်ဆိုင်သော တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ အစိတ်အပိုင်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်၊

(ဂ) ပြစ်မှုနှင့်သက်ဆိုင်သည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားပစ္စည်းကိရိယာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

## ၃၇။ <u>ဓာတ်သတ္တုလုပ်ငန်းကိစ္စ။</u>

**ဥပဒေ။** မြန်မာ့သတ္တုတွင်း ဥပဒေ။
(ဥပဒေအမှတ် ၈/၁၉၉၄)

### တားမြစ်ချက်ထုတ်ပြန်ခြင်း

**ပုဒ်မ ၂၉။** ဝန်ကြီးဌာနသည် ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းမှ ထွက်ရှိသည့် ဓာတ်သတ္တုများကို ဝယ်ယူခြင်း၊ ရယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းပေးခြင်းတို့နှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တားမြစ်ချက်များ ထုတ်ပြန်နိုင်သည်။

### ပြစ်မှုနှင့်ပြစ်ဒဏ်များ

**ပုဒ်မ ၃၀။** မည်သူမဆို ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်မရရှိဘဲ အောက်ပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၇ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ကျောက်မျက်ရတနာရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း၊

(ခ) သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း၊

(ဂ) စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း၊

(ဃ) ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း၊

**ပုဒ်မ ၃၁။** မည်သူမဆို ပုဒ်မ ၂၉ အရ ထုတ်ပြန်သော တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၂၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၃၂။** ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ ၁၃ နှင့်စပ်လျဉ်းသည့် နည်းဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင် ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၃၃။** မည်သူမဆို ဤဥပဒေအရ သတ်မှတ်ထားသည့် ဓာတ်သတ္တုကန့်သတ်နယ်မြေ သို့မဟုတ် ရတနာမြေအတွင်း ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ကျူးကျော်ဝင်ရောက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၆ လ အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၃၄။** တရားရုံးသည် ပုဒ်မ ၃၀ သို့မဟုတ် ပုဒ်မ ၃၁ အရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာ ပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုနှင့်သက်ဆိုင်သော ဓာတ်သတ္တုကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

(ခ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြား စက်ပစ္စည်း ကိရိယာတန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

## ၃၈။ <u>**စာရင်းကိုင်လုပ်ငန်းကိစ္စ။**</u>

**ဥပဒေ။** မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေ။
(ဥပဒေအမှတ် ၁/၁၉၉၄)

### တားမြစ်ချက်များ

**ပုဒ်မ ၂၇။** မည်သူမျှ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်မရှိဘဲ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ သို့မဟုတ် ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီတွင် စာရင်းစစ်အဖြစ် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

**ပုဒ်မ ၂၈။** ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်ကို ကာလသတ်မှတ်၍ ရပ်သိမ်းခြင်းခံရသူ သို့မဟုတ် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်ကို ပယ်ဖျက်ခြင်းခံရသူသည် စည်းကမ်းထိန်းသိမ်းရေးကော်မတီက အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်ကို ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်းမရှိစေရ။

**ပုဒ်မ ၂၉။** ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူသည် မည်သည့် စာရင်း၊ ဖော်ပြချက်၊ ကြေညာချက်၊ ရှင်းတမ်း၊ အစီရင်ခံစာ၊ ငွေစာရင်းစာအုပ်၊ လက်မှတ် သို့မဟုတ် ပုံစံတွင်မဆို မဟုတ်မမှန်သည့်အချက်ကို သိလျက်နှင့် ထည့်သွင်းဖော်ပြခြင်း မပြုရ။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၃၀။** ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိလုပ်ငန်း၏ အစုစပ်ဝင်ကသော်လည်းကောင်း၊ မိမိ၏ ဝန်ထမ်းကသော်လည်းကောင်း ကြီးကြပ်ကွပ်ကဲ၍ ပြည့်စုံစွာ စစ်ဆေးထားခြင်းမရှိသော လက်ကျန်ရှင်းတမ်း၊ အရှုံးအမြတ်စာရင်း သို့မဟုတ် မည်သည့်စာရင်းဇယားကိုမျှ အတည်ပြုမပေးရ သို့မဟုတ် မိမိကိုယ်စား လက်မှတ်ရေးထိုးခွင့်မပြုရ။

**ပြစ်ဒဏ်များ**

**ပုဒ်မ ၃၁။** မည်သူမဆို ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၃၂။** မည်သူမဆို ပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၅၀၀၀ အထိ ချမှတ်ရမည်။

**ပုဒ်မ ၃၃။** မည်သူမဆို ပုဒ်မ ၂၉ သို့မဟုတ် ပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## ၃၉။ <u>ကလေးသူငယ်ကိစ္စ။</u>

**ဥပဒေ။** ကလေးသူငယ် ဥပဒေ။
(ဥပဒေအမှတ် ၉/၁၉၉၃)

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

**ပုဒ်မ ၆၅။** မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

www.burmeseclassic.com

www.burmeseclassic.com



(က) ကလေးသူငယ်အား အသက်ဘေးအန္တရာယ် ဖြစ်စေနိုင်သော သို့မဟုတ် ရောဂါဝေဒနာ စွဲကပ်စေနိုင်သော သို့မဟုတ် အကျင့်စာရိတ္တ ပျက်ပြားစေနိုင်သော အလုပ်ကို ခိုင်းစေခြင်း သို့မဟုတ် လုပ်ကိုင်ခွင့်ပြုခြင်း၊

(ခ) အရက်ကို သီးသန့်ရောင်းချသောနေရာသို့ ကလေးသူငယ်အား ခေါ်ဆောင်သွားခြင်း သို့မဟုတ် ဝင်ရောက်ခွင့်ပေးခြင်း၊ ကလေးသူငယ်အား အရက်ဝယ်ခိုင်းခြင်း၊ အရက်ရောင်းချခြင်း၊ အရက်သောက်ရန် ခွင့်ပြုခြင်း၊ အရက်ရောင်းဝယ်သည့်လုပ်ငန်းတွင် အလုပ်ခိုင်းစေခြင်း သို့မဟုတ် အလုပ်လုပ်ခွင့်ပြုခြင်း၊

(ဂ) ကလေးသူငယ်အား လောင်းကစားရန် တိုက်တွန်းခြင်း၊ သွေးဆောင်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊

(ဃ) ကလေးသူငယ်ထံမှ ပစ္စည်းတစ်စုံတစ်ရာကို အပေါင်ခံခြင်း၊ ကလေးသူငယ် ပစ္စည်းပေါင်နှံသည်ကို တစ်နည်းနည်းဖြင့် အားပေးကူညီခြင်း၊

(င) ကောင်းသော အသက်မွေးဝမ်းကျောင်းအဖြစ်ဖြင့် ဈေးရောင်းသူ ကလေးသူငယ်ထံမှ ပစ္စည်းဝယ်ယူခြင်းမှတစ်ပါး ကလေးသူငယ် ရောင်းချသည့် ပစ္စည်းတစ်ခုခုကို ဝယ်ယူခြင်း၊

(စ) ကလေးသူငယ်တစ်ဦးအား သင်တန်းကျောင်း၊ ဂေဟာ၊ ယာယီစောင့်ရှောက်ရေးစခန်း သို့မဟုတ် စောင့်ရှောက်သူထံမှ ထွက်ပြေးရန် သွေးဆောင်ဖြားယောင်းခြင်း၊ ထွက်ပြေးရာတွင် အားပေးကူညီခြင်း၊ ထွက်ပြေးလာသည်ကို သိလျက်နှင့် လက်သင့်ခံခြင်း၊ ဝှက်ထားခြင်း သို့မဟုတ် မူလနေရာသို့ ပြန်မသွားစေရန် တားမြစ်ခြင်း။

**ပုဒ်မ ၆၆။** မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) မိမိအုပ်ထိန်းမှုအောက်ရှိ အသက် ၁၆နှစ်မပြည့်သေးသော မိန်းကလေးသည် ပြည့်တန်ဆာအဖြစ် အသက်မွေးဝမ်းကျောင်းပြုနေသည်ကို သိလျက်နှင့် တမင်လျစ်လျူရှုထားခြင်း၊

(ခ) မိမိအုပ်ထိန်းမှုအောက်ရှိ ကလေးသူငယ်အား ပြည့်တန်ဆာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူနှင့်အတူ နေထိုင်စေရန် သို့မ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ် ပေါင်းသင်းသွားလာစေရန် ခွင့်ပြုခြင်း၊

(ဂ) မိမိကိုယ်ကျိုးစီးပွားအတွက် ကလေးသူငယ်အား တောင်းရမ်းခိုင်းခြင်း၊ မိမိအုပ်ထိန်းမှုအောက်ရှိ ကလေးသူငယ် တောင်းရမ်းစားသောက်နေသည်ကို တားမြစ်ရန်ပျက်ကွက်ခြင်း၊ မိမိက တောင်းရမ်းစားသောက်ရာတွင် ကလေးသူငယ်ကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊

(ဃ) မိဘ၊ ဆရာ သို့မဟုတ် အုပ်ထိန်းခွင့်ရှိသူက လိမ္မာစေရန် ဆုံးမခြင်းမျိုးမှတစ်ပါး ကလေးသူငယ်အား တမင်နှိပ်စက်ညှဉ်းပန်းခြင်း၊

(င) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ် သို့မဟုတ် မှုခင်းတစ်ရပ်ရပ်တွင် သက်သေအဖြစ်ပါဝင်သော ကလေးသူငယ်သည် မည်သူမည်ဝါဖြစ်ကြောင်း သိသာထင်ရှားစေနိုင်သော သတင်းအချက်အလက်များကို သက်ဆိုင်ရာ ကလေးသူငယ်တရားရုံး၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ရေဒီယို၊ ရုပ်ရှင်၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ် သို့မဟုတ် စာစောင်တွင် ထည့်သွင်းဖော်ပြခြင်း၊ ကြေညာခြင်း၊ ကလေးသူငယ်၏ ဓာတ်ပုံကို ဖော်ပြခြင်း၊ အသုံးပြုခြင်း၊

(စ) ကလေးသူငယ်အား ညစ်ညမ်းသော ရုပ်ရှင်၊ ဗီဒီယို၊ ရုပ်မြင်သံကြား သို့မဟုတ် ဓာတ်ပုံရိုက်ကူးခြင်း။

## ၄၀။ <u>အပင်ပိုးမွှား ကာကွယ်သည့်ကိစ္စ။</u>

**ဥပဒေ။** အပင်ပိုးမွှား ကာကွယ်သည့် ဥပဒေ။
(ဥပဒေအမှတ် ၈/၁၉၉၃)

### တားမြစ်ချက်နှင့်စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်

**ပုဒ်မ ၁၁။** မည်သူမျှ တင်သွင်းသည့်ထောက်ခံချက်လက်မှတ် မရရှိဘဲ အပင်၊ အပင်ထွက်ပစ္စည်း၊ ပိုးမွှား၊ အကျိုးပြုသက်ရှိ သို့မဟုတ် မြေကြီးကို ပြည်ပမှပြည်တွင်းသို့ တင်သွင်းခြင်းမပြုရ။

**ပုဒ်မ ၁၂။** မည်သူမျှ အပင်၊ အပင်ထွက်ပစ္စည်း၊ ပိုးမွှား၊ အကျိုးပြုသက်ရှိ သို့မဟုတ် မြေကြီးကို တင်သွင်းခွင့်ထောက်ခံချက်လက်မှတ်အရ မှာယူတင်သွင်း

www.burmeseclassic.com

www.burmeseclassic.com



လာသည့်အခါတွင်ဖြစ်စေ၊ ပြည်ပမှ မိမိနှင့်တစ်ပါတည်း ယူဆောင်လာသည့်အခါ တွင်ဖြစ်စေ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ စစ်ဆေးမှုနှင့် ကြီးကြပ်မှုကို ခံယူရန် ပျက်ကွက်ခြင်းမရှိစေရ။

**ပုဒ်မ ၁၃။** အပင်ထွက်မဟုတ်သောပစ္စည်းကို ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းသူ သည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ စစ်မေးမှုကို ခံယူရန် ပျက်ကွက်ခြင်းမရှိစေရ။

**ပုဒ်မ ၁၄။** မည်သူမျှ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ထိန်းချုပ်ပိုးမွှား ကျရောက် နေကြောင်း ကြေညာထားသည့် အပင်၊ အပင်ထွက်ပစ္စည်း၊ ပိုးမွှား၊ အကျိုးပြုသက်ရှိ သို့မဟုတ် မြေကြီးကို သိလျက်နှင့် ပြည်တွင်းတစ်နေရာမှ တစ်နေရာသို့ သယ်ယူ ခြင်း၊ ပို့ဆောင်ခြင်း မပြုရ။

**ပုဒ်မ ၁၅။** မည်သူမျှ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

**ပုဒ်မ ၁၆။** ပုဒ်မ ၁၁ သို့မဟုတ် ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက် ဖျက်ကျူးလွန်သူသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရ မည် -

(က) ပထမအကြိမ် ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀ အထိ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ခ) ထပ်မံကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း။

**ပုဒ်မ ၁၇။** ပုဒ်မ ၁၃၊ ပုဒ်မ ၁၄ သို့မဟုတ် ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက် ဖျက်ကျူးလွန်သူသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရ မည် -

(က) ပထမအကြိမ် ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀ အထိ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ခ) ထပ်မံကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ် ၃၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀ အထိ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



## ၄၁။ မူးယစ်ဆေးဝါး ကိစ္စ။

**ဥပဒေ။** မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေ။
(ဥပဒေအမှတ် ၁/၁၉၉၃)

### ပြစ်မှုနှင့်ပြစ်ဒဏ်များ

**ပုဒ်မ ၁၅။** ဆေးဝါးသုံးစွဲသူသည် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သည့် ဌာန သို့မဟုတ် ဤကိစ္စအလို့ငှာ အစိုးရက အသိအမှတ်ပြုထားသည့် ဆေးကုဂေဟာတွင် မှတ်ပုံတင်ရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ဆေးကုသရေးအတွက် ကျန်းမာရေးဝန်ကြီး ဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ဖြစ်စေ ထောင်ဒဏ် အနည်းဆုံး ၃ နှစ်မှ အများဆုံး ၅ နှစ်ထိ ချမှတ်ခြင်းခံရမည်။

**ပုဒ်မ ၁၆။** မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၅ နှစ်မှ အများဆုံး ၁၀ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ဘိန်းပင်၊ ကိုကားပင်၊ ဆေးခြောက်ပင်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မူးယစ်ဆေးဝါးဖြစ်သည်ဟု ကြေညာ ထားသည့် အပင်တစ်မျိုးမျိုးကို စိုက်ပျိုးခြင်း၊

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ မူးယစ် ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကို ထုတ်လုပ် ရာ၌ အသုံးပြုသည့်ပစ္စည်းဖြစ်သည်ဟု ကြေညာထားသည့် ပစ္စည်း ကိရိယာများ၊ ဓာတုဗေဒပစ္စည်းများကို ဤဥပဒေအရ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊

(ဂ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို လက် ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်း ပေးခြင်း၊

(ဃ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကို ဥပဒေ နှင့်အညီ ခွင့်ပြုချက်ဖြင့် လက်ဝယ်ထားရှိသူက ခွင့်ပြုချက်မရှိသူအား လွှဲပြောင်းပေးခြင်း၊

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



(င) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို အလွဲသုံးစေရန် လှုံ့ဆော်ခြင်း၊ သွေးဆောင်ခြင်း၊ လှည့်ဖြားခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း၊

(စ) ဤဥပဒေအရ သိမ်းဆည်းထားသော သို့မဟုတ် ဝရမ်းကပ်ထားသော ပစ္စည်းကို အလွဲသုံးစားပြုခြင်း၊ ဖျောက်ဖျက်ခြင်း၊ ဖျက်ဆီးခြင်း၊ ရွှေ့ပြောင်းခြင်း၊ လွှဲပြောင်းခြင်း။

**ပုဒ်မ ၁၇။** ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူသည် ဤဥပဒေအရ ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေကြေး၊ ပစ္စည်း၊ အကျိုးအမြတ်များနှင့် စပ်လျဉ်း၍ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၅ နှစ်မှ အများဆုံး ၁၀ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ပြစ်မှုကျူးလွန်သူအား အရေးယူခြင်းမပြုနိုင်စေရန် စာရင်းလွှဲပြောင်းခြင်း၊ သက်ဆိုင်သည့် ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း၊

(ခ) ပုဒ်မ ၆၊ ပုဒ်မခွဲ (ဈ)အရ ဗဟိုအဖွဲ့က ထုတ်ဆင့်သော အမိန့်နှင့်အညီ ရှာဖွေသိမ်းဆည်းပိုင်ခွင့်ရှိသူအား သက်ဆိုင်သည့် ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်၊ သက်သေခံပစ္စည်း သိမ်းဆည်းခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(ဂ) ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများ၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ငွေကြေး၊ ပစ္စည်း၊ အကျိုးအမြတ်များအား ဗဟိုအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ တရားရုံး၏ ခွင့်ပြုချက်မရရှိဘဲ ထုတ်ပေးခြင်း၊ လွှဲပြောင်းပေးခြင်း။

**ပုဒ်မ ၁၈။** ဤဥပဒေအရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း ပြုလုပ်ပိုင်ခွင့်ရှိသူသည် အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၅ နှစ်မှ အများဆုံး ၁၀ နှစ်အထိ ချမှတ်ရမည့် အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

www.burmeseclassic.com

www.burmeseclassic.com



(က) မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ တံစိုးလက်ဆောင်အဖြစ် ငွေကြေး၊ ပစ္စည်း တစ်စုံတစ်ရာကို တောင်းခံခြင်း၊ လက်ခံရယူခြင်း၊

(ခ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကို ဥပဒေနှင့်မညီဘဲ လက်ခံရယူခြင်း၊

(ဂ) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း၊ ပြစ်မှုကျူးလွန်သူအား အရေးမယူဘဲ ထိမ်ချန်ခြင်း၊

(ဃ) ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းကို ဖျောက်ဖျက်ခြင်း၊ မသမာသောနည်းဖြင့် ပြောင်းလဲခြင်း၊ အစားထိုးခြင်း၊ ရောစပ်ခြင်း၊ ပစ္စည်း၏ အလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက်ကို မမှန်မကန်ဖော်ပြခြင်း။

**ပုဒ်မ ၁၉။** မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၁၀ နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်အထိ ချမှတ်ရမည် -

(က) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်း၊

(ခ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကို ရောင်းချရန် ကမ်းလှမ်းခြင်း၊ သဘောတူခြင်း သို့မဟုတ် ရောင်းဝယ်ရန် ဆက်သွယ်ခြင်း၊

(ဂ) ဤဥပဒေပါ ပြစ်မှုတစ်ခုခု ကျူးလွန်ရာမှ ရရှိလာသော ငွေကြေး၊ ပစ္စည်း၊ အကျိုးအမြတ်များနှင့် စပ်လျဉ်း၍ အရေးယူခြင်း မပြုနိုင်စေရန် ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊

(ဃ) ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေကြေး၊ ပစ္စည်း၊ အကျိုးအမြတ်များကို တရားဝင်အသွင်သို့ ရောက်ရှိစေရန် လွှဲပြောင်းခြင်း၊ အသွင်ပြောင်းလဲခြင်း။

**ပုဒ်မ ၂၀။** မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၁၅ နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည် -

www.burmeseclassic.com

www.burmeseclassic.com



(က) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊

(ခ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ယင်းသို့ တင်သွင်းခြင်း၊ တင်ပို့ခြင်းပြုလုပ်ရန် ဆက်သွယ်ခြင်း။

**ပုဒ်မ ၂၁။** မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ စည်းရုံးခြင်း၊ စီမံခန့်ခွဲခြင်း၊ ငွေကြေးထောက်ပံ့ခြင်းပြုလျှင် ဖြစ်စေ၊ ပြစ်မှုတစ်ခုခု ကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုလျှင်ဖြစ်စေ ယင်း ပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ် ချမှတ်ခြင်းခံရမည်။

**ပုဒ်မ ၂၂။** ပုဒ်မ ၁၆ မှ ပုဒ်မ ၂၁ အထိ ပြဋ္ဌာန်းထားသော ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ရာတွင် အောက်ပါ အကြောင်းခြင်းရာ တစ်ရပ်ရပ်ဖြင့် ကျူးလွန်ခြင်းဖြစ်လျှင် ပြစ်မှုကျူးလွန်သူသည် ထိုကျူးလွန်သော ပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည် -

(က) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးမှုခင်းများ ကျူးလွန်သည့် ပြည်တွင်းပြည်ပဂိုဏ်း၊ အုပ်စု၏ အဖွဲ့ဝင်ဖြစ်ခြင်း သို့မဟုတ် ထိုဂိုဏ်း၊ အုပ်စုများနှင့် ဆက်သွယ်ပြီး ပါဝင်ကျူးလွန်ခြင်း၊

(ခ) လက်နက် သို့မဟုတ် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ကိုင်တွယ်အသုံးပြု၍ ကျူးလွန်ခြင်း၊

(ဂ) ကျူးလွန်သည့်ပြစ်မှုတွင် အသက် ၁၆ နှစ်မပြည့်သေးသော ကလေးသူငယ်ကို အသုံးချခြင်း၊

(ဃ) ပြည်သူ့ဝန်ထမ်း၏ ရာထူးအရှိန်အဝါ သို့မဟုတ် လုပ်ပိုင်ခွင့်ကို အသုံးချ၍ ပြစ်မှုကျူးလွန်ခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်စေခြင်း။

**ပုဒ်မ ၂၃။** ပုဒ်မ ၁၆ မှ ပုဒ်မ ၂၁ အထိ ပြဋ္ဌာန်းထားသော ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်က ယင်းပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သော ပြစ်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

www.burmeseclassic.com

www.burmeseclassic.com



## ၄၂။ သစ်တော ကိစ္စ။

**ဥပဒေ။** သစ်တော ဥပဒေ။
(ဥပဒေအမှတ် ၈/၁၉၉၂)

### ပြစ်မှုနှင့်ပြစ်ဒဏ်များ

**ပုဒ်မ ၄၀။** မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည် -

(က) ကြိုးဝိုင်းတောအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ခ) ကြိုးဝိုင်းတောအတွင်း အိမ်မွေးတိရစ္ဆာန်များ စားကျက်ချခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဂ) ကြိုးဝိုင်းတောအတွင်း ခွင့်ပြုမိန့်မရရှိဘဲ မြေကိုခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ကြိုးဝိုင်းတောအတွင်း ရေစီးရေလာပျက်စီးစေခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာများ အသုံးပြုခြင်း၊

(င) ကြိုးဝိုင်းတောအတွင်း တိရစ္ဆာန်များဖမ်းဆီးခြင်း၊ အမဲလိုက်ပစ်ခတ်ခြင်း သို့မဟုတ် ငါးဖမ်းခြင်း၊

(စ) ကြိုးဝိုင်းတောအတွင်း သစ်တောများ မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်များ ထားရှိခြင်း၊

(ဆ) သစ်တောကင်းရုံး၏ စစ်ဆေးခြင်းကိုမခံယူဘဲ သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းခြင်း၊

(ဇ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့် ညွှန်ကြားချက် သို့မဟုတ် အမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း။

**ပုဒ်မ ၄၁။** မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ထောင်

www.burmeseclassic.com

www.burmeseclassic.com



ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည် -

(က) ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းနှင့် တားမြစ်သစ်ပင်မှထွက်ရှိသော သစ်မှအပ သစ်တောထွက်ပစ္စည်း တစ်စုံတစ်ရာကို ဝယ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်း၊

(ခ) ပုဒ်မ ၁၈ ပုဒ်မခွဲ(ဃ)အရ ထုတ်ယူသော သစ်တောထွက်ပစ္စည်းကို ထုတ်ယူခွင့်ပေးသူ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း သို့မဟုတ် အခြားလုပ်ငန်း၌ လွှဲပြောင်းသုံးစွဲခြင်း။

**ပုဒ်မ ၄၂။** မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၂၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည် -

(က) ကြိုးဝိုင်းတောအတွင်းရှိ မည်သည့်သစ်ပင်ကိုမဆို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီး သို့မဟုတ် အခြားနည်းဖြင့် ပျက်စီးစေခြင်း၊

(ခ) ခွင့်ပြုမိန်မရရှိဘဲ ကျွန်းမဟုတ်သည့် တားမြစ်သစ်ပင်မှထွက်ရှိသော သစ်ကို ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်း၊

(ဂ) သစ်အခြေခံအသုံးပြုသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့် ပရိဘောဂလုပ်ငန်းများမှအပ ခွင့်ပြုမိန့်မရရှိဘဲ လွှစင်၊ လွှစက်၊ လျှောထိုးစက်၊ အထပ်သားစက်၊ သစ်ပါးလွှာစက် သို့မဟုတ် သစ်အခြေခံအသုံးပြုသည့်စက် တည်ထောင်လုပ်ကိုင်ခြင်း၊

(ဃ) ခွင့်ပြုမိန့်မရရှိဘဲ မီးသွေးဖိုတည်ထောင်ခြင်း သို့မဟုတ် မီးသွေးဖုတ်ခြင်း။

ပုဒ်မ ၄၃။ (က) မည်သူမဆို သစ်တောနယ်မြေတွင်ဖြစ်စေ၊ အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေတွင်ဖြစ်စေ၊ ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းပင်ကို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီး သို့မဟုတ် အခြားနည်းဖြင့် ပျက်စီးစေခြင်း၊ ကျွန်းသစ်ကိုထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင်လက်ဝယ်ထားရှိခြင်းပြုလျှင် ငွေဒဏ်

www.burmeseclassic.com

www.burmeseclassic.com



ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၇ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(ခ) ပုဒ်မခွဲ(က)အရ ပြစ်မှုကျူးလွန်ခြင်းသည် သစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေမှအပ ကျန်မြေပေါ်တွင် ပေါက်ရောက်တည်ရှိနေသော ကျွန်းပင် သို့မဟုတ် ကျွန်းသစ်နှင့်စပ်လျဉ်း၍ ကျူးလွန်ခြင်းဖြစ်လျှင် ထိုသူအား ငွေဒဏ်ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

**ပုဒ်မ ၄၄။** မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည် -

(က) သစ်တောဝန်ထမ်းများအသုံးပြုသည့် တံဆိပ်တုံးတစ်ခုခုကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် တံဆိပ်တုံးအတုပြုလုပ်ခြင်း၊ တံဆိပ်တုံးအတုကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် တံဆိပ်တုံးအတုဖြင့် သစ်တောထွက်ပစ္စည်းတွင် ရိုက်မှတ်ခြင်း၊

(ခ) သစ်တောဝန်ထမ်းများအသုံးပြုသည့် တံဆိပ်တုံး သို့မဟုတ် ကိုယ်ပိုင်တံဆိပ်တုံးကို သစ်တောထွက်ပစ္စည်းတွင် တရားမဝင် ရိုက်မှတ်ခြင်း၊

(ဂ) သစ်တောထွက်ပစ္စည်းတွင် သစ်တောဝန်ထမ်း သို့မဟုတ် ယင်းက လွှဲအပ်ထားသူက ရိုက်မှတ်ထားသည့် တံဆိပ်အမှတ်အသားကို ပုံသဏ္ဌာန်ပျက်အောင် ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် မထင်ရှားစေရန် ဖျက်ပစ်ခြင်း၊

(ဃ) သစ်တောနယ်မြေ နယ်နိမိတ်အမှတ်အသားတစ်ခုခုကို ခွင့်ပြုချက်မရရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဌာန်ပျက်အောင် ပြုလုပ်ခြင်း။

**ပုဒ်မ ၄၅။** မည်သည့်သစ်တောဝန်ထမ်းမဆို ဤဥပဒေအရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ တစ်ဦးတစ်ယောက်သောသူအား ထိခိုက်နစ်နာစေရန် သစ်တောထွက်ပစ္စည်း တစ်စုံတစ်ရာကို ခိုင်လုံသောအကြောင်းမရှိဘဲ သိမ်းယူလျှင် ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၄၆။** မည်သည့်သစ်တောဝန်ထမ်းမဆို မိမိ၏လုပ်ပိုင်ခွင့်ကို အကြောင်းပြု၍ တစ်ဦးတစ်ယောက်ထံမှ ပစ္စည်း သို့မဟုတ် ငွေကြေးကို အဂတိလိုက်စားသော နည်းဖြင့်ဖြစ်စေ၊ ဥပဒေနှင့်ဆန့်ကျင်သောနည်းဖြင့်ဖြစ်စေ ရယူ၍ မသမာသော နည်းဖြင့် သစ်တောထွက်ပစ္စည်း တစ်စုံတစ်ရာကို ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်းကိစ္စတွင် ပါဝင်ပူးပေါင်းကြံစည်လျှင် အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှ အများဆုံး ထောင်ဒဏ် ၇ နှစ်အထိ ကျခံစေရမည်။

**ပုဒ်မ ၄၇။** တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုနှင့်သက်ဆိုင်သော သစ်တောထွက်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

(ခ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်း ကိရိယာတန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

(ဂ) ပြစ်မှုကျူးလွန်ခြင်းကြောင့် သစ်တောဦးစီးဌာန၏ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို သစ်တောဦးစီးဌာနသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။

## ၄၃။ <u>ဆားကို စီးပွားဖြစ်ထုတ်သည့် ကိစ္စ။</u>

**ဥပဒေ။** ဆားလုပ်ငန်း ဥပဒေ။
(ဥပဒေအမှတ် ၆/၁၉၉၂)

**တားမြစ်ချက်နှင့်ပြစ်ဒဏ်**

**ပုဒ်မ ၁၄။** မည်သူမျှ လိုင်စင်မရှိဘဲ ဆား သို့မဟုတ် အပိုဓာတ်ဆားကို စီးပွားဖြစ် ထုတ်လုပ်ခြင်းမပြုရ။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၁၅။** လိုင်စင်ရရှိသူသည် -

(က) ထင်း သို့မဟုတ် မီးသွေးဖြင့် ဆားထုတ်လုပ်ခြင်းမပြုရ၊

(ခ) လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ၊

(ဂ) မြန်မာ့ဆားလုပ်ငန်းက ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်တို့ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

**ပုဒ်မ ၁၆။** မည်သူမဆို ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ပါက အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးကို ချမှတ်ခြင်းခံရမည်-

(က) ပထမအကြိမ် ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀ အထိ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) ထပ်မံကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ် ၂၀၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

**ပုဒ်မ ၁၇။** လိုင်စင်ရရှိသူသည် ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးကို ချမှတ်ခြင်း ခံရမည်-

(က) ပထမအကြိမ် ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀ အထိ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) ထပ်မံကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀ အထိ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

## ၄၄။ <u>ငွေစုဘဏ်လုပ်ငန်း ကိစ္စ။</u>

**ဥပဒေ။** ငွေစုဘဏ်လုပ်ငန်း ဥပဒေ။
(ဥပဒေအမှတ် ၅/၁၉၉၂)

### တားမြစ်ချက်နှင့်ပြစ်ဒဏ်

**ပုဒ်မ ၂၃။** မည်သူမျှ ငွေစုဘဏ်မှတ်တမ်းတွင်ပါရှိသော ဘဏ်၏ တရားဝင် ရေးသွင်းချက် တစ်စုံတစ်ရာကို ပြင်ဆင်ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်းမပြုရ။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၂၄။** မည်သူမျှ ငွေစုဘဏ်၏ ခွင့်ပြုချက်မရရှိဘဲ ငွေစုမှတ်တမ်းကိုဖြစ်စေ၊ ငွေစုလက်မှတ်ကိုဖြစ်စေ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရ။

**ပုဒ်မ ၂၅။** မည်သည့် ငွေစုဘဏ်ဝန်ထမ်းမဆို ငွေစုသူ၏အမည်၊ စာရင်းအမှတ်၊ စုငွေ၊ ထုတ်ငွေ၊ စုငွေလက်ကျန်ပမာဏတို့ကို ဥပဒေအရ ခွင့်ပြုချက်မရှိဘဲ ထုတ်ဖော်ပြောဆိုခြင်း၊ ကြည့်ရှုစေခြင်း၊ စစ်ဆေးစေခြင်း သို့မဟုတ် ကြေညာခြင်းမပြုရ။

**ပုဒ်မ ၂၆။** မည်သူမျှ စုငွေတစ်စုံတစ်ရာကို လိမ်လည်ထုတ်ယူခြင်း၊ ယင်းသို့ ထုတ်ယူရန် ကြိုးစားအားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ခြင်းမပြုရ။

**ပုဒ်မ ၂၇။** မည်သူမဆို ပုဒ်မ ၂၃ သို့မဟုတ် ပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၂၈။** ငွေစုဘဏ်ဝန်ထမ်းသည် ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုဝန်ထမ်းအား ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ ၂၉။** မည်သူမဆို ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် ၅နှစ်မှ အများဆုံး ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်ရမည်။ ထို့ပြင် သက်သေခံ ငွေနှင့် ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

www.burmeseclassic.com

www.burmeseclassic.com



## ၄၅။ ရေချိုငါးလုပ်ငန်း ကိစ္စ။

**ဥပဒေ။** ရေချိုငါးလုပ်ငန်း ဥပဒေ။
(ဥပဒေအမှတ် ၁/၁၉၉၁)

### တားမြစ်ချက်များ

**ပုဒ်မ ၃၃။** မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသည့် အငှားဂရန်၊ လိုင်စင် သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

**ပုဒ်မ ၃၄။** မည်သူမျှ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ -

(က) ပေါက်ကွဲစေတတ်သည့် ပစ္စည်း၊ အဆိပ်အတောက်၊ ဓာတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသော ပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း၊

(ဂ) တားမြစ်ထားသော ငါးမျိုး၊ ငါးအရွယ်အစားကို ဖမ်းဆီးခြင်း၊

(ဃ) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသတွင် ငါးဖမ်းခြင်း။

**ပုဒ်မ ၃၅။** မည်သူမျှ အင်းလေလံဆွဲဝယ်ပြီးနောက် သို့မဟုတ် တင်ဒါလိုင်စင် ချထားခြင်းခံရပြီးနောက် ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးတို့ကို သတ်မှတ်သည့်ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်း မရှိစေရ။

**ပုဒ်မ ၃၆။** မည်သူမျှ ရေချိုငါးလုပ်ငန်း ရေပြင်တွင် ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ဆည်၊ တမံ၊ ယင်း စသော အပိတ်အဆို့၊ အတားအဆီး တစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်း မပြုလုပ်ရ။

**ပုဒ်မ ၃၇။** ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူသည် အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာ လိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၃၈။** မည်သူမျှ အင်းအိုင် သို့မဟုတ် အင်းချောင်း နယ်နိမိတ်အတွင်း အောက်ပါတို့ကို မပြုလုပ်ရ -

(က) ငါးနေငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း၊

(ခ) အင်းမကြီး၏ ရေစီးရေလာပျက်ပြားစေရန် အင်းအိုင်၏ သဘာဝအခြေအနေကို ထိခိုက်အောင် ပြုလုပ်ခြင်း။

**ပုဒ်မ ၃၉။** မည်သူမျှ အင်းချောင်းနယ်နိမိတ်အတွင်း သီးနှံစိုက်ပျိုးခြင်း မပြုလုပ်ရ။

**ပုဒ်မ ၄၀။** မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါး၊ အခြား ရေသတ္တဝါတို့အား အနှောင့်အယှက်ဖြစ်စေရန် သို့မဟုတ် ရေထုညစ်ညမ်းစေရန် မပြုလုပ်ရ။

**ပုဒ်မ ၄၁။** မည်သူမျှ ခွင့်ပြုချက်မရရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်းမြောင်းများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ ရေ၏အမျိုးအစား၊ ရေ၏ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း မပြုလုပ်ရ။

## ပြစ်ဒဏ်များ

**ပုဒ်မ ၄၂။** မည်သူမဆို ပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်-

(က) ငါးဖမ်းကိရိယာ လိုင်စင်မရရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့်ကိစ္စဖြစ်ပါက ငွေဒဏ် ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(ခ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့် ကိစ္စဖြစ်ပါက ငွေဒဏ် ကျပ် ၂၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

**ပုဒ်မ ၄၃။** မည်သူမဆို ပုဒ်မ ၃၅၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၈၊ ပုဒ်မ ၃၉၊ ပုဒ်မ ၄၀ သို့မဟုတ် ပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

**ပုဒ်မ ၄၄။** အငှားဂရန်ရရှိသူ၊ တင်ဒါလိုင်စင်ချထားခြင်းခံရသူ သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင် ရရှိသူသည် ပုဒ်မ ၃၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်-

(က) ငါးဖမ်းကိရိယာလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့်ကိစ္စဖြစ်ပါက ငွေဒဏ် ကျပ် ၃၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၃ လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(ခ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့်ကိစ္စဖြစ်ပါက ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

**ပုဒ်မ ၄၅။** မည်သူမဆို ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

**ပုဒ်မ ၄၆။** မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန်အားထုတ်လျှင် သို့မဟုတ် ကျူးလွန်ရန် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ် ချမှတ်ခြင်းခံရမည်။

**ပုဒ်မ ၄၇။** ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် အပြစ်ပေးခံရဖူးသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ပြဋ္ဌာန်းသတ်မှတ်ထားသည့် ပြစ်ဒဏ်၏နှစ်ဆအထိ ကျခံစေရမည်။

www.burmeseclassic.com

www.burmeseclassic.com



**၄၆။ အမြတ်ခွန် ကိစ္စ။**

**ဥပဒေ။** အမြတ်ခွန် ဥပဒေ။
(ဥပဒေအမှတ် ၄/၁၉၇၆)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

**ပုဒ်မ ၂၂။** မည်သူမဆို လုံလောက်သောအကြောင်းမရှိဘဲ အောက်ပါပျက်ကွက်မှု တစ်ရပ်ရပ်ရှိလျှင် ထိုသူအား စည်းကြပ်မှုအဖွဲ့သည် ပျက်ကွက်မှု တစ်ရပ်စီအတွက် သက်ဆိုင်ရာ စည်းကြပ်မှုအရ ထပ်မံပေးသွင်းရမည့် အခွန်၏ ၁၀ ရာခိုင်နှုန်းထက် မပိုသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေနိုင်သည်။

(က) ဝင်ငွေနှစ်အတွင်း အခွန်ပေးသွင်းရန် ပျက်ကွက်ခြင်း၊

(ခ) သတ်မှတ်ထားသော အချိန်အတွင်း ဝင်ငွေကြေညာလွှာပို့ရန် ပျက်ကွက်ခြင်း၊

(ဂ) စည်းကြပ်မှုအဖွဲ့က စစ်ဆေးရန် အကြောင်းကြားခေါ်ယူခြင်းကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(ဃ) အခွန်ပေးဆောင်ရန် သတ်မှတ်ထားသော သို့မဟုတ် တိုးမြှင့်ပေးထားသောရက်အတွင်း ပေးသွင်းရန် ပျက်ကွက်ခြင်း၊

**ပုဒ်မ ၂၃။** (က) တစ်ဦးတစ်ယောက်သောသူသည် မိမိ၏ ဝင်ငွေထိမ်ချန်ကြောင်း သို့မဟုတ် ဝင်ငွေနှင့် စပ်လျဉ်းသည့် အချက်အလက်များ ထိမ်ချန်ကြောင်း စည်းကြပ်မှုအဖွဲ့ သို့မဟုတ် အယူခံအဖွဲ့က အမှုကိစ္စ ဆောင်ရွက်စဉ် တွေ့ရှိလျှင် ထိုသူအား သတ်မှတ်ထားသည့် အချိန်အတွင်း ယင်းတို့ကို အပြည့်အစုံ ထုတ်ဖော်ခွင့်ပေးရမည်။

(ခ) ထိုသူသည် ခွင့်ပြုထားသည့်ကာလအတွင်း အပြည့်အစုံ ထုတ်ဖော်ခဲ့လျှင် ယင်းက ပေးဆောင်ရမည့် အခွန်အပြင် ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့် အခွန်၏ ငါးဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော ဒဏ်ငွေကိုပါ ပေးဆောင်ရမည်။

(ဂ) ထိုသူသည် ခွင့်ပြုထားသည့်ကာလအတွင်း ထုတ်ဖော်ရန် ပျက်ကွက်လျှင် သို့မဟုတ် ထိမ်ချန်ခဲ့သည့် ဝင်ငွေထက် လျော့နည်း

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဖော်လျှင် ပုဒ်မခွဲ(ခ)ပါအတိုင်း အခွန်နှင့်ဒဏ်ငွေ နှစ်ရပ်လုံး ပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်းခံရမည်။ တရားစီရင်ရေးအဖွဲ့မှ ပြစ်မှုထင်ရှားကြောင်း ဆုံးဖြတ်ပါက ယင်းအား (၃)နှစ်မှ (၁၀)နှစ်အထိ ထောင်ဒဏ်အပြစ်ပေးနိုင်သည်။

သို့ရာတွင် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဤပုဒ်မအရ တရားစွဲဆိုခြင်းမပြုရ။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် ခွင့်ပြုချက်ပေးရန် သင့်မသင့် ဆုံးဖြတ်ရာတွင် ပြစ်ဒဏ်ပေးရေးကို ဦးတည်ချက်မထားဘဲ အခွန်ရရှိရေးကို ဦးတည်ချက်ထား၍လည်းကောင်း၊ ဤဥပဒေအရ ရသင့်ရထိုက်သောအခွန်ကို မရရှိအောင် အခွန်ထမ်း၏ လိမ်လည်လိုသော ရည်ရွယ်ချက် အတိမ်အနက်ကိုသော်လည်းကောင်း ထောက်ချင့်၍ ဆုံးဖြတ်ရမည်။ လိုအပ်က ဖော်ထုတ်ရန် အချိန်တိုးမြှင့်ပေးနိုင်သည်။ ယင်းအဖွဲ့သည် ဤကိစ္စအတွက် လိုအပ်သောစည်းမျဉ်းများ စည်းကမ်းများ ထုတ်ကို ထုတ်ပြန်ရမည်။

**ပုဒ်မ ၂၄။** မည်သူမဆို ဤဥပဒေကို အကြောင်းပြု၍ အောက်ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် ထိုသူအား သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့် တရားစွဲဆို၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက (၃)နှစ်မှ (၇)နှစ်အထိ ထောင်ဒဏ်ကျခံစေရမည်။

(က) လာဘ်ပေးလာဘ်ယူ ပြုလုပ်ခြင်း၊

(ခ) လာဘ်ပေးလာဘ်ယူ ပြုလုပ်ရန် အားထုတ်ခြင်း၊

(ဂ) လာဘ်ပေးလာဘ်ယူ ပြုလုပ်ရန် အားပေးအားမြှောက်ပြုလုပ်ခြင်း၊

(ဃ) ဤဥပဒေက အပ်နှင်းထားသည့် လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို အလွဲသုံးစားပြုလုပ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



## ၄၇။ **ပုံနှိပ်ထုတ်ဝေသည့် ကိစ္စ။**

**ဥပဒေ။** ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ
မှတ်ပုံတင်ဥပဒေ။
(ဥပဒေအမှတ် ၂၅/၁၉၆၂)

### (က) ပုဒ်မ ၁၆။ ပြစ်မှု (ပုဒ်မ ၃၊ ၁၁ နှင့် ၁၂ နှင့် စပ်လျဉ်းသည့်ပြစ်ဒဏ်)

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

အနည်းဆုံး ထောင်ဒဏ် ၆ လ မှ အများဆုံး ထောင်ဒဏ် ၅ နှစ်ထိ ဖြစ်စေ၊ အနည်းဆုံး ငွေဒဏ် ကျပ် ၂၀၀၀ မှ အများဆုံး ငွေဒဏ် ကျပ် ၂၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။ (ဥပဒေအမှတ် ၁၆/၉၈ ဖြင့် ပြင်ဆင်ထားပါသည်။)

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့် အင်္ဂါရပ်များ**

ယင်းဥပဒေပုဒ်မ ၃၊ ၁၁ နှင့် ၁၂ ပါ ပြဋ္ဌာန်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်လျှင် သို့တည်းမဟုတ် ဆန့်ကျင်လျှင်၊

**ပုဒ်မ ၃ ။ စာပုံနှိပ်စက် လက်ရှိထားသူက ဝန်ခံချက်ပြုလုပ်ရခြင်း**

(၁) ဤဥပဒေတွင် အခြားနေရာ၌ မည်သို့ပင် ပါရှိစေကာမူ စာအုပ်များ သို့တည်းမဟုတ် စာရွက်စာတမ်းများ ပုံနှိပ်ရန် စာပုံနှိပ်စက်တစ်ခုခုကို ၎င်းစာပုံနှိပ်စက် တည်ရှိရာနယ်အတွင်း စီရင်ပိုင်ခွင့်အာဏာအရ ပထမတန်း ရာဇဝတ်တရားသူကြီးထံတွင် သတ်မှတ်သည့်ဝန်ခံချက်ကို မပြုလုပ် လက်မှတ်မရေးထိုးလျှင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း လက်ရှိမထားရ။

**သတင်းစာပုံနှိပ်သူ သို့တည်းမဟုတ် ထုတ်ဝေသူ ဆောင်ရွက်ရသည့်ကိစ္စများ**

(၂) သတင်းစာဟူသရွေ့ ပုံနှိပ်သူ ထုတ်ဝေသူသည် ပုဒ်မ ၆ အရ မိမိ၏ လုပ်ငန်းကို မှတ်ပုံမတင်မီ ထိုသတင်းစာပုံနှိပ်ရာ သို့တည်းမဟုတ် ထုတ်ဝေရာ နယ်အတွင်းဖြစ်စေ၊ ပုံနှိပ်သူ သို့တည်းမဟုတ် ထုတ်ဝေသူနေထိုင်ရာ နယ်အတွင်း ဖြစ်စေ စီရင်ပိုင်ခွင့်အာဏာအရ ပထမတန်း ရာဇဝတ်တရားသူကြီးထံသို့ ကိုယ်တိုင်လာရောက်၍ သို့တည်းမဟုတ် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ဤကိစ္စအလို့ငှာ အာဏာအပ်နှင်းထားသည့် ကိုယ်စားလှယ်စေလွှတ်၍ သတ်မှတ်သည့် ဝန်ခံချက်ကို ပြုလုပ်ကာ လက်မှတ်ရေးထိုးရမည်။

www.burmeseclassic.com

www.burmeseclassic.com



(၃) ပုံနှိပ်သူ သို့တည်းမဟုတ် ထုတ်ဝေသူသည် ပုံနှိပ်ရာ သို့တည်းမဟုတ် ထုတ်ဝေရာ အရပ်ပြောင်းရွှေ့သည့်အခါ သတ်မှတ်သည့် ဝန်ခံချက်ကို အသစ်ပြုလုပ်ကာ လက်မှတ်ရေးထိုးရမည်။

(၄) အထက်တွင်ဆိုခဲ့သည့်အတိုင်း ပြုလုပ်၍ လက်မှတ်ရေးထိုးသည့် ဝန်ခံချက်အသီးသီး၏ မူရင်းနှင့်စပ်လျဉ်း၍ ထိုပထမတန်း ရာဇဝတ်တရားသူကြီး မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို သတ်မှတ်ရမည်။

**ပုဒ်မ ၁၁။ ဥပဒေစတင်အာဏာတည်ပြီးနောက် ပုံနှိပ်သည့်စာအုပ်များကို အဖိုးအခလွတ် ပေးအပ်ရခြင်း။**

(၁) မည်သည့်စာအုပ်ကိုမဆို ဤဥပဒေ စတင်အာဏာတည်ပြီးနောက် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပုံနှိပ်သည့် အခါတိုင်း သို့တည်းမဟုတ် ကျောက်ပုံနှိပ်သည့်အခါတိုင်း ပုံနှိပ်သူသည် ရန်ကုန်မြို့ရှိ ဗဟိုမှတ်ပုံတင်အဖွဲ့ရုံးသို့ သတ်မှတ်သည့်အတိုင်း အဖိုးအခလွတ် ပေးအပ်ရမည်။

(၂) ရန်ကုန်မြို့ရှိ ဗဟိုမှတ်ပုံတင်အဖွဲ့သည် မိမိအား ပုဒ်မခွဲ(၁)အရ ပေးအပ်ထားသော စာအုပ်များကို သတ်မှတ်သည့်အတိုင်း စီမံခန့်ခွဲရမည်။

**ပုဒ်မ ၁၂။ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပုံနှိပ်သည့် စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း အဖိုးအခလွတ်ပေးအပ်ရခြင်း။**

ပြည်ထောင်စုမြန်မာနိုင်ငံတွင် စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းအသီးသီး ပုံနှိပ်သူသည် စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းကို ထုတ်ဝေသည့်အခါတိုင်း ထုတ်ဝေလျှင် ထုတ်ဝေချင်း ထိုသို့ထုတ်ဝေသည့် စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းကို ရန်ကုန်မြို့ရှိ ဗဟိုမှတ်ပုံတင်ရုံးအဖွဲ့သို့ သတ်မှတ်ထားသည့်အတိုင်း အဖိုးအခလွတ် ပေးအပ်ရမည်။

**(ခ) ပုဒ်မ ၁၇။ ပုဒမ ၆ အရ မှတ်ပုံမတင်ဘဲ ထုတ်ဝေသည့်အတွက် ပြစ်ဒဏ်**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှ အများဆုံးထောင်ဒဏ် ၇ နှစ်အထိဖြစ်စေ၊ အနည်းဆုံးငွေဒဏ် ကျပ် ၃၀၀၀ မှ အများ ဆုံး ငွေဒဏ် ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။ (ဥပဒေအမှတ် ၁၆/၈၉ ဖြင့် ပြင်ဆင်ထားပါသည်)

www.burmeseclassic.com

www.burmeseclassic.com



**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ယင်းဥပဒေပုဒ်မ ၆အရ မှတ်ပုံမတင်မီ ပုံနှိပ်သည့်လုပ်ငန်းကို သော်လည်းကောင်း၊ ထုတ်ဝေသည့် လုပ်ငန်းကိုသော်လည်းကောင်း ပြုလုပ်လျှင်။

**ပုဒ်မ ၆။ ပုံနှိပ်သူနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ရခြင်း**

(၁) ဤဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားသည်မှတစ်ပါး ပုံနှိပ်သူတိုင်း သို့တည်းမဟုတ် ထုတ်ဝေသူတိုင်းသည် ပုဒ်မ ၃ အရ ဝန်ခံချက်ကိုပြုလုပ် လက်မှတ် ထိုးပြီးနောက် မိမိ၏ လုပ်ငန်းကို သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် သတ်မှတ် သည့် လျှောက်လွှာပုံစံဖြင့် သတ်မှတ်သည့် ကာလအပိုင်းအခြားတွင် မှတ်ပုံတင်ရန် လျှောက်ထားရမည်။

(၂) ဤဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင် သက်သေခံလက်မှတ်နှင့် ထိုလက်မှတ်ပါစည်းကမ်းချက်များ၊ သို့တည်မဟုတ် လိုအပ်ချက်များမှတစ်ပါး မည်သူမျှ ပုံနှိပ်သည့် လုပ်ငန်းကိုသော်လည်းကောင်း၊ ထုတ်ဝေသည့် လုပ်ငန်းကို သော်လည်းကောင်း မဆောင်ရွက်စေရ။

**(ဂ) ပုဒ်မ ၁၈ ။ မဟုတ်မမှန် ဖော်ပြသည့်အတွက် ပြစ်ဒဏ်**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

အနည်းဆုံးထောင်ဒဏ် ၆ လမှ အများဆုံးထောင် ၅ နှစ်အထိဖြစ်စေ၊ အနည်းဆုံးငွေဒဏ် ကျပ် ၂၀၀၀ မှ အများဆုံးငွေဒဏ် ကျပ် ၂၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။ (ဥပဒေ အမှတ် ၁၆/၈၉)ဖြင့် ပြင်ဆင်ထားပါသည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေအရဖြစ်စေ၊ ဝန်ခံချက်ပြုလုပ်ရာ၌လည်းကောင်း၊ လျှောက်ထားချက်တစ်ခုခု ပြုလုပ် ရာ၌သော်လည်းကောင်း၊ မဟုတ်မမှန်သည်လည်းဖြစ်၍ မဟုတ်မမှန် ဟု မိမိသိရှိ သို့တည်းမဟုတ် ယုံကြည်သည်လည်းဖြစ်သော သို့တည်း မဟုတ် မှန်သည်ဟု မိမိယုံကြည်ခြင်းလည်း မရှိသော အကြောင်း အရာကို ဖော်ပြလျှင်။

www.burmeseclassic.com

www.burmeseclassic.com



**(ဃ) ပုဒ်မ ၁၉။ မှတ်ပုံတင်သက်သေခံလက်မှတ်ရုပ်သိမ်းပြီးနောက် လုပ်ကိုင်သည့် အတွက် ပြစ်ဒဏ်**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

အနည်းဆုံးထောင်ဒဏ် ၁ နှစ်မှ အများဆုံးထောင် ၇ နှစ်အထိဖြစ်စေ၊ အနည်းဆုံးငွေဒဏ် ကျပ် ၃၀၀၀ မှ အများဆုံးငွေဒဏ် ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။ (ဥပဒေ အမှတ် ၁၆/၈၉)ဖြင့် ပြင်ဆင်ထားပါသည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

မည်သူမဆို ပုံနှိပ်သူ သို့တည်းမဟုတ် ထုတ်ဝေသူအဖြစ်ဖြင့် မိမိအား ထုတ်ပေးထားသည့် မှတ်ပုံတင် သက်သေခံလက်မှတ်ကို ရုပ်သိမ်းပြီး နောက် သို့တည်းမဟုတ် အတည်ဖြစ်ခြင်းမှ ရပ်စဲပြီးနောက် ကျောက် ပုံနှိပ်သည် လုပ်ငန်းကိုသော်လည်းကောင်း၊ ထုတ်ဝေသည့် လုပ်ငန်း ကိုသော်လည်းကောင်း ဆက်လက်လုပ်ကိုင်ဆောင်ရွက်လျှင်။

**(င) ပုဒ်မ ၂၀။ နည်းပဒေ သို့တည်းမဟုတ် အမိန့်ကို မလိုက်နာသည့်အတွက် ပြစ်ဒဏ်**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

အနည်းဆုံးထောင်ဒဏ် ၁ နှစ်မှ အများဆုံးထောင် ၇ နှစ်အထိဖြစ်စေ၊ အနည်းဆုံးငွေဒဏ် ကျပ် ၃၀၀၀ မှ အများဆုံးငွေဒဏ် ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။ (ဥပဒေ အမှတ် ၁၆/၈၉)ဖြင့် ပြင်ဆင်ထားပါသည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

မည်သူမဆို ဤဥပဒေအရပြုသည့် နည်းဥပဒေတစ်ခုခုကို သော်လည်းကောင်း၊ ဤဥပဒေအရ အာဏာပိုင်တစ်ဦးဦးက ထုတ်ဆင့်သည့် အမိန့်ကိုသော်လည်းကောင်း လိုက်နာရန် ပျက်ကွက်လျှင်။

www.burmeseclassic.com

www.burmeseclassic.com



## ၄၈။ ငါးမွေးမြူရေး ကဏ္ဍ။

**ဥပဒေ။** ငါးမွေးမြူရေးဆိုင်ရာဥပဒေ။
(ဥပဒေအမှတ် ၂၄/၁၉၈၉)

**ပုဒ်မ ၂၉။ မည်သူမျှ အောက်ပါတို့ကို မပြုလုပ်ရ။**

(က) လိုင်စင်မရှိဘဲ ငါးမွေးမြူခြင်း၊
(ခ) ငါးလုပ်ငန်း ရေပြင်တွင် ရေကြောင်းသွားလာမှုနှင့် ရေစီးရေလာကို အဟန့်အတားဖြစ်စေခြင်း သို့မဟုတ် ရေကို ညစ်ညမ်းစေခြင်း သို့မဟုတ် ထိုသို့ ပြုလုပ်ခြင်းကို အားပေးကူညီခြင်း၊
(ဂ) ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ငါးအရှင်ကို ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်းမှ ပြည်ပသို့ တင်ပို့ခြင်း၊
(ဃ) ဦးစီးဌာနက တားမြစ်သော ငါးကို မွေးမြူခြင်း။

**ပုဒ်မ ၃၀။** လိုင်စင်ရရှိသူသည် -

(က) ဦးစီးဌာနက သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြု။
(ခ) ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ငါးမွေးကန်အား လွှဲပြောင်းခြင်းမပြုရ။

### ပြစ်မှု နှင့် ပြစ်ဒဏ်များ

**ပုဒ်မ ၃၁။** မည်သူမဆို ပုဒ်မ ၂၉ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့ပြင် ပြစ်မှုတွင် သက်သေခံပစ္စည်းများ၊ ငါးများနှင့် ငါးမွေးကန်များ ကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း ခံရမည်။

**ပုဒ်မ ၃၂။** လိုင်စင်ရရှိသူသည် ပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၅၀၀၀အထိဖြစ်စေ၊ ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့ပြင် ပြစ်မှုတွင် အကျုံးဝင်သည့် သက်သေခံပစ္စည်းများ၊ ငါးများနှင့် ငါးမွေးကန်များကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း ခံရမည်။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၃၃။** ဤဥပဒေပါ ပုဒ်မ ၃၁ သို့မဟုတ် ပုဒ်မ ၃၂ အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ပြဋ္ဌာန်းသတ်မှတ်ထားသည့် ပြစ်ဒဏ်၏ နှစ်ဆအထိ ကျခံစေရမည်။

## ၄၉။ ပုဂ္ဂလိက စက်မှုလုပ်ငန်းကိစ္စ။

**ဥပဒေ။** ပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေ။
(ဥပဒေအမှတ် ၂၂/၁၉၉၀)

**ပုဒ်မ ၄။** မြင်းကောင်ရေသုံးကောင်အားနှင့်အထက်ရှိသော အားတစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ၊ လုပ်ခစား အလုပ်သမားတစ်ဆယ်ဦးနှင့်အထက်ဖြစ်စေ -

(က) ပုဂ္ဂလိက စက်မှုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသူ၊

(ခ) ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် ပုဂ္ဂလိက စက်မှုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်နေသူသည် ဤဥပဒေအရ မှတ်ပုံတင်ရမည်။

**ပုဒ်မ ၁၃။** လုပ်ငန်းရှင်၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဦးစီးဌာနက သတ်မှတ်ထားသော မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်အသစ်လဲလှယ်ကြေးနှင့် အခြားပေးဆောင်ရန် ရှိသော အခွန်အခများကို ပေးဆောင်ရမည်။

(ခ) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) မှတ်ပုံတင်ထားသော မိမိလုပ်ငန်းအမည်ဖြင့် သက်ဆိုင်ရာဘဏ်တွင် ငွေစာရင်းဖွင့်လှစ်၍ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရမည်။

(ဃ) မှတ်ပုံတင်ထားသော ပုဂ္ဂလိကစက်မှုလုပ်ငန်းနှင့်သက်ဆိုင်သည့် စာရင်းဇယားများကို ဦးစီးဌာနက သတ်မှတ်သည့်အတိုင်း စနစ်တကျ ပြည့်စုံစွာထားရှိ၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့မဟုတ် ကြီးကြပ်ရေးအဖွဲ့က တောင်းခံလာပါက တင်ပြရမည်။

(င) ဦးစီးဌာန သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့က တာဝန်ပေးအပ်သောပုဂ္ဂိုလ် သို့မဟုတ် စစ်ဆေးရေးအဖွဲ့က လာရောက်စစ်ဆေးလျှင် စစ်ဆေးခြင်းကို ခံယူရမည်။

(စ) လုပ်ငန်းတည်နေရာပြောင်းရွှေ့ခြင်း၊ လုပ်ငန်းအမျိုးအမည်ပြောင်းလဲ

www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ လုပ်ငန်းအချင်းချင်းပေါင်းစပ်ခြင်းနှင့် လုပ်ငန်းခွဲခြမ်းစိတ်ဖြာခြင်းတို့ကို ဦးစီးဌာန၏ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။

(ဆ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဇ) တည်ဆဲဥပဒေများကိုလည်း လိုက်နာရမည်။

**ပုဒ်မ ၂၆။** မည်သူမျှ ပုဒ်မ ၄ ပါ ပုဂ္ဂလိက စက်မှုလုပ်ငန်းကို ဤဥပဒေအရ မှတ်ပုံတင်မရရှိဘဲ လုပ်ကိုင်ခြင်းမပြုရ။

**ပုဒ်မ ၂၇။** လုပ်ငန်းရှင်သည် -

(က) မိမိထုတ်လုပ်သော ကုန်ပစ္စည်းကို ဖြန့်ဖြူးရောင်းချရာတွင် ကုန်အမှတ်တံဆိပ်မပါဘဲ ရောင်းချခြင်းမပြုလုပ်ရ။

(ခ) ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုလုပ်ရ။

(ဂ) ဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

## ပြစ်မှုနှင့်ပြစ်ဒဏ်

**ပုဒ်မ ၂၈။** မည်သူမဆို ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် -

(က) အငယ်စား ပုဂ္ဂလိကစက်မှုလုပ်ငန်းကို လုပ်ကိုင်ခြင်းဖြစ်လျှင် ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ ချမှတ်ခြင်းခံရမည်။

(ခ) အလတ်စား ပုဂ္ဂလိက စက်မှုလုပ်ငန်းကို လုပ်ကိုင်ခြင်းဖြစ်လျှင် ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀ အထိ ချမှတ်ခြင်းခံရမည်။

(ဂ) အလတ်စား ပုဂ္ဂလိက စက်မှုလုပ်ငန်းကို လုပ်ကိုင်ခြင်းဖြစ်လျှင် ငွေဒဏ် အနည်းဆုံး ကျပ် ၂၀၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ ချမှတ်ခြင်းခံရမည်။

**ပုဒ်မ ၃၀။** ညွှန်ကြားရေးမှူးချုပ်သည် လုပ်ငန်းရှင်က ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကောင်း တွေ့ရှိလျှင် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

www.burmeseclassic.com

www.burmeseclassic.com



(က) သတိပေးခြင်း၊
(ခ) ဒဏ်ကြေးပေးဆောင်စေခြင်း
(ဂ) မှတ်ပုံတင်ကို နှစ်အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

## ၅၀။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကိစ္စ။

**ဥပဒေ။** နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေ။
(ဥပဒေအမှတ် ၂/၁၉၇၄)

**ပုဒ်မ ၃။** မည်သူမဆို နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်နှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါတို့ကို မပြုလုပ်ရ -
(က) နိုင်ငံတော်ကောင်စီ၏ ခွင့်ပြုချက်မရဘဲ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို အသုံးပြုခြင်း၊
(ခ) နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် တစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းတစ်ခုကိုဖြစ်စေ၊ ဖျက်ဆီးခြင်း သို့မဟုတ် ဖျက်ဆီးစေခြင်း။
(ဂ) နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို အတုအပပြုလုပ်၍ ကိုယ်ကျိုးအတွက် အသုံးပြုခြင်း၊ အသုံးပြုစေခြင်း။

**ပုဒ်မ ၄။ ပြစ်ဒဏ်**

**ပုဒ်မ ၄။** ဤဥပဒေပါ တားမြစ်ချက်တစ်ခုခုကိုဖြစ်စေ၊ ဤဥပဒေအရ ပြုသည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုကိုဖြစ်စေ ကျူးလွန်သူသည် (၆)လ ထက်မများသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ အပြစ်ပေးခြင်းခံရမည်။

**ဥပဒေ** နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် နည်းဥပဒေ
နည်းဥပဒေ အမှတ် ၂/၁၉၇၄

### တားမြစ်ချက်နှင့်ပြစ်ဒဏ်

၅။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကိုအသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် တားမြစ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

www.burmeseclassic.com

www.burmeseclassic.com



(က) နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို အလှအပအဖြစ် တန်ဆာဆင်ခြင်း မပြုလုပ်ရ။

(ခ) နည်းဥပဒေ ၄ နည်းဥပဒေခွဲ(င)အရ ပြဋ္ဌာန်းချက်မှအပ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို ဝတ်စားဆင်ယင်ရာတွင် အသုံးမပြုရ။

(ဂ) နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို မည်သည့်အခါမျှ စွန့်ပစ်ခြင်း မပြုရ၊ ဟောင်းနွမ်း၍ အသုံးမပြုနိုင်လျှင် ဖျက်ဆီးပစ်ရမည်။

(ဃ) နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို မလေးမစားပြုခြင်းနှင့် ကိုယ်အမူအရာ၊ နှုတ်အမူအရာဖြင့် မထီမဲ့မြင်ပြုခြင်း မပြုလုပ်ရ။

၆။ မည်သူမဆို ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုကို ဆန့်ကျင်လျှင် ခြောက်လထက် မများသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ထောင်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ အပြစ်ပေးခြင်းခံရမည်။

## ၅၁။ <u>နိုင်ငံတော်အလံကိစ္စ။</u>

**ဥပဒေ။** နိုင်ငံတော်အလံ ဥပဒေ။
(ဥပဒေအမှတ် ၁/၁၉၇၄)

**ပုဒ်မ ၅။ တားမြစ်ချက်**

ပုဒ်မ ၅။ မည်သူမဆို နိုင်ငံတော်အလံနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို မပြုလုပ်ရ-

(က) ခင်းကျင်းဆင်ယင်ပြသရန်အလို့ငှာ နိုင်ငံတော်အလံပေါ်တွင် မည်သည့် စာလုံး၊ ဂဏန်း၊ ရုပ်ပုံ စသော အမှတ်အသားတို့ကိုမဆို ရေးသားခြယ်လှယ် ပြုလုပ်ထားရှိခြင်း သို့မဟုတ် ထားရှိစေခြင်း၊

(ခ) နိုင်ငံတော်အလံပေါ်တွင် စာလုံး၊ ဂဏန်း၊ ရုပ်ပုံ စသော အမှတ်အသားတစ်ခုခုကို ရိုက်နှိပ်၍ အများမြင်သာအောင် ပြသထားခြင်း သို့မဟုတ် ပြသထားစေခြင်း၊

(ဂ) စာလုံး၊ ဂဏန်း၊ ရုပ်ပုံ စသော အမှတ်အသားတစ်ခုခုကို နိုင်ငံတော်အလံနှင့် ပူးတွဲဖက်စပ်တွယ်ကပ်၍ အများမြင်သာအောင် ပြသထားခြင်း သို့မဟုတ် ပြသထားစေခြင်း၊

(ဃ) ကြေညာရန်၊ မွမ်းမံခြယ်လှယ်ရန်၊ ကုန်ပစ္စည်းအမှတ်အသားပြုလုပ်ရန် သို့မဟုတ် ကကုန်ပစ္စည်း တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားစေရန်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်အလံ၏ ပုံသဏ္ဍာန်ကို ပုံနှိပ်ဆေးခြယ် ပူးတွဲထားရှိသည့် ကုန်ပစ္စည်းတစ်ခုခုကိုဖြစ်စေ၊ ကုန်ပစ္စည်းတစ်ခုခုကို ထားသိုရာ စည်း သေတ္တာ စသည်များကိုဖြစ်စေ၊ ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ရန် အသုံးပြုသည့် အရာဝတ္ထုတစ်ခုခုကိုဖြစ်စေ ပြုလုပ်ခြင်း၊ ရောင်းချခြင်း၊ အများမြင်သာအောင် ခင်းကျင်းဆင်ယင် ပြသထားခြင်း၊ လက်ဝယ် ထားရှိခြင်း၊

(င) နိုင်ငံတော်အလံကို ဆုတ်ဖြတ်ဖျက်ဆီးခြင်း၊ အဆင်းသဏ္ဍာန် ပျက်အောင် ပြုခြင်း၊ ဂုဏ်ကျက်သရေ ပျက်ပြားအောင် တမင် သက်သက်ပြုခြင်း၊ မလေးမစားပြုခြင်း။

## ပုဒ်မ ၆။ ပြစ်ဒဏ်

ပုဒ်မ ၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ခုခုကိုဖြစ်စေ ဤဥပဒေအရ ပြုသည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက် တစ်ခုခုကိုဖြစ်စေ ကျူးလွန်သူသည် (၆)လထက် မများသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ထောင်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ အပြစ်ပေးခြင်းခံရမည်။

**ဥပဒေ။** နိုင်ငံတော်အလံ နည်းဥပဒေ။
(နည်းဥပဒေအမှတ် ၁/၁၉၇၄)

**ပုဒ်မ ၈။** နိုင်ငံတော်အလံလွှင့်ထူကိုင်ဆောင် အသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် တားမြစ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) နိုင်ငံတော်အလံ၏ အထက်၌ဖြစ်စေ၊ အောက်၌ဖြစ်စေ မည်သည့် အလံကိုမျှ တည့်တည့်လွှင့်ထူခြင်း မပြုရ၊

(ခ) နိုင်ငံတော်အစိုးရ၏ အခွင့်အမိန့်မရဘဲ နိုင်ငံတော်အလံကို တိုင်ဝက် မလွှင့်ထူရ။

(ဂ) နိုင်ငံတော်အလံကို အလံရှိုးထိပ်အောက်စိုက်၍ မကိုင်ဆောင်ရ၊ အစဉ် အမြဲ ခပ်မတ်မတ်ထား၍ ဝင့်ကြွားစွာ ကိုင်ရမည်။

(ဃ) နိုင်ငံတော်အလံကို နှိမ့်၍ အလေးမပြုရ၊

(င) နိုင်ငံတော်အလံကို ကျောက်ရုပ်၊ ကျောက်တိုင်၊ ရုပ်တု အစရှိသော

www.burmeseclassic.com

www.burmeseclassic.com



အထိမ်းအမှတ်ပြပွဲများ၌ လွှင့်ထူနိုင်သည်။ သို့သော် နိုင်ငံတော်အလံနှင့် ဖုံးအုပ်မထားရ၊

(စ) ပုဂ္ဂိုလ်တစ်ဦးသီးကို နိုင်ငံတော်အခမ်းအနား သို့မဟုတ် စစ်အခမ်းအနားဖြင့် သင်္ဂြိုဟ်ရာတွင် ရုပ်ကလာပ်နှင့်အတူ နိုင်ငံတော်အလံကို သင်္ဂြိုဟ်ခြင်းမပြုရ၊ နိုင်ငံတော်အလံနှင့် သချိုင်းမြေမထိရ၊

(ဆ) နိုင်ငံတော်အလံကို အတင်အချီပြုရာတွင်လည်းကောင်း၊ အသုံးပြုရာတွင်လည်းကောင်း၊ နိုင်ငံတော်အလံအောက်ရှိ မြေပြင်၊ ရေပြင်၊ ကြမ်းပြင်တို့နှင့် မထိစေရ၊

(ဇ) နိုင်ငံတော်အလံကို ပစ္စည်းတစ်စုံတစ်ရာ ထုပ်ပိုးချည်နှောင်ရန်အတွက် မည်သည့်နေရာ၊ မည်သည့်အချိန်တွင်မျှ မသုံးရ၊

(ဈ) နိုင်ငံတော်အလံကို နဖူးစည်းအဖြစ်ဖြင့် မည်သည့်နေရာ၊ မည်သည့်အခါတွင်မျှ အသုံးမပြုရ၊

(ည) နိုင်ငံတော်အလံကို လွှင့်တင်ရာတွင် ချည်နှောင်ထုံးဖွဲ့၍ တင်ပြီးမှ ဖြေချခြင်း မပြုရ၊

(ဋ) နိုင်ငံတော်အလံကို အခင်းအဖြစ်လည်းကောင်း၊ အလှအပတန်ဆာဆင်ယင်ပြသမှုအဖြစ်လည်းကောင်း၊ ဝတ်စားဆင်ယင်မှုအဖြစ် လည်းကောင်း မည်သည့်အခါမျှ မပြုရ၊

(ဌ) နိုင်ငံတော်အလံကို အသုံးပြုရန် ခွင့်ပြုထားသည့် နေရာများမှအပ အခြားနေရာများတွင် အသုံးမပြုရ၊

(ဍ) နိုင်ငံတော်အလံကို မည်သည့်အခါမျှ စွန့်ပစ်ခြင်းမပြုရ၊ ဟောင်းနွမ်းစုတ်ပြတ်၍ အသုံးမပြုနိုင်လျှင် . . . . . . .

ပုဒ်မ ၉။ မည်သူမဆို ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုကို ဆန့်ကျင်လျှင် ထိုသူသည် (၆)လထက် မများသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ထောင်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ အပြစ်ပေးခြင်းခံရမည်။

www.burmeseclassic.com

www.burmeseclassic.com



**၅၂။ အစိုးရက လုပ်ကိုင်ရသည့် စီးပွားရေးလုပ်ငန်းကိစ္စ။**

**ဥပဒေ။** နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေ။
(ဥပဒေအမှတ် ၉/၁၉၈၉)

**ပုဒ်မ ၃။** အောက်ဖော်ပြပါ စီးပွားရေးလုပ်ငန်းများကို အစိုးရကသာ နိုင်ငံတော်ပိုင် စီးပါးရေးလုပ်ငန်းများအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည် -

(က) ကျွန်းသစ် ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်းပြည်ပ ရောင်းချခြင်း လုပ်ငန်း၊

(ခ) ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံး ကျေးရွာပိုင် ထင်း စိုက်ခင်းများမှအပ သစ်တောစိုက်ခင်း ပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်း၊

(ဂ) ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ် ဝယ်ယူရောင်းချခြင်း လုပ်ငန်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထွက် ပစ္စည်းများ ထုတ်လုပ် ခြင်းလုပ်ငန်း၊

(ဃ) ပုလဲ၊ ကျောက်စိမ်းနှင့်တွင်းထွက်ကျောက်မျက်ရတနာပစ္စည်းများ ရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်းလုပ်ငန်း၊

(င) အစိုးရက သုတေသနပြုလုပ်ရန် သတ်မှတ်ထားသော အင်းများ၌ ငါး၊ ပုဇွန်မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း၊

(စ) စာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေးလုပ်ငန်း၊

(ဆ) လေကြောင်းပို့ဆောင်ရေးလုပ်ငန်းနှင့် ရထားပို့ဆောင်ရေးလုပ်ငန်း၊

(ဇ) ဘဏ်လုပ်ငန်းနှင့် အာမခံလုပ်ငန်း၊

(ဈ) အသံလွှင့်လုပ်ငန်းနှင့် ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းလုပ်ငန်း၊

(ည) သတ္တုရှာဖွေ ထုတ်လုပ်ခြင်း လုပ်ငန်းနှင့် ပြည်ပသို့ တင်ပို့ ရောင်းချခြင်းလုပ်ငန်း၊

(ဋ) ဥပဒေအရ ပုဂ္ဂလိကနှင့်သမဝါယမတို့အား သတ်မှတ်ခွင့်ပြုသော လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှအပ အခြားလျှပ်စစ်ဓာတ် အား ထုတ်လုပ်ရေးလုပ်ငန်း၊

(ဌ) အစိုးရအဖွဲ့က အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ် သည့် လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာပစ္စည်း ထုတ်လုပ်ခြင်း လုပ်ငန်း။

www.burmeseclassic.com

www.burmeseclassic.com



ပုဒ်မ ၉။ မည်သူမဆို ပုဒ်မ ၃ အရ သာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ လုပ်ကိုင်ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူက ၅ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့အပြင် ထိုသူ၏ စီးပွားရေးလုပ်ငန်းနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

ပုဒ်မ ၁၁။ မည်သူမဆို ပုဒ်မ ၄ သို့မဟုတ် ပုဒ်မ ၅ အရ ထုတ်ပြန်ထားသော အမိန့် သို့မဟုတ် စည်းကမ်းသတ်မှတ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

## ၅၃။ ဝင်ငွေခွန် ကိစ္စ။

**ဥပဒေ။** ၁၉၇၄ ခုနှစ်၊ ဝင်ငွေခွန် ဥပဒေ။
(ဥပဒေအမှတ် ၇/၁၉၇၄)

**ပြဋ္ဌာန်းချက်များ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အတွက် ပြစ်ဒဏ်**

ပုဒ်မ ၄၆(က)။ စည်းကြပ်မှုအဖွဲ့ သို့မဟုတ် အယူခံအဖွဲ့သည် ဤဥပဒေအရ အမှုကိစ္စတစ်ခုခုကို ဆောင်ရွက်စဉ်အတွင်း မည်သူမဆို ပုဒ်မ ၁၇ ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မခွဲ(ခ) သို့မဟုတ် ပုဒ်မ ၁၈ သို့မဟုတ် ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ)အရ လိုအပ်ချက်များကို လုံလောက်သော အကြောင်းမရှိဘဲ လိုက်နာရန် ပျက်ကွက်သည်ဟု ယုံကြည်ကျေနပ်လျှင် ပျက်ကွက်မှုတစ်မျိုးစီအတွက် ပေးဆောင်ရမည့် အခွန်အပြင် အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသော ငွေဒဏ်ကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည့်သူသည် လစာနှစ်ချုပ်စာရင်းပေးပို့ရန် တာဝန်ရှိသူဖြစ်ပြီး ယင်းပေးဆောင်ရမည့် ဒဏ်ငွေမှာ အဆိုပါစာရင်းအရ နုတ်ယူရမည်ဖြစ်သော အခွန်၏ ၁၀ ရာခိုင်နှုန်းဖြစ်သည်။

(ခ) မည်သူမဆို ပုဒ်မ ၄၂ အရ သတင်းအချက်အလက်များ တင်ပြရန် ပျက်ကွက်လျှင် ထိုသူအား (၁၅)ရက်အထိ အချိန်ထပ်မံတိုးမြှင့်ပေးနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၁) ယင်းသို့ တိုးမြှင့်ပေးသော အချိန်အတွင်း တင်ပြရန် ဆက်လက်ပျက်ကွက်ပါက ထိုသူအား ဖမ်းဆီးခေါ်ဆောင်လာရန် ပုဒ်မ ၇ အရ ဖွဲ့စည်းထားသော အဖွဲ့က ပုဒ်မ ၄၃ အရ အပ်နှင်းထားသော တရားစီရင်ရေးအဖွဲ့၏ လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီး လူဖမ်းဝရမ်းထုတ်၍ ခေါ်ယူကာ မည်သည့် အကြောင်းကြောင့် ပျက်ကွက်ကြောင်းကို စစ်ဆေးနိုင်သည်။ ပျက်ကွက်ရသည့်အကြောင်းမှာ သက်ဆိုင်ရာ စာရွက်စာတမ်းများကို ထိုသူ၏ ပယောဂမပါဘဲ ပျောက်ပျက်ခြင်းကြောင့် ဖြစ်ပါက ယင်းအား မှတ်မိသမျှ ကတိသစ္စာ ပြုလုပ်တင်သွင်းရန် ခွင့်ပြုနိုင်သည်။

(၂) လုံလောက်သော အကြောင်းမရှိဘဲ ထိုသူက တင်ပြရန် ပျက်ကွက်ကြောင်း အဖွဲ့က တွေ့ရှိလျှင် ယင်းအား တရားစွဲဆိုနိုင်သည်။ ထိုသို့ တရားစွဲဆို၍ တရားစီရင်ရေးအဖွဲ့က ပြစ်မှုထင်ရှားကြောင်း ဆုံးဖြတ်ပါက ထိုသူအား တစ်နှစ်မှသုံးနှစ်အထိထောင်ဒဏ်အပြစ်ပေးနိုင်သည်။

**လိမ်လည်ခြင်းအတွက် ပြစ်ဒဏ်**

**ပုဒ်မ ၄၇(က)** ။ တစ်ဦးတစ်ယောက်သောသူသည် မိမိ၏ ငွေထိမ်ချန်ကြောင်း သို့မဟုတ် ဝင်ငွေနှင့် စပ်လျဉ်း၍ အချက်အလက်များ ထိမ်ချန်ကြောင်း စည်းကြပ်မှုအဖွဲ့ သို့မဟုတ် အယူခံအဖွဲ့က ထိုအမှုကိစ္စ ဆောင်ရွက်စဉ် တွေ့ရှိလျှင် ထိုသူအား သတ်မှတ်သည့်အချိန်အတွင်း ယင်းတို့ကို အပြည့်အစုံ ထုတ်ဖော်ခွင့်ပေးရမည်။

(ခ) ထိုသူသည် ခွင့်ပြုထားသည့် ကာလအတွင်း အပြည့်အစုံ ထုတ်ဖော်ခဲ့လျှင် ထိုသူ၏ စုစုပေါင်းဝင်ငွေပေါ်တွင် ပေးဆောင်ရမည့် အခွန်အပြင် ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့် အခွန်၏ ၅၀ ရာခိုင်နှုန်းနှင့်ညီမျှသော ဒဏ်ငွေကိုပါ ပေးဆောင်ရမည်။

(ဂ) ထိုသူသည် ခွင့်ပြုထားသည့် ကာလအတွင်း ထုတ်ဖော်ရန် ပျက်ကွက်လျှင် သို့မဟုတ် ထိမ်ချန်ခဲ့သည့် ဝင်ငွေထက် လျော့နည်းဖော်ထုတ်လျှင် ပုဒ်မခွဲ(ခ)ပါအတိုင်း အခွန်နှင့်ဒဏ်ငွေ နှစ်ရပ်လုံး ပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်း ခံရမည်။ တရားစီရင်ရေးအဖွဲ့မှ ပြစ်မှုထင်ရှားကြောင်း ဆုံးဖြတ်ပါက ထိုသူအား (၃)နှစ်မှ (၁၀)နှစ်အထိ ထောင်ဒဏ်အပြစ်ပေးနိုင်သည်။ သို့ရာတွင် ဤကိစ္စအတွက် အစိုးရက တာဝန်လွှအပ်သောအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရဘဲ ဤပုဒ်မအရ တရားစွဲဆိုခြင်းမပြုရ။ အဆိုပါအဖွဲ့သည် ဤပုဒ်မအရ ရသင့်ရထိုက်

www.burmeseclassic.com

www.burmeseclassic.com



သော အခွန်များကို မရအောင် ထိုသူ၏ လိမ်လည်လိုသော ရည်ရွယ်ချက်အတိမ်နက်ကို လည်းကောင်း၊ ဖော်ထုတ်နိုင်မည့် အခြေအနေ ရှိမရှိကို လည်းကောင်း ထောက်ချင့်၍ ခွင့်ပြုချက်ပေးသင့် မပေးသင့် ဆုံးဖြတ်ရာတွင် လိုအပ်က ဖော်ထုတ်ရန် အချိန်ကို တိုးမြှင့်ပေးနိုင်သည်။

**အဂတိ လိုက်စားခြင်းအတွက် ပြစ်ဒဏ်**

ပုဒ်မ ၄၈။ မည်သူမဆို ဤဥပဒေကို အကြောင်းပြု၍ လာဘ်ပေးလာဘ်ယူ ပြုလုပ်လျှင် သို့မဟုတ် ပြုလုပ်ရန် အားထုတ်လျှင် ထိုသူအား ပြစ်မှုဆိုင်ရာ ဥပဒေအရဖြစ်စေ၊ ယင်းပြစ်မှုမျိုးအတွက် သီးခြားပြဋ္ဌာန်းသည့် ဥပဒေအရဖြစ်စေ၊ ပြစ်ဒဏ်ထိုက်သင့်စေရမည်။

## ၅၄။ <u>စာကြည့်တိုက်၊ ပြတိုက်၊ ပြပွဲများ ကိစ္စ။</u>

**ဥပဒေ။** ၁၉၆၄ ခုနှစ်၊ စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲ ကြီးကြပ်အုပ်ချုပ်ရေး ဥပဒေ။
(ဥပဒေအမှတ် ၁/၁၉၆၄)

**ပုဒ်မ ၁၁။ ပုဒ်မ ၄၊ ၅ သို့မဟုတ် ပုဒ်မ ၆ နှင့် စပ်လျဉ်းသည့် ပြစ်ဒဏ်**

မည်သူမဆို ပုဒ်မ ၄ ၊ ၅ သို့မဟုတ် ၆ ပါ ပြဋ္ဌာန်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဆန့်ကျင်လျှင် သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ထောင်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

**ပုဒ်မ ၄ ။** (၁) မည်သူမဆို စာကြည့်တိုက် သို့မဟုတ် ပြတိုက်ကို ဖွင့်လှစ်ခြင်း သို့မဟုတ် ထားရှိခြင်းပြုရန်အတွက် သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ သို့ သတ်မှတ်သည့် ကာလအပိုင်းအခြားအတွင်း မှတ်ပုံတင်ရန် လျှောက်ထားရမည်။

(၂) မည်သူမျှ ဤဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်အရ ထိုလက်မှတ်ပါ စည်းကမ်းချက်များ သို့မဟုတ် လိုအပ်ချက်များနှင့်အညီ မဟုတ်ဘဲ စာကြည့်တိုက် သို့မဟုတ် ပြတိုက်ကို ဖွင့်လှစ်ခြင်း သို့မဟုတ် ထားရှိခြင်း မပြုရ။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၅ ။** အခြားတည်ဆဲတရားဥပဒေတစ်ခုခုတွင် မည်သို့ပင် ပါရှိစေကာမူ မည်သူမျှ အမြဲတမ်းအားဖြင့်ဖြစ်စေ၊ ယာယီအားဖြင့်ဖြစ်စေ ပြပွဲတစ်ခုခုကို မှတ်ပုံတင်အရာရှိ၏ အခွင့်အမိန့်မရဘဲ မပြသရ။

**ပုဒ်မ ၆ ။** ပုဒ်မ ၄အရ မှတ်ပုံတင်ရန် လျှောက်လွှာနှင့်အတူ သတ်မှတ်သည့် စာရွက်စာတမ်းအမှတ်အသားများနှင့် အကြောင်းအရာများကို ပေးပို့ရမည်။

**ပုဒ်မ ၁၂ ။** မဟုတ်မမှန်ဖော်ပြသည့်အတွက် ပြစ်ဒဏ်

မည်သူမဆို ဤပုဒ်မရအရဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများအရဖြစ်စေ လျှောက်ထားချက်တစ်ခုခုပြုရာ၌ မဟုတ်မမှန်သည်လည်းဖြစ်၍ မဟုတ်မမှန်ဟု မိမိသိရှိ သို့မဟုတ် ယုံကြည်သည်လည်းဖြစ်သော သို့မဟုတ် မှန်သည်ဟု မိမိမိယုံကြည်ခြင်းလည်း မရှိသော အကြောင်းအရာကို ဖော်ပြလျှင် (၃)နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ထောင်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

ပုဒ်မ ၁၃ ။ **မှတ်ပုံတင်သက်သေခံလက်မှတ် သို့မဟုတ် အခွင့်အမိန့် ရုပ်သိမ်းပြီးနောက် စာကြည့်တိုက်၊ ပြတိုက်၊ ပြပွဲ ဆက်လက်ဖွင့်လှစ်ထားရှိပြသခြင်းအတွက် ပြစ်ဒဏ်**

မည်သူမဆို မိမိအားထုတ်ပေးထားသည့် မှတ်ပုံတင်လက်မှတ် သို့မဟုတ် အခွင့်အမိန့် ရုပ်သိမ်းပြီးနောက် သို့မဟုတ် အတည်ဖြစ်ခြင်းမှ ရပ်စဲပြီးနောက် စာကြည့်တိုက် သို့မုတ် ပြတိုက် သို့မဟုတ် ပြပွဲကို ဆက်လက်ဖွင့်လှစ်ထားရှိပြသလျှင် (၃)နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ထောင်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်း ခံရမည်။

**ပုဒ်မ ၁၄ ။** နည်းဥပဒေကို မလိုက်နာသည့်အတွက် သို့မဟုတ် ဆန့်ကျင်သည့်အတွက် ပြစ်ဒဏ်

မည်သူမဆို ဤဥပဒေအရပြုသည့် နည်းဥပဒေတစ်ခုခုကို လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဆန့်ကျင်လျှင် (၃)နှစ်ထက် မပိုသော ထောင်ဒဏ်ဖြင့်ဖြစ်စေ၊ ကျပ်နှစ်ထောင်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်း ခံရမည်။

www.burmeseclassic.com

www.burmeseclassic.com



## ၅၅။ စက်တပ်ယာဉ်ထိခိုက်သည့် ကိစ္စ။

**ဥပဒေ။** သူတစ်ပါးထိခိုက်မှု အာမခံနည်းဥပဒေ။
(နည်းဥပဒေအမှတ် ၄/၁၉၇၆)

**ပုဒ်မ ၂။** (ဂ) နစ်နာသူဆိုသည်မှာ အာမခံထားသည့် စက်တပ်ယာဉ်များ ထိခိုက်မှုကြောင့် နစ်နာသူကို ဆိုသည်။ ယင်း၏စကားရပ်တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ပါသည် -

၁။ ပစ္စည်း ပျက်စီးဆုံးရှုံးသူ၊
၂။ ဒဏ်ရာရသူ၊
၃။ အိမ်ထောင်ရှိလျှင် သေဆုံးသူ၏ တရားဝင်ဇနီး သို့မဟုတ် လင်ယောကျ်ား၊
ဇနီး သို့မဟုတ် လင်ယောကျ်ားမရှိလျှင် သားသမီး၊
ဇနီး သို့မဟုတ် လင်ယောကျ်ားမရှိလျှင် သားသမီးမရှိလျှင် မိဘ၊
ဇနီး သို့မဟုတ် လင်ယောကျ်ားမရှိလျှင် သားသမီးမရှိလျှင် မိဘမရှိလျှင် ညီအစ်ကို၊ မောင်နှမ၊
ဇနီး သို့မဟုတ် လင်ယောကျ်ားမရှိလျှင် သားသမီးမရှိလျှင် မိဘမရှိလျှင် ညီအစ်ကို၊ မောင်နှမ မရှိလျှင် ဆွေမျိုးတော်စပ်သူ၊
အိမ်ထောင်မရှိလျှင် သေဆုံးသူ၏ မိဘ၊
မိဘမရှိလျှင် ညီအစ်ကို၊ မောင်နှမ၊
မိဘ၊ ညီအစ်ကို၊ မောင်နှမ မရှိလျှင် ဆွေမျိုးတော်စပ်သူ၊

၈။ စက်တပ်ယာဉ်ကြောင့် ဒဏ်ရာရသူသည် ကုသသည့် ဆရာဝန်နှင့် ဆေးရုံ အမည်များကို ကော်ပိုရေးရှင်းစာဖြင့် အကြောင်းကြားရမည်။ နစ်နာကြေးကို ဖြစ်ပွားသည့်နေ့ရက်မှ နှစ်ဆယ့်လေးလအတွင်း တောင်းခံရမည်။

၉။ စက်တပ်ယာဉ်ကြောင့် ထိခိုက်သေဆုံးခဲ့လျှင် နစ်နာသူက နစ်နာကြေးကို ထိခိုက်မှုဖြစ်ပွားသည့် နေ့ရက်မှ တစ်ဆယ့်နှစ်လအတွင်း ကော်ပိုရေးရှင်းထံမှ တောင်းခံရမည်။

၁၀။ (က) × × × × × × × × × × × × × × × × × × × ×
× × × × × × × × × × × × × × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက် ။ ။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၏ ၃၀-၁၂-၉၅ ရက်စွဲပါ အမိန့်အမှတ်(၁/၉၅)ဖြင့် နစ်နာကြေးများကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။

| | |
|---|---|
| ၁။ သေဆုံးခြင်း | ကျပ် ၂၅၀၀၀ |
| ၂။ လက်မောင်းရင်းမှ လက်ကောက်ဝတ်အထိ တစ်နေရာရာမှ လက်နှစ်ဘက်လုံးပြတ်ခြင်း | ကျပ် ၂၀၀၀၀ |
| ၃။ လက်မောင်းရင်းမှ လက်ကောက်ဝတ်အထိ တစ်နေရာရာမှ လက်တစ်ဘက်လုံးပြတ်ခြင်း | ကျပ် ၁၀၀၀၀ |
| ၄။ လက်မတစ်ချောင်း မည်သည့်နေရာမှမဆို လုံးဝပြတ်ခြင်း | ကျပ် ၂၀၀၀ |
| ၅။ လက်ညှိုးတစ်ချောင်း မည်သည့်နေရာမှမဆို လုံးဝပြတ်ခြင်း | ကျပ် ၁၈၀၀ |
| ၆။ လက်ခလယ်၊ လက်သူကြွယ် နှင့်လက်သန်း မည်သည့်နေရာမှမဆို လုံးဝပြတ်ခြင်း | ကျပ် ၁၅၀၀ |
| ၇။ ခြေမတစ်ချောင်း လုံးဝပြတ်ခြင်း | ကျပ် ၁၈၀၀ |
| ၈။ ခြေမမှတစ်ပါး အခြားခြေချောင်းတစ်ချောင်းချောင်း လုံးဝပြတ်ခြင်း | ကျပ် ၁၅၀၀ |
| ၉။ ပေါင်ရင်းမှ ခြေချင်းဝတ်အထိ တစ်နေရာရာမှ ခြေနှစ်ဖက်လုံး လုံးဝပြတ်ခြင်း | ကျပ် ၂၀၀၀၀ |
| ၁၀။ ပေါင်ရင်းမှ ခြေချင်းဝတ်အထိ တစ်နေရာရာမှ ခြေတစ်ဖက်လုံး လုံးဝပြတ်ခြင်း | ကျပ် ၁၀၀၀၀ |
| ၁၁။ ခြေလက်အင်္ဂါတစ်ခုခုသာ လက်ကောက်ဝတ်မှ အဖျားဘက်အစွန်းသော်လည်းကောင်း၊ ခြေကျင်းဝတ်မှ အဖျားဖက်အစွန်းသော်လည်းကောင်း လုံးဝပြတ်ခြင်း | ကျပ် ၇၅၀၀ |
| ၁၂။ မျက်စေ့နှစ်ဖက် လုံးဝကွယ်ခြင်း | ကျပ် ၂၀၀၀၀ |
| ၁၃။ မျက်စေ့တစ်ဖက်သာ ကွယ်ခြင်း | ကျပ် ၁၀၀၀၀ |
| ၁၄။ နားရွက်နှစ်ဖက် လုံးဝပြတ်ခြင်း | ကျပ် ၆၀၀၀ |
| ၁၅။ နားရွက်တစ်ဖက်သာ လုံးဝပြတ်ခြင်း | ကျပ် ၃၀၀၀ |
| ၁၆။ နားနှစ်ဖက်လုံး လုံးဝပင်းခြင်း | ကျပ် ၁၀၀၀၀ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၁၇။ နားတစ်ဖက်သာ လုံးဝပင်းခြင်း | ကျပ် | ၅၀၀၀ |
| ၁၈။ သွားကျိုးခြင်း၊ သွားတစ်ချောင်းကျိုးလျှင် | ကျပ် | ၅၀၀ |
| ၁၉။ ထာဝစဉ် မသန်မစွမ်းဖြစ်ခြင်း | ကျပ် | ၂၀၀၀၀ |
| ၂၀။ လက်မောင်းရင်းမှ လက်ကောက်ဝတ်အထိ တစ်နေရာရာမှ လက်နှစ်ဘက်လုံးကျိုးခြင်း | ကျပ် | ၆၀၀၀ |
| ၂၁။ လက်မောင်းရင်းမှ လက်ကောက်ဝတ်အထိ တစ်နေရာရာမှ လက်တစ်ဘက်ကျိုးခြင်း | ကျပ် | ၃၀၀၀ |
| ၂၂။ လက်မတစ်ချောင်း ကျိုးခြင်း | ကျပ် | ၈၀၀ |
| ၂၃။ ကျန်လက်တစ်ချောင်းချောင်း ကျိုးခြင်း | ကျပ် | ၅၀၀ |
| ၂၄။ ခြေမတစ်ချောင်း ကျိုးခြင်း | ကျပ် | ၆၀၀ |
| ၂၅။ အခြားခြေချောင်းတစ်ချောင်းချောင်းကျိုးခြင်း | ကျပ် | ၅၀၀ |
| ၂၆။ ပေါင်ရင်းမှ ခြေချင်းဝတ်အထိ တစ်နေရာရာမှ ခြေနှစ်ဖက်ကျိုးခြင်း | ကျပ် | ၆၀၀၀ |
| ၂၇။ ပေါင်ရင်းမှ ခြေချင်းဝတ်အထိ တစ်နေရာရာမှ ခြေတစ်ဖက်ကျိုးခြင်း | ကျပ် | ၃၀၀၀ |
| ၂၈။ လက်ကောက်ဝတ် သို့မဟုတ် ခြေကျင်းဝတ် အဖျားဘက်အစွန်းကျိုးခြင်း | ကျပ် | ၃၀၀၀ |
| ၂၉။ မျက်စေ့တစ်ဖက် ဒဏ်ရာရခြင်း | ကျပ် | ၃၀၀၀ |
| ၃၀။ နားရွက်တစ်ဖက် ဒဏ်ရာရခြင်း | ကျပ် | ၂၀၀၀ |
| ၃၁။ နားရွက်တစ်ဖက် ဒဏ်ရာရ၍ တစ်စိတ်တစ်ဒေသ နားပင်းသွားခြင်း | ကျပ် | ၂၅၀၀ |
| ၃၂။ နားခေါင်းရိုးကျိုးခြင်း | ကျပ် | ၂၀၀၀ |
| ၃၃။ မေးရိုးကျိုးခြင်း | ကျပ် | ၃၀၀၀ |
| ၃၄။ မျက်နှာ၌ ရုပ်ပျက်လောက်အောင်ဒဏ်ရာရခြင်း | ကျပ် | ၁၀၀၀၀ |
| ၃၅။ ခါးရိုးကျိုးခြင်း | ကျပ် | ၁၀၀၀၀ |
| ၃၆။ နံရိုးတစ်ချောင်းကျိုးခြင်း | ကျပ် | ၂၀၀၀ |
| ၃၇။ လည်ပင်းရိုးကျိုးခြင်း | ကျပ် | ၁၀၀၀၀ |
| ၃၈။ ပုခုံး သို့မဟုတ် ညှပ်ရိုးကျိုးခြင်း | ကျပ် | ၄၀၀၀ |
| ၃၉။ ကိုယ်ခန္ဓာ၏ အခြားအစိတ်အပိုင်း ပြင်းထန်စွာ ဒဏ်ရာရခြင်း | ကျပ် | ၁၀၀၀၀ |

www.burmeseclassic.com

www.burmeseclassic.com



၄၀။ ကိုယ်ခန္ဓာ၏ အခြားအစိတ်အပိုင်းတွင် သာမန် ဒဏ်ရာရခြင်း ကျပ် ၃၀၀၀

(ခ) ဒဏ်ရာရရှိသူ၏ အပိုဒ်ခွဲ(က)ပါ နစ်နာကြေးအပြင် အောက်ပါတို့ကို ခံစားခွင့်ရှိသည် -

(၁) ရရှိသည့်ဒဏ်ရာကြောင့် ဆေးရုံတက်၍ ဆေးဝါးကုသမှုခံယူရပါက ယင်းသို့ ဆေးရုံတက်၍ ဆေးဝါးကုသမှုခံရသည့်ကာလအတွက် ရက်သတ္တပတ်တစ်ပတ်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် ရက်သတ္တပတ် ၅၂ ပတ်အထိ ခံစားခွင့်၊

(၂) ရရှိသည့်ဒဏ်ရာကြောင့် ဆေးရုံတက်၍ ဆေးဝါးကုသမှုခံယူပြီးဖြစ်သော်လည်း အလုပ်အကိုင်လုပ်ရာတွင် ယင်းဒဏ်ရာကြောင့် အပြည့်အဝ လုပ်ကိုင်နိုင်ခြင်းမရှိပါက ယင်းသို့အပြည့်အဝ လုပ်ကိုင်နိုင်ခြင်းမရှိသည့်ကာလအတွက် ရက်သတ္တပတ်တစ်ပတ်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် ဆေးရုံတက်၍ ဆေးဝါးကုသမှုခံယူရသည့် ကာလအပါအဝင် ရက်သတ္တပတ် ၅၂ ပတ်အထိ ခံစားခွင့်။

(ဂ) စက်တပ်ယာဉ်ကြောင့် ဒဏ်ရာရခြင်းအတွက် အပိုဒ်ခွဲ(က)အရ ရပိုင်ခွင့်ရှိသည့် နစ်နာကြေးနှင့် အပိုဒ်ခွဲ(ခ)အရ ခံစားခွင့်ရှိသည့် ငွေနှစ်ရပ်ပေါင်းသည် ကျပ် ၂၀၀၀၀ ထက် မကျော်လွန်စေရ။

ဤအမိန့်သည် ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့နှင့် ယင်းနေ့ နောက်ပိုင်းတွင် ဖြစ်ပွားသော စက်တပ်ယာဉ်ကြောင့် သေဆုံးခြင်း သို့မဟုတ် ဒဏ်ရာရခြင်းနှင့်သာ သက်ဆိုင်စေရမည်။

**ပုဒ်မ ၁၁။** စက်တပ်ယာဉ်ကြောင့် နစ်နာသူသည် ပစ္စည်းပျက်စီးဆုံးရှုံးရခြင်းအတွက် အောက်ပါနစ်နာကြေးများကို ကော်ပိုရေးရှင်းထံမှ အများဆုံး တောင်းယူခံစားခွင့်ရှိသည်။

(က) မည်သည့်စက်တပ်ယာဉ်မဆို လုံးဝပျက်စီးခြင်း စက်တပ်ယာဉ်တစ်စီးလျှင် ကျပ် ၅၀၀၀

(ခ) မည်သည့်စက်တပ်ယာဉ်မဆို တစ်စိတ်တစ်ဒေသ ပျက်စီးခြင်းအတွက် ကျပ် ၂၀၀၀

www.burmeseclassic.com



(ဂ) ထိခိုက်မှုတွင် ပါဝင်သော စက်တပ်ယာဉ်ပေါ်၌ တင်ဆောင်လာသောပစ္စည်းတစ်ခု ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း ပစ္စည်းတစ်ခုလျှင် ကျပ် ၂၀၀

(ဃ) စက်တပ်ယာဉ်ပေါ်၌တင်ဆောင်လာသည့် ပစ္စည်းများမှအပ ထိခိုက်မှုကြောင့် အခြားပစ္စည်းဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း ထိခိုက်မှုတစ်မှုလျှင် ကျပ် ၅၀၀၀

**ပုဒ်မ ၁၂။** စက်တပ်ယာဉ်ကြောင့် ဖြစ်ပေါ်သော အောက်ပါနစ်နာမှုများအတွက် ကော်ပိုရေးရှင်းတွင် တာဝန်ရှိသည် -

(က) အာမခံထားသူသည် မတော်တဆ ဒဏ်ရာရခြင်း၊ သေဆုံးခြင်း၊

(ခ) အာမခံထားသူပိုင် စက်တပ်ယာဉ်ချင်းထိခိုက်မှုကြောင့် ယင်း၏ ပစ္စည်းပျက်စီးဆုံးရှုံးခြင်း၊

(ဂ) အာမခံထားသူမှအပ၊ အခြားသူတစ်ဦးဒဏ်ရာရခြင်း၊ သို့မဟုတ် သေဆုံးခြင်း၊ သို့ရာတွင် ဒဏ်ရာရခြင်း၊ သို့မဟုတ် သေဆုံးခြင်းသည် ယင်းဒဏ်ရာရသူ သို့မဟုတ် သေဆုံးသူ၏ ပယောဂကြောင့် မဖြစ်စေရ၊

(ဃ) အာမခံထားသူ၏ ပစ္စည်းမှအပ အခြားသူ၏ ပစ္စည်းပျက်စီးဆုံးရှုံးခြင်း၊ သို့ရာတွင် ထိုပစ္စည်းပျက်စီးဆုံးရှုံးခြင်းသည် ယင်းပစ္စည်းပိုင်ရှင်၏ ပယောဂကြောင့် မဖြစ်စေရ။

**ပုဒ်မ ၁၃။** စက်တပ်ယာဉ်ကြောင့်ဖြစ်ပေါ်သော နစ်နာမှုအတွက် ကော်ပိုရေးရှင်းသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

(က) နစ်နာကြေးကို သတ်မှတ်ထားသော နစ်နာကြေးနှုန်းအတိုင်း ကော်ပိုရေးရှင်းက နစ်နာသူအား လျင်မြန်စွာ ပေးရမည်။

(ခ) ပစ္စည်းပျက်စီးဆုံးရှုံးမှုအတွက် ထိခိုက်မှုဖြစ်သည့်အချိန်တွင် တည်ရှိသော ပစ္စည်းတန်ဖိုးသာလျှင် ကော်ပိုရေးရှင်းက သတ်မှတ်ထားသည့်နှုန်းထက် မပိုစေဘဲ ပေးလျော်ရမည်။ ထိခိုက်မှုနှင့် တိုက်ရိုက်မသက်ဆိုင်သော ပစ္စည်းဆုံးရှုံးမှုများနှင့် အကျိုးဆက်ဖြစ်ပေါ်လာသည့် ပစ္စည်းဆုံးရှုံးမှုများအတွက် ကော်ပိုရေးရှင်းတွင် တာဝန်မရှိစေရ။

(ဂ) ကော်ပိုရေးရှင်းသည် ပစ္စည်းအတွက် နစ်နာကြေးပေးရာတွင် ပြင်ဆင်ပေးခြင်း၊ လဲလှယ်ပေးခြင်း၊ အစားထိုးပေးခြင်း၊ တန်ဖိုးကို ပေးလျော်၍

www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးသော ပစ္စည်းကို သိမ်းယူခြင်းများအနက် ကော်ပိုရေးရှင်းနှင့် နစ်နာသူတို့ ညှိနှိုင်းသဘောတူညီသည့် နည်းလမ်းအတိုင်း ဆောင်ရွက်နိုင်သည်။

**ပုဒ်မ ၁၄ ။** စက်တပ်ယာဉ်ကြောင့် ဖြစ်ပေါ်သည့် နစ်နာကြေးပေးခြင်းကို ကော်ပိုရေးရှင်းတွင် အောက်ပါထိခိုက်မှုများအတွက် တာဝန်မရှိစေရ -

(က) အာမခံထားသူ သို့မဟုတ် ယာဉ်မောင်းသူ၏ တမင်သက်သက်ပြုမူချက်ကြောင့် အာမခံထားသော ယာဉ်၏ စက်တပ်ယာဉ် သို့မဟုတ် ပစ္စည်းများ ပျက်စီးဆုံးရှုံးခြင်း၊

(ခ) နစ်နာသူနှင့်အတူပါရှိသော ငွေ၊ စိန်၊ ရွှေ၊ ရတနာနှင့် ခရီးသွား အသုံးအဆောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးခြင်း၊

(ဂ) တမင်သက်သက်ပြုလုပ်မှုကြောင့် ဒဏ်ရာရခြင်း၊ သေဆုံးခြင်းနှင့် ပစ္စည်း ပျက်စီးဆုံးရှုံးခြင်း၊

(ဃ) မုန်တိုင်းကျခြင်း၊ မိုးကြိုးပစ်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ တောင်ပြိုခြင်း၊ စစ် သို့မဟုတ် စစ်အသွင်နှင့်တူသော ပျက်စီးမှု၊ သပိတ်မှောက်ခြင်း၊ အဓိကရုဏ်းဖြစ်ခြင်း၊ သောင်းကျန်းသူဖျက်ဆီးခြင်း၊ ခိုးမှု၊ မသမာသူ၏ ဖျက်ဆီးမှုနှင့် အလားတူအကြောင်းများကြောင့် ပျက်စီးမှုများ၊ ပျက်စီးတတ်သည့် သဘာဝအလျောက် ပျက်စီးမှုများ၊

(င) နိုင်ငံတော်နယ်နိမိတ်ပြင်ပတွင် ဖြစ်ပေါ်သော ထိခိုက်ပျက်စီးမှုများ၊

**ပုဒ်မ ၁၅ ။** နစ်နာကြေးတောင်းခံခြင်းများနှင့် စပ်လျဉ်း၍ ကော်ပိုရေးရှင်းသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ထိခိုက်မှုဖြစ်ပွားရာတွင် ပါဝင်သည့် စက်တပ်ယာဉ်အတွက် အာမခံကြေး ပေးဆောင်ပြီးမပြီး စစ်ဆေးရမည်၊

(ခ) ထိခိုက်မှုဖြစ်ပွားသည့် စက်တပ်ယာဉ်အတွက် အာမခံကြေးမဆောင်ရသေးလျှင် မပေးဆောင်ရသော ကာလအပိုင်းအခြားအတွက် အာမခံကြေးများကို ပေးဆောင်ရန် တာဝန်ရှိသူထံမှ မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ တောင်းပိုင်ခွင့်ရှိသည်။

(ဂ) နစ်နာကြေးတောင်းခံသူထံမှ လိုအပ်သော အချက်အလက်များကို တောင်းယူနိုင်သည်။ လိုအပ်လျှင် သွားရောက်စစ်ဆေးနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



(ဃ)စစ်ဆေး၍ မှန်ကန်ကြောင်းတွေ့ရှိလျှင် သတ်မှတ်ထားသော နစ်နာကြေးများကို ဆောလျင်စွာ ထုတ်ပေးရမည်။

## ၅၆။ မော်တော်ယာဉ် ကိစ္စ။

**ဥပဒေ။** ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ် ဥပဒေ။
(ဥပဒေအမှတ် ၁၇/၁၉၆၄)

**ပုဒ်မ ၃။ မှတ်ပုံတင်ရန်လိုအပ်ခြင်း**

မည်သည့်မော်တော်ယာဉ်မဆို ဤအခန်းနှင့်အညီ မှတ်ပုံတင်မထားသော မော်တော်ယာဉ်ဖြစ်လျှင်လည်းကောင်း၊ မှတ်ပုံတင်ထားပြီးနောက် မှတ်ပုံတင် သက်သေခံလက်မှတ် ခေတ္တရပ်စဲထားသော သို့မဟုတ် သက်တမ်းကုန်ဆုံးပြီးသော၊ ထို့ပြင် မှတ်ပုံတင် သက်သေခံလက်မှတ်ကို သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ပြသမထားသော မော်တော်ယာဉ်ဖြစ်လျှင်လည်းကောင်း ထိုမော်တော်ယာဉ်ကို ပြည်သူတို့ဆိုင်ရာ နေရာတစ်ခုခုတွင် မည်သူမျှ မမောင်းရ။ ထို့ပြင် ထိုမော်တော်ယာဉ်ပိုင်ရှင် တစ်ဦးဦးကလည်း မမောင်းနှင်စေရ သို့မဟုတ် မောင်းနှင်ခွင့်မပြုရ။

**ပုဒ်မ ၁၂။ အာမခံမထားဘဲ မော်တော်ယာဉ်ကို အသုံးမပြုရခြင်း**

ခရီးသည်မှအပ မည်သူမျှ ဤအခန်းပါ လိုအပ်ချက်များအတိုင်းသာ အာမခံပေါ်လစီတည်ဆဲမရှိဘဲ မည်သည့် မော်တော်ယာဉ်ကိုမဆို ပြည်သူတို့ဆိုင်ရာနေရာတွင် အသုံးမပြုရ၊ သို့မဟုတ် အသုံးပြုခွင့်မပေးရ။

**ပုဒ်မ ၁၅။ မော်တော်ယာဉ်လိုင်စင် လိုအပ်ခြင်း**

(၁) မည်သူမျှ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း မိမိအား ထုတ်ပေးသည့် ခိုင်လုံသော ယာဉ်မောင်းလိုင်စင် လက်ရှိမထားလျှင် မော်တော်ယာဉ်ကို ပြည်သူတို့ဆိုင်ရာ နေရာတစ်ခုခုတွင် မမောင်းနှင်ရ။ ထို့ပြင် မည်သည့် မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းသူကိုမျှ ထိုမော်တော်ယာဉ်ကို ထိုသို့ လိုင်စင်ထုတ်မပေးထားသည့်သူ တစ်ဦးဦးအား မမောင်းနှင်စေရ သို့မဟုတ် မောင်းနှင်ရန်ခွင့်မပြုရ။

(၂) အစိုးရသည် မော်တော်ယာဉ်အမောင်းသင်သူအား ပုဒ်မခွဲ(၁)နှင့် မသက်ဆိုင်စေရန် စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၁၇။ အမြန်နှုန်းကန့်သတ်ချက်**

မည်သူမျှ ပြည်သူ့တို့ဆိုင်ရာ နေရာတစ်ခုခုတွင် မော်တော်ယာဉ်ကို သတ်မှတ်သည့် အများဆုံး အမြန်နှုန်းထက် ပို၍ မမောင်းနှင်ရ သို့မဟုတ် မောင်းနှင်ခွင့်မပြုရ။

**ပြစ်မှုများ၊ ပြစ်ဒဏ်များနှင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းနည်းလမ်းများ**

**၂၀။** မည်သူမဆို -

(က) အခွင့်အမိန့်အရ လိုင်စင်မရှိဘဲ၊ လက်မှတ်ရေးသူ၊ သို့မဟုတ် စပယ်ရာအဖြစ် ဆောင်ရွက်လျှင်သော်၎င်း၊

(ခ) စိတ်ဖြစ်စေ၊ ကိုယ်ဖြစ်စေ၊ မော်တော်ယာဉ်ကို မောင်းနှင်ရန်၊ သင့်တော်ခြင်းမရှိသည့်အခါ၊ မောင်းနှင်လျှင်သော်၎င်း၊

(ဂ) ခွင့်ပြုနိုင်သည့် အလေးချိန်ထက်ပိုသော မော်တော်ယာဉ်ကို မောင်းနှင်လျှင်သော်၎င်း၊

(ဃ) ခြေလျင်လမ်းကူးနေရာနှင့် သက်ဆိုင်သည့် နည်းဥပဒေပါပြဋ္ဌာန်းချက်တစ်ခုခုကို ဆန့်ကျင်လျှင်သော်၎င်း၊

(င) ဥပဒေနှင့်အညီ အခွင့်အာဏာမရှိဘဲ၊ သို့မဟုတ် လုံလောက်သောအကြောင်းပြချက်မရှိဘဲ၊ မော်တော်ယာဉ် စက်ကိရိယာ တစ်စိတ်တစ်ဒေသကို အနေအထားပျက်အောင် ပြုလုပ်လျှင်သော်၎င်း၊

ဤဥပဒေကိုဖြစ်စေ၊ ဤဥပဒေအရ ပြုသည့် နည်းဥပဒေများကိုဖြစ်စေ၊ ဆန့်ကျင်သည့် ပြစ်မှု ကျူးလွန်သည်ဖြစ်၍၊ ကျပ်တစ်ရာထိ ငွေဒဏ် စီရင်ခြင်းခံရမည်။ ယခင် ပြစ်မှုကျူးလွန်ပြီးနောက် သုံးနှစ်အတွင်း ဤပုဒ်မပါ ပြစ်မှုတစ်ခုခု နောက်ထပ် ကျူးလွန်လျှင် ထိုသို့ နောက်ထပ် ကျူးလွန်သည့် ပြစ်မှုအတွက်၊ ကျပ်ငါးဆယ်အောက် မနည်း၊ ကျပ်နှစ်ရာထက် မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။

၂၁။ ပြစ်ဒဏ်များ — မည်သူမဆို ပုဒ်မ ၃၊ ၁၂၊ ၁၅ သို့မဟုတ် ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျှင်သော်၎င်း၊ ယာဉ်ကို၊ အရမ်းမဲ့၊ သို့မဟုတ် ဘေးအန္တရာယ်ဖြစ်အောင် မောင်းနှင်လျှင်သော်၎င်း၊ သေရည်သေရက်၊ သို့မဟုတ် မူးယစ်စေတတ်သော ဆေးဝါးသောက်စား၍ မော်တော်ယာဉ်ကို ကောင်းစွာမထိန်းနိုင်လောက်အောင် မူးယစ်နေစဉ်၊ မောင်းနှင်လျှင်သော်၎င်း၊ ပဌမအကြိမ် အဆိုပါပြစ်မှုကျူးလွန်သည့် အတွက်၊ သုံးလအထိ

www.burmeseclassic.com



ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။ ထို့ပြင် ယခင်ပြစ်မှု ကျူးလွန်ပြီးနောက် သုံးနှစ်အတွင်း ဤပုဒ်မပါ ပြစ်မှုတစ်ခုခု နောက် ထပ်ကျူးလွန်လျှင် ထိုသို့ နောက်ထပ် ကျူးလွန်သည့် ပြစ်မှုအတွက် ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ရာအောက်မနည်း ကျပ်တစ်ထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

**၂၂။** မည်သူမဆို၊ ဤဥပဒေပါပြဋ္ဌာန်းချက်၊ သို့မဟုတ် ဤဥပဒေအရ ပြုသည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ခုခုကို ဆန့်ကျင်လျှင်၊ ထိုပြစ်မှုအတွက် အခြားပြစ်ဒဏ် ပြဋ္ဌာန်းမထားသော်၊ ကျပ်နှစ်ရာထိ ငွေဒဏ်စီရင်ခြင်းခံရမည်။

**၂၃။** (၁) မော်တော်ယာဉ်တစ်ခုခုနှင့် စပ်လျဉ်း၍ ပြုလုပ်မှု၊ သို့မဟုတ် ပျက်ကွက်မှု တစ်ခုခုကြောင့်၊ တစ်ဦးတစ်ယောက်သော သူသည် ရာဇဝတ်ကြီးပုဒ်မ ၂၇၉၊ ၃၃၇၊ ၃၃၈ သို့မဟုတ် ပုဒ်မ ၃၄၀-က အရ၊ ပြစ်ဒဏ် ထိုက်သော ပြစ်မှုထင်ရှား စီရင်ခြင်းခံရ၍၊ ထိုသို့ပြုလုပ်သည့်၊ သို့မဟုတ် ပျက်ကွက်သည့်ကိစ္စကြောင့် ပစ္စည်းတစ်ခုခုပျက်စီးလျှင်၊ ထိုသူသည်၊ အဆိုပါ ပြစ်မှုအတွက် စီရင်ခြင်းခံရသည့် ပြစ်ဒဏ်တစ်ခုခု အပြင်၊ အဆိုပါ ပစ္စည်း ပျက်စီးသည့်အတွက် လျော်ကြေးကိုလည်း၊ ဤပုဒ်မတွင် ပြဋ္ဌာန်းထားသည့် နည်းလမ်း အတိုင်း ပေးရမည်။

(၂) အစိုးရပိုင်၊ သို့မဟုတ် အစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ သို့မဟုတ် အစိုးရ အခြားအဖွဲ့ အစည်းပိုင် ပစ္စည်းတစ်ခုခုပျက်စီးလျှင်၊ တရားရုံးသည်၊ အဆိုပါ ပစ္စည်း ပျက်စီးသည်ကို ပြုပြင်ရန်၊သို့မဟုတ် လိုအပ်လျှင် ထိုပစ္စည်း အစားထိုးရန် ငွေအလုံအလောက် ပေးဆောင်စေ အမိန့် ချမှတ်ရမည်။

(၃) ပုဒ်မခွဲ(၂)တွင် သီးခြားဖော်ပြထားသည့် ပစ္စည်းများမှာ တစ်ပါး၊ အခြားပစ္စည်း တစ်ခုခုပျက်စီးလျှင်၊ အဆိုပါသူ ပေးရမည့်လျော်ကြေး ငွေပေါင်းကို သဘောတူမဆုံးဖြတ်နိုင်လျှင်၊ ထိုသူအား အဆိုပါ ပြစ်မှု ထင်ရှားစီရင်သည့် တရားရုံးက ဆုံးဖြတ်ရမည်။

(၄) ဤပုဒ်မအရ ပေးရမည့် လျော်ကြေးငွေပေါင်းကို၊ ပေးရန် ပျက်ကွက်လျှင်၊ အဆိုပါသူအပေါ် တပ်ရိုက်သည့်ငွေဒဏ်ကဲ့သို့၊ အရ တောင်းခံရမည်။

www.burmeseclassic.com

www.burmeseclassic.com



(၅) ဤပုဒ်မအရ လျော်ကြေးပေးရန် ချမှတ်သည့်အမိန့်မှာ၊ နစ်နာသူ တစ်ဦးဦးအား လျော်ကြေးအတွက် တရားမမှုစွဲဆိုခြင်းမှ တားမြစ်ခြင်း မရှိစေရ။

၂၄။ မည်သူမဆို၊ ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရ ပြုသည့် နည်းဥပဒေတစ်ခုခုအရဖြစ်စေ၊ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကျူးလွန်ရန် အားပေးကူညီလျှင်၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်စီရင်ခြင်းခံရမည်။

**၂၅။** (၁) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုဆန့်ကျင်သူသည်၊ ကုမ္ပဏီဖြစ်လျှင်၊ ထိုပြစ်မှုကျူးလွန်စဉ်က၊ ထိုကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ရေးအတွက်၊ ကုမ္ပဏီကို ကြီးကြပ်တာဝန်ခံသူ အသီးသီးနှင့် ကုမ္ပဏီသည်၊ ထိုသို့ ဆန့်ကျင်သည့် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည့်ပြင်၊ ထိုသို့ မှတ်ယူသည့်အားလျော်စွာ၊ တရား စွဲဆိုခြင်းနှင့် ပြစ်ဒဏ် စီရင်ခြင်းလည်း ခံရမည်။

သို့ရာတွင် ထိုသူသည်၊ ထိုပြစ်မှုကို မိမိမသိဘဲ ကျူးလွန်ကြောင်းဖြင့်သော် ၎င်း၊ အဆိုပါ ပြစ်မှုမကျူးလွန်ရလေအောင် မိမိလုံ့လပြုသင့်သမျှ ပြုခဲ့ကြောင်းဖြင့် သော်၎င်း၊ သက်သေထင်ရှားပြလျှင်၊ ဤပုဒ်မခွဲပါ စကားကြောင့်၊ ထိုသူအား ဤ ဥပဒေတွင် ပြဋ္ဌာန်းထားသော မည်သည့်ပြစ်ဒဏ်ကိုမျှ မစီရင်ရ။

(၂) ပုဒ်မခွဲ(၁)တွင် မည်သို့ပင်ပါရှိစေကာမူ၊ ဤဥပဒေအရဖြစ်သော ပြစ်မှုကို ကုမ္ပဏီက ကျူးလွန်သည့်ကိစ္စတွင်၊ ထိုပြစ်မှုကို၊ ကုမ္ပဏီ၏ဒါရိုက်တာ၊ မန်နေဂျာ၊ အတွင်းရေးမှူး၊ သို့မဟုတ် အခြားအရာရှိတစ်ဦးဦး၏ သဘောတူချက်ဖြင့် ကျူးလွန်ကြောင်း၊ သို့မဟုတ် ၎င်းတို့တစ်ဦးဦး အလိုတူ အလိုပါ ကျူးလွန်ကြောင်း၊ သို့မဟုတ် ၎င်းတို့တစ်ဦးဦး ပေါ့လျော့မှုတစ်ခုခုကြောင့် ကျူးလွန်ကြောင်း သက်သေထင်ရှား ပြလျှင်၊ အဆိုပါ ဒါရိုက်တာ၊ မန်နေဂျာ၊ အတွင်းရေးမှူး သို့မဟုတ် အခြား အရာရှိသည် ထိုပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည့်ပြင်၊ တရားစွဲဆိုခြင်းလည်း ခံရမည်။

**ရှင်းလင်းချက်။** ဤပုဒ်မပါ ကိစ္စများအလို့ငှာ -

(က) "ကုမ္ပဏီ" ဆိုသည်မှာ၊ တရားဝင် အဖွဲ့အစည်းတစ်ခုခုကို ဆိုလိုသည့်ပြင်၊ ထိုစကားရပ်တွင် အစုစပ်လုပ်ငန်း၊ သို့မဟုတ် အခြား အသင်းအဖွဲ့တစ်ခုခုကိုလည်း ပါဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com



(ခ) "ဒါရိုက်တာ"ဆိုသည်မှာ၊ အစုစပ်လုပ်ငန်းနှင့်စပ်လျဉ်း၍၊ ထိုအစုစပ် လုပ်ငန်းတွင် အစုစပ်ပါဝင်သူ၊ သို့မဟုတ် အစုရှင်ကို ဆိုလိုသည်။

## ၅၇။ အဂတိ လိုက်စားသည့် ကိစ္စ။

**ဥပဒေ။** ၁၉၄၈ ခုနှစ်၊ အဂတိ လိုက်စားမှု တားမြစ်ရေးဥပဒေ။ (ဥပဒေအမှတ် ၆၇/၁၉၄၈)

**ပုဒ်မ ၄။** ရာထူးအလျောက် အလုပ်ဝတ္တရား ဆောင်ရွက်ရာတွင် ရာဇဝတ်ပြစ်ဒဏ် ထိုက်သင့်အောင် အကျင့်ဖောက်ဖျက်မှု။

(၁) ပြည်သူ့ဝန်ထမ်းတစ်ဦးတစ်ယောက်သည် မရိုးမဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့်ဖြစ်စေ၊ အောက်ပါတစ်ခုခုကို ပြုလုပ်လျှင် မိမိ၏ အလုပ်ဝတ္တရားများ ဆောင်ရွက်ရာတွင် ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်အောင် အကျင့်ဖောက်ပြန်မှုကို ကျူးလွန်သည်မည်၏။

(က) မည်သူထံမှမဆို တရားဥပဒေနှင့်အညီ ရယူခံစားထိုက်သည့် အခကြေးငွေမှတစ်ပါး အခြားမည်သည့် လာဘ်လာဘကိုမဆို ရာဇသတ်ကြီးပုဒ်မ ၁၆၁ တွင် ဖော်ပြထားသော ရည်ရွယ်ချက်နှင့် သို့တည်းမဟုတ် အကျိုးမျှော်လင့်ချက်နှင့် မိမိအတွက်သော်လည်း ကောင်း၊ သူတစ်ပါးအတွက်သော်လည်းကောင်း အမြဲတစေ လက်ခံလျှင် သို့တည်းမဟုတ် ရယူလျှင်ဖြစ်စေ သို့တည်းမဟုတ်၊

(ခ) မိမိဆောင်ရွက်လုပ်ကိုင်ပြီး မှုခင်းအလုပ်အကိုင်နှင့်ဖြစ်စေ၊ ဆောင်ရွက်လုပ်ကိုင်မည့်ဆဲဆဲဖြစ်သည့် မှုခင်းအလုပ်အကိုင်နှင့်ဖြစ်စေ စပ်လျဉ်းသက်ဆိုင်ခဲ့သူဖြစ်ကြောင်း သို့တည်းမဟုတ် စပ်လျဉ်းသက်ဆိုင်ရန် အကြောင်းလက္ခဏာရှိသူဖြစ်ကြောင်း မိမိသိရှိရသူ တစ်ဦးတစ်ယောက်ထံမှ သော်လည်းကောင်း၊ မိမိရာထူးနှင့်သက်ဆိုင်သည့် အလုပ်ဝတ္တရားများနှင့်ဖြစ်စေ၊ မိမိအထက် ပြည်သူ့ဝန်ထမ်းတစ်ဦးဦး၏ ရာထူးနှင့်ဆိုင်သည့် အလုပ်ဝတ္တရားများနှင့်ဖြစ်စေ၊ စပ်ယှက်ဆက်ဆံသူ တစ်ဦးတစ်ယောက် ထံမှသော်လည်းကောင်း၊ သို့စပ်ယှက်ဆက်ဆံသူနှင့် အကျိုးသက်ဆိုင် အမျိုးတော်စပ်သူဖြစ်ကြောင်း မိမိသိရှိရသူ တစ်ဦးတစ်ယောက်ထံမှ သော်လည်းကောင်း၊ အဖိုးတန်ပစ္စည်းကို အဖိုးစားနားတစ်စုံတစ်ရာမရှိဘဲ ဖြစ်စေ၊ ထိုက်တန်သော အဖိုးမပေးဘဲဖြစ်စေ၊ မိမိအတွက်သော် လည်းကောင်း၊ သူတစ်ပါးအတွက်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ အမြဲတစေ လက်ခံလျှင် သို့တည်းမဟုတ် ရယူလျှင်ဖြစ်စေ၊ လက်ခံရန် သဘောတူသည် ဖြစ်စေ ရယူရန်အားထုတ်လျှင်ဖြစ်စေ သို့တည်းမဟုတ်၊

(ဂ) အဖိုးတန်ပစ္စည်း သို့တည်းမဟုတ် ငွေကြေး အကျိုးအမြတ် တစ်စုံတစ်ရာကို မရိုးမသား အဂတိလိုက်စားသော နည်းဖြင့်ဖြစ်စေ၊ တရားဥပဒေနှင့် ဆန့်ကျင်သော နည်းဖြင့်ဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းအဖြစ် မိမိ၏ အခြေအနေကို အလွဲသုံးစားပြု၍ဖြစ်စေ မိမိအတွက်သော်လည်းကောင်း၊ သူတစ်ပါးအတွက်သော်လည်းကောင်း ရယူလျှင်၊

(ဃ) ထိုသူသည် အများပြည်သူတို့၏ အကျိုးကို ထိခိုက်အောင် လိမ်လည်လျှင်၊ သို့တည်းမဟုတ် ယုံမှတ်အပ်နှံသည့် ပြည်သူပိုင်ပစ္စည်းကို အလွဲသုံးစားပြုလျှင်၊

(၂) မည်သည့်ပြည်သူ့ဝန်ထမ်းမဆို မိမိ၏ အလုပ်ဝတ္တရားကို ဆောင်ရွက်ရာတွင် ရာဇဝတ်အပြစ်ဒဏ် ထိုက်သင့်အောင် အကျင့်ဖောက်ပြန်မှုကို ကျူးလွန်လျှင် ခုနစ်နှစ်ထိ ထောင်ဒဏ်စီရင်ခြင်း ခံထိုက်စေရမည့်ပြင် ထိုပြစ်မှုကို ကျူးလွန်ခြင်းအားဖြင့် တရားခံ ခံစားရရှိကြောင်း တွေ့ရှိ ရသည့် အကျိုးအမြတ်အားလုံး အစိုးရဘဏ္ဍာတော်အဖြစ် သိမ်းယူခြင်း ခံစေရမည်။

(၃) တစ်ဆက်တည်း အထက်ပုဒ်မငယ်(၂)အရသော်လည်းကောင်း၊ ရာဇသတ်ကြီးပုဒ်မ ၁၆၁၊ ၁၆၂၊ ၁၆၃ သို့တည်းမဟုတ် ၁၆၅ အရသော်လည်းကောင်း၊ ပြစ်ဒဏ်စီရင်ထိုက်သည့် ပြစ်မှုကို စစ်ဆေးစီရင်ရာတွင် တရားခံ၌ဖြစ်စေ၊ ၎င်း၏ ကိုယ်စား အခြားသူတစ်ဦးတစ်ယောက်၌ဖြစ်စေ၊ တရားခံ၏ ထင်ရှားသိရှိရသော ဝင်ငွေရလမ်းများနှင့် အဆမတန်သည့် ငွေကြေးအင်အား သို့တည်းမဟုတ် ပစ္စည်းများကို ပိုင်ဆိုင်ကြောင်း သို့တည်းမဟုတ် ပိုင်ဆိုင်ခဲ့ဖူးကြောင်း ထင်ရှားသောအခါ တရားခံက ထိုငွေကြေးအင်အား သို့တည်းမဟုတ် ပစ္စည်းများကို တရားသဖြင့် ရရှိသည်ဟု သက်သေခံထင်ရှားအောင်မပြနိုင်လျှင် တရားရုံးတော်က တရားခံသည် ရာဇသတ်ကြီး ပုဒ်မ ၁၆၁၊ ၁၆၂၊ ၁၆၃ သို့တည်းမဟုတ် ၁၆၅ အရ ပြစ်မှုကိုသော်လည်းကောင်း၊ မိမိ၏ အလုပ်ဝတ္တရားများ ဆောင်ရွက်ရာတွင် ရာဇဝတ် ပြစ်ဒဏ်ထိုက်သင့်အောင် အကျင့်ဖောက်ပြန်မှုကိုသော်လည်းကောင်း ကျူးလွန်သည်ဟု မှတ်ယူ ရမည့်အပြင် ထိုပြစ်မှုအတွက် တရားခံအား ပြစ်မှုထင်ရှားစီရင်ခြင်းမှာ အဆိုပါ မှတ်ယူချက်ကိုသာလျှင် အခြေပြုသည့် အကြောင်းများကြောင့် ပျက်ပြယ်ခြင်း မရှိစေရ။

www.burmeseclassic.com

www.burmeseclassic.com



၄-ခ။ ။ (၁)အခြားတည်ဆဲ တရားဥပဒေတစ်ခုခုတွင် မည်သို့ပင် ပါရှိစေကာမူ၊ ရဲအရာရှိ တစ်ဦးဦးက ဖြစ်စေ၊ တရားဥပဒေအရ ရဲအရာရှိ အာဏာများ အပ်နှင်းခြင်း ခံရသော အခြားအရာရှိ တစ်ဦးဦးကဖြစ်စေ ဤအက်ဥပဒေအရ မည်သူ့ကိုမဆို ဖမ်းဆီးခဲ့သော် အဆိုပါ အရာရှိသည် မိမိသင့်သည်ဟု ထင်မြင်လျှင် -

(က) ထိုဖမ်းဆီးခြင်းခံရသူနှင့် သို့တည်းမဟုတ် ထိုသူအပေါ်တွင် မှီခိုနေသူများနှင့် သို့တည်းမဟုတ် ထိုသူနှစ်မျိုးတို့နှင့် သက်ဆိုင်သော ဘဏ်တစ်ခုခု ပိုင်ဆိုင်သည့် သို့တည်းမဟုတ် ကြီးကြပ်သည့် မည်သည့်စာအုပ်၊ စာမှတ်စာတမ်းကိုမဆို စစ်ဆေးကြည့်ရှုနိုင်သည် သို့တည်းမဟုတ်၊

(ခ) ဘဏ်စာရင်းစာအုပ်များ၊ လိုအပ်သော ကောက်နုတ်ချက်များ၏ မိတ္တူမှန်ကို ပေးရန်သော်လည်းကောင်း၊ ထိုဖမ်းဆီးခြင်းခံရသူ၏ သို့တည်းမဟုတ် ထိုသူ အပေါ် မှီခိုနေထိုင်သူများ၏ သို့တည်းမဟုတ် ထိုသူနှစ်မျိုးတို့၏ ငွေစာရင်း၊ ပစ္စည်း စာရင်းများနှင့်စပ်လျဉ်း၍ သိရှိသမျှ အကြောင်းအရာများကို ပေးရန်သော်လည်း ကောင်း ဘဏ်၏ မန်နေဂျာအား သို့တည်းမဟုတ် ကိုယ်စားလှယ်အား ညွှန်ကြားနိုင်သည်၊ သို့တည်းမဟုတ်၊

(ဂ) ထိုဖမ်းဆီးခြင်းခံရသူ၏ အမည်နှင့် ထားရှိသောငွေများကို သို့တည်းမဟုတ် ပစ္စည်းများကို သို့တည်းမဟုတ် ထိုသူအပေါ်တွင် မှီခိုနေသူများ၏ အမည်နှင့် ထားရှိသောငွေများကို သို့တည်းမဟုတ် ပစ္စည်းများကို အမိန့်မရဘဲ ထုတ်ပေးခြင်း၊ အမည်လွှဲပြောင်းခြင်းမပြုရန် ဘဏ်မန်နေဂျာအား သို့တည်းမဟုတ် ကိုယ်စားလှယ်အား တားမြစ်နိုင်သည်။

**ရှင်းလင်းချက်။ ။** "ဘဏ်"ဆိုသည့်စကားနှင့် "မိတ္တူမှန်" (Certified Copy) ဆိုသည့် စကားရပ်၏ အဓိပ္ပာယ်သည် ဘဏ်နှင့်ဆိုင်သော စာအုပ်များ သက်သေခံချက် အက်ဥပဒေ (The Banker's Books Evidence Act) တွင် အဓိပ္ပာယ်ရှင်းလင်း ဖော်ပြထားသည့်အတိုင်း ဖြစ်ရမည်။

(၂) ဘဏ်၏ မန်နေဂျာသည် သို့တည်းမဟုတ် ကိုယ်စားလှယ်သည် ဘဏ်ပိုင်ဆိုင်သည့် သို့တည်းမဟုတ် ကြီးကြပ်သည့်စာရင်း၊ စာအုပ်၊ စာမှတ်စာတမ်းများကို စစ်ဆေးကြည့်ရှုခွင့်ပြုရန်ဖြစ်စေ၊ ဤပုဒ်မအရ ထုတ်

www.burmeseclassic.com

www.burmeseclassic.com



သော ညွှန်ကြားချက်ကို လိုက်နာရန်ဖြစ်စေ၊ ပျက်ကွက်လျှင် သို့တည်းမဟုတ် ငြင်းဆိုလျှင်သော်လည်းကောင်း၊ ဤပုဒ်မအရ တားမြစ်ချက်ကို မနာခံလျှင်သော်လည်းကောင်း၊ သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်း ခံထိုက်စေရမည်။ (အက်ဥပဒေ အမှတ် ၁၆/၁၉၅၉ ဖြင့် ပြင်ဆင်ထားသည်)

**(ခ) တရားစွဲဆိုရန်အတွက် အခွင့်အမိန့်ကြိုတင်ရန် လိုအပ်ခြင်း**

၆။ ဤအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မငယ်(၂)အရ၊ ပြစ်ဒဏ်ထိုက်သည့် ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသော ပြည်သူ့ဝန်ထမ်းတစ်ဦးတစ်ယောက်ကို အောက်ပါအခွင့်အမိန့် ကြိုတင်မရရှိဘဲ အရေးယူပိုင်ခွင့် မရှိစေရ။

(က) ပြည်ထောင်စုအဖွဲ့ဝင် ဝန်ကြီးများ သို့တည်းမဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် သက်ဆိုင်လျှင် နိုင်ငံတော်သမ္မတ၏ အခွင့်အမိန့် သို့တည်းမဟုတ်၊

(ခ) အခြားမည်သည့် ပြည်သူ့ဝန်ထမ်းနှင့်မဆို သက်ဆိုင်လျှင် ထိုပြည်သူ့ဝန်ထမ်းအား ၎င်း၏ ရာထူး၌ ခန့်ထားပိုင်ခွင့် သို့တည်းမဟုတ် ရာထူးမှ ထုတ်ပယ်နိုင်ခွင့်ရှိသည့် အာဏာပိုင်၏ အခွင့်အမိန့်။

## ၅၈။ <u>ခြေချုပ်ခံဝန်နှင့်ထားရမည့်သူများ ကိစ္စ။</u>

**ဥပဒေ။** ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေ။
(အက်ဥပဒေပုဒ်မ ၁၂/၁၉၆၁)

**ခြေချုပ်အမိန့်**

**ပုဒ်မ ၂။**

(၁) ဤအက်ဥပဒေအရ ချမှတ်သည့် ခြေချုပ်အမိန့်ဖြင့် -

(က) တစ်ဦးတစ်ယောက်သောသူကို အမိန့်တွင် သတ်မှတ်ထားသည့် နယ်မြေအတွင်း၌သာ သွားလာနေထိုင်ရမည်ဟု ခြေချုပ်ထားနိုင်သည် သို့တည်းမဟုတ်၊

(ခ) တစ်ဦးတစ်ယောက်သောသူအား အမိန့်တွင် သတ်မှတ်ထားသည့် အချိန်၊ နေရာ၊ နည်းလမ်းများအတိုင်း ကိုယ်တိုင်လာရောက်တိုင်ကြား

www.burmeseclassic.com

www.burmeseclassic.com



ရန် ဆင့်ဆိုနိုင်သည် သို့တည်းမဟုတ်၊

(ဂ) ထိုသူအား အပိုဒ်(က)အရ ခြေချုပ်ခြင်းနှင့် အပိုဒ်(ခ)အရ ဆင့်ဆိုခြင်း နှစ်ရပ်လုံး ပြုနိုင်သည်။

(၂) ဤဥပဒေအရ ချမှတ်သည့် ခံဝန်အမိန့်ဖြင့် ကောင်းစွာ ကျင့်ကြံနေထိုင်ရန် အနည်းဆုံး ခံဝန်သူနှစ်ယောက်ဖြင့် ခံဝန်ချုပ် ချုပ်ဆိုစေနိုင်သည်။

## ပြစ်မှုကျူးလွန်တတ်သူများကို ဖမ်းဆီးခြင်း

ပုဒ်မ ၃။　မည်သည့်ရဲဌာန ကြီးကြပ်အုပ်ချုပ်သူ အရာရှိမဆို ရာဇဝတ် တရားသူကြီးထံမှ အမိန့်မရဘဲနှင့်လည်းကောင်း၊ ဝရမ်းမရှိဘဲနှင့်လည်းကောင်း အောက်ပါတို့ကို ဖမ်းဆီးနိုင်သည် -

(က) လုယက်လေ့ရှိသူဟုသော်လည်းကောင်း၊ အိမ်ဖောက်ထွင်းလေ့ရှိသူသော်လည်းကောင်း၊ ခိုးဝှက်လေ့ရှိသူဟုသော်လည်းကောင်း သတင်းကျော်စောသူ၊

(ခ) သူခိုး သို့မဟုတ် လုယက်သူ သို့မဟုတ် ဓားပြများကို ကာကွယ်စောင့်ရှောက်ပေးလေ့ရှိသူ၊ ၎င်းတို့ကို လက်သင့်ခံလေ့ရှိသူ သို့တည်းမဟုတ် ခိုးရာပါပစ္စည်းဖြစ်ကြောင်း သိလျက်နှင့် ခိုးရာပါပစ္စည်းလက်ခံလေ့ရှိသူ သို့တည်းမဟုတ် ၎င်းတို့ကို ဝှက်သိမ်းရာတွင်သော်လည်းကောင်း၊ ထုခွဲရောင်းချရာတွင်သော်လည်းကောင်း ကူညီလေ့ရှိသူ။

(ဂ) လူခိုးမှု၊ သွေးဆောင်ဆွဲခေါ်မှု၊ လူပြန်ပေးဆွဲမှု၊ ခြောက်လှန့်တောင်းယူမှု၊ လိမ်လည်မှု၊ အကျိုးဖျက်ဆီးမှုများ ကျူးလွန်လေ့ရှိသူ သို့တည်းမဟုတ် ထိုသို့ကျူးလွန်ရန် အားထုတ်လေ့ရှိသူ၊ ထိုသို့ကျူးလွန်ရာ၌ အားပေးကူညီလေ့ရှိသူ၊

(ဃ) မီးရထားလမ်းများ၊ လမ်းများ သို့တည်းမဟုတ် တံတားများကို ဖျက်ဆီးဖောက်ခွဲလေ့ရှိသူ သို့တည်းမဟုတ် ဖျက်ဆီးဖောက်ခွဲရာတွင် ကူညီလေ့ရှိသူ၊

(င) လက်နက်ဥပဒေနှင့် ဆန့်ကျင်လျက် လက်နက်ခဲယမ်းမီးကျောက်များ လုပ်ဆောင်လေ့ရှိသူ သို့တည်းမဟုတ် ထိုကဲ့သို့ လက်နက်ခဲယမ်းမီးကျောက်များကို စုဆောင်းလေ့ရှိသူ သို့တည်းမဟုတ် ရောင်းဝယ်ဖောက်ကားလေ့ရှိသူဟူ၍သော်လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



(စ) ငြိမ်ဝပ်ပိပြားမှု ပျက်ပြားစေရေး ဖြစ်ပေါ်စေသည့် ပြစ်မှုကို ကျူးလွန်လေ့ရှိသူ၊ ထိုသို့ကျူးလွန်ရန် အားထုတ်လေ့ရှိသူဟူ၍သော်လည်းကောင်း၊

(ဆ) ခြေချုပ်ဖြင့်သော်လည်းကောင်း မထားရှိဘဲ လွတ်လပ်စွာ နေထိုင်ခွင့်ပြုလျှင် ရပ်ရွာနေလူတစ်စုအား ဘေးဖြစ်စေလောက်အောင် အန္တရာယ်ပြုမည်ဟု စိုးရိမ်ရသူ သို့တည်းမဟုတ် ထိုကဲ့သို့ လွတ်လပ်စွာ နေထိုင်ခွင့်ပြုလျှင် တစ်နည်းနည်း ဆိုးသွမ်းရမ်းကားမည်ဟု ရပ်ရွာနေလူ တစ်စုက ထိတ်လန့်ကြောက်ရွံ့နေသူဟူ၍သော်လည်းကောင်း၊

သတင်းရလျှင် အဆိုပါ ရာဇဝတ်တရားသူကြီးသည် မိမိက သတ်မှတ်သင့်တော်သည်ဟု ထင်မြင်သည့် သုံးနှစ်ထက်မပိုသော ကာလအတွင်း ထိုသူကောင်းမွန်စွာကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်သူနှင့် ခံဝန်ချုပ်ကို ချုပ်စေဟူသောအမိန့် မထုတ်သင့်ကြောင့် အကြောင်းပြထုချေရန် ဆင့်ဆိုနိုင်သည့်ပြင် သို့တည်းမဟုတ် ထိုသို့ဆင့်ဆိုမည့်အစားသော်လည်းကောင်း၊ ထိုသို့ ဆင့်ဆိုသည့် အပြင်သော်လည်းကောင်း၊ ထိုသူ့အပေါ်တွင် မိမိသင့်သည်ဟု ထင်မြင်သည့်အတိုင်း သုံးနှစ်ထက်မပိုသော ကာလအပိုင်းအခြားအတွက် ခြေချုပ်အမိန့်ကို မည်သည့်အကြောင်းကြောင့် မချမှတ်သင့်ကြောင်း၊ အကြောင်းပြထုချေရန် ထိုသူအား ဆင့်ဆိုနိုင်သည်။

**အဖမ်းခံရသူကို ၂၄ နာရီထက်ပို၍ ချုပ်မထားရခြင်း**

**ပုဒ်မ ၄။** ။

(၁) ပုဒ်မ (၃)အရ ဖမ်းဆီးခံရသူများကို ရာဇဝတ်တရားသူကြီးက ချမှတ်သော အမိန့်မရှိလျှင် (၂၄)နာရီထက်ပို၍ မချုပ်ထားရ၊

(၂) အဆိုပါသူများကို (၂၄)နာရီထက် ကျော်လွန်ပြီး (၁၅)ရက်ထက်မပိုစေသော ရက်အပိုင်းအခြားအတွက် ချုပ်ထားခွင့်ကို ရာဇဝတ်တရားသူကြီးတစ်ဦးဦးက အမိန့်ချမှတ်ခွင့်ပြုနိုင်သည်။

(၃) မည်သည့် ရဲဌာန ကြီးကြပ်အုပ်ချုပ်သူ အရာရှိမဆို ပုဒ်မ(၃)အရ ဖမ်းဆီးခံရသူအား ဤအက်ဥပဒေအရ အရေးယူရန် တရားရုံး သို့တည်းမဟုတ် ရာဇဝတ်တရာသူကြီး တစ်ဦးဦးထံသို့ အစီရင်ခံစာနှင့်တကွ တင်ပို့ရမည်။

www.burmeseclassic.com

www.burmeseclassic.com



(၄) ပုဒ်မ(၃)အရ ဖမ်းဆီးခံရသူ တစ်ဦးတစ်ယောက်ကို မည်သည့်ရဲအရာရှိမျှ ကိုယ်တိုင် ခံဝန်ချုပ်နှင့် ဖြစ်စေ၊ အာမခံနှင့်ဖြစ်စေ၊ လွှတ်ခွင့်မရှိစေရ၊

(၅) (က) ဖမ်းဆီးခံရသူကို ပုဒ်မခွဲ(၂)အရ ဆက်လက်ချုပ်ထားခွင့်တောင်းခံသည့်အခါ ရာဇဝတ်တရားသူကြီးသည် ဆက်လက်ချုပ်ထားရန် လုံလောက်သောအကြောင်း မရှိဟု ယူဆလျှင် ထိုကဲ့သို့ယူဆသည့်အကြောင်းများကို ရေးမှတ်၍ ထိုသူအား အာမခံနှင့် လွှတ်ထားနိုင်သည်။

(ခ) ဖမ်းဆီးခံရသူသည် မိန်းမဖြစ်လျှင် သို့တည်းမဟုတ် မကျန်းမာသူဖြစ်လျှင် သို့တည်းမဟုတ် အင်အားချည့်နဲ့သူဖြစ်လျှင် အမှုစစ်ဆေးဆဲတွင် ၎င်းအပေါ် တရားဥဒေအရ အရေးယူဆဲအတွင်း၌ ကောင်းမွန်စွာကျင့်ကြံနေထိုင်ရေးအတွက် လုံလောက်သော ခံဝန်ချုပ်ဖြင့် လွှတ်ထားခွင့်ရှိသည်။

### ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရေးအတွက် ပြစ်မှုကျူးလွန်လေ့ရှိသူများကို ခြေချုပ် ထားရှိရေး၊ သို့တည်းမဟုတ် ခံဝန်ချုပ် ချုပ်ဆိုရေး

ပုဒ်မ ၅။ ။

(၁) ခရိုင်ရာဇဝတ် တရားသူကြီးကသော်လည်းကောင်း၊ နယ်ပိုင် ရာဇဝတ်တရားသူကြီးကသော်လည်းကောင်း၊ ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက အထူးအာဏာအပ်နှင်းထားသော ပထမတန်း၊ ရာဇဝတ်တရားသူကြီးကသော်လည်းကောင်း၊ မိမိ စီရင်ပိုင်ခွင့်အာဏာရှိသည့် ဒေသန္တရ နယ်နိမိတ်အတွင်း ရှိသောသူသည် -

(က) လုယက်လေ့ရှိသူ၊ အိမ်ဖောက်ထွင်းလေ့ရှိသူ၊ ခိုးဝှက်လေ့ရှိသူ တစ်ဦးဦးဖြစ်သည်ဟူ၍ သော်လည်းကောင်း၊

### ခြေချုပ်အမိန့်ချမှတ်ခြင်း

ပုဒ်မ ၁၁။ အထက်တွင် ဆိုခဲ့သည့်အတိုင်း ရာဇဝတ်တရားသူကြီးက တစ်ဦးတစ်ယောက်သောသူနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီးနောက် ထိုသူအပေါ်

www.burmeseclassic.com

www.burmeseclassic.com



တွင် ခြေချုပ်အမိန့်ချမှတ်သင့်သည်ဟု ယူဆလျှင် ရာဇဝတ်တရားသူကြီးသည် ထိုသို့ ယူဆသည့်အတိုင်း အမိန့်ချမှတ်ရမည်။

**ခြွင်းချက်။** ။ သို့ရာတွင် -

(က) ရာဇဝတ်တရားသူကြီးသည် ပုဒ်မ ၁၂ အရ တစ်ဦးတစ်ယောက်သော သူအပေါ်တွင် ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်ချုပ် ချုပ်ဆိုစေ ဟူသော အမိန့်ချမှတ်ခဲ့လျှင် ထိုသူအပေါ်တွင် ခြေချုပ်အမိန့်ကို ချမှတ်ခြင်း မပြုစေရ၊

(ခ) ရာဇဝတ်တရားသူကြီးသည် မိမိချမှတ်သော အမိန့်တွင် ထိုသူအား မည်သည့်နယ်မြေအတွင်း၌သာ သွားလာနေထိုင်ရမည်ဟူ၍သော်လည်းကောင်း၊ ကိုယ်တိုင်လာရောက်တိုင်ကြားရမည်ဟူ၍သော်လည်းကောင်း သို့တည်းမဟုတ် မည်သည့်နယ်မြေအတွင်း သွားလာနေထိုင်ရမည့်အပြင် ကိုယ်တိုင်လည်း လာရောက်တိုင်ကြားရမည်ဟူ၍သော်လည်းကောင်း ဖော်ပြရမည်။ ထိုအမိန့်သည် ဤအက်ဥပဒေအရ နိုင်ငံတော်သမ္မတက ပြုသည့် နည်းဥပဒေတစ်ရပ်ရပ်နှင့်အညီ ဖြစ်စေရမည့်ပြင် မည်သည့်နယ်မြေတွင် မည်သို့သော ခြေချုပ်မျိုးဖြင့် ထားသည်ကိုလည်းကောင်း၊ မည်သည့်နေရာနှင့်အချိန်တွင် မည်သည့်နည်းလမ်းဖြင့် လာရောက်တိုင်ကြားရမည်ကို လည်းကောင်း အကြောင်းအားလျော်စွာ သီးခြားဖော်ပြရမည်။ ထို့ပြင် -

(ဂ) မည်သည့် ခြေချုပ်အမိန့်မျှ ပုဒ်မ ၆ အရ ချမှတ်သည့်အမိန့်တွင် သီးခြားဖော်ပြထားသော ကာလအပိုင်းအခြားအတွက်ထက် မပိုစေရ။

## ၅၉။ <u>ပြည့်တန်ဆာနှိပ်ကွပ်ရေးကိစ္စ။</u>

**ဥပဒေ။** ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ။
(ဥပဒေအမှတ် ၂၄/၁၉၄၉)

**(က)ပုဒ်မ ၂၃။** ပြစ်မှု

(၁) **ပြစ်ဒဏ်နှင့်ပြဋ္ဌာန်းချက်**

တစ်နှစ်ထက်မနည်း၊ သုံးနှစ်ထက်မများသည့် ထောင်ဒဏ်စီရင်ခြင်းခံရမည်။ ပြစ်ဒဏ်စီရင်ခြင်းခံရသူသည် မိန်းမဖြစ်လျှင် ထိုမိန်းမကို

www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ထားသည့် နေရာဌာနၐ ထိန်းသိမ်းထားခြင်းအားဖြင့် ထောင်ဒဏ်ကျခံစေရမည်။ (အက်ဥပဒေအမှတ် ၉/၁၉၅၆ အရ ပြင်ဆင်ထားပါသည်။)

(၂) **ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

မည်သူမဆို ပြည်သူတို့နှင့်ဆိုင်သော လမ်း၌သော်လည်းကောင်း၊ ပြည်သူတို့နှင့်ဆိုင်သော နေရာ၌သော်လည်းကောင်း၊ ပြည်သူတို့ ဝင်ထွက်သွားရောက်မြဲနေရာ၌သော်လည်းကောင်း၊ ထိုလမ်း၊ ထိုနေရာတို့မှ မြင်သာအောင်၊ ကြားသာအောင် အိမ်၊ အဆောက်အအုံ၊ အခန်း၊ ရေယာဉ် သို့မဟုတ် ကုန်းယာဉ် အတွင်းကသော်လည်းကောင်း၊ အပကသော် လည်းကောင်း၊

(က) ပြည့်တန်ဆာကိစ္စအလို့ငှာ နှုတ်အမူအရာဖြင့်ဖြစ်စေ၊ ကိုယ်အမူအရာဖြင့်ဖြစ်စေ ဟီရိဩတ္တပ္ပတရားကင်းမဲ့လျက် မိမိ ကိုယ်ကာယကို တမင်လှစ်ပြခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ အာရုံစွဲငြိစေခြင်း သို့မဟုတ် အာရုံစွဲငြိစေရန် အားထုတ်လျှင် သို့တည်းမဟုတ်၊

(ခ) ပြည့်တန်ဆာကိစ္စအလို့ငှာ တစ်ဦးတစ်ယောက်သောသူအား မြူခေါ်သွေးဆောင်ခြင်း၊ နှောင့်ယှက်ခြင်း၊ တားဆီးခြင်း သို့မဟုတ် အနီးအနားတွင် ရစ်ဝဲခြင်းပြုလျှင်၊

**(ခ)ပုဒ်မ ၅ ။ (၁) ပြစ်မှု**

(၁) **ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

တစ်နှစ်ထက်မနည်း၊ ငါးနှစ်ထက်မပိုသည့် ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ (ဥပဒေအမှတ် ၇/၉၈ ဖြင့် ပြင်ဆင်ထားပါသည်။)

(၂) **ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

မည်သူမဆို အခြားသူတစ်ဦးတစ်ယောက် ပြည့်တန်ဆာအဖြစ်ဖြင့် စီးပွားရှာဖွေရရှိသည်ကို သိလျက်နှင့် ထိုသူရှာဖွေရရှိသော စီးပွားကို လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မှီ၍ အသက်မွေးဝမ်းပြုလျှင်၊

ပုဒ်မ ၅ (၁)။

မှတ်ချက်။ ။ ပြည့်တန်ဆာတစ်ဦးတစ်ယောက်ကို ပြည့်တန်ဆာအဖြစ်ဖြင့် စီးပွားရှာဖွေစေရန် ကူညီသည်ဟုသော်လည်းကောင်း၊ အားပေးသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



သော်လည်းကောင်း၊ အနိုင်အထက်ပြုသည်ဟု သော်လည်းကောင်း ယူဆဖွယ်ရာဖြစ်အောင် တစ်ဦးတစ်ယောက်သောသူသည် ပြည့်တန်ဆာနှင့်အတူနေကြောင်း သို့မဟုတ် အတူအပေါင်းအဖော် ပြုလေ့ရှိကြောင်း သို့မဟုတ် ပြည့်တန်ဆာ၏ အသွားအလာကို ကြီးကြပ်ညွှန်ကြားချုပ်ချယ်ကြောင်း ထင်ရှားလျှင် ထိုသူသည် အခြားသူတစ်ဦးတစ်ယောက် ပြည့်တန်ဆာအဖြစ်ဖြင့် ရှာဖွေရရှိသော စီးပွားဖြစ်ကြောင်း သိလျက်နှင့် ထိုစီးပွားကိုမှီ၍ အသက်မွေးခြင်းမပြုကြောင်း ထင်ရှားအောင် မပြနိုင်ပါက ထိုသူအား ထိုသို့မှီ၍ အသက်မွေးမြူသည်ဟု မှတ်ယူရမည်။ ပုဒ်မ ၅ (၂)။

## (ဂ) ပုဒ်မ ၆။ ပြစ်မှု

### (၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်

အလုပ်ကြမ်းနှင့် တစ်နှစ်အောက်မနည်း၊ သုံးနှစ်ထက်မပိုသည့် ထောင်ဒဏ် စီရင်ခြင်းခံရမည်။ ယောကျ်ားဖြစ်လျှင် ကြိမ်ဒဏ်လည်း စီရင်နိုင်စေ ရမည်။ (အက်ဥပဒေအမှတ် ၁၉/၅၆ အရ ပြင်ဆင်ထားပါသည်။ မူလက ငွေဒဏ်နှင့်တကွ အလုပ်ကြမ်းနှင့်ထောင်ဒဏ် သုံးနှစ်အထိဟုသာ ပါရှိပါသည်။)

### (၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ

မည်သူမဆို မိန်းမတစ်ယောက်ကို ပြည့်တန်ဆာကိစ္စဖြစ်စေရန်သော်လည်းကောင်း၊ ပြည့်တန်ဆာကိစ္စအလို့ငှာ ပြည့်တန်ဆာအိမ်တွင် သွားရောက်နေထိုင် ကျက်စားစေရန်သော်လည်းကောင်း ကြံရွယ်လျက် ဖြစ်စေ၊ သို့မဟုတ်

ထိုမိန်းမကို ပြည့်တန်ဆာဖြစ်စေရန် သော်လည်းကောင်း၊ ပြည့်တန်ဆာကိစ္စအလို့ငှာ ပြည့်တန်ဆာအိမ်တွင် သွားရောက်နေထိုင်ကျက်စားစေရန်သော်လည်းကောင်း၊ သွေးဆောင်ခြင်း၊ အနိုင်အထက်ပြုခြင်းခံရဖွယ်ရှိသည်ကို သိလျက်နှင့်ဖြစ်စေ၊

ထိုမိန်းမကို ပြည့်တန်ဆာအိမ်မဟုတ်သော လက်ရှိနေရာတစ်ခုခုမှ ထွက်ခွာသွားရန် မည်သည့်နည်းနှင့်မဆို သွေးဆောင်လျှင်၊

www.burmeseclassic.com

www.burmeseclassic.com



**(ဃ) ပုဒ်မ ၇ ။ ပြစ်မှု**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

နှစ်နှစ်ထက်မပိုသော ကာလတိုင်အောင် သတ်မှတ်ထားသော ရပ်ကွက်အတွင်း၌သာ သွားလာနေထိုင်စေ၍ သတ်မှတ်ထားသည့်နေရာနှင့် အချိန်များတွင် ထိုသူကိုယ်တိုင် လာရောက်တိုင်ကြားရမည်ဟု အမိန့်ချမှတ်နိုင်သည်။ (မှတ်ချက် ။ ပုဒ်မ ၇(၁)(က)(ခ)(ဂ)(ဃ)(င) အရ စွဲဆိုသည့်အမှုတွင် ထောင်ဒဏ်လုံးဝ မချမှတ်နိုင်ပါ။ နှစ်နှစ်ထက်မပိုသော ခံဝန်ချုပ် ချုပ်ဆိုရမည်ဟုသာ အမိန့်ချမှတ်နိုင်ပါသည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၁၀ မှ ၁၂၆-က၊ ထို့ပြင် ပုဒ်မ ၅၁၄၊ ၅၁၄-က၊ ၅၁၄-ခ နှင့် ၅၁၅ များပါ ပြဋ္ဌာန်းချက်များသည် ဆိုလတ္တံ့သော သူတစ်ဦးဦးနှင့် သက်ဆိုင်စေရမည်။

(က) ပြည့်တန်ဆာအဖြစ်ဖြင့် အမြဲအသက်မွေးသူ သို့တည်းမဟုတ်၊

(ခ) ပုဒ်မ ၆ တွင် ဖော်ပြပါရှိသည့်အမှုကို ကျူးလွန်လေ့ရှိသူ သို့မဟုတ်၊

(ဂ) ပြည့်တန်ဆာအဖြစ်ဖြင့် ရာဖွေရရှိသည့် စီးပွားကို လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မှီ၍ အသက်မွေးမြူသူ သို့မဟုတ်၊

(ဃ) ရာဇသတ်ကြီး ပုဒ်မ ၃၇၂ သို့မဟုတ် ပုဒ်မ ၃၇၃ အရ ပြစ်မှုကို ကျူးလွန်လေ့ရှိသူ သို့မဟုတ်၊

(င) ဤအက်ဥပဒေအရ ပြစ်မှုကို ကျူးလွန်လေ့ရှိသူ၊

**(င) ပုဒ်မ ၈ ။ ပြစ်မှု**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

တစ်နှစ်ထက်မနည်း ငါးနှစ်ထက်မပိုသည့် ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ (ဥပဒေအမှတ် ၇/၉၈ ဖြင့် ပြင်ဆင်ထားပါသည်။)

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

(က) မည်သူမဆို ပြည့်တန်ဆာအိမ်ထားရှိလျှင် သို့မဟုတ် စီမံကြီးကြပ်လျှင် သို့မဟုတ် စီမံကြီးကြပ်ရာတွင် ကူညီဆောင်ရွက်လျှင် သို့မဟုတ်၊

www.burmeseclassic.com

www.burmeseclassic.com



(ခ) အိမ်ဥပစာတွင် ငှားရမ်းနေထိုင်သူသော်လည်းကောင်း၊ လက်ရှိနေထိုင်သူသော်လည်းကောင်း၊ စီမံကြီးကြပ်သူသော်လည်းကောင်းဖြစ်၍ ပြည့်တန်ဆာအဖြစ်ဖြင့် စီးပွားရှာရန်ဖြစ်ကြောင်း သိလျက်နှင့် ထိုဥပစာအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ အသုံးပြုရန် ခွင့်ပြုလျှင် သို့မဟုတ်၊

(ဂ) အိမ်ဥပစာကို အငှားချထားသူသော်လည်းကောင်း၊ ပိုင်ဆိုင်သူသော်လည်းကောင်း အဆိုပါသူတို့၏ ကိုယ်စားလှယ်သော်လည်းကောင်း၊ ပြည့်တန်ဆာအဖြစ်ဖြင့် စီးပွားရှာရန်ကိစ္စအတွက် အသုံးပြုမည်ဖြစ်ကြောင်း သိလျက်နှင့် ထိုဥပစာ အားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ငှားရမ်းလျှင် သို့မဟုတ် အဆိုပါကိစ္စတစ်ခုခုအတွက် အဆိုပါအိမ်ဥပစာ အားလုံးကို ဖြစ်စေ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆက်လက်၍ အသုံးပြုရာ၌ သဘောတူ ပါဝင်သူဖြစ်လျှင်၊

### (၃) ပြည့်တန်ဆာအိမ်ဆိုသည်မှာ

ပြည့်တန်ဆာအိမ်ဆိုသည်မှာ ပြည့်တန်ဆာကိစ္စအလို့ငှာ အသုံးပြုမြဲဖြစ်သည့်အိမ် သို့တည်းမဟုတ် အဆောက်အအုံ၊ အခန်း၊ ရေယာဉ်၊ ကုန်းယာဉ် သို့တည်းမဟုတ် နေရာကိုသော်လည်းကောင်း၊ ဆိုခဲ့သည့်အိမ် စသည်တို့၏ တစ်စိတ်တစ်ဒေသကို သော်လည်းကောင်း ဆိုလိုသည်။ (ပုဒ်မ ၂-က)

**မှတ်ချက်** ။ ။ ပြည့်တန်ဆာမကိုခေါ်၍ တစ်ကြိမ်တစ်ခါ ပျော်ပါးသည့်နေရာကို ပြည့်တန်ဆာအိမ်ဟု ယူဆနိုင်မည် မဟုတ်ပါ။

## (စ) ပုဒ်မ ၁၂။ ပြည့်တန်ဆာအိမ်၌ထားခြင်း သို့တည်းမဟုတ် မတရား ကာမ စပ်ယှက်မှုပြုရေန် အကြံဖြင့် အခြားနေရာတွင်ထားခြင်း။

### (၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်

သုံးနှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်စီရင်နိုင်စေရမည်။ ယောက်ျားဖြစ်လျှင် ကြိမ်ဒဏ်လည်း စီရင်နိုင်စေရမည်။

www.burmeseclassic.com



ပုဒ်မ ၁၂(၁)။

**(၂) ပြစ်မှုမြောက်ရန်လိုအပ်သည့်အင်္ဂါရပ်များ**

ပုဒ်မ ၁၂။ (၁) မည်သူမဆို မိန်းမတစ်ဦးဦးကို ပြည့်တန်ဆာဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ -

(က) ပြည့်တန်ဆာအဖြစ် စီးပွားရှာရန်အိမ်၊ အဆောက်အအုံ၊ အခန်း၊ ရေယာဉ်၊ ကုန်းယာဉ် သို့တည်းမဟုတ် နေရာ၌သော်လည်းကောင်း၊ ထိုအိမ်စသည်၏ တစ်စိတ်တစ်ဒေသ၌သော်လည်းကောင်း၊ သို့တည်းမဟုတ်

(ခ) ထိုမိန်းမသည် မိမိ၏ တရားဝင်ကာမပိုင်ဖြစ်သူမှတစ်ပါး၊ အခြားယောကျ်ားတစ်ဦးတစ်ယောက်နှင့် ကာမစပ်ယှက်စေရန် သို့တည်းမဟုတ် ယုတ်ညံ့သော အမှုများ ပြုလုပ်စေရန် အကြံဖြင့် အိမ် စသည်တို့၌သော်လည်းကောင်း ထိုမိန်းမ၏ အလိုကိုဖီလာပြု၍ တားဆီးထားလျှင်၊

**(၂) တစ်ဦးတစ်ယောက်သောသူသည် -**

(က) မိန်းမတစ်ဦးတစ်ယောက်ပိုင် လက်ဝတ်လက်စား၊ ဝတ်စားတန်ဆာ၊ ကြေးငွေ သို့တည်းမဟုတ် အခြားပစ္စည်းများကို အဆိုပါမိန်းမထံမှ သိမ်းယူထားလျှင် သို့တည်းမဟုတ်၊

(ခ) ထိုသူကဖြစ်စေ၊ ထိုသူပြောဆို မှာထားခြင်းကြောင့်ဖြစ်စေ အဆိုပါမိန်းမသို့ ငှားရမ်းသော သို့တည်းမဟုတ် ပေးအပ်သော လက်ဝတ်လက်စားကိုသော်လည်းကောင်း၊ ဝတ်ဆာတန်ဆာကိုသော်လည်းကောင်း ထိုမိန်းမက ယူသွားခဲ့သော် တရားစွဲဆိုမည်ဟု ခြိမ်းခြောက်လျှင် ထိုသူသည် ပုဒ်မခွဲ(၁)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ထိုမိန်းမကို တားဆီးသည်ဟု မှတ်ယူရမည်။

(၃) အဆိုပါမိန်းမအား ထိုကဲ့သို့ တားဆီးထားသူက ချေးငှားသော သို့တည်းမဟုတ် ပေးအပ်သော သို့တည်းမဟုတ် ထိုမိန်းမက တားဆီးထားသူထံ ပေါင်နှံထားသောလက်ဝတ်လက်စား၊ ဝတ်စားတန်ဆာ၊ ကြေးငွေ သို့တည်းမဟုတ် အခြားပစ္စည်းများကို ထိုမိန်းမယူသွားသောကြောင့်ဖြစ်စေ၊ လက်ဝယ်ထားကြောင်း တွေ့ရှိသောကြောင့်ဖြစ်စေ ထိုမိန်းမအပေါ်၌ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ရာဇဝတ်ကြောင်းဖြင့်သော်လည်းကောင်း အရေးယူပိုင်ခွင့် မရှိစေရ။

www.burmeseclassic.com



## ၆၀။ သမိုင်းဝင်ပုဂ္ဂိုလ်များ အထိမ်းအမှတ်ကိစ္စ။

**ဥပဒေ။** ၁၉၆၂ ခုနှစ်၊ သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ် မော်ကွန်းဥပဒေ။
(ဥပဒေအမှတ် ၄၆/၁၉၆၂)

**ပုဒ်မ ၄။**

(၁) မည်သူမဆို ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ ခွင့်ပြုချက်မရရှိဘဲ သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ်မော်ကွန်းတည်ဆောက်ခြင်း မပြုရ၊ သို့တည်းမဟုတ် တည်ဆောက်ခြင်း မပြုစေရ။

(၂) မည်သူမဆို ဤဥပဒေပုဒ်မပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်လျှင် (၃)နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ စီရင်ခြင်းခံရမည်။

## ၆၁။ မြို့ပြဆိုင်ရာ ငှားရမ်းခကိစ္စ။

**ဥပဒေ။** ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ။
(ဥပဒေအမှတ် ၈/၁၉၆၀)

**ပုဒ်မ ၃၄။**

(၁) မည်သူမဆို စံငှားရမ်းခ သတ်မှတ်ထားပြီးဖြစ်သော ဥပစာတစ်ခုခုနှင့် စပ်လျဉ်း၍ ငှားရမ်းခအတွက် စံငှားခထက်ပိုသော ငွေကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သိလျက်နှင့် လက်ခံလျှင် ရာဇဝတ်တရားသူကြီး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရကာလ၊ ပထမအကြိမ် ကျူးလွန်သည့် ပြစ်မှုဖြစ်သည့် ကိစ္စတွင် ကျပ် ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ အဆိုပါ ဥပစာနှင့်စပ်လျဉ်း၍ သို့မဟုတ် စံငှားခသတ်မှတ်ပြီးသော အခြားဥပစာနှင့်စပ်လျဉ်း၍ ဒုတိယအကြိမ် သို့မဟုတ် နောက်ထပ်ကျူးလွန်သည့် ပြစ်မှုဖြစ်သည့်ကိစ္စတွင် ကျပ် နှစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ စီရင်ခြင်းခံရမည်။

(၂) တစ်ဦးတစ်ယောက်သောသူသည် စံငှားရမ်းခထက်ပို၍ ငွေတန်ဖိုးရှိသည့် အဖိုးစားနားတစ်ခုခုကို လက်ခံလျှင် ထိုစံငှားရမ်းခထက် ပိုသော ငွေကို လက်ခံသည်ဟု မှတ်ယူရမည်။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၃၅။**

(၁) မည်သူမဆို အိမ်ငှားတစ်ဦးဦးအား သို့တည်းမဟုတ် ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်အရ ကြီးကြပ်ရေးဝန်က အမိန့်ချမှတ်ပေးပြီးဖြစ်သောသူ တစ်ဦးတစ်ယောက်အား ဥပစာမှ ထွက်ခွာသွားစေလိုသော အကြံဖြင့် အန္တရာယ်ပြုလျှင် သို့တည်းမဟုတ် တမင်နှောင့်ယှက်လျှင် ရာဇဝတ် တရားသူကြီး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရကာလ ပထမအကြိမ်ကျူး လွန်သည့် ပြစ်မှုဖြစ်သည့်ကိစ္စတွင် ကျပ်နှစ်ရာထိ ငွေဒဏ်ဖြစ်စေ၊ ဒုတိယအကြိမ် သို့တည်းမဟုတ် နောက်ထပ်ကျူးလွန်သည့် ပြစ်မှု ဖြစ်သည့်ကိစ္စတွင် ကျပ်တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ စီရင်ခြင်း ခံရမည်။

(၂) အထက်ပါ ပုဒ်မခွဲ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ အိမ်ရှင် သည် လုံလောက်သောအကြောင်းမရှိဘဲ ဥပစာကို ဤဥပဒေ စတင် အာဏာတည်သည့်အခါက တည်ရှိသည့်အခြေအနေအတိုင်း မိုးလေ ဝသမှ လုံခြုံအောင်ထားရှိရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ သီးခြားသဘောတူစာချုပ်တစ်ခုခုအရဖြစ်စေ၊ ထုံးစံအရဖြစ်စေ၊ အိမ်ရှင်ကပြုပြင်ထားရှိရန် တာဝန်ရှိသည့် အဆောက်အအုံ သို့တည်း မဟုတ် တပ်ဆင်ထားသည့် ကိရိယာတန်ဆာ အစိတ်အပိုင်းတစ်ခုခုကို လိုအပ်သည့်အတိုင်းပြုပြင်ထားရှိရန် ပျက်ကွက်လျှင်သော်လည်း ကောင်း တမင်နှောင့်ယှက်သည်ဟု မှတ်ယူရမည်။

**ပုဒ်မ ၃၆ ။** ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ဥပစာမှထွက်ခွာ၍ အိမ်ရှင်သို့ ဥပစာပြန်အပ်ရန် တရားဥပဒေနှင့်အညီ အမိန့် သို့တည်း မဟုတ် ဒီဂရီချမှတ်ခြင်းခံရသည့် အိမ်ငှားအား အဆိုပါဥပစာတွင် နေထိုင်ရန် သို့တည်းမဟုတ် ၎င်းကိုလက်ရှိထားရန်ခွင့်မပြုရ။ ထို့ အပြင် ထိုအမိန့် သို့တည်းမဟုတ် ဒီဂရီချမှတ်ခံရလျှက်နှင့် ထိုအိမ်ငှား သည် ထိုဥပစာတွင် ဆက်လက်နေထိုင်လျှင် သို့တည်းမဟုတ် ထို ဥပစာကို ထားမြဲထားလျှင် ရာဇသတ်ကြီး ပုဒ်မ ၄၄၁ နှင့် ၄၄၂ တွင် အဓိပ္ပါယ်ဖော်ပြထားသော ရာဇဝတ်ပြစ်ဒဏ်ထိုက်သည့် ကျော် နင်းမှုကို ကျူးလွန်သည်ဟု မှတ်ယူရမည့်အပြင် မိမိက အိမ်ရှင်အား

www.burmeseclassic.com

www.burmeseclassic.com



ပေးရန်ရှိသည့် ငှားရမ်းခနှစ်ဆထက် မပိုသော ငွေဒဏ်အပြင် ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ထောင်ဒဏ်လည်း စီရင်ခြင်းခံရမည်။

**ပုဒ်မ ၃၇ ။**

(၁) မည်သူမဆို ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျှင် ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

(၂) တစ်ဦးတစ်ယောက်သောသူအား ဤပုဒ်မအရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုထင်ရှား၍ ဒဏ်ငွေပေးဆောင်ရန် စီရင်ချက်ချမှတ်သည့်အခါ ထိုသူအား ပြစ်မှုထင်ရှားစီရင်သည့် တရားရုံးသည် ထိုဒဏ်ငွေအားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ၊ ရာဇဝတ်ကျင့်ထုံး ကိုဒပဒေပုဒ်မ ၅၄၅ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း တစ်ဦးတစ်ယောက်သောသူအား ထိုပြစ်မှုကြောင့် ခံရသည့် ဆုံးရှုံးမှုတစ်ခုခုအတွက် လျော်ကြေးအဖြစ်ပေးစေဟု ညွှန်ကြားနိုင်သည်။

**ပုဒ်မ ၁၀။** မည်သူမျှ ဥပစာတစ်ခုခု အငှားချထားခြင်း သို့မဟုတ် အသစ်ပြန်၍ အငှားချထားခြင်း သို့တည်းမဟုတ် ဆက်လက်အငှားချထားခြင်းကြောင့် ငှားရမ်းခအပြင် နောက်ထပ်ဒဏ်ငွေ၊ စပေါ်ငွေ သို့တည်းမဟုတ် အခြား ငွေပေးဆောင်ရန် မတောင်းဆိုရ သို့တည်းမဟုတ် တစ်လအတွက် ငှားရမ်းခထက်ပိုသော စရန်ငွေကို မတောင်းဆိုရ။

သို့ရာတွင် ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်မှ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မတိုင်မီ ချုပ်ဆိုခဲ့သော သဘောတူစာချုပ်အရ ငွေပေးခြင်းနှင့် မသက်ဆိုင်စေရ။

**ပုဒ်မ ၃၈။** မည်သူမဆို ဥပစာတစ်ခုခုကို ပြန်လည်သိမ်းပိုက်ရန်အတွက် အမိန့် သို့တည်းမဟုတ် ဒီဂရီကို ပုဒ်မ ၁၂ သို့တည်းမဟုတ် ပုဒ်မ ၁၄ အရ တားမြစ်သည့် ကိစ္စတွင် ကြီးကြပ်ရေးဝန်၏ ကြိုတင်ခွင့်ပြုစာမရရှိဘဲ သို့တည်းမဟုတ် မြူနီစီပယ်၏ ဆင့်ဆိုချက်အတိုင်း လိုက်နာဆောင်ရွက်လျက် ဥပစာကို အရေးတကြီးပြုပြင်ရန် သို့တည်းမဟုတ် ချက်ချင်းဖြိုဖျက်ရန် ကိစ္စအတွက်မဟုတ်ဘဲ ဥပစာနှင့်ပူးတွဲပါ အကျိုးခံစားခွင့်တစ်ခုခုကို တမင်နှောင့်ယှက်လျှင်သော်လည်းကောင်း၊ ထိုဥပစာနှင့်

www.burmeseclassic.com

www.burmeseclassic.com



အတူ ထာဝစဉ်အသုံးပြုရန်အတွက် စီမံပြုလုပ်ထားသော မည်သည့်အရာကိုမဆို ဖယ်ရှားဖျက်ဆီးအသုံးမဝင်အောင် ပြုလုပ်လျှင်သော်လည်းကောင်း၊ ထိုဥပစာမှ အငှားချထားရာတွင်ပါဝင်သည့် ရေ၊ မီး စသည့် ပေးသွင်းမှု သို့တည်းမဟုတ် အမှုကိစ္စဆောင်ရွက်ပေးမှု တစ်ခုခုကို ရပ်စဲထားလျှင်သော်လည်းကောင်း ပထမအကြိမ်ကျူးလွန်သည့် ပြစ်မှုဖြစ်သည့်ကိစ္စတွင် ကျပ်ငါးရာထိ ငွေဒဏ်ဖြစ်စေ အဆိုပါဥပစာနှင့် စပ်လျဉ်း၍ သို့တည်းမဟုတ် အခြားဥပစာတစ်ခုခုနှင့်စပ်လျဉ်း၍ ဒုတိယအကြိမ် သို့တည်းမဟုတ် နောက်ထပ်ကျူးလွန်သည့် ပြစ်မှုဖြစ်သည့်ကိစ္စတွင် ကျပ်နှစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ စီရင်ခြင်းခံရမည်။

**ပုဒ်မ ၃၉ ။** မည်သည့်တရားရုံးကမျှ ဤဥပဒေအရဖြစ်သော ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ စွပ်စွဲသည့် ပြစ်မှုကျူးလွန်သည့် နေ့ရက်မှ (၉)လအတွင်း ကြီးကြပ်ရေးဝန်၏ ကြိုတင်အခွင့်အမိန့်ဖြင့် တင်သွင်းသည့် တိုင်တန်းချက် မဟုတ်လျှင် အရေးမယူရ။

သို့ရာတွင် ကြီးကြပ်ရေးဝန်သည် ပုဒ်မ ၁၀ သို့တည်းမဟုတ် ပုဒ်မ ၃၄(၁) အရဖြစ်သော ပြစ်မှုကို တစ်ဦးတစ်ယောက်သောသူ ကျူးလွန်ကြောင်းဖြင့် ခိုင်လုံသော သတင်းရရှိကာလ အဆောတလျင် စုံစမ်းစစ်ဆေးမှု ပြုလုပ်ရမည့် အပြင် ယုတ္တိ ထင်ရှားသောအမှုဖြစ်ကြောင်း တွေ့ရှိလျှင် ပြစ်မှုကျူးလွန်သူအား တရားရုံးတွင် တရားစွဲဆိုစေရမည်။

## ၆၂။ <u>တောင်သူလယ်သမားအခွင့်အရေးကိစ္စ။</u>

**ဥပဒေ။** ၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်သည့်ဥပဒေ။
(ဥပဒေအမှတ် ၉/၁၉၆၃)

**ပုဒ်မ ၃။** တည်ဆဲ အခြား တရားဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ရှိစေကာမူ တရားမရုံးတစ်ခုခု၏ ဒီကရီ သို့တည်းမဟုတ် အမိန့်ဖြင့် -

(က) လယ်ယာမြေကိုသော်လည်းကောင်း၊ လယ်ယာမြေလုပ်ကိုင်ရာ၌ အသုံးပြုသည့် ကျွဲနွားနှင့် ကိရိယာ တန်ဆာပလာ၊ ထွန်စက်နှင့် ကိရိယာ တန်ဆာပလာ၊ အခြားသက်ရှိသက်မဲ့ ကိရိယာ တန်ဆာပလာများကို သော်လည်းကောင်း၊ လယ်ယာမြေမှထွက်သော ပစ္စည်းများကိုသော် လည်းကောင်း၊ ဝရမ်းကပ်ခြင်း၊ သိမ်းဆည်းခြင်းမပြုရ။

www.burmeseclassic.com

www.burmeseclassic.com



(ခ) လယ်ယာမြေကို မလုပ်ကိုင်ရဟုသော်လည်းကောင်း၊ လယ်ယာမြေထဲသို့ မဝင်ရဟုသော်လည်းကောင်း တားဆီးခြင်းမပြုရ။

(ဂ) လယ်ယာမြေကို လုပ်ကိုင်သည့် ကျွဲနွားနှင့် ကိရိယာတန်ဆာပလာ၊ ထွန်စက်နှင့် ကိရိယာတန်ဆာပလာများကိုသော်လည်းကောင်း၊ အခြားသက်ရှိသက်မဲ့ ကိရိယာတန်ဆာပလာများကိုသော်လည်းကောင်း၊ ယာမြေမှထွက်သော ပစ္စည်းများကိုသော်လည်းကောင်း မရွှေ့မပြောင်းရဟု သို့တည်းမဟုတ် ရောင်းချသုံးစွဲ ထုခွဲခြင်းမပြုရဟု တားဆီးခြင်းမပြုရ။

(ဃ) အပိုဒ်(က) (ခ) (ဂ) ပါ ကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍ တောင်သူလယ်သမားတစ်ဦးဦးကို ဖမ်းဆီးချုပ်နှောင်ခြင်းမပြုရ။

(၂) ပုဒ်မခွဲ (၁)ပါ ပြဋ္ဌာန်းချက်များသည် -

(က) အစိုးရက ရရန်ရှိသော ငွေများအတွက် အရေးယူသော ကိစ္စ၊ သို့တည်းမဟုတ်

(ခ) အမွေဆက်ခံပိုင်ခွင့်နှင့်စပ်လျဉ်း၍ အချင်းဖြစ်ပွားသည့်အတွက် အရေးယူသောကိစ္စ၊ သို့တည်းမဟုတ်၊

(ဂ) ငြိမ်ဝပ်ပိပြားရေးအတွက် အစိုးရက အရေးယူသည့် ကိစ္စနှင့် မသက်ဆိုင်စေရ။

(၃) ပုဒ်မခွဲ (၁)ပါ ပြဋ္ဌာန်းချက်များသည် ကြက်ပေါင်စေး စိုက်ပျိုးသည့်မြေများနှင့် မသက်ဆိုင်စေရ။

## ၆၃။ <u>လယ်ယာမြေ သီးစားချထားရေးကိစ္စ။</u>

**ဥပဒေ။** ၁၉၆၃ ခုနှစ်၊ သီးစားချထားရေးဥပဒေ။
(ဥပဒေအမှတ် ၈/၁၉၆၃)

**ပုဒ်မ ၁၀။ ပြစ်မှု**

(၁) **ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

www.burmeseclassic.com

www.burmeseclassic.com



(၂) **ပြစ်မှုမြောက်ရန် လိုအပ်သည့် အင်္ဂါရပ်များ**
မည်သူမဆို ပုဒ်မ ၇ အရ အာဏာလွှဲပြောင်းခြင်းခံရသော သို့တည်းမဟုတ် ထပ်မံအာဏာလွှဲအပ်ခြင်းခံရသော ပုဂ္ဂိုလ် သို့တည်းမဟုတ် အဖွဲ့အစည်းက မိမိအား သီးစားချထားသော လယ်ယာမြေကို လုံလောက်သောအကြောင်းမရှိဘဲ စိုက်ပျိုးလုပ်ကိုင်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးအား တစ်ဆင့် သီးစားချထားလျှင်သော်လည်းကောင်း၊

**ပုဒ်မ ၁၁။ ပြစ်မှု**

(၁) **ပြစ်ဒဏ်ပြဋ္ဌာန်းချက်**
ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

(၂) **ပြစ်မှုမြောက်ရန် လိုအပ်သည့် အင်္ဂါရပ်များ**
မည်သူမဆို ပုဒ်မ ၇ အရ အာဏာလွှဲပြောင်းခြင်းခံရသော သို့တည်းမဟုတ် ထပ်မံအာဏာလွှဲအပ်ခြင်းခံရသော ပုဂ္ဂိုလ် သို့တည်းမဟုတ် အဖွဲ့အစည်းအား ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သော်လည်းကောင်း၊ ဤဥပဒေအရ ပြုသည့် နည်းဥပဒေများနှင့် အညီသော်လည်းကောင်း တာဝန်ဝတ္တရားများ ဆောင်ရွက်နေသည်ကို မိမိ အလိုအလျောက် ဟန့်တားလျှင်

**ပုဒ်မ ၁၂ ။ ပြစ်မှု**

(၁) **ပြစ်ဒဏ်ပြဋ္ဌာန်းချက်**
ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

(၂) **ပြစ်မှုမြောက်ရန် လိုအပ်သည့် အင်္ဂါရပ်များ**
မည်သူမဆို ဤဥပဒေနှင့်အညီ သို့တည်းမဟုတ် ဤဥပဒေအရ ပြုသည့် နည်းဥပဒေများနှင့်အညီ ထုတ်ဆင့်သော အမိန့်တစ်ခုခုကို ဆန့်ကျင်လျှင်သော်လည်းကောင်း၊ လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း။

www.burmeseclassic.com

www.burmeseclassic.com



၆၄။ **<u>အများနှင့်သက်ဆိုင်သောပစ္စည်းကိစ္စ။</u>**

**ဥပဒေ။** ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေ။ (ဥပဒေအမှတ် ၁/၁၉၆၃)

**ပုဒ်မ ၃ ။ ပြစ်မှု**

(၁) **ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်အောက်မနည်းသည့် ထောင်ဒဏ်ဖြစ်စေ စီရင်ခြင်းခံရမည့်အပြင် ငွေဒဏ်လည်း စီရင်ခြင်း ခံရမည်။

(၂) **ပြစ်မှုမြောက်ရန် လိုအပ်သည့် အင်္ဂါရပ်များ**

အများနှင့်သက်ဆိုင်သောပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ ခိုးမှု၊ အလွဲ သုံးစားပြုမှု သို့တည်းမဟုတ် လိမ်လည်မှုကို တရားခံကျူးလွန်ကြောင်း သက်သေခံချက်ရှိရပါမည်။

**အများနှင့်သက်ဆိုင်သောပစ္စည်းဆိုသည်မှာ**

(က) တပ်မတော် သို့တည်းမဟုတ်၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ သို့တည်းမဟုတ် ဒေသန္တရ အာဏာပိုင် တစ်ဦးဦး၊ အခြားအဖွဲ့တစ်ခုခု သို့တည်းမဟုတ်

(ဂ) သမဝါယမအသင်းတစ်ခုခု သို့တည်းမဟုတ်

(ဃ) ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက အမိန့်ကြော်ငြာစာ ဖြင့် ကြော်ငြာသော -

(၁) အသင်းမှတ်ပုံတင် အက်ဥပဒေအရ မှတ်ပုံတင်ထားသည့် အသင်းတစ်ခုခု၊

(၂) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၆ အရ ကုမ္ပဏီ အဖြစ် မှတ်ပုံတင်ထားသော အသင်းတစ်ခုခု၊

(၃) ပြည်သူတို့ဆိုင်ရာ ယုံမှတ်အပ်နှံမှုအဖွဲ့တစ်ခုခု သို့မဟုတ်

(၄) အခြားအဖွဲ့အစည်းတစ်ခုခု ပိုင်ဆိုင်သည့် သို့တည်းမဟုတ် အသုံးပြုရန် လွှဲပြောင်းပေးအပ်သည့် သို့တည်းမဟုတ် သိမ်း ဆည်းထားသည့်ငွေ၊ သိုလှောင်ပစ္စည်း၊ အသုံးအဆောင် အခြား ပစ္စည်း တစ်ရပ်ရပ်ကို ဆိုလိုသည်။ (ပုဒ်မ -၂ )

www.burmeseclassic.com

www.burmeseclassic.com



၆၅။ **လူမှုဖူလုံရေးကိစ္စ။**

**ဥပဒေ။** ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေ။
(မြန်မာနိုင်ငံဥပဒေအတွဲ ၅၊ စာ ၄၅၁)

### ပြစ်ဒဏ်များ

**ပုဒ်မ ၉၇။** မည်သူမဆို ဤအက်ဥပဒေအရ ခွင့်မပြုသည့် အချက်များတွင်ဖြစ်စေ၊ မိမိ မရထိုက်သော ငွေအရေအတွက်ဖြစ်စေ၊ မိမိအတွက်သော်လည်းကောင်း၊ အခြား သူတစ်ယောက်အတွက်သော်လည်းကောင်း အကျိုးခံစားခွင့်ရရှိရန်အလို့ငှာ တမင် မဟုတ် မမှန်ထွက်ဆိုလျှင် သို့တည်းမဟုတ် တမင် မဟုတ်မမှန်ပြောဆိုလျှင် (၆)လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

**ပုဒ်မ ၉၈။** မည်သည့်အလုပ်ရှင်မဆို၊ ဤအက်ဥပဒေအရဖြစ်စေ၊ စည်းမျဉ်းအရ ဖြစ်စေ ပေးရန်တာဝန်ရှိသည့် ထည့်ဝင်ကြေးကို မပေးလျှင် သို့တည်းမဟုတ် မိမိ ပေးရမည့် ထည့်ဝင်ကြေးကိုသော်လည်းကောင်း၊ မိမိပေးရမည့် ထည့်ဝင်ကြေးအချို့ အဝက်ကိုသော်လည်းကောင်း မိမိမအလုပ်သမားများ၏ အခကြေးငွေထဲမှဖြစ်စေ၊ လစာငွေထဲမှဖြစ်စေ နုတ်ယူလျှင် သို့တည်းမဟုတ် မိမိနုတ်ယူထားသည့် အလုပ် သမား ထည့်ဝင်ကြေးများကို အဖွဲ့သို့ပေးရန် ပျက်ကွက်လျှင် သို့တည်းမဟုတ် ဤ အက်ဥပဒေအရဖြစ်စေ၊ စည်းမျဉ်းဥပဒေအရဖြစ်စေ လိုအပ်သော အစီရင်ခံစာကို သော်လည်းကောင်း လိုအပ်သော အကြောင်းအရာကိုသော်လည်းကောင်း တင်သွင်း ရန် ပျက်ကွက်လျှင် သို့တည်းမဟုတ် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုကိုသော် လည်းကောင်း၊ စည်းမျဉ်းဥဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုကိုသော်လည်းကောင်း လိုက်နာ ရန်ပျက်ကွက်လျှင် (၆)လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သောင်းထက် မိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

**ပုဒ်မ ၉၉ ။** (၁) ပုဒ်မ ၉၇ အရ သို့တည်းမဟုတ် ပုဒ်မ ၉၈ အရ အမှုများကို အဖွဲ့ အုပ်ချုပ်ရေးမှူးက တရားစွဲဆိုရန် တောင်းဆိုမှသာ တရားစွဲဆိုရမည်။

(၂) ပုဒ်မ ၉၇ နှင့် ၉၈ အရ ထပ်ရိုက်သည့် ဒဏ်ငွေများကို ထောက်ပံ့မှု အာမခံရန်ပုံငွေသို့ ပေးသွင်းရမည်။

www.burmeseclassic.com

www.burmeseclassic.com



## ၆၆။ **ရှေးဟောင်းဝတ္ထုပစ္စည်းကိစ္စ။**

**ဥပဒေ။** ၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေ။
(အက်ဥပဒေအမှတ် ၁၅/၁၉၅၇)

**(က) ပုဒ်မ ၇။ ရှေးဟောင်းဝတ္ထုပစ္စည်းများ ပြည်ပသို့ ထုတ်ဆောင်မှုကို တားမြစ်ခြင်း**

ပုဒ်မ ၇ (၁) နိုင်ငံတော်သမ္မတက ထုတ်ပေးရမည့် အခွင့်လက်မှတ်မရှိဘဲ မည်သူမျှ ရှေးဟောင်းဝတ္ထုပစ္စည်းကို ပြည်ပသို့ ထုတ်ဆောင်ခြင်းမပြုရ။

(၂) ဤပုဒ်မအရ အခွင့်လက်မှတ်အတွက် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း လျှောက်လွှာတင်သွင်းရမည်။

(၃) ရှေးဟောင်းပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ ဤပုဒ်မအရ အခွင့်လက်မှတ်ထုတ်မပေးမီ နိုင်ငံတော်သမ္မတသည် ထိုရှေးဟောင်းဝတ္ထုပစ္စည်းကို ကြည့်ရှုစစ်ဆေးနိုင်သည့်အပြင် တံဆိပ်လည်း ခတ်နှိပ်စေနိုင်သည်။

(၄) အရာဝတ္ထုပစ္စည်းတစ်ခုခုသည် ရှေးဟောင်းပစ္စည်းဟုတ်မဟုတ် ပြဿနာ ပေါ်ပေါက်လျှင် အဆိုပါ ပြဿနာကို ညွှန်ကြားရေးဝန်အား လွှဲအပ်ရမည်။ ထိုပြဿနာနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးဝန်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်။

(၅) မည်သူမဆို ပုဒ်မခွဲ(၁)ကို ဆန့်ကျင်၍ ရှေးဟောင်းဝတ္ထုပစ္စည်းကို ပြည်ပသို့ ထုတ်ဆောင်လျှင် သို့တည်းမဟုတ် ထုတ်ဆောင်ရန်အားထုတ်လျှင် သို့တည်းမဟုတ် ထုတ်ဆောင်ရန် အားပေးကူညီလျှင် အခြားတည်ဆဲတရားဥပဒေကို မထိခိုက်စေဘဲ (၆)လထက်မနည်း (၃)နှစ်ထက်မပိုသော အလုပ်ကြမ်းနှင့်ထောင်ဒဏ် စီရင်ခြင်းခံရမည့်အပြင် ကျပ်ငါးရာထက်မနည်း ကျပ်ငါးထောင်ထက်မပိုသော ငွေဒဏ်ကိုလည်း စီရင်ခြင်းခံရမည်။ (တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၈/၁၉၆၂ အရ ပြစ်ဒဏ်ကို ပြင်ဆင်ထားပါသည်။)

(၆) ထိုရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ ပုဒ်မခွဲ ၅ အရ ပြစ်မှုကျူးလွန်လျှင် ထိုရှေးဟောင်းဝတ္ထုပစ္စည်းကို ဘဏ္ဍာတော်အဖြစ် သိမ်းယူရမည်

(၇) နိုင်ငံတော်သမ္မတက ဤကိစ္စအလို့ငှာ နည်းလမ်းတကျ အာဏာအပ်နှင်း ထားသော အကောက်တော်အရာရှိ သို့တည်းမဟုတ် ရဲအုပ်အောက်ရာထူး အဆင့်အတန်း မနိမ့်သည့် ရဲအရာရှိတစ်ဦးဦးသည် မည်သည့်ကုန်းယာဉ်၊ ရေယာဉ် သို့တည်းမဟုတ် လေယာဉ်ကိုမဆို ရှာဖွေနိုင်သည့်အပြင် ဝန်စည်စလယ်

www.burmeseclassic.com

www.burmeseclassic.com



သို့တည်းမဟုတ် ကုန်ပစ္စည်း အထုပ်အပိုးတစ်ခုခုအတွင်း၌ ပုဒ်မခွဲ(၅)အရ ကျူးလွန်သော ဖြစ်မှုနှင့်သက်ဆိုင်သည့် ကုန်ပစ္စည်းပါရှိသည်ဟု ယူဆရန်လုံလောက်သော အကြောင်းရှိလျှင် ထိုဝန်စည်စလယ် သို့တည်းမဟုတ် ကုန်ပစ္စည်း အထုပ်အပိုးကိုလည်း ဖွင့်လှစ်နိုင်သည်။

(၈) ပုဒ်မခွဲ (၇)အရ ရှာဖွေနိုင်သည့် အာဏာကို သူတစ်ပါးစိတ်ငြိုငြင်အောင် သုံးစွဲကြောင်း သို့တည်းမဟုတ် မလျော်မကန် သုံးစွဲကြောင်း တိုင်တန်းသူသည် မိမိ၏ တိုင်တန်းချက်ကို နိုင်ငံတော်သမ္မတထံတွင် တင်သွင်းနိုင်သည်။ နိုင်ငံတော် သမ္မတသည် တရားမျှတသည်ထင်မြင်သည့်အမိန့်ကို ချမှတ်ရသည့်အပြင် လျော်ကြေးပေးလိုကလည်း တရားမျှတသည် ထင်မြင်သည့် လျော်ကြေးကိုပေးနိုင်သည်။

**(ခ) ပုဒ်မ ၁၉။ ဇယားဝင်အဆောက်အအုံများသို့ ဝင်ရောက်နိုင်သည့်အခွင့်အရေး**

ပုဒ်မ ၁၉။

(၁) နိုင်ငံတော်သမ္မတကပြုသည့် နည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ ပြည်သူတို့မှာ ဤအက်ဥပဒေအရ နိုင်ငံတော်သမ္မတက ပြုပြင်ထားရှိသော မည်သည့် ဇယားဝင် အဆောက်အအုံသို့မဆို ဝင်ရောက်နိုင်သည့် အခွင့်အရေးရှိရမည်။

(၂) မည်သူမဆို ပုဒ်မခွဲ(၁) အရ ပြုသည့်နည်းဥပဒေတစ်ခုခုကို ဖောက်ဖျက် ကျူးလွန်လျှင် တစ်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးရာထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

**(ဂ) ပုဒ်မ ၂၀ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အအုံများပြုပြင်မှုနှင့် အနီးအနားတွင် အဆောက်အအုံသစ် ဆောက်လုပ်မှုကို တားမြစ်ခြင်း**

ပုဒ်မ ၂၀။

(၁) မည်သူမဆို ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၏ ခွင့်ပြုချက်မရရှိဘဲ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အအုံ၏ ဥပစာအတွင်း၌ဖြစ်စေ၊ အနီးအနား၌ဖြစ်စေ၊ အဆောက်အအုံသစ် မဆောက်လုပ်ရ သို့တည်းမဟုတ် ထိုအဆောက်အအုံကို မပြုပြင်ရ။

www.burmeseclassic.com



(၂) မည်သူမဆို ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင် (၃)လ ထက် မပိုသော အလုပ်ကြမ်းနှင့်ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည့်အပြင် ထိုသို့ကျူးလွန်ခြင်းကြောင့် ထို အဆောက်အအုံပျက်စီးလျှင် ပျက်စီးသည့် တန်ဖိုးအတွက် လျော်ကြေးကို ပေးရမည်။

(၃) ပုဒ်မခွဲ(၁)ပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်၍ သူတစ်ဦး ဆောက်လုပ် ထားသော မည်သည့် အဆောက်အအုံကိုမဆို သီးခြားဖော်ပြထားသည့် ကာလအပိုင်း အခြားအတွင်း ရွှေ့ပြောင်းရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရသည် အမိန့်ဖြင့် ညွှန်ကြားနိုင်သည်။ ထိုသူက အဆိုပါအမိန့်ကို လိုက်နာရန်ငြင်းဆိုလျှင် သို့တည်းမဟုတ် ပျက်ကွက်လျှင် ကောလိတ်တော်အရာရှိသည် အဆိုပါ အဆောက် အအုံကို ရွှေ့ပြောင်းစေနိုင်သည်။ ထိုသို့ ရွှေ့ပြောင်းရာတွင် ကုန်ကျမည့် စရိတ်ကို ထိုသူက ပေးဆောင်ရမည်။ (ပုဒ်မ ၂၀ ကို တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၈/၁၉၆၂ အရ ပြင်ဆင်ထားပါသည်။)

**(ဃ) ပုဒ်မ ၂၁။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ကာကွယ် စောင့်ရှောက်သော အဆောက်အအုံ၏ ပတ်ဝန်းကျင်အနီးအနားတွင် ခွင့်ပြုချက်မရှိဘဲ ဓာတ်သတ္တုတူးဖော်ခြင်း စသည်တို့ကို မပြုလုပ်ရခြင်း**

ပုဒ်မ ၂၁။ (၁) မည်သူမဆို ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ ခွင့်ပြုချက်မရရှိဘဲ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ကာကွယ် စောင့်ရှောက်သော အဆောက်အအုံ၏ ပတ်ဝန်းကျင်အနီးအနားတွင် ဓာတ်သတ္တု တူးဖော်ရာ၌ အသုံးပြုသော ယမ်းအမျိုးအစားနှင့် အချိန်အတွယ်အလိုက် အန္တရာယ် သင့်စေနိုင်သည့် အကွာအဝေးတွင် ဖောက်ခွဲမှုကို မပြုလုပ်ရ။
**ခြွင်းချက်** ။ သို့ရာတွင် ပုဒ်မခွဲပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ထိုအဆောက်အအုံ၏ ပတ်ဝန်းကျင်အနီးအနားတွင် လယ်ယာစိုက်ပျိုး လုပ်ကိုင်ခြင်းအလို့ငှာ မြေတူးခြင်း ကို တားမြစ်သည်ဟု မမှတ်ယူရ။

(၂) မည်သူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင် (၃)လထက် မနည်း (၆)လထက်မပိုသော အလုပ်ကြမ်းနှင့်ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည့်အပြင် ထိုသို့ကျူးလွန်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အဆောက်အအုံပျက်လျှင် ပျက်စီးသည့် တန်ဖိုးအတွက် လျော်ကြေးကို လည်း ပေးရမည်။ (ပုဒ်မ ၂၁ ကို တော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၈/၁၉၆၂ အရ ပြင်ဆင်ထားပါသည်။)

### (င) ပုဒ်မ ၂၂။ ဖယားဝင် အဆောက်အအုံများ၊ အနီးအနားတွင် လေယာဉ်ပျံသန်းခြင်းကို ကြီးကြပ်အုပ်ချုပ်နိုင်သည့် နိုင်ငံတော်သမ္မတ၏ အာဏာ

ပုဒ်မ ၂၂။ (၁) နိုင်ငံတော်သမ္မတသည် ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခု စောင့်ရှောက်ထိန်းသိမ်းရေးအတွက် ထိုရှေးဟောင်းဝတ္ထုပစ္စည်း၏ ပတ်ဝန်းကျင်အနီးအနား၌ လေယာဉ်ပျံသန်းခြင်းကို စည်းမျဉ်းသတ်မှတ်သင့်သည် သို့တည်းမဟုတ် ချုပ်ချယ်သင့်သည်ဟု ထင်မြင်လျှင် အမိန့်ကြော်ငြာစာဖြင့် ဤကိစ္စအလို့ငှာ သင့်လျော်သော ဥပဒေများ ပြုနိုင်သည်။

(၂) မည်သူမဆို ပုဒ်မခွဲ(၁)အရ ပြုသည့် နည်းဥပဒေတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်လျှင်၊ သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

### (စ) ပုဒ်မ ၂၃။ ပြစ်ဒဏ်များ

ပုဒ်မ ၂၃။ (၁) မည်သူမဆို ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရကာကွယ်စောင့်ရှောက်ထားသော အဆောက်အအုံ တစ်ခုခုကိုသော်လည်းကောင်း၊ ထိုအဆောက်အအုံ၏ ဥပစာအတွင်းမှ ရှေးဟောင်းဝတ္ထုတစ်ခုခုကိုသော်လည်းကောင်း၊ ပုဒ်မ ၄(ခ)အရ ညွှန်ကြားရေးဝန်က ထိန်းသိမ်းသူအဖြစ် တာဝန်ယူ၍ ပြုပြင်ထားရှိသော ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကိုသော်လည်းကောင်း၊ တမင်ဖျက်ဆီးလျှင် သို့တည်းမဟုတ် ရွှေ့ပြောင်းလျှင် သို့တည်းမဟုတ် ချွတ်ယွင်းစေလျှင် သို့တည်းမဟုတ် ပြောင်းလဲလျှင် သို့တည်းမဟုတ် အသွင်ပျက်စေလျှင်၊ သို့တည်းမဟုတ် အန္တရာယ်ဖြစ်စေလျှင် သို့တည်းမဟုတ် တူးဖော်လျှင် ခြောက်လထက်မနည်း၊ သုံးနှစ်ထက်မပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ် စီရင်ခြင်းခံရမည့်အပြင် ကျပ်ငါးရာထက်မနည်း၊ ကျပ်ငါးထောင်ထက်မများသော ငွေဒဏ်လည်း စီရင်ခြင်းခံရမည်။ (ပုဒ်မ ၂၃(ခ) ကို တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၈/၁၉၆၂ အရ ပြင်ဆင်ထားပါသည်။)

(၂) မည်သူမဆို တရားဥပဒေနှင့်အညီ အပ်နှင်းထားသော အခွင့်အာဏာမရှိဘဲ တရားဝင်အဆောက်အအုံဖြစ်ကြောင်း ဖော်ပြထားသော ကြော်ငြာစာ အမှတ်

www.burmeseclassic.com

www.burmeseclassic.com



အသား သို့တည်းမဟုတ် အထိမ်းအမှတ်ကိုဖြစ်စေ တရားဝင် အဆောက်အအုံကို ပြုပြင်ထားရှိရန်အတွက် စိုက်ထူထားသော သို့တည်းမဟုတ် ပြုလုပ်ထားသော ဝင်း၊ အကာအရန်၊ အဖုံးအအုပ်၊ သို့တည်းမဟုတ် အခြားအရာဝတ္ထုတစ်ခုခုကိုဖြစ်စေ ဖျက်ဆီးလျှင် သို့တည်းမဟုတ် အသွင်ပျက်စေလျှင် သို့တည်းမဟုတ် ပြောင်းလဲလျှင် သို့တည်းမဟုတ် ဖယ်ရှားလျှင် တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

**(ဆ) ပုဒ်မ ၂၆။ အာဏာသုံးစွဲဆောင်ရွက်သူအား ဟန့်တားခြင်း**

ပုဒ်မ ၂၆။ မည်သူမဆို ဤဥပဒေဖြင့် အပ်နှင်းထားသည့် အာဏာများ သုံးစွဲနေသူ တစ်ဦးဦးကို သို့တည်းမဟုတ် ဤအက်ဥပဒေဖြင့် ချထားပေးသည့် တာဝန်ဝတ္တရားများ ဆောင်ရွက်နေသူတစ်ဦးဦးကို တမင်ဟန့်တားလျှင် သို့တည်းမဟုတ် တားဆီးလျှင် သို့တည်းမဟုတ် နှောင့်နှေးကြန့်ကြာစေလျှင် တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

**(ဇ) ပုဒ်မ ၂၇။ တရားစွဲဆိုခြင်းကို တားမြစ်ခြင်း**

ပုဒ်မ ၂၇။ ဤအက်ဥပဒေနှင့်အညီသော်လည်းကောင်း၊ ဤအက်ဥပဒေအရ ပြုသည့် သို့တည်းမဟုတ် ထုတ်ဆင့်သည့် နည်းဥပဒေ၊ ညွှန်ကြားချက် အမိန့်တစ်ခုခုနှင့်အညီ သော်လည်းကောင်း၊ သဘောရိုးဖြင့် ဆောင်ရွက်သည့် သို့တည်းမဟုတ် ဆောင်ရွက်ရန် ကြံရွယ်သည့် ကိစ္စတစ်ခုခုအတွက် မည်သူ့ကိုမျှ တရားမမှု မဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခြင်းဖြစ်စေ မစွဲဆိုရ။

## ၆၇။ ပွဲကျင်းပရာတွင် ဆေးလိပ်သောက်ခြင်း တားမြစ်သည့်ကိစ္စ။

**ဥပဒေ။** ၁၉၅၉ ခုနှစ်၊ ပွဲကျင်းပပြသရာ အဆောက်အအုံများတွင် ဆေးလိပ်သောက်ခြင်းတားမြစ်ရေး အက်ဥပဒေ။ (အက်ဥပဒေအမှတ် ၃၇/၁၉၅၉)

**ပုဒ်မ ၃။** မည်သူမဆို ပွဲကျင်းပရာ အဆောက်အအုံ၏ ပွဲကျင်းပပြသသည့် ခန်းမဆောင်အတွင်း၌ ပွဲကျင်းပပြသရေးအတွက် အသုံးပြုနေစဉ် ဆေးလိပ်သောက်လျှင် -

(က) ပထမအကြိမ် ကျူးလွန်သူအတွက် ၂၅ ကျပ်အထိ ငွေဒဏ်စီရင်ခြင်း ခံရမည်။ ထို့ပြင် -

www.burmeseclassic.com

www.burmeseclassic.com



(ခ) ဒုတိယအကြိမ် သို့တည်းမဟုတ် နောက်ထပ်ကျူးလွန်သည့် ပြစ်မှုအတွက် ကျပ်တစ်ရာအထိ ငွေဒဏ် စီရင်ခြင်းခံရမည်။

**ပုဒ်မ ၄။** ရဲအုပ်ရာထူးအောက် မနိမ့်သော အရာရှိတစ်ဦးဦးသည် ပုဒ်မ ၃ အရ ဖြစ်သော ပြစ်မှုကို မိမိမျက်မှောက်တွင် ကျူးလွန်သူ မည်သူ့အားမဆို ဝမ်းမပါဘဲ ဖမ်းဆီးနိုင်သည်။

**ခြွင်းချက်။** သို့ရာတွင် ဤပုဒ်မအရ ဖမ်းဆီးခံရသူအား သက်ဆိုင်ရာတရားရုံးသို့ လာရောက်ရန် ကိုယ်တိုင်ခံဝန်ချုပ်နှင့်ဖြစ်စေ၊ အခြားသင့်လျော်သော အာမခံနှင့်ဖြစ်စေ ဖမ်းဆီးခြင်းမှ လွှတ်ရမည်။

**ပုဒ်မ ၅။** ပွဲကျင်းပပြသရာ အဆောက်အအုံတွင် ကျင်းပပြသသည့်ပွဲကို ကြီးကြပ်အုပ်ချုပ်ရန် တာဝန်ရှိသူ အသီးသီးသည် အဆိုပါ အဆောက်အအုံ၏ ပွဲကျင်းပသည့် ခန်းမဆောင်၌ ပရိသတ်အတွက် သီးသန့်ထားသည့် နေရာများတွင် ပွဲကျင်းပပြသနေစဉ် ဆေးလိပ်သောက်သူ မည်သူမဆို ဝရမ်းမပါဘဲ ဖမ်းဆီးခြင်းခံရမည့်အပြင် ဒဏ်ငွေစီရင်ခြင်းလည်း ခံရမည်ဟူသောအကြောင်းကို ပရိသတ်သိစေရန် အများမြင်သာသည့်နေရာတွင် နှိုးဆော်စာ ချိတ်ဆွဲကပ်ထားခြင်းဖြင့်သော်လည်းကောင်း၊ အခြားနည်းအားဖြင့်သော်လည်းကောင်း ပရိသတ် သိရှိအောင် ပြုလုပ်ရမည်။

## ၆၈။ <u>အလုပ်ခန့်ထားမှု ကန့်သတ်ရေးကိစ္စ။</u>

**ဥပဒေ။** ၁၉၅၉ ခုနှစ်၊ အလုပ်ခန့်ထားမှု ကန့်သတ်ရေးအက်ဥပဒေ။
(အက်ဥပဒေအမှတ် ၂၉/၁၉၅၉)

### (က) ပုဒ်မ ၆။ ပြစ်ဒဏ်

ပုဒ်မ ၆။ (၁) အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးဌာနသည် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေတစ်ခုခုကိုဖြစ်စေ ဆန့်ကျင်လျှက် သို့တည်းမဟုတ် လိုက်နာရန်ပျက်ကွက်လျှင် ထိုဌာန၏မန်နေဂျာသည် သို့တည်းမဟုတ် တာဝန်ခံအရာရှိသည် ဌာနဆိုင်ရာ အရေးယူခြင်းခံရမည်။

www.burmeseclassic.com



(၂) ဤပုဒ်မအရဖြစ်သော ပြစ်မှုကို အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးဌာနတွင် အမည်တင်သွင်းထားသည့် သက်ဆိုင်ရာနစ်နာသူ အလုပ်သမား သို့တည်းမဟုတ် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးဌာနသို့ လာရောက် အမည်တင်သွင်းသော နစ်နာသူ အလုပ်သမားတို့ကသာ တိုင်တန်းနိုင်ခွင့်ရှိသည်။

(၃) ပုဒ်မခွဲ(၂)အရ တိုင်တန်းသော အလုပ်သမားသည် မိမိ၏ တိုင်တန်းချက်တွင် အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးဌာနကို မိမိကိုယ်တိုင်သိလျက်နှင့် မမှန်ကန်သော စွပ်စွဲချက်များဖြင့် စွပ်စွဲလျှင် (၃)လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

သို့ရာတွင် ဤပုဒ်မခွဲအရ ငွေဒဏ်သည် ကျပ်တစ်ရာအောက် မနည်းစေရ။

## (ခ) ပုဒ်မ ၇ (၃)။ ဒေသန္တရအာဏာပိုင်အဖွဲ့ သို့တည်းမဟုတ် ဖက်စပ်လုပ်ငန်း သို့တည်းမဟုတ် သီးခြားပုဂ္ဂိုလ်များ ပါဝင်သည့် အဖွဲ့အလုပ်ရှင်များ ပြစ်မှုကျူးလွန်သည့်အတွက် ပြစ်ဒဏ်

ပုဒ်မ ၇ (၃)။ အလုပ်ရှင်သည် ဒေသန္တရ အာဏာပိုင်အဖွဲ့ သို့တည်းမဟုတ် ဖက်စပ်လုပ်ငန်း သို့တည်းမဟုတ် သီးခြားပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့ဖြစ်လျှင် ထိုဒေသန္တရ အာဏာပိုင်အဖွဲ့၏ ဥက္ကဋ္ဌသည် သို့တည်းမဟုတ် ထိုဖက်စပ်လုပ်ငန်းတွင် ဖက်စပ်ပါဝင်သူများ သို့တည်းမဟုတ် ထိုအဖွဲ့တွင် ပါဝင်သူများအနက် မည်သူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ခုခုကိုဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေ တစ်ခုခုကိုဖြစ်စေ ဆန့်ကျင်လျှင် သို့တည်းမဟုတ် လိုက်နာရန်ပျက်ကွက်လျှင် ပထမအကြိမ် ပြစ်မှုအတွက် ကျပ်ငါးရာအထိ ငွေဒဏ်စီရင်ခြင်းခံရမည်။ ထို့ပြင် ဒုတိယအကြိမ်မှ နောက်ထပ်ကျူးလွန်သည့် ပြစ်မှုအသီးသီး အတွက် အနည်းဆုံး(၁)လ၊ အများဆုံး(၃)လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးရာ၊ အများဆုံး ကျပ်ငါးရာထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

## (ဂ) ပုဒ်မ ၇ (၄) ။ အများပိုင်ကုမ္ပဏီလူကြီးများ၊ ဒါရိုက်တာလူကြီးများနှင့် အစုပါဝင်သူတို့ ကျူးလွန်သည့်အတွက် ပြစ်ဒဏ်

ပုဒ်မ ၇ ။ (၄) အလုပ်ရှင်သည် အများပိုင်ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏လူကြီးများအနက် မည်သည့် ဒါရိုက်တာလူကြီးကိုမဆို သို့တည်းမဟုတ် အနည်းပိုင်

www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီတွင် အစုပါဝင်သူများအနက် မည်သည့်အစုပါဝင်သူကို မဆို ဤအက်ဥပဒေပါပြဋ္ဌာန်းချက် တစ်ခုခုကိုဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေတစ်ခုခုကိုဖြစ်စေ ဆန့်ကျင်လျှင် သို့တည်းမဟုတ် လိုက်နာရန်ပျက်ကွက် လျှင် ပထမပြစ်မှုအတွက် ကျပ်ငါးရာထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။ ထို့ပြင် ဒုတိယအကြိမ်မှစ၍ နောက်ထပ်ကျူးလွန်သည့် ပြစ်မှုအသီးသီးအတွက် အနည်းဆုံး (၁)လ၊ အများဆုံး(၃)လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးရာ၊ အများဆုံး ကျပ်ငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ စီရင်ခြင်းခံရမည်။

**(ဃ) ပုဒ်မ ၉။ တိုင်တန်းနိုင်သူ**

ပုဒ်မ ၉။ ပုဒ်မ ၇၊ ပုဒ်မခွဲ(၃) သို့တည်းမဟုတ် ပုဒ်မခွဲ(၄) အရဖြစ်သော ပြစ်မှုကို ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ခန့်ထားသည့် အာဏာပိုင်က တိုင်တန်းခြင်း မပြုလျှင် မည်သည့်တရားရုံးကမျှ အရေးမယူရ။

**(င) အလုပ်ခန့်ထားမှု ကန့်သတ်ရေးဥပဒေကို ပြင်ဆင်ခြင်း**

၁၉၇၀ ခုနှစ်၊ ဇွန်လ(၅)ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာဖြင့် ၁၉၅၉ ခုနှစ်၊ အလုပ်သမားခန့်ထားမှု ကန့်သတ်ရေး ဥပဒေပုဒ်မ ၂ (ခ)ကို ပြင်ဆင်ခဲ့ပါသည်။ ယင်းပြင်ဆင်ချက်အရ ယခင်အစိုးရဌာနများနှင့် အလုပ်သမားဦးရေ(၅၀)နှင့် အထက် ရှိသော ဘုတ်ကော်ပိုရေးရှင်းများ၊ ပြည်သူပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိက ပိုင်၊ စက်ရုံ၊ အလုပ်ဌာနများတွင် အလုပ်နေရာလစ်လပ်ပါက သက်ဆိုင်ရာ အလုပ် အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများသို့ အကြောင်းကြားခန့်ထားရသည်မှ ယခုအခါ အလုပ်သမား(၅)ယောက်နှင့်အထက်ရှိသော အဆိုပါလုပ်ငန်းဌာန အားလုံးနှင့် အကျုံးဝင် သက်ဆိုင်ခဲ့ပေသည်။

**၆၉။ <u>လူဝင်မှုကိစ္စ။</u>**

**ဥပဒေ။** ၁၉၄၇ ခုနှစ်၊ လူဝင်မှုကြီးကြပ်ရေး
(အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေ။
(အက်ဥပဒေအမှတ် ၃၁/၁၉၄၇)

**(က) ပုဒ်မ ၁၃။ ပြဋ္ဌာန်းချက်များ**

www.burmeseclassic.com

www.burmeseclassic.com



ပုဒ်မ ၁၃။ (၁)။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ဥပဒေနှင့်ဆန့်ကျင်၍ ဝင်လာသော သို့မဟုတ် ဝင်လာရန် အားထုတ်သော သို့မဟုတ် တရားဥပဒေနှင့် အညီ ဝင်လာပြီးနောက် ပြဋ္ဌာန်းထားသော စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ဆန့်ကျင်၍ နေထိုင်သူ သို့မဟုတ် နေထိုင်ရန် အားထုတ်သူ မည်သူမဆို (၂)နှစ်ထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။ (အက်ဥပဒေအမှတ် ၂၆/၁၉၅၆ အရ ပြစ်ဒဏ်ကို ပြင်ဆင်ထားပါသည်။)

(၂) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ဥပဒေနှင့်အညီ ဝင်ခွင့်မရှိသော သူတစ်ဦးတစ်ယောက်အား သိလျက်နှင့် ခေါ်ယူလာသော သို့မဟုတ် ခေါ်ယူလာရန် အားထုတ်သော ယာဉ်၊ ယာဉ်ပိုင်ရှင်၊ ယာဉ်ကိုယ်စားလှယ်၊ ယာဉ်ငှား၊ ယာဉ်ခရီးစဉ်တာဝန်ခံဖြစ်သူကို သုံးလထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ၎င်းခေါ်ယူလာသော သို့မဟုတ် ခေါ်ယူရန် အားထုတ်သောသူတစ်ဦးဦးအတွက် ကျပ် ၂၀၀ ထက်မပိုသော ငွေဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ချမှတ်ရမည်။

(၃) ဤအက်ဥပဒေပုဒ်မ ၅ အရ ပြဋ္ဌာန်းထားသော အစီရင်ခံစာပြုလုပ်ရန် ပျက်ကွက်လျှင် သို့မဟုတ် မမှန်သော အစီရင်ခံစာကိုပေးပို့လျှင် အက်ဥပဒေနှင့် အညီ ဆောင်ရွက်ရမည့်တာဝန်ကို မဆောင်ရွက်သော ယာဉ်ပိုင်ရှင်၊ ယာဉ်ကိုယ်စားလျယ်၊ ယာဉ်ငှား၊ ယာဉ်ခရီးစဉ်တာဝန်ခံအား သုံးလထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ကျပ်နှစ်ရာထက်မပိုသော ငွေဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး စီရင်ခြင်းခံရမည်။

(၄) ဤအက်ဥပဒေပုဒ်မ ၅ အရ ယာဉ်ဆိုင်ရာတို့သည် လိုအပ်သော သတင်းပေးရန် ငြင်းဆန်လျှင် သို့မဟုတ် ယင်းကိစ္စအတွက် မမှန်သော သတင်း ပေးက သုံးလထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ကျပ်နှစ်ရာထက် မပိုသော ငွေဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး စီရင်ခြင်းခံရမည်။

(၅) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ တည်ဆဲဥပဒေနှင့်ဆန့်ကျင်၍ ဝင်လာရန် တစ်စုံတစ်ယောက်အား ကူညီသူ သို့မဟုတ် ကူညီရန် အားထုတ်သူ သို့မဟုတ် ဥပဒေနှင့်ဆန့်ကျင်၍ နေထိုင်သော နိုင်ငံခြားသားမှန်း သိလျက်နှင့် နိုင်ငံအတွင်း၌ နေထိုင်စေရန် တမင်ကူညီသူ သို့မဟုတ် ထိုသို့ဆန့်ကျင်နေထိုင်စေရန် အားထုတ်သူအား (၂)နှစ်ထိ ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး စီရင်ခြင်းခံရမည်။ (အက်ဥပဒေအမှတ် ၂၆/၁၉၅၆ အရ ပြစ်ဒဏ်ကို ပြင်ဆင်ထားပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



(၆) ဤအက်ဥပဒေကို ဆန့်ကျင်သော နိုင်ငံခြားသားတစ်စုံတစ်ဦးအား ဖမ်းဆီးမှုကို ကာကွယ်ရန်အလို့ငှာ မမှန်သတင်းပေးသူ သို့မဟုတ် သတင်းကို တမင်ထိန်ချန်လျှို့ဝှက်သူအား ခြောက်လအထိ ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး ချမှတ်ရမည်။

(၇) (က) လူဝင်မှုကြီးကြပ်ရေးမှ ထုတ်ပေးသော ပါမစ်တွင် ပါသူမဟုတ်ဘဲ ထိုသူဖြစ်ကြောင်း သို့မဟုတ် ထိုသူမဟုတ်ကြောင်း အယောင်ဆောင်လျှင်၊

(ခ) မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ လူဝင်မှု ပါမစ်ရရှိရန် အလို့ငှာ မမှန်မကန်သော ကြေညာချက် တစ်စုံတစ်ရာ ပြုလုပ်လျှင်၊

(ဂ) လူဝင်မှုပါမစ်ကို အတုပြုလုပ်ခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းပြုလုပ်လျှင်၊

(ဃ) အတုဖြစ်သော လူဝင်မှုပါမစ်ကို လက်ဝယ်ထားရှလျှင် သို့မဟုတ် အသုံးပြုလျှင် ဥပဒေနှင့်ဆန့်ကျင်၍ ဖျက်ထားသော၊ ဖြည့်စွက်ထားသော သို့မဟုတ် ပြင်ဆင်ထားသော လူဝင်မှုပါမစ်ကို အသုံးပြုလျှင် သို့မဟုတ် လက်ဝယ်ထားရှိလျှင်၊

ထိုသူကို ထောင်ဒဏ်(၂)နှစ်အထိ သို့မဟုတ် ငွေဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး စီရင်ခြင်းခံစေရမည်။ (အက်ဥပဒေအမှတ် ၂၆/၁၉၅၆ အရ ယင်းပုဒ်မခွဲများကို ပြင်ဆင်ထားပါသည်။)

## ၇၀။ <u>မြို့ရွာကိစ္စ။</u>

**ဥပဒေ။** ၁၉၀၇ ခုနှစ်၊ မြို့များဥပဒေ။
(အက်ဥပဒေအမှတ် ၃/၁၉၀၇)

### (က) ပုဒ်မ ၉-က။ ရပ်ကွက်နေသူများ အရပ်ရပ်တာဝန်ဝတ္တရားများ လိုက်နာရန် ပျက်ကွက်ခြင်းအတွက် ပြစ်ဒဏ်

ပုဒ်မ ၉။ ရပ်ကွက်အတွင်း နေထိုင်သူ မည်သူမဆို ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေအရဖြစ်စေ၊ သတ်မှတ်ထားသည့် အများပြည်သူဆိုင်ရာ တာဝန်ကို ခွင့်မလွှတ်နိုင်လောက်အောင် ယုတ္တိတန်သည့် အကြောင်းပြချက်မရှိဘဲ စွမ်းဆောင်ရန် ငြင်းဆန်လျှင် သို့မဟုတ် ပျက်ကွက်လျှင် ရာဇဝတ်တရား

www.burmeseclassic.com

www.burmeseclassic.com



သူကြီး (ယခုတရားစီရင်ရေးအဖွဲ့)က ကျပ်ငါးဆယ်ထက်မပိုသော ဒဏ်ငွေကို စီရင်နိုင်သည်။

**(ခ) ပုဒ်မ ၁၀ (၃)။ ပုဒ်မ ၁၀ (၁) (၂) အရ ဧည့်စာရင်းတိုင်ရန် ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်းအတွက် ပြစ်ဒဏ်**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ကျပ်ငါးဆယ်ထက်မပိုသော ငွေဒဏ် သို့မဟုတ် တစ်ဆယ့်ငါးရက်ထက် မပိုသော ထောင်ဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး စီရင်ခြင်းခံရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ပုဒ်မ ၁၀ ။

(၁) နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် ဤအက် ဥပဒေအရ မြို့အဖြစ် ကြေညာထားသည့် မြို့တွင် ထိုသူသည် ယင်းမြို့၌ နေထိုင်သူမဟုတ်ပါက ယင်းမြို့ရပ်ကွက် တစ်ခုခုသို့ ရောက်ရှိလာလျှင် ထိုသူ (ဧည့်သည်)ကဖြစ်စေ၊ အိမ်ရှင်ကဖြစ်စေ ရောက်ရှိပြီး (၁၂ နာရီ)အတွင်း ရပ်ကွက် လူကြီးတို့ထံ ထိုသူ၏ အမည်၊ အလုပ်အကိုင်နှင့် နောက်ဆုံး နေထိုင်ခဲ့သော နေရပ်များကို ဖော်ပြ၍ တိုင်ကြားရမည်။

(၂)။ ထိုသူ (ဧည့်သည်) ပြန်လည်ထွက်ခွာသွားသည့်အခါ ပုဒ်မခွဲ (၁) အရ လာရောက်တိုင်ကြားသူက ပြန်သွားကြောင်း အစီရင်ခံစေရမည်။

**(ဂ) ပုဒ်မ ၁၀-က (၃)။ ပြစ်ဒဏ်**

**(၁) ပြစ်ဒဏ်**

သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ သို့မဟုတ် ကျပ်တစ်ရာအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ (ပုဒ်မ ၁၀-က (၃))

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ခရိုင်ဝန်သည် အများပြည်သူသွားလာရာ မည်သည့်နေရာ၌မဆို လက်နက် ဥပဒေပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြုထားသော ဓားအမျိုးအစား၊ ခဲတုတ်၊ ဇာဝီတုတ်၊ မြင်းစီးတုတ်၊ မောင်းချဓား သို့မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



အခြားရန်မူနိုင်သော လက်နက်များကို မကိုင်ဆောင်ရဟု အများပြည်သူ အား သိစေရန် အမိန့်ထုတ်ပြန်နိုင်သည်။ (ပုဒ်မ ၁၀-က (၁))
ပုဒ်မ ၁၀-က(၁) ပါ လက်နက်တစ်စုံတစ်ရာကို အများပြည်သူ သွားလာရာ၌ ကိုင်ဆောင်ထားသူသည် ရဲအရာရှိထံဖြစ်စေ သို့တည်း မဟုတ် ကျေးရွာလူကြီးထံ အပ်နှံရမည်။ (ပုဒ်မ ၁၀-က (၂))
တရားခံသည် ဖော်ပြပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ကြောင်း သက်သေခံချက်ရှိရပါမည်။

**(ဃ) ပုဒ်မ ၁၁-က (၃)။ ပုဒ်မ ၁၁-(က) (၁) ပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်သည့်အတွက် ပြစ်ဒဏ်**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ပထမအကြိမ် ကျူးလွန်လျှင် ကျပ်တစ်ရာထိ ငွေဒဏ်၊ ထပ်မံကျူးလွန်လျှင် ပြစ်မှုအတွက် တစ်လထက် မပိုသော ထောင်ဒဏ် သို့မဟုတ် ကျပ်ငါးရာထိ ငွေဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး စီရင်ခြင်းခံရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ပုဒ်မ ၁၁-(က)

(၁) မည်သူမဆို ဤပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ထုတ်ပေးထားသည့် လိုင်စင်မရှိဘဲ သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ မဟုတ်ဘဲ အများသုံး ဘီလီယက်ခုံတစ်မျိုးမျိုးတွင် ကွင်းပစ်ကစားရုံကို ထားရှိခြင်း မရှိစေရ။

(၂) နိုင်ငံတော်သမ္မတက နည်းဥပဒေ ထုတ်ပြန်၍ လိုင်စင်ချထားခြင်းအတွက် ပိတ်ပင်နိုင်သည်။ ထို့ပြင် လိုင်စင်ခနှင့် လိုင်စင်ပါ ကန့်သတ်ချက်များကို ခွင့်ပြုရန် သို့မဟုတ် ပိတ်ပင်ရန် တားမြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



၃၁။ **ကျေးရွာကိစ္စ။**

**ဥပဒေ။** ၁၉၀၇ ခုနှစ်၊ ကျေးရွာအက်ဥပဒေ။
(ဥပဒေအမှတ် ၆/၁၉၀၇)

**(က) ပုဒ်မ ၁၂။** ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေအရဖြစ်စေ သတ်မှတ်ထားသော အများပြည်သူဆိုင်ရာ တာဝန်ကို ခွင့်လွှတ်နိုင်လောက်အောင် ယုတ္တိတန်သည့် အကြောင်းပြချက်မရှိဘဲ ထမ်းဆောင်ရန် ငြင်းဆန်မှု၊ ပျက်ကွက်မှု။

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ကျပ်ငါးဆယ်ထိ ငွေဒဏ် သို့မဟုတ် တစ်လထိ ထောင်ဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ချမှတ်ရမည်။ ပုဒ်မ ၁၂ (၃)

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ကျေးရွာအုပ်စုအတွင်း နေထိုင်သူ မည်သူမဆို အများပြည်သူဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရန် ငြင်းဆန်လျှင် သို့မဟုတ် ပေါ့လျော့လျှင်၊

**(ခ) ပုဒ်မ ၁၆ ။ (၁) ဤဥပဒေပုဒ်မ ၁၅ ပါ ဧည့်စာရင်းတိုင်ရန် ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်မှု**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ကျပ်ငါးဆယ်ထိ ငွေဒဏ် သို့မဟုတ် တစ်ဆယ့်ငါးရက်ထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ပုဒ်မ ၁၅ ။

(၁) ကျေးရွာအုပ်စုသို့ ၎င်းကျေးရွာအုပ်စုအတွင်း နေထိုင်ရင်းမဟုတ်သူ လာရောက်လျှင် ရောက်ရှိပြီးနောက် (၄)နာရီအတွင်း ဧည့်သည်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းတည်းခိုသူအိမ်ရှင်ကဖြစ်စေ ဧည့်သည်ရောက်ကြောင်း ဧည့်သည်၏အမည်၊ အလုပ်အကိုင်နှင့် ဧည့်သည်နောက်ဆုံးနေထိုင်ခဲ့သည့် နေရပ်များကို ကျေးရွာလူကြီးထံ တိုင်ကြားရမည်။

(၂) ပုဒ်မခွဲ(၁)အရ တိုင်ကြားပြီး ဧည့်သည်အတွက် ကျေးရွာအုပ်စုမှ ထွက်ခွာသွားကြောင်း ၎င်းဧည့်သည် တည်းခိုသည့် အိမ်ရှင်ရှိလျှင် ၎င်းအိမ်ရှင်က တိုင်ကြားရမည်။

www.burmeseclassic.com

www.burmeseclassic.com



**(ဂ) ပုဒ်မ ၂၁-က (၃)။ ဤဥပဒေပုဒ်မ ၁၂-က၊ ပုဒ်မခွဲ(၁)အရ တားမြစ်ထားသော လက်နက်ဥပဒေနှင့် အကျုံးမဝင်သည့် လက်နက်တစ်ခုခုကို ပွဲခင်း၌ လက်ရှိထားမှု၊ ပုဒ်မ ၂၁-က၊** ပုဒ်မခွဲ(၂)အရ ပွဲခင်းသို့အသွားအပြန်နှင့် ပွဲခင်း၌ရှိနေစဉ် အဆိုပါ **လက်နက်တစ်ခုခုကို တာဝန်ရှိသူက ပေးအပ်ရန် တောင်းဆိုသည်ကို ငြင်းဆန်မှု**

**(၁) ပြစ်ဒဏ်နှင့် ပြဋ္ဌာန်းချက်**

ကျပ်ငါးဆယ်ထိ ငွေဒဏ် သို့မဟုတ် တစ်ဆယ့်ငါးရက်ထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ချမှတ်ရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ပုဒ်မ ၂၁-က

(၁) ပွဲတွင်ရှိနေသူ မည်သူမဆို လက်နက်ဥပဒေပါ ပြဋ္ဌာန်းချက် ကင်းလွတ်ခွင့်ပြုသော ဓားတစ်မျိုးမျိုး၊ တင်းပုတ်၊ ခဲတုတ်၊ ဇာဝီတုတ်၊ ဝါးရင်းတုတ် စသည့် လက်နက် သို့မဟုတ် ခရိုင်ဝန်က ရန်မူနိုင်သည့် လက်နက်ဟု ဤပုဒ်မအရ ကြေညာထားသော လက်နက်ကိရိယာ တစ်ခုခုကို လက်ရှိ မထားရ။

(၂) မည်သူမဆို ပွဲသွားစဉ်၊ ပွဲပြန်လာစဉ် သို့မဟုတ် ပွဲ၌ရှိနေစဉ် အဆိုပါ ၎င်း၏ လက်ရှိလက်နက်တစ်ခုခုကို ပေးအပ်ရန် တောင်းသောအခါ ၎င်းပွဲကျင်းပရာ ကျေးရွာလူကြီး သို့မဟုတ် ကျေးရွာလူကြီးကို ကူညီသူ ကျေးရွာအုပ်စုရှိ ပြည်သူ့ရဲထံ ပေးအပ်ရမည်။ ထို့ပြင် ပြဋ္ဌာန်းချက်များနှင့် အညီ ပေးအပ်သည့် လက်နက်ကို အမြန်ဆုံး ကျေးရွာလူကြီးထံ အပ်ရမည်။

**ခြွင်းချက်။** ကျေးရွာလူကြီးသည် ပြဋ္ဌာန်းချက်နှင့်အညီ ပေးအပ်သည့်လက်နက် တစ်ခုခုကို သင့်သလို စဉ်းစားဆင်ခြင်၍ ပိုင်ရှင်သို့ မည်သည့် အချိန်အခါတွင်မဆို ပြန်ပေးနိုင်သည်။

**(ဃ) ပုဒ်မ ၂၁ ။ ပွဲမိန့်မရဘဲ ကျင်းပခြင်းအတွက် ပြစ်ဒဏ်**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

www.burmeseclassic.com

www.burmeseclassic.com



သုံးလထိ ထောင်ဒဏ် သို့မဟုတ် ကျင်းပါးရာထိ ငွေဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး ချမှတ်ရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ပုဒ်မ ၂၁။ (၁) မည်သူမဆို -

(က) ခရိုင်ဝန် သို့မဟုတ် ၎င်းက ခန့်ထားသည့် အရာရှိ သို့မဟုတ် အခြားသူကသော်လည်းကောင်း ထုတ်ပေးသော ပွဲမိန့်မရှိဘဲ ကျင်းပပြုလုပ်လျှင် သို့တည်းမဟုတ်၊

(ခ) ပွဲမိန့်မရှိဘဲ ပွဲခင်းကျင်းပခြင်းကို အားပေးကူညီလျှင် သို့တည်းမဟုတ်၊

(ဂ) လိုင်စင်မရှိဘဲ ကျင်းပသည့် မြင်းပွဲ၊ လှေပွဲ၊ လှည်းပွဲ၊ အပြေးပြိုင်ပွဲ သို့မဟုတ် အခြားပွဲ ကျင်းပရာတွင် ပါဝင်ကူညီလျှင် သို့မဟုတ် လိုင်စင်မရှိဘဲ ကျင်းပသည့်ပွဲကို စီစဉ်အုပ်ချုပ်ရာတွင် ပါဝင်ကူညီလျှင် သို့တည်းမဟုတ်၊

(ဃ) ၎င်းအုပ်ချုပ်သော မြေပေါ်တွင် သို့မဟုတ် ဥပစာတွင် လိုင်စင်မရှိဘဲ ပွဲကျင်းပရာတွင် ရောက်ရှိ၍ ကျင်းပခြင်းကို ခွင့်ပြုလျှင်၊

## ၇၂။ နိုင်ငံအတွင်းနေထိုင်သူများနှင့် မှတ်ပုံတင်ကတ်ပြားကိစ္စ။

**ဥပဒေ။** ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေ။ (အက်ဥပဒေအမှတ် ၄၁/၁၉၄၉)

**ပုဒ်မ ၆ (၁)။** မည်သူမဆို -

(က) ဤအက်ဥပဒေကိစ္စများအလို့ငှာ အကြောင်းအရာတစ်ခုခုကို ဖော်ပြရာ၌ သိလျက်နှင့်ဖြစ်စေ၊ အရမ်းမဲ့ဖြစ်စေ၊ အရေးကြီးသော အချက်၌ မဟုတ်မမှန်သော အကြောင်းအရာ တစ်ခုခုကိုဖော်ပြလျှင်သော်လည်းကောင်း၊

(ခ) လိမ်လည်ရန် အကြံအစည်နှင့် -

(၁) မိမိသည် သို့တည်းမဟုတ် အခြားသူတစ်ဦးတစ်ယောက်သည် သက်သေခံကတ်ပြားတွင် ဖော်ပြထားသူဖြစ်သည်ဟု မဟုတ်မမှန် ဖော်ပြလျှင်သော်လည်းကောင်း၊

(၂) ဤအက်ဥပဒေနှင့်အညီ ပြုလုပ်သည့်နည်းဥပဒေများအရ မိမိကိုယ်တိုင် ထိန်းသိမ်းထားရန် တာဝန်ရှိသော သက်သေခံကတ်

www.burmeseclassic.com

www.burmeseclassic.com



ပြားကို အခြားသူတစ်ဦးတစ်ယောက်အား လက်ရှိထားခွင့်ပြု လျှင်သော်လည်းကောင်း၊

(၃) သက်သေခံကတ်ပြားနှင့် အထင်မှားစေလောက်အောင် ဆင်တူ ရိုးမှား ပြုလုပ်ထားသော စာရွက်စာတမ်း တစ်ခုခုကို လက်ရှိ ထားလျှင်သော်လည်းကောင်း၊

ထိုသူသည် ဤအက်ဥပဒေအရ ပြစ်မှုကျူးလွန်သည်။

(၂) မည်သူမဆို ဤအက်ဥပဒေအရ နည်းလမ်းတကျ ဆင့်ဆိုသည့်အတိုင်း လိုက်နာရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေ တစ်ခုခုကို ကျူးလွန်လျှင် သို့တည်းမဟုတ် နည်းဥပဒေအတိုင်း လိုက်နာရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ထိုသူသည် ဤအက်ဥပဒေအရ ပြစ်မှုကျူးလွန်သည်။

(၃) ဤအက်ဥပဒေအရ ပြစ်မှုကျူးလွန်သူတိုင်းကို ပြစ်မှုထင်ရှားစီရင်သော အခါ နှစ်နှစ်ထက် မပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ၊ အလုပ်မဲ့ထောင် ဒဏ်ဖြစ်စေ၊ ငွေငါးရာထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ငွေဒဏ် နှစ်ရပ် စလုံးဖြစ်စေ စီရင်ရမည်။

သို့သော် ရာဇဝတ်ကျင့်ထုံးဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ထိုပြစ်မှု ကျူးလွန်သူကို အကျဉ်းစစ်ဆေး၍ ပြစ်မှုထင်ရှားစီရင်သောအခါ ခြောက်လအထိ အလုပ်ကြမ်းနှင့်ထောင်ဒဏ်ဖြစ်စေ၊ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေနှစ်ရာထိ ငွေ ဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ငွေဒဏ် နှစ်ရပ်လုံးဖြစ်စေ စီရင်ရမည်။

**ဥပဒေ။** ၁၉၄၀ ခုနှစ်၊ နိုင်ငံခြားသားမှတ်ပုံတင်အက်ဥပဒေ (အက်ဥပဒေအမှတ် ၇/၁၉၄၀)

**(က) ပုဒ်မ ၅။ (၁) ပြစ်ဒဏ်**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ သို့မဟုတ် ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

(အက်ဥပဒေ အမှတ် ၂၇/၁၉၅၂ အရ ပြင်ဆင်ထားပါသည်။)

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့် အင်္ဂါရပ်များ**

ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်စုံတစ်ရာကိုဖြစ်စေ သို့မဟုတ် ဤဥပဒေ

www.burmeseclassic.com

www.burmeseclassic.com



အရ ပြုသည့် နည်းဥပဒေ တစ်စုံတစ်ရာကိုဖြစ်စေ၊ ဖောက်ဖျက်လျှင် သို့မဟုတ် ဖောက်ဖျက်ရန် အားထုတ်လျှင် သို့မဟုတ် လိုက်နာရန် ပျက်ကွက်လျှင်၊

**(ခ) သက်သေပြရန်တာဝန်**

သက်သေခံဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ တစ်ဦးတစ်ယောက်သောသူသည် နိုင်ငံခြားသားဖြစ်သည် မဖြစ်သည် ဟူသော ပြဿနာပေါ်ပေါက်ပါက နိုင်ငံခြားသားမဖြစ်ကြောင်း သက်သေပြရန် တာဝန်မှာ ထိုသူအပေါ်တွင် ကျရောက်သည်။ (ပုဒ်မ ၄ ကိုကြည့်ပါ)

## ၇၃။ <u>တူးမြောင်းကိစ္စ။</u>

**ဥပဒေ။** ၁၉၀၅ ခုနှစ်၊ တူးမြောင်းအက်ဥပဒေ။
(အက်ဥပဒေအမှတ် ၂/၁၉၀၅)

**ပုဒ်မ ၇၅။ ဤအက်ဥပဒေအရ ကျူးလွန်သော ပြစ်မှုများအတွက် ပြစ်ဒဏ်**

မည်သူမဆို အခွင့်အမိန့်တစ်စုံတစ်ရာ မရှိဘဲ မိမိအလိုအလျောက် အောက်ဖော်ပြပါ ပြုလုပ်မှုများကို ပြုလျှင် -

(၁) တူးမြောင်းနှင့် ရေစီးသော ရေထုတ်မြောင်းကို ဖျက်ဆီးခြင်း၊ ပြောင်းလဲခြင်း ပြင်ဆင်ခြင်း၊ ချဲ့ထွင်ခြင်း သို့မဟုတ် ပိတ်ဆို့ခြင်း၊

(၂) တူးမြောင်းနှင့် ရေစီးရေလာ ရေထုတ်မြောင်းရှိ ရေများကို နည်းစေရန် သို့မဟုတ် များစေရန် နှောင့်ယှက်ပြုလုပ်ခြင်း၊

(၃) မြစ်နှင့်ချောင်းရှိ ရေစီးရေလာကို ပြုပြင်ပြောင်းလဲခြင်းဖြင့် တူးမြောင်း သို့မဟုတ် ရေထုတ်မြောင်းအား အန္တရာယ်ဖြစ်စေခြင်း၊ ဖျက်ဆီးခြင်း၊ သို့မဟုတ် အသုံးဝင်မှု လျော့နည်းစေခြင်း၊

(၄) ရေစီးရေလာကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသဖြစ်ပြီး ရေယူရာတွင် ရေဖြုန်းတီးမှုမဖြစ်စေရန် ကာကွယ်စောင့်ရှောက်ကြရာ၌ လျစ်လျူရှုခြင်း သို့မဟုတ် ရေပေးသည့်ကိစ္စတွင် နှောင့်ယှက်ခြင်း သို့မဟုတ် ခွင့်ပြုချက်နှင့်အညီ မဟုတ်ဘဲ ရေကိုသုံးစွဲခြင်း၊

(၅) တူးမြောင်းတစ်ခုခုအတွင်းရှိ ရေများကို ညစ်ညမ်းစေခြင်း သို့မဟုတ် ယုတ်ညံ့စေခြင်းဖြင့် အသုံးဝင်မှုကို လျော့နည်းစေခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(၆) နိုင်ငံတော်သမ္မတက ပြုထားသည့် တည်ဆဲနည်းဥပဒေများကို ဆန့်ကျင်၍ မည်သည့်ရေယာဉ်မဆို တူးမြောင်းထဲ ဝင်ရောက်လျှင် သို့မဟုတ် တူးမြောင်းထဲ၌ ဆက်လက်နေလျှင်၊

(၇) တူးမြောင်းတစ်ခုခု၌ သွားလာနေသော အခြားယာဉ်များနှင့် တူးမြောင်းကို အန္တရာယ်မဖြစ်စေရန်အတွက် လိုအပ်သော ကြိုတင်ကာကွယ်မှုများ မပြုလုပ်လျှင်၊ သို့မဟုတ် လျစ်လျူရှုလျှင်၊

(၈) ဤဥပဒေ အခန်း(၉)အရ အလုပ်သမားများပေးအပ်ရန် တာဝန်ရှိပါလျက် လုံလောက်သော အကြောင်းပြချက်မရှိဘဲ လိုအပ်သော အလုပ်သမားများပေးအပ်ရန် သို့မဟုတ် ကူညီရန်ပျက်ကွက်လျှင်၊

ရာဇဝတ်တရားသူကြီးရှေ့မှောက်တွင် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ် ၂၀၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ (ဥပဒေအမှတ် ၁/၁၉၉၈ ဖြင့် ပြင်ဆင်ထားပါသည်။)

## ၇၄။ **လောင်စာဆီကိစ္စ။**

**ဥပဒေ။** ၁၉၃၄ ခုနှစ်၊ လောင်စာဆီအက်ဥပဒေ။
(အက်ဥပဒေအမှတ် ၃၀/၁၉၃၄)

**(က)ပုဒ်မ ၂၃။ ဤဥပဒေအရကျူးလွန်သည့်ပြစ်မှုအတွက် ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ပုဒ်မ ၂၃။ (၁) မည်သူမဆို -

(က) ဤဥပဒေပါ အခန်း(၁)ပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်လျှင်လည်းကောင်း သို့တည်းမဟုတ် ရေနံချေးကိုတင်ပို့ခြင်း၊ သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ လက်ရှိထားခြင်း၊ သန့်စင်ခြင်း သို့တည်းမဟုတ် ရောစပ်ခြင်း သို့တည်းမဟုတ်၊

(ခ) ပုဒ်မ ၄ နှင့် ၅ ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း သို့မဟုတ်၊

(ဂ) ပုဒ်မ ၄ အရ ထုတ်ပေးသော လိုင်စင်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း သို့တည်းမဟုတ်၊

(ဃ) ရေနံချေးကို တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ထုတ်လုပ်ခြင်း၊ သန့်စင်ခြင်း သို့တည်းမဟုတ် ရောစပ်ခြင်း သို့တည်းမဟုတ် သယ်ဆောင်သည့် အချိန်တွင် ကြီးကြပ်သူ သို့တည်းမဟုတ် အုပ်ချုပ်သူအဖြစ် ရှိနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ပုဒ်မ ၁၃ အရ တာဝန်ရှိသူအရာရှိက လာရောက်စစ်ဆေးရာတွင် တားဆီးခြင်း သို့တည်းမဟုတ် ကူညီရန် ပျက်ကွက်ခြင်း သို့တည်း မဟုတ်၊

(င) ရေနံဈေးကို တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ထုတ်လုပ်ခြင်း၊ သန့်စင်ခြင်း သို့တည်းမဟုတ် သယ်ဆောင်လာသည့် အချိန်တွင် ကြီးကြပ်သူ သို့ တည်းမဟုတ် အုပ်ချုပ်သူအဖြစ် ရှိနေစဉ် ပုဒ်မ ၁၄ အရ တာဝန်ရှိသူ အရာရှိက လာရောက်စစ်ဆေးရာတွင် ပြသရန်ပျက်ကွက်ခြင်းနှင့် နမူနာယူရန် ခွင့်မပြုခြင်း သို့တည်း မဟုတ်၊

(စ) ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်နှင့်အညီ မတော်တဆ ဖြစ်ပွားမှုကို တိုင် တန်းရန် ပျက်ကွက်လျှင် ကျပ်ငါးရာထိ ငွေဒဏ်စီရင်ခြင်းခံရမည်။

(၂) လူတစ်ဦးတစ်ယောက်သည် ပုဒ်မခွဲ(၁)အရ ပြစ်ဒဏ်ကျခံပြီးနောက် ယင်းပြစ်မှုအ ထပ်မံ၍ ပြစ်မှုထင်ရှားကျူးလွန်ပါက ကျပ်နှစ်ထောင်ထိ ငွေဒဏ် စီရင်ခြင်းခံရမည်။

## ၇၅။ <u>တရားရုံးများကို မထီမဲ့မြင်ပြုသည့်ကိစ္စ။</u>

**ဥပဒေ။** ၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်ပြုမှု အက်ဥပဒေ။ (အက်ဥပဒေအမှတ် ၁၂/၁၉၂၆)

**ပုဒ်မ ၃။ တရားရုံးများကို မထီမဲ့မြင်ပြုမှုအတွက် ပြစ်ဒဏ်အတိုင်းအတာ**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

အလုပ်မဲ့ထောင်ဒဏ် ၆ လအထိ သို့မဟုတ် ကျပ်နှစ်ထောင်ထိ ငွေ ဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး စီရင်ခြင်းခံရမည်။

တရားခံ ဝန်ချတောင်းပန်ခြင်းကြောင်း တရားရုံးက ကျေနပ်လျှင် ပြန်လွှတ် ထားနိုင်သည် သို့မဟုတ် ပြစ်ဒဏ်ကို လွှတ်ငြိမ်းချမ်းသာခွင့်ပြုနိုင်သည်။

တရားလွှတ်တော် (ယခုဗဟိုတရားရုံး) သည် မည်သည့်တရားရုံးကို မထီမဲ့မြင်ပြုမှုအတွက် ယခုပြစ်ဒဏ်ထက် ပိုမို၍ ချမှတ်ခြင်းမရှိစေရ။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

တရားလွှတ်တော် (ယခု ဗဟိုတရားရုံး) သည် မိမိရုံးတွင်ဖြစ်စေ၊ လက်အောက်ခံ တရားရုံးများတွင်ဖြစ်စေဖြစ်ပွားသော တရားရုံးများကို မထီမဲ့မြင် ပြုမှုများအတွက် စီရင်ပိုင်ခွင့်နှင့် အမိန့်ချမှတ်နိုင်သော အာဏာများ ရှိစေရမည်။ (ပုဒ်မ ၂ ကို ကြည့်ပါ)

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် လက်အောက်ခံ တရားရုံးများတွင် ဖြစ်ပွားသော တရားရုံးများကို မထီမဲ့မြင်ပြုမှုများသည် ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်မှုကြောင်းမြောက်သော အမှုများ ဖြစ်ပါက တရားလွှတ်တော်သည် အရေးယူဆောင်ရွက်ခြင်း မပြုရ။ (ပုဒ်မ ၂ ခြွင်းချက်ကို ကြည့်ပါ။)

## ၅၆။ ကုန်းလမ်းအကောက်ခွန်ကိစ္စ။

**ဥပဒေ။** ၁၉၂၄ ခုနှစ်၊ ကုန်းလမ်းအကောက်ခွန်ဥပဒေ။
(အက်ဥပဒေအမှတ် ၁၉/၁၉၂၄)

### (က) ပုဒ်မ ၇ ။ (၂) ပြစ်ဒဏ်များ

ပုဒ်မ ၇။ မည်သူမဆို -

(က) ယင်းဥပဒေပုဒ်မ ၅ အရ ပါမစ်ရယူခြင်းမရှိဘဲ ပစ္စည်းများကို မြန်မာနိုင်ငံအတွင်း သို့မဟုတ် နိုင်ငံခြား နယ်နိမိတ်သို့ သယ်ယူလျှင် သို့မဟုတ် သယ်ယူရန် အားထုတ်လျှင်၊

(ခ) ကုန်ပစ္စည်းများကို သယ်ယူရန် သတ်မှတ်ပေးထားသည့် လမ်းမှ မဟုတ်ဘဲ သယ်ယူခြင်း၊ သယ်ယူရန် အားထုတ်ခြင်း၊

(ဂ) ယင်းသို့ သယ်ယူခြင်းကို အကူအညီပေးခြင်း သို့မဟုတ် ထိုသို့ သယ်ယူသောပစ္စည်းများကို ဖွက်သိမ်းပေးခြင်း၊

ယင်းပစ္စည်းများကို အခွန်ပေးဆောင်ရန် မဟုတ်သော ပစ္စည်းဖြစ်လျှင် ဒဏ်ငွေကျပ်ငါးဆယ်၊ အခွန်ပေးဆောင်ရသည့် ပစ္စည်းဖြစ်လျှင် ကျပ်တစ်ထောင်ထိ ချမှတ်နိုင်သည်။ ပစ္စည်းများကိုလည်း သိမ်းဆည်းနိုင်သည်။

**(မှတ်ချက်** ။ ပုဒ်မခွဲ(၁)အရ အကောက်ခွန်အရာရှိများက ဆုံးဖြတ်ရန်ဖြစ်ပါသည်)

(၂) အခွန်ပေးဆောင်ရသော ပစ္စည်းများ သို့မဟုတ် ယင်းဥပဒေပုဒ်မ ၁၉ အရ တားမြစ်ထားသော ပစ္စည်းဖြစ်သည့်ကိစ္စတွင် အကောက်ခွန်အရာရှိက ပုဒ်မခွဲ (၁)ပါ ပြစ်ဒဏ်နှင့်လုံလောက်ခြင်းမရှိဟု သဘောရရှိလျှင် ရာဇဝတ်တရားသူကြီး (ယခုမြို့နယ်တရားရုံး)ထံသို့ အရေးယူပေးရန် ဦးတိုက်လျှောက်ထားနိုင်သည်။

(၃) ရာဇဝတ်တရားသူကြီး (ယခုမြို့နယ်တရားရုံး)က လျှောက်ထားချက်ကို စုံစမ်းစစ်ဆေး၍ တရားခံအပေါ် စွဲချက်တင်ပြီး ပြစ်မှုထင်ရှားတွေ့ရှိလျှင် ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ သို့မဟုတ် ကျပ်တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၅ ။** (၁) မည်သူမဆို အကောက်ခွန်ပေးဆောင်ရသော ပစ္စည်းများနှင့် အကောက်ခွန်လွတ်သော ပစ္စည်းများကို ကုန်းလမ်းဖြင့် ပြည်တွင်းသို့တင်ပို့ခြင်း၊ ပြည်ပသို့ ထုတ်ယူခြင်းအတွက် သက်ဆိုင်ရာ အကောက်ခွန်ပေးဆောင်ပြီးကြောင်း ဖြစ်စေ၊ အကောက်ခွန်ကင်းလွတ်ကြောင်းဖြစ်စေ သက်သေခံပါမစ်ယူရန် စာဖြင့် ရေးသားထားသော လျှောက်လွှာကို အကောက်ခွန်ဌာန၊ စခန်းအကြီးအကဲ အရာရှိထံ လျှောက်ထားရမည်။

(၂) အကောက်ခွန်ပေးဆောင်ပြီးသော ပစ္စည်း သို့မဟုတ် အကောက်ခွန် လွတ်ပစ္စည်းတို့အတွက် အကောက်ခွန်အရာရှိက လိုအပ်သော ပါမစ် ထုတ်ပေးရမည်။

(၃) ပါမစ်မပါဘဲ အကောက်ခွန်ပေးဆောင်ရသော ပစ္စည်းများ သယ်ယူလာသည်ကိုတွေ့ရှိရလျှင် ယင်းပါမစ်နှင့် သယ်ယူလာသော ပစ္စည်းများ ကွဲပြားခြားနားလျှင်သော်လည်းကောင်း ယင်းပစ္စည်းများကို ထိန်းသိမ်းထားရန်နှင့် သိမ်းဆည်းသည့်အမိန့်ကို ကုန်းလမ်းအကောက်ခွန်အရာရှိက ချမှတ်နိုင်သည်။

**(ခ) ပင်လယ်အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အကျုံးဝင် သက်ဆိုင်စေရမည်။**

ယင်းဥပဒေပုဒ်မ ၉ အောက်ရှိ ဇယား၌ ဖော်ပြထားသော ပင်လယ်အကောက်ခွန်ဥပဒေပုဒ်များသည် ယခု ကုန်းလမ်းအကောက်ခွန်ဥပဒေနှင့်လည်း အကျုံးဝင် သက်ဆိုင်စေရမည်။ (မှတ်ချက် -မြန်မာနိုင်ငံဥပဒေ အတွဲ ၃၊ စာမျက်နှာ ၃၂၃ ၌ ကြည့်ပါ။)

## ၃၃။ <u>ကျွဲနွားတိရစ္ဆာန်ကျော်နင်းသည့်ကိစ္စ။</u>

**ဥပဒေ။** ကျွဲနွားတိရစ္ဆာန် ကျော်နင်းမှုဥပဒေ။
(ဥပဒေအမှတ် ၁၁/၁၉၈၅)

### ပြစ်မှုနှင့်ပြစ်ဒဏ်များ

**ပုဒ်မ ၂၆။** မည်သူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ကျွဲနွားတိရစ္ဆာန်များ ဖမ်းဆီးထိန်းသိမ်းခြင်းကို ကိုယ်ထိလက်ရောက် ခုခံကြောင်း သို့မဟုတ် အားပေးကူညီကြောင်း သို့မဟုတ် အားထုတ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ဖြစ်စေ၊ ကျွဲနွားတိရစ္ဆာန်ထောင်သို့ ပို့ရာတွင်သော်လည်းကောင်း၊ ကျွဲနွားတိရစ္ဆာန်ထောင်မှ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်းကောင်း ကျွဲနွားတိရစ္ဆာန်များကို လွတ်မြောက်အောင် ပြုလုပ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း သို့မဟုတ် အားထုတ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ဖြစ်စေ၊ ထိုသူအား အနည်းဆုံး ထောင်ဒဏ် သုံးလမှ အများဆုံး ထောင်ဒဏ် ခြောက်လအထိ သို့မဟုတ် အနည်းဆုံး ငွေဒဏ် ကျပ်တစ်ရာမှ အများဆုံး ငွေဒဏ် ကျပ်ငါးရာအထိ သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။

**ပုဒ်မ ၂၇ ။** ကျွဲနွားတိရစ္ဆာန်များ၏ ပိုင်ရှင်သည် ယင်း၏ တိရစ္ဆာန်များကြောင့် သီးနှံစိုက်ပျိုးထားသော လယ်ယာမြေ၊ သတ်မှတ်ထားသောနေရာ အဆောက်အအုံ၊ ပစ္စည်းတို့ကို ပျက်စီးစေကြောင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံးငွေဒဏ် ကျပ်တစ်ရာမှ အများဆုံးငွေဒဏ် ကျပ်ငါးရာအထိ ကျခံစေရမည်။

**ပုဒ်မ ၂၈ ။** ကျွဲနွားတိရစ္ဆာန်ထောင်မွေးသည် ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်ကို မရိုးမဖြောင့်သဘောဖြင့် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ငွေဒဏ် ကျပ်သုံးရာအထိ ကျခံစေရမည်။

**ပုဒ်မ ၂၉ ။** ကျွဲနွားတိရစ္ဆာန်ထောင်မွေးသည် ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ငွေဒဏ် ကျပ်ငါးရာအထိ ကျခံစေရမည်။

**ပုဒ်မ ၃၀။** ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ငွေဒဏ် ကျပ်တစ်ရာမှ အများဆုံး ငွေဒဏ် ကျပ်ငါးရာအထိ ကျခံစေရမည်။

**ပုဒ်မ ၃၁ ။** ကျွဲနွားတိရစ္ဆာန်ကို တရားမဝင်ဖမ်းဆီးသူသည် ပုဒ်မ ၂၅ ပုဒ်မခွဲ (က)ပါ လျော်ကြေးနှင့် အစာရေစာ တိုက်ကျွေးစရိတ်တို့ကို ပေးဆောင်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် တစ်လမှ အများဆုံး ထောင်ဒဏ် ခြောက်လအထိ ကျခံစေရမည်။

**ပုဒ်မ ၃၂ ။** ပုဒ်မ ၂၇ အရ ကောက်ခံရရှိသည့် ငွေဒဏ်များအနက်မှ ဆုံးရှုံးပျက်စီးမှုအတွက် လျော်ကြေးအဖြစ် ဆုံးရှုံးနစ်နာသူအား ပေးစေရန် ငွေဒဏ် တစ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ သက်ဆိုင်ရာ တရားရုံးက သင့်လျော်သလို သတ်မှတ်နိုင်သည်။

**၃၈။ <u>ယစ်မျိုးကိစ္စ။</u>**

**ဥပဒေ။** ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေ။
(အက်ဥပဒေအမှတ် ၅/၁၉၁၇)

**(က) ပုဒ်မ ၃၀။ (က) ပြစ်မှု**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။ ပြစ်ချက်ဟောင်းရှိသူဖြစ်လျှင် ပြစ်ဒဏ်ရင်းနှစ်ဆ ချမှတ်နိုင်သည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ယစ်မျိုးသက်ဝင်ရာ ပစ္စည်းတစ်ခုခုကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ ထုတ်ယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြုလုပ်ခြင်း၊ စုဆောင်းခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း၊ တရားခံက ပြုလုပ်ကြောင်း သက်သေခံချက် ရှိရပါမည်။

**(ခ) ပုဒ်မ ၃၀ (ဃ) ပြစ်မှု**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ထောင်ထိ ငွေဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ယစ်မျိုးသက်ဝင်ရာ ပစ္စည်းပြုလုပ်ရန် ကိရိယာတန်ဆာပလာများကို အသုံးပြုခြင်း၊ သိမ်းဆည်းခြင်း၊ လက်ရှိထားခြင်း၊ အပြုအမူတစ်ခုခုကို တရားခံ ပြုလုပ်ကြောင်း သက်သေခံချက် ရှိရပါမည်။

**(ဂ) ပုဒ်မ ၃၁။ ပြစ်မှု**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

တစ်နှစ်အထိ ထောင်ဒဏ်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

ယစ်မျိုးဥပဒေ ပြဋ္ဌာန်းချက် သို့မဟုတ် နည်းဥပဒေ သို့မဟုတ် အမိန့်ကြော်ငြာစာ သို့မဟုတ် လိုင်စင်ပါ ပြဋ္ဌာန်းချက်တို့ကို ဖောက်ဖျက်ပြီး တရားခံသည် အရက်ချက်ကြောင်း သက်သေခံချက် ရှိရပါမည်။ အရက်ချက်ရာတွင် ပေါင်းခံအိုးများ၊ သစ်စေးများ၊ အချဉ်ဖောက်ထားသော ကဇော်ဖတ်များ တွေ့ရှိရပါက အရက်ချက်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။

## (ဃ) ပုဒ်မ ၃၃။ ပြစ်မှု

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

မည်သူမဆို ပုဒ်မ ၁၃ ကို ဆန့်ကျင်၍ -

(က) အသားစိုက် ဆေးထိုးပြွန်ကိုသော်လည်းကောင်း၊

(ခ) မူးယစ်စေတတ်သော ဆေးဝါးကို အသားထဲသို့ ထိုးသွင်းရန် သင့်လျော်သော အခြားကိရိယာကိုသော်လည်းကောင်း ပြုလုပ်လျှင်၊ ရောင်းလျှင်၊ လက်ရှိထားလျှင်၊ သုံးစွဲလျှင်၊

## (င) ပုဒ်မ ၃၇ ။ ပြစ်မှု

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ**

(၁) မည်သူမဆို ယစ်မျိုးဝင်ပစ္စည်းတစ်ခုခုကို ဥပဒေနှင့်အညီ ဆန့်ကျင်လျက် သွင်းယူ၊ သယ်ယူ၊ ပို့ဆောင်၊ ချက်လုပ်၊ ပြုလုပ်၊ စိုက်ပျိုး၊ စုဆောင်းခဲ့သည်ဟု သော်လည်းကောင်း၊ ယင်းပစ္စည်းအပေါ်တွင် သတ်မှတ်ထားသော အကောက်ကို မပေးရသေးဟု သော်လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



(၂) သိလျက်နှင့်ဖြစ်စေ၊ လုံလောက်ရန် အကြောင်းရှိလျက်နှင့် ဖြစ်စေ ယစ်မျိုးဝင် ပစ္စည်းအရေအတွက် အချင်အတွယ် မည်မျှ ကိုမဆို ဥပဒေနှင့်အညီ အခွင့်အမိန့်မရှိဘဲ တရားခံက လက်ရှိ ထားကြောင်း သက်သေခံချက် ရှိရပါမည်။

## ၇၉။ ပြည်တွင်းရေကြောင်းတွင် သယ်ယူပို့ဆောင်သည့်ကိစ္စ။

**ဥပဒေ။** ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေ။ (အက်ဥပဒေအမှတ် ၃၅/၁၉၅၂)

**(က)ပုဒ်မ ၃၅။ ပြစ်မှုနှင့်ပြစ်ဒဏ်**

ပုဒ်မ ၃၅။ တည်ဆဲ အခြားတရားဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ မည်သူမဆို

(က) သင်္ဘောခပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့် သင်္ဘောခ ကြိုတင်ပေးဆောင်ခြင်းမပြုဘဲ အဖွဲ့ပိုင်သင်္ဘောတွင် စီးနင်းလိုက်ပါလျှင် သို့တည်းမဟုတ် စီးနင်းလိုက်ပါရန် အားထုတ်လျှင်၊

(ခ) အဖွဲ့ပိုင်သင်္ဘောတွင် တစ်ခုခုသော ခရီးအတွက် လက်မှတ်ဝယ်ယူ စီးနင်းလိုက်ပါပြီးနောက် အဆိုပါခရီးကို ကျော်လွန်ကြောင်းသိလျက်နှင့် ထိုကျော်လွန်သည့် ခရီးအတွက် နောက်ထပ် သင်္ဘောခ ပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့် နောက်ထပ်သင်္ဘောခ ကြိုတင်ပေးဆောင်ခြင်းမပြုဘဲ အဖွဲ့ပိုင် သင်္ဘောတွင် တမင် ဆက်လက်စီးနင်းလိုက်ပါလျှင် သို့တည်းမဟုတ် ဆက်လက်စီးနင်းလိုက်ပါရန် ကြိုးစားအားထုတ်လျှင်၊

(ဂ) အဖွဲ့ပိုင်သင်္ဘောတွင် တစ်ခုခုသော ခရီးအတွက် လက်မှတ်ဝယ်ယူ စီးနင်းလိုက်ပါပြီးနောက် အဆိုပါခရီးသို့ ရောက်ရှိကြောင်းသိလျက်နှင့် သင်္ဘောမှ ထွက်ခွာသွားရန် တမင်ပျက်ကွက်လျှင် သို့တည်းမဟုတ် ငြင်းဆန်လျှင်၊

(ဃ) လူနှင့်အတူ ယူဆောင်သော ပစ္စည်းများအတွက် တန်ဆာခ ပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့် ကျသင့်သော တန်ဆာခကို လုံးဝပေးဆောင်ခြင်းမပြုဘဲ သို့တည်းမဟုတ် ကျသင့်သော တန်ဆာခကို အပြည့်အဝ ပေးဆောင်ခြင်းမပြုဘဲ အဖွဲ့ပိုင်သင်္ဘောတွင်

www.burmeseclassic.com



လူနှင့်အတူ ပစ္စည်းများ တင်ဆောင်လျှင် သို့တည်းမဟုတ် တင်ဆောင်ရန် ကြိုးစားအားထုတ်လျှင်၊

(င) အကယ်ကျသင့်သော သဘော်ခကို ပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့် အဖွဲ့ပိုင် သင်္ဘောတွင် သင်္ဘောနေရာ အဆင့်အတန်းတစ်ခုခုအတွက် သင်္ဘောခပေးဆောင်လျက် ထိုနေရာ အဆင့်အတန်းထက်မြင့်သော သီးသန့်နေရာတွင် သို့တည်းမဟုတ် အခန်းတွင် စီးနင်းလိုက်ပါလျှင်၊

(စ) အဖွဲ့ပိုင်သင်္ဘောတွင် စီးနင်းလိုက်ပါလျက် သင်္ဘောအရာထမ်း အမှုထမ်းများက သင်္ဘောလက်မှတ်ဝယ်ယူရန် စေခိုင်းသော်လည်း သင်္ဘောလက်မှတ်မဝယ်ယူလျှင် သို့တည်းမဟုတ် သင်္ဘောလက်မှတ် ထုတ်ပြရန် စေခိုင်းသော်လည်း သင်္ဘောလက်မှတ်ထုတ်မပြလျှင် သို့တည်းမဟုတ် ခရီးအဆုံးတွင် သင်္ဘောလက်မှတ်ပြန်အပ်ရန် တောင်းဆိုသော်လည်း သင်္ဘောလက်မှတ်ပြန်မအပ်လျှင်၊

(ဆ) အဖွဲ့ပိုင်သင်္ဘောတွင် စီးနင်းလိုက်ပါသော ထိုတစ်ဦးအတွက် ကျသင့်သော သင်္ဘောခကို ပေးဆောင်ခြင်းမှ လွတ်ကင်းစေရန် ရည်ရွယ်ချက်ဖြင့် လက်မှတ်စစ်အား လိမ်လည်ပြသနိုင်စေခြင်း အလို့ငှာ မိမိလက်မှတ်ကို ထိုသူအား လွှဲပြောင်းပေးလျှင်၊

(ဇ) ကုန်တင်ခပေးဆောင်ခြင်းမှ လုံးဝလွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ကုန်တင်ခ အပြည့်အဝ ပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ အဖွဲ့ပိုင်သင်္ဘောတွင် မတရားသောနည်းဖြင့် ကုန်ပစ္စည်းများ တင်ဆောင်လျှင် သို့တည်းမဟုတ် တင်ဆောင်ရန် ကြိုးစားအားထုတ်လျှင်၊

(ဈ) အဖွဲ့ပိုင် သင်္ဘောများတွင် အသုံးပြုသော လူစီးလက်မှတ်များကိုဖြစ်စေ၊ တန်ဆာလက်မှတ်များကိုဖြစ်စေ၊ အခြားလက်မှတ်များကိုဖြစ်စေ၊ ပုံစံများကိုဖြစ်စေ၊ မတရားသဖြင့် အစားထိုးအသုံးပြုရန် ရည်ရွယ်ချက်ဖြင့် အတုပြုလုပ်လျှင် သို့တည်းမဟုတ် အတုပြုလုပ်ရန် ကြိုးစားအားထုတ်လျှင် သို့တည်းမဟုတ် အဆိုပါ အတုလက်မှတ်ကိုဖြစ်စေ၊ ပုံစံကိုဖြစ်စေ ထိန်းသိမ်းထားလျှင် သို့တည်းမဟုတ် ရောင်းဝယ်လျှင်၊

ထိုသူသည် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့်အခါ အထက်ပါ ပြစ်မှုအသီးသီးအတွက် သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



လုံးဖြစ်စေ၊ စီရင်ခြင်းခံထိုက်စေရမည်။ ထို့ပြင် ဤပုဒ်မအရ ကျူးလွန်သော ပြစ်မှုများသည် ရဲအရာရှိ အရေးယူပိုင်သော ပြစ်မှုများ ဖြစ်ရမည်။

## ၈၀။ လမ်းနှင့်တံတားအသုံးပြုသည့်ကိစ္စ။

**ဥပဒေ။** လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေ။
(ဥပဒေအမှတ် ၁၃/၁၉၈၅)

### ပြစ်မှုနှင့်ပြစ်ဒဏ်များ

ပုဒ်မ ၈။ အသုံးပြုခကို ယာဉ်မောင်းသို့မဟုတ် အသုံးပြုသူက ပေးဆောင်ရန် ပျက်ကွက်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးပြုခနှင့် ဒဏ်ငွေကို ပေးဆောင်ရမည်။

ပုဒ်မ ၉။ မည်သူမဆို ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် ခြောက်လ သို့မဟုတ် ငွေဒဏ် ကျပ်ငါးထောင် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။

ပုဒ်မ ၁၀။ မည်သူမဆို ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် သုံးလ သို့မဟုတ် ငွေဒဏ် ကျပ်သုံးထောင် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။

ပုဒ်မ ၁၁။ မည်သူမဆို ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် တစ်လကျခံစေရမည်။

## ၈၁။ လမ်းမကြီးများနှင့် သက်ဆိုင်သည့်ကိစ္စ။

**ဥပဒေ။** လမ်းမကြီးများဥပဒေ။
(ဥပဒေအမှတ် ၈/၂၀၀၀)

www.burmeseclassic.com

www.burmeseclassic.com



### ပြစ်မှုနှင့်ပြစ်ဒဏ်များ

**ပုဒ်မ ၇။** မည်သူမဆို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) လမ်းမကြီးကို ဖြတ်သန်း၍ တစ်စုံတစ်ရာ ဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း၊

(ခ) လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်း၊

(ဂ) လမ်းမကြီး၏ နယ်နိမိတ်အတွင်း ကန်တူးဖော်ခြင်း၊

**ပုဒ်မ ၈။** မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၆ လ အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) လမ်းမကြီး ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း လုပ်ငန်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်ထားခြင်း၊

(ခ) လမ်းမကြီးများပေါ်တွင် မောင်းနှင်သွားလာခြင်းမပြုရန် သတ်မှတ်ထားသည့် ယာဉ်၊ ဘီးအမျိုးအစား၊ ဝန်တင်အလေးချိန်ပါ ယာဉ်ကို မောင်းနှင်ခြင်း သို့မဟုတ် ဘီးကွပ်ကို အသုံးပြုခြင်း၊

(ဂ) လမ်းမကြီး၏ နယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ သစ်ပင်သီးနှံစိုက်ပျိုးခြင်း၊ ခုတ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဃ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အန္တရာယ်ရှိသော သစ်ပင်များကို ရှင်းလင်းရာတွင် နှောက်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း။

**ပုဒ်မ ၉။** မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ လ အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) လမ်းမကြီး ပျက်စီးခြင်းမှ ကာကွယ်ရန် ထုတ်ပြန်ထားသည့် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း။

(ခ) လမ်းမကြီးများပေါ်တွင် လှည်းနှင့် တိရစ္ဆာန်များ ဖြတ်သန်းသွားလာ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဂ) လမ်းမကြီးပေါ်တွင် သွားလာမှုကို အနှောက်အယှက်သော်လည်းကောင်း၊ ဘေးအန္တရာယ်သော်လည်းကောင်း ဖြစ်စေမည့် ပစ္စည်းကို တမင်ထားရှိခြင်း၊

(ဃ) လမ်းမကြီး၏ နယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်ဘုတ်စိုက်ထူခြင်း။

## ၈၂။ ကုန်းလမ်း၊ ရေလမ်း သယ်ယူပို့ဆောင်သည့်ကိစ္စ။

**ဥပဒေ။** ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ။ (ဥပဒေအမှတ် ၁၈/၁၉၆၃)

**ပုဒ်မ ၁၆။ ပြစ်မှု**

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

(က) ပထမအကြိမ် ကျူးလွန်သည့် ပြစ်မှုအတွက် ကျပ်ငါးရာအောက် မနည်းသည့် ငွေဒဏ်စီရင်ခြင်းခံရမည်။

(ခ) ထိုသို့ စီရင်ခြင်းခံရပြီး နောက်တစ်နှစ်အတွင်း နောက်ထပ် ကျူးလွန်သည့် ပြစ်မှုအတွက် ခြောက်လထိ ထောင်ဒဏ်အပြင် ကျပ်တစ်ထောင်အောက် မနည်းသည့် ငွေဒဏ်လည်း စီရင်ခြင်း ခံရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့် အင်္ဂါရပ်များ**

ယင်းဥပဒေပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျှင် -

ပုဒ်မ ၃။ မည်သူမဆို လိုင်စင်မရှိဘဲ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ကုန်းလမ်း သို့မဟုတ် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို မလုပ်ကိုင်ရ သို့မဟုတ် မလုပ်ကိုင်စေရ။

သို့ရာတွင် ဤဥပဒေ အာဏာတည်သည့်နေ့ရက်တွင် ကုန်းလမ်း သို့မဟုတ် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်နေသူသည် ထိုဥပဒေ အာဏာတည်ပြီးနောက် အစိုးရသတ်မှတ်ပေးသည့် ကာလအပိုင်းအခြားအတွင်း အဆိုပါ လိုင်စင်ကို လျှောက်ထားနိုင်သည်။ ထိုသို့ လျှောက်ထားဆဲအတွင်း ထိုသူမှာ ထိုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့် ရှိစေရမည်။

www.burmeseclassic.com

www.burmeseclassic.com



ပုဒ်မ ၁၇။ ပြစ်မှု

**(၁) ပြစ်ဒဏ်ပြဋ္ဌာန်းချက်**

(က) ပထမအကြိမ် ကျူးလွန်သည့် ပြစ်မှုအတွက် ကျပ်ငါးရာအထိ ငွေဒဏ်စီရင်ခြင်းခံရမည်။

(ခ) နောက်ထပ် ကျူးလွန်သည့် ပြစ်မှုအသီးသီးအတွက် ကျပ်တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်း ခံရမည်။

**(၂) ပြစ်မှုမြောက်ရန် လိုအပ်သည့် အင်္ဂါရပ်များ**

မည်သူမဆို ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်မှတစ်ပါး ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုကိုဖြစ်စေ၊ ဤဥပဒေအရ ပြုသည့် နည်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေတစ်ခုခုကိုဖြစ်စေ ဖောက်ဖျက်လျှင် သို့မဟုတ် လိုက်နာရန် ပျက်ကွက်လျှင်၊

## ၈၃။ **ကုန်သည် သင်္ဘောကိစ္စ။**

**ဥပဒေ။** ၁၉၂၃ ခုနှစ်၊ မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေ။ (အက်ဥပဒေအမှတ် ၂၁/၁၉၂၃)

**(က) ပုဒ်မ ၁၃။ လက်မှတ်မရှိဘဲ သင်္ဘောဦးစီး၊ မာလိန်မှူး သို့မဟုတ် သင်္ဘောအင်ဂျင်နီယာအဖြစ် အမှုထမ်းဆောင်ခြင်းအတွက် ပြစ်ဒဏ်**

ပုဒ်မ ၁၃။ **တစ်ဦးတစ်ယောက်ကို -**

(က) ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်အရ လက်မှတ်ရရှိထားခြင်းမရှိသော အရာရှိတစ်ဦးဦးအား ပင်လယ်ခရီးထွက်ရန် စေခိုင်းလျှင် သို့မဟုတ်၊

(ခ) ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ထိုသူ၌ လက်မှတ်ရှိသူ ဟုတ် မဟုတ် မသေချာဘဲ တစ်ဦးတစ်ယောက်အား အရာရှိအဖြစ် ခန့်ထားလျှင် ကျပ်ငါးရာထိ ငွေဒဏ်စီရင်ခြင်းခံရမည်။

**(ခ) ပုဒ်မ ၂၅။ လိုင်စင်မရှိသူအား သင်္ဘောသားအဖြစ် စေခိုင်းရန် ရယူခြင်းအတွက် ပြစ်ဒဏ်**

ပုဒ်မ ၂၅။ (၁) ပိုင်ရှင် သို့မဟုတ် သင်္ဘောဦးစီး သို့မဟုတ် မာလိန်မှူး သို့မဟုတ် ပိုင်ရှင်၏ အမြဲတမ်း အခိုင်းအစေက ဤဥပဒေအရ ထုတ်ပေးသော လိုင်စင်မရှိသူအား သင်္ဘောသားအဖြစ်စေခိုင်းရန် ရယူလျှင် သို့မဟုတ် ပေးသွင်းလျှင်၊

www.burmeseclassic.com

www.burmeseclassic.com



(၂) ပိုင်ရှင် သို့မဟုတ် သင်္ဘောဦးစီး သို့မဟုတ် မာလိန်မှူး သို့ မဟုတ် ပိုင်ရှင်၏ အမြဲတမ်း အခိုင်းအစေက ဤဥပဒေအရ ထုတ်ပေးသော လိုင်စင်မရှိသူအား သင်္ဘောသားအဖြစ် ခန့်ထားလျှင် သို့မဟုတ် သင်္ဘောပေါ်တက်ရောက်ရန်အတွက် စေခိုင်းခြင်း သို့မဟုတ် ပေးသွင်းခြင်းပြုလျှင်၊

(၃) သင်္ဘောသားအဖြစ် စေခိုင်းခြင်းခံရသူ သို့မဟုတ် ပေးသွင်းသူမှာ ဤဥပဒေပုဒ်မနှင့် ဆန့်ကျင်ကြောင်းသိလျက်နှင့် တစ်ဦးတစ်ယောက်သည် သင်္ဘောပေါ်တက်ရန် လက်ခံခြင်း သို့မဟုတ် ရယူခြင်းမပြုရ။

(၄) ဤပုဒ်မကို ဖောက်ဖျက်လျှင် ကျပ်တစ်ရာထိ ငွေဒဏ်စီရင်ခြင်းခံရမည့်အပြင် လိုင်စင်ရထားသူဖြစ်ပါက လိုင်စင်သိမ်းဆည်းခြင်းခံရမည်။

**(ဂ) ပုဒ်မ ၂၆။ သင်္ဘောသားများထံမှ အခကြေးငွေရယူခြင်းအတွက် ပြစ်ဒဏ်**

ပုဒ်မ ၂၆။ (၁) ဤဥပဒေ၌ ပြဋ္ဌာန်းထားသော အခကြေးငွေမှတစ်ပါး သင်္ဘောသားထံမှဖြစ်စေ သို့တည်းမဟုတ် သင်္ဘောသားအဖြစ် အလုပ်ရှာဖွေသူထံမှဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဤကိစ္စအလို့ငှာ အခကြေးငွေ တောင်းခံခြင်းမပြုရ။

(၂) ဤပုဒ်မ၊ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်လျှင် ကျပ် ၅၀ ထိ ငွေဒဏ်စီရင်ခြင်းခံရမည့်ပြင် လိုင်စင်ရသူဖြစ်က လိုင်စင်သိမ်းဆည်းခြင်းခံရမည်။

**(ဃ) ပုဒ်မ ၁၃၉-က (၂)။ စစ်ဆေးပြီး လက်မှတ်ထုတ်ပေးပြီးနောက် ပြောင်းလဲပြင်ဆင်ခြင်းအတွက် အကြောင်းကြားရန် ပျက်ကွက်ခြင်းအတွက် ပြစ်ဒဏ်**

ပုဒ်မ ၁၃၉-(က) ။ (၁) ပိုင်ရှင် သို့တည်းမဟုတ် သင်္ဘောဦးစီးက ဤအပိုင်းအရ စစ်ဆေးပြီး လက်မှတ်ထုတ်ပေးပြီးနောက်တွင် သင်္ဘောကိုယ်ထည်သော်လည်းကောင်း သို့တည်းမဟုတ် စက်ကိရိယာနှင့် ပတ်သက်၍သော်လည်းကောင်း ပြောင်းလဲပြင်ဆင်ခဲ့ခြင်းကြောင့် သင်္ဘော၏ အရည်အချင်း သို့မဟုတ် ပင်လယ်ခရီးသွား အရည်အချင်းနှင့် ပြုပြင်ပြောင်းလဲမှု အသေးစိတ်တို့ကို စာဖြင့် ရေးသားအကြောင်းကြားရန် ပျက်ကွက်လျှင်၊

(၂) လုံလောက်သော အကြောင်းပြလျက်မရှိဘဲ အကြောင်းကြားရန် ပေါ့လျော့သူ ပိုင်ရှင် သို့တည်းမဟုတ် သင်္ဘောဦးစီးတို့ကို ကျပ် ၅၀၀ ထိ ငွေဒဏ်ချမှတ်ရမည်။

www.burmeseclassic.com



**(င) ပုဒ်မ ၁၄၃၊ ဤဥပဒေအရ ဖောက်ဖျက်၍ ခရီးသည်တင်ဆောင်ခြင်းအတွက် ပြစ်ဒဏ်**

ပုဒ်မ ၁၄၃။ မီးသင်္ဘောတစ်စင်းသည် ခရီးစဉ်တစ်ခုတွင် ဤဥပဒေပုဒ်မ ၁၂၅ ပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်၍ သင်္ဘောပေါ်တွင်ဖြစ်စေ၊ အခြားမည်သည့် အစိတ်အပိုင်းတွင်မဆို စစ်ဆေးပြီး လက်မှတ်တွင် ဖော်ပြထားသည့် ခရီးသည်ဦးရေထက် ပိုမို၍ တင်ဆောင်လျှင် ပိုင်ရှင်နှင့် သင်္ဘောဦးစီးတို့အား ကျပ်တစ်ထောင်ထိစီ ငွေဒဏ်ချမှတ်ရမည်။ ထို့ပြင် ထိုတင်လာသော ခရီးသည်တစ်ဦးတစ်ယောက်အတွက် ကျပ်နှစ်ဆယ်ထက်မပိုသော ငွေဒဏ်ကိုသော်လည်းကောင်း (သို့တည်းမဟုတ်) သင်္ဘောပေါ်ရှိ ခရီးသည်တစ်ဦးတစ်ယောက်၏ အခသည် ကျပ်နှစ်ဆယ်ထက်ပိုမိုပါက ပိုမိုသော ခရီးသည်များ၏ အခများ၏ နှစ်ဆထက်မပိုသော ငွေကို နောက်ဆက်တွဲ ဒဏ်ငွေအဖြစ် စီရင်နိုင်သည်။ ထို့ပြင် ပုဒ်မ ၁၂၅ ကို ဖောက်ဖျက်သူသည် သင်္ဘောမောင်းနှင်သူဖြစ်ပါက ထိုသူ၏ လိုင်စင်ကို ရပ်ဆိုင်းခြင်း သို့တည်းမဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

**(စ) ပုဒ်မ ၂၂၄(ခ)၊ လက်မှတ်မပါဘဲ ပင်လယ်ခရီးသွားခြင်းအတွက် ပြစ်ဒဏ်**

ပုဒ်မ ၂၂၄-ခ

(၁) မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော မည်သည့်သင်္ဘောကမျှ ပုဒ်မ ၂၂၄ အရ ထုတ်ပေးထားသော ဝန်တင်ခရီးစဉ်လက်မှတ်မပါဘဲ မည်သည့် ပင်လယ်ခရီးမှာ မသွားရ၊

(၂) မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော သင်္ဘောမှ သင်္ဘောဦးစီးတိုင်းသည် ဆိပ်ကမ်းရှင်းလင်းချက် လက်မှတ်ကို အကောက်ခွန်အရာရှိက တောင်းသည့်အခါ တင်ပြရမည်။ ဆိပ်ကမ်းရှင်းလင်းချက် လက်မှတ် မတင်ပြလျှင် ယင်းသင်္ဘောကို ထိန်းသိမ်းထားရမည်။ ဆိပ်ကမ်းရှင်းလင်းချက် ထုတ်မပေးရ။

(၃) ဤပုဒ်မအရ ဖောက်ဖျက်၍ ဆက်လက်ထွက်ခွာရန်သော်လည်းကောင်း၊ ထွက်ခွာရန် အားထုတ်လျှင်သော်လည်းကောင်း သင်္ဘောဦးစီးအား ကျပ်တစ်ထောင်ထိ ငွေဒဏ်စီရင်နိုင်သည်။

**(ဆ) ပုဒ်မ ၂၂၉၊ ပင်လယ်ခရီးသွားရန် အခြေအနေမရှိဘဲ စေလွှတ်ခြင်းအတွက် ပြစ်ဒဏ်**

ပုဒ်မ ၂၂၉။ တစ်ဦးတစ်ယောက်သည် ပင်လယ်ခရီးသွားရန် အရည်အချင်းမရှိဘဲ

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောကို မြန်မာနိုင်ငံအတွင်းရှိ ဆိပ်ကမ်းတစ်ခုခုမှ ပင်လယ်သို့ စေလွှတ်ခြင်းဖြင့် လူတစ်ဦးတစ်ယောက်အား ဘေးအန္တရာယ်ဖြစ်စေရန် အကြောင်းရှလျှင် ထိုသို့ မစေလွှတ်မီ ပင်လယ်ခရီးသွားရန် သင့်လျော်စိတ်ချရကြောင်း ယုတ္တိတန်သော နည်းလမ်းများကို ပြုလုပ်ပြီးကြောင်း ထင်ရှားပြနိုင်ခြင်းမှတစ်ပါး သို့တည်းမဟုတ် သင်္ဘောပင်လယ်သို့ သွားရခြင်းမှာ လုံလောက်သော အကြောင်းပြချက်နှင့် ခိုင်လုံချက် ရှိခြင်းမှတစ်ပါး ထိုသူကို ကျပ်တစ်သောင်းထိ ငွေဒဏ်စီရင်နိုင်သည်။

(၂) လူတစ်ဦးတစ်ယောက်၏အသက်ကို ဘေးအန္တရာယ်ဖြစ်စေနိုင်ရန်၊ ပင်လယ်ခရီးသွားရန် အခြေအနေမရှိကြောင်းသိလျက်နှင့် သင်္ဘောဦးစီးတစ်ဦးတစ်ယောက်သည် သင်္ဘောကို ပင်လယ်သို့မောင်းနှင်သွားလျှင် ပင်လယ်ခရီးသွားရခြင်းမှာ လုံလောက်သော အကြောင်းပြချက်နှင့် ခိုင်လုံချက်ရှိကြောင်း ထင်ရှားပြနိုင်ခြင်းမရှလျှင် ထိုသူကို (၆)လထိ ထောင်ဒဏ် သို့တည်းမဟုတ် ကျပ်တစ်ထောင်ထိ ငွေဒဏ် သို့တည်းမဟုတ် ဒဏ်နှစ်ရပ်လုံး စီရင်နိုင်သည်။

(၃) သက်သေထင်ရှားပြရန်အလို့ငှာ ယခုပုဒ်မအရ စွဲချက်တင်ခြင်းခံရသူမှာ အခြားသက်သေများကဲ့သို့ သက်သေခံချက်ပေးနိုင်သည်။

(၄) နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်မရှိဘဲ ယခုပုဒ်မအရ တရားစွဲဆိုခွင့်မရှိစေရ။

## ၈၄။ ရေကြောင်းမီးသင်္ဘောကိစ္စ။

ဥပဒေ။ ၁၉၁၇ ခုနှစ်၊ ပြည်တွင်းရေကြောင်းမီးသင်္ဘော အက်ဥပဒေ။
(အက်ဥပဒေအမှတ် ၁/၁၉၁၇)

**ပုဒ်မ ၅၅။ စစ်ဆေးပြီးနောက် လက်မှတ်မပါရှိဘဲ ပြေးဆွဲခြင်းအတွက် ပြစ်ဒဏ်**

ပုဒ်မ ၅၅။

(၁) မီးသင်္ဘောတစ်စင်းစင်းသည် ဤဥပဒေပုဒ်မ ၃ နှင့်ဆန့်ကျင်၍ စစ်ဆေးသည့် လက်မှတ်မပါရှိဘဲ ပြေးဆွဲလျှင် သင်္ဘောပိုင်ရှင်နှင့် သင်္ဘောဦးစီး အသီးသီးတို့အား ကျပ်နှစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ သို့မဟုတ် သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ စီရင်ခြင်းခံရမည်။

(၂) မီးသင်္ဘောဦးစီး သို့မဟုတ် အခြားအရာရှိ တစ်ဦးသည် ဤဥပဒေပုဒ်မ ၃ ကို ဆန့်ကျင်၍ ပြေးဆွဲလျှင် ယင်းပုဂ္ဂိုလ်သည် လိုင်စင်ရ ရေယာဉ်မောင်းနှင်သူ ဖြစ်ပါက ၎င်း၏ လိုင်စင်ကို တစ်စုံတစ်ခုသော အချိန်ထိ ရပ်စဲခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းကို သက်ဆိုင်ရာ အာဏာပိုင်က ပြုလုပ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၃) သင်္ဘောဦးစီး သို့မဟုတ် အခြားအရာရှိသည် ဦးစီးလက်မှတ်၊ ပဲ့နင်းလက်မှတ် သို့မဟုတ် အင်ဂျင်နီယာလက်မှတ်ရသူဖြစ်လျှင် ၎င်း၏လက်မှတ်ကို တစ်စုံတစ်ခုသော အချိန်ကာလအထိ ရပ်စဲခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းကို သက်ဆိုင်ရာ အာဏာပိုင်က ပြုလုပ်နိုင်သည်။

**(ခ) ပုဒ်မ ၅၆။ စစ်ဆေးပြီးလက်မှတ်ကို ချိတ်ထားရန် တမင်ပျက်ကွက်ခြင်းအတွက် ပြစ်ဒဏ်**

ပုဒ်မ ၅၆ ။ ဤဥပဒေပုဒ်မ ၁၀ ၏ လိုအပ်ချက်နှင့်တကွ စစ်ဆေးပြီး လက်မှတ်ကို သင်္ဘော၏ မြင်သာသော နေရာ၌ ချိတ်ဆွဲထားရန် တမင်ပေါ့လျော့သူ ပိုင်ရှင်နှင့် သင်္ဘောဦးစီးတို့ အသီးသီးအား ကျပ်တစ်ရာထိ ငွေဒဏ်စီရင်နိုင်သည်။

**(ဂ) ပုဒ်မ ၅၇။ စစ်ဆေးပြီးလက်မှတ်ကို ပေးအပ်ရန် ငြင်းဆန်ခြင်း သို့မဟုတ် တမင်ပေါ့လျော့ခြင်းအတွက် ပြစ်ဒဏ်**

ပုဒ်မ ၅၇။ ပိုင်ရှင်သို့မဟုတ် သင်္ဘောဦးစီးတို့သည် လုံလောက်သော အကြောင်းပြချက်မရှိဘဲ ဤဥပဒေပုဒ်မ ၁၄ ၏ လိုအပ်ချက်နှင့်အညီ စစ်ဆေးပြီးလက်မှတ်ကို ပေးအပ်ရန် ငြင်းဆန်လျှင် သို့မဟုတ် တမင်ပေါ့လျော့လျှင် ယင်းတို့အပေါ် ဒဏ်ငွေကျပ် တစ်ရာထိ စီရင်နိုင်သည်။

**(ဃ) ၅၈။ သတ်မှတ်ထားသည့် ခရီးသည်ဦးရေထက် ပိုမိုတင်ဆောင်ပြေးဆွဲခြင်းအတွက် ပြစ်ဒဏ်**

ပုဒ်မ ၅၈ ။ စစ်ဆေးပြီး လက်မှတ်တွင် ခွင့်ပြုထားသည့် ခရီးသည်ဦးရေထက် ပိုမိုတင်ဆောင်ပြေးဆွဲလျှင် ပိုင်ရှင်နှင့် သင်္ဘောဦးစီးတို့အား ပိုတင်သော ခရီးသည်တစ်ဦးအတွက် ဒဏ်ငွေ ကျပ်တစ်ဆယ်စီ ချမှတ်နိုင်သည်။

**(င) ပုဒ်မ ၅၉။ သင်္ဘောဦးစီးလက်မှတ်မရှိသူကို သင်္ဘောဦးစီးအဖြစ် လုပ်ကိုင်စေခြင်း၊ ထမ်းဆောင်စေခြင်း သို့မဟုတ် ငှားရမ်းခြင်းအတွက် ပြစ်ဒဏ်**

ပုဒ်မ ၅၉။ လူတစ်ဦးတစ်ယောက်သည် -

(က) ဤပုဒ်မအရ သင်္ဘောဦးစီး လက်မှတ်ရသူမဟုတ်ဘဲ သို့မဟုတ် သင်္ဘောပဲ့နင်းလက်မှတ်ရသူမဟုတ်ဘဲ သို့မဟုတ် သင်္ဘောအင်ဂျင်နီယာ လက်မှတ် ရသူမဟုတ်ဘဲ သို့မဟုတ် စက်ခန်းမောင်းနှင်သူ

www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ရသူမဟုတ်ဘဲ မီးသင်္ဘော ကို မောင်းနှင်ပြေးဆွဲလျှင် သို့တည်းမဟုတ်၊

(ခ) ယင်းအချိန်က သင်္ဘောဦးစီးလက်မှတ်ရသူ သို့မဟုတ် အင်ဂျင်နီယာ လက်မှတ်ရသူ သို့မဟုတ် လက်ဝယ်ရှိသူ ဟုတ် မဟုတ် သေချာစွာ စုံစမ်းမှုမပြုဘဲ ခန့်ထားခြင်းပြုလျှင်၊

ထိုသူကို ကျပ်ငါးရာထိ ငွေဒဏ်စီရင်နိုင်သည်။

**(စ) ပုဒ်မ ၆၀။ သင်္ဘောဦးစီးသည် သင်္ဘောပျက်ခြင်း သို့မဟုတ် သေပျောက် ဆုံးရှုံးမှုကို အကြောင်းမကြားခြင်းအတွက် ပြစ်ဒဏ်**

ပုဒ်မ ၆၀။ သင်္ဘောဦးစီးသည် ဥပဒေပုဒ်မ ၃၂ ၏ လိုအပ်ချက်နှင့်အညီ သင်္ဘော ပျက်ခြင်း၊ စွန့်ခွာခြင်း၊ ဖျက်ဆီးခြင်း၊ သေပျောက်ခြင်း သို့မဟုတ် ဆုံး ရှုံးမှု ကိစ္စရပ်များကို တမင်အကြောင်းကြားရန် ပျက်ကွက်လျှင် ကျပ် ငါးရာထိ ငွေဒဏ်စီရင်နိုင်သည်။ ဒဏ်ငွေပေးဆောင်ရန် ပျက်ကွက် လျှင် ခြောက်လထိ အလုပ်မဲ့ထောင်ဒဏ် စီရင်နိုင်သည်။

**(ဆ) ပုဒ်မ ၆၁။ ပယ်ဖျက်ထားသည့် သို့မဟုတ် ရပ်စဲထားသည့် စစ်ဆေးပြီး လက်မှတ်ကို ပေးအပ်ရန် ပျက်ကွက်ခြင်းအတွက် ပြစ်ဒဏ်**

ပုဒ်မ ၆၁။ မည်သူမဆို ဤဥပဒေပုဒ်မ ၄၆ ၏ လိုအပ်ချက်နှင့်အညီ ရပ်စဲထား သည့် သို့မဟုတ် ပယ်ဖျက်ထားသည့် စစ်ဆေးပြီးလက်မှတ်ကို ပေးအပ် ရန် ပျက်ကွက်လျှင် ကျပ်ငါးရာထိ ငွေဒဏ်စီရင်နိုင်သည်။

**(ဇ) ပုဒ်မ ၆၂။ အန္တရာယ်ရှိသော ကုန်များကို အကြောင်းကြား အသိမပေးဘဲ ယူလာခြင်း သို့မဟုတ် သယ်ယူလာခြင်းအတွက် ပြစ်ဒဏ်**

ပုဒ်မ ၆၂။ မည်သူမဆို ဤဥပဒေပုဒ်မ ၅၀ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ပြီး ၎င်းနှင့်အတူ မည်သည့်အန္တရာယ်မဆို ဖြစ်စေနိုင်သော ကုန်ပစ္စည်း တစ်စုံတစ်ရာကို မီးသင်္ဘောပေါ်တွင် တင်ဆောင်လာလျှင် ကျပ်နှစ်ရာ ထိ ငွေဒဏ်စီရင်ခြင်းခံရမည့်အပြင် ကုန်ပစ္စည်းများကိုလည်း သိမ်း ဆည်းခြင်း ခံရမည်။

www.burmeseclassic.com

www.burmeseclassic.com



**(ဈ) ပုဒ်မ ၆၃။ မကောင်းသော အပြုအမူ သို့မဟုတ် ပေါ့လျော့မှုကြောင့် မီး သင်္ဘောကိုဖြစ်စေ၊ လူ့အသက်ကိုဖြစ်စေ၊ ကိုယ်အင်္ဂါကိုဖြစ်စေ၊ ဘေး အန္တရာယ်ဖြစ်စေခြင်းအတွက် ပြစ်ဒဏ်**

ပုဒ်မ ၆၃။ မီးသင်္ဘောတွင် အလုပ်ခန့်ထားခြင်း ခံရသူတစ်ဦးတစ်ယောက်သည် မီးသင်္ဘောပေါ်တွင် တမင်ဖောက်ဖျက်မှု သို့မဟုတ် တာဝန်ပေါ့လျော့မှု သို့မဟုတ် အရက်သောက်စားမူးယစ်မှုကြောင့် -

(က) သင်္ဘောနစ်မြုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် သင်္ဘောတွင် အမိက ပျက်စီးမှု သို့မဟုတ် သင်္ဘောပေါ်တွင် ပါရှိသူ တစ်ဦးတစ်ယောက်၏ အသက်နှင့်ကိုယ်အင်္ဂါ ဘေးအန္တရာယ်ဖြစ်စေနိုင်သော ပြုလုပ်မှု တစ်စုံ တစ်ရာပြုလျှင်၊

(ခ) သင်္ဘောရတ်တရက် နစ်မြုပ်ခြင်း၊ ပျက်စီးသွားခြင်း သို့မဟုတ် အမိက ပျက်စီးမှု သို့မဟုတ် လူ့အသက်နှင့်ကိုယ်အင်္ဂါ နာကျင်စေမှုတို့မှ ကာကွယ်စောင့်ရှောက်ရန်အတွက် တရားဥပဒေနှင့်အညီ ပြုလုပ်ရမည် ကို ငြင်းဆန်လျှင် သို့မဟုတ် ပျက်ကွက်လျှင်၊

ကျပ်တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ သို့မဟုတ် နှစ်နှစ်ထိ ထောင်ဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်း ခံရမည်။

**(ည) ပုဒ်မ ၆၃-က။ စစ်ဆေးပြီးထောက်ခံချက်ကိုဖြစ်စေ၊ စစ်ဆေးပြီးလက်မှတ် စာကိုဖြစ်စေ လိမ်လည်အတုပြုလုပ်မှုအတွက် ပြဒဏ်**

ပုဒ်မ ၆၃-က။ မည်သူမဆို -

(က) သိလျက်နှင့်ဖြစ်စေ၊ တမင်ပြုလုပ်လျှင် သို့မဟုတ် ပြုလုပ်ရာတွင် ကူညီလျှင် သို့မဟုတ် ရယူရန်အတွက် စစ်ဆေးပြီး ထောက်ခံချက်ကို ဖြစ်စေ၊ စစ်ဆေးပြီးလက်မှတ်ကိုဖြစ်စေ မမှန်မကန်ပြုလုပ်လျှင် သို့မဟုတ် အတုပြုလုပ်လျှင်၊

(ခ) အတုပြုလုပ်ခြင်း၊ အတုပြုလုပ်ရာတွင် ကူညီခြင်း၊ အတုပြုလုပ်ရယူ ခြင်း၊ လိမလည်၍ ပြောင်းလဲခြင်း၊ လိမ်လည်၍ ပြောင်းလဲရာတွင် ကူညီခြင်း၊ လိမ်လည်၍ ပြောင်းလဲရာတွင် ရယူခြင်းနှင့် စစ်ဆေးပြီး ထောက်ခံချက် သို့မဟုတ် စစ်ဆေးပြီးလက်မှတ်၊ ယင်းထောက်ခံချက် လက်မှတ်တွင် တစ်စုံတစ်ရာ သို့မဟုတ် လက်မှတ်တို့ကို ပြုလုပ်လျှင်၊

www.burmeseclassic.com

www.burmeseclassic.com



ကျပ်တစ်ထောင်ထိ ငွေဒဏ်စီရင်ခြင်းခံရမည့်အပြင် ထောက်ခံချက်နှင့် လက်မှတ်တို့ကိုလည်း ပယ်ဖျက်ခြင်းခံရမည်။

**(၄) ပုဒ်မ ၆၃-ခ။ စစ်ဆေးပြီးလက်မှတ်ကို အတုပြုလုပ်ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်းအတွက် ပြစ်ဒဏ်**

ပုဒ်မ ၆၃-ခ။ မည်သူမဆို -

(က) တရားဝင်စစ်ဆေးပြီးလက်မှတ် သို့မဟုတ် တရားဝင်ထုတ်ပေးထားသော လက်မှတ်စာမိတ္တူတစ်ခုခုကို အတုပြုလုပ်လျှင် သို့မဟုတ် မရိုးမဖြောင့်သော သဘောနှင့် ပြောင်းလဲပြင်ဆင်လျှင် သို့မဟုတ် လိမ်လည်ပြောင်းလဲပြင်ဆင်ရာတွင် ကူညီလျှင် သို့တည်းမဟုတ်၊

(ခ) မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ တရားဝင်စစ်ဆေးပြီးလက်မှတ်ပေါ်တွင် မမှန်ကန်သော ဖော်ပြချက်များပြုလျှင် သို့မဟုတ် ပြုရာတွင် ကူညီလျှင် သို့တည်းမဟုတ်၊

(ဂ) အတု၊ ပြင်ဆင်ထားသော၊ ပယ်ဖျက်ထားသော သို့မဟုတ် ရပ်စဲထားသော သို့မဟုတ် မိမိနှင့် အကျုံးဝင်သက်ဆိုင်ခြင်းမရှိသော စစ်ဆေးပြီးလက်မှတ် သို့မဟုတ် တရားဝင်စစ်ဆေးပြီး လက်မှတ်မိတ္တူကို မရိုးမဖြောင့်သော သဘောနှင့်သုံးစွဲလျှင်၊

(ဃ) မိမိရရှိထားသော တရားဝင်လက်မှတ်ကို သူတစ်ပါးအား သုံးစွဲရန် မရိုးမဖြောင့်သော သဘောနှင့် ငှားရမ်းလျှင်၊

ကျပ်ငါးရာထိ ငွေဒဏ်စီရင်ခြင်းခံရမည့်အပြင် တရားဝင်ရရှိထားသော လက်မှတ်စာကိုလည်း ပယ်ဖျက်ခြင်းခံရမည်။

**(၅) ပုဒ်မ ၆၃-ဂ ။ တင်ဆောင်ခွင့်မရှိသော နေရာမှ ခရီးသည်နှင့် ကုန်ပစ္စည်းများ တင်ဆောင်ခြင်းအတွက် ပြစ်ဒဏ်**

ပုဒ်မ ၆၃-ဂ။

(၁) မီးသင်္ဘောတွင် အမြဲတမ်း၊ အဖီ သို့မဟုတ် ယာယီအဖီနေရာ သို့မဟုတ် လူတင်ဆောင်ခွင့်မရှိသော မည်သည့်မီးသင်္ဘောနေရာ၌မဆို ခရီးသည် တင်ဆောင်လျှင် ပိုင်ရှင်နှင့် သင်္ဘောဦးစီးတို့ကို ကျပ်တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ သို့မဟုတ် သုံးလထိ ထောင်ဒဏ် ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၂) မီးသင်္ဘော၏ အမြဲတမ်းအဖီ သို့မဟုတ် ရွှေ့ပြောင်းနိုင်သောအဖီပေါ်တွင် ကုန်ပစ္စည်းများ တင်ဆောင်လျှင် ပိုင်ရှင် သို့မဟုတ် သင်္ဘောဦးစီးကို ကျပ်တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ သုံးလထိထောင်ဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးကို စီရင်နိုင်သည်။

## ၈၅။ မြေရာချထားရေးနှင့် မြေယာသိမ်းယူရေးကိစ္စ။

**ဥပဒေ။** ၁၉၄၂ ခုနှစ်၊ အစိုးရမြေယာချထားရေးနှင့် မြေယာသိမ်းယူရေးဥပဒေ။ (အက်ဥပဒေအမှတ် ၁/၁၈၉၄)

**ပုဒ်မ ၄၆။ မြေယာသိမ်းယူသည့်ကိစ္စတွင် တားဆီးနှောင့်ယှက်မှုအတွက် ပြစ်ဒဏ်**

ပုဒ်မ ၄၆။ ဤဥပဒေပုဒ်မ ၄ သို့မဟုတ် ပုဒ်မ ၈ အရ ဝတ္တရား ဆောင်ရွက်နေသူတစ်ဦးတစ်ယောက်ကို တမင်တားဆီးနှောင့်ယှက်လျှင် သို့မဟုတ် တမင်ဆောက်လုပ်ခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုဒ်မ ၄ အရ မှတ်သားချက်တစ်စုံတစ်ရာနှင့် တူးဖော်ထားသော မြောင်းတစ်စုံတစ်ရာကို နေရာပြောင်းလဲစေလျှင် ပြစ်မှုထင်ရှားပါက ရာဇဝတ်တရားသူကြီးသည် တစ်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ သို့မဟုတ် ကျပ်ငါးဆယ်ထိ ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်နိုင်သည်။

## ၈၆။ စာချုပ်စာတမ်းမှတ်ပုံတင်သည့်ကိစ္စ။

**ဥပဒေ။** စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေ။ (အက်ဥပဒေအမှတ် ၁၆/၁၉၀၈)

**ပုဒ်မ ၈၁။** ယခုအက်ဥပဒေအရ ခန့်ထားသည့် မည်သည့်မှတ်ပုံတင်အရာရှိမဆို ယင်းဥပဒေအရ ပေးအပ်သော တာဝန်ဝတ္တရားများ ဆောင်ရွက်ရာတွင် မမှန်ကန်သည့် အကြောင်းအရာကို သိလျက်နှင့် တစ်ဖက်သား နစ်နာစေလိုသော ကြံရွယ်ချက်ဖြင့် စာချုပ်တွင် မမှန်ကန်သော အကြောင်းအရာများကို တမင်ရေးသွင်းခြင်း၊ ထပ်ဆင့်ရေးသွင်းခြင်း၊ ကူးယူခြင်း၊ ပြန်ဆိုခြင်း သို့မဟုတ် မှတ်ပုံတင်ခြင်း ပြုလုပ်လျှင် ထောင်ဒဏ်(၇)နှစ် သို့မဟုတ် ငွေဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး ချမှတ်ခြင်းခံစေရမည်။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၈၂။** မည်သူမဆို -

(က) ဤအက်ဥပဒေအရ ဆောင်ရွက်သော မှုခင်း သို့မဟုတ် စုံစမ်းမှု တစ်စုံတစ်ရာတွင် အရာရှိတစ်ဦးတစ်ယောက်၏ ရှေ့မှောက်၌ ကျမ်းကျိန်ဆို၍ဖြစ်စေ၊ ကျမ်းကျိန်ဆို၍ မဟုတ်ဘဲဖြစ်စေ၊ မမှန်ကန်သော ထွက်ဆိုချက် (false statement) ကို ပြုလုပ်ရာ၌ ရေးမှတ်ယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ သို့တည်းမဟုတ်၊

(ခ) ပုဒ်မ ၁၉ သို့မဟုတ် ၂၁ အရ ဆောင်ရွက်သော မှုခင်းတစ်စုံတစ်ရာတွင် မမှန်ကန်သော မိတ္တူ သို့မဟုတ် ဘာသာပြန်ဆိုထားသော စာချုပ်စာတမ်း တစ်စုံတစ်ရာ သို့မဟုတ် မမှန်ကန်သော မြေပုံမိတ္တူ သို့မဟုတ် ပုံစံကို သိလျက်နှင့် မှန်ပုံတင်အရာရှိတစ်ဦးထံ ပေးအပ်လျှင် သို့တည်း မဟုတ်၊

(ဂ) အခြားလူတစ်ဦးတစ်ယောက်အဖြစ် အယောင်ဆောင်၍ စာချုပ်တစ်စုံတစ်ရာ တင်သွင်းခြင်း၊ သို့မဟုတ် ဝန်ခံချက်ပြုလုပ်ခြင်း သို့မဟုတ် ထွက်ဆိုချက်ပြုလုပ်ခြင်း သို့မဟုတ် သမ္မာန်စာ သို့မဟုတ် ကော်မရှင်စာထုတ်စေရန် ပြုလုပ်ခြင်း သို့မဟုတ် အက်ဥပဒေအရ ဆောင်ရွက်သော မှုခင်း သို့မဟုတ် စုံစမ်းမှု တစ်စုံတစ်ရာကို ပြုလုပ်လျှင်၊

(ဃ) ယခု အက်ဥပဒေအရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသော အရာတစ်ခုခုနှင့် စပ်လျဉ်း၍ အားပေးကူညီလျှင် ထောင်ဒဏ်(၇)နှစ် သို့မဟုတ် ငွေဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး ချမှတ်ခြင်းခံရမည်။

**ပုဒ်မ ၈၃။**

(၁) ယခုအက်ဥပဒေအရ ကျူးလွန်သောပြစ်မှုကို မှတ်ပုံတင်အရာရှိ သိရှိသည့်အချိန်မှစ၍ မှတ်ပုံတင်အရာရှိချုပ် သို့မဟုတ် မှတ်ပုံတင်အရာရှိ သို့မဟုတ် လက်ထောက်မှတ်ပုံတင်အရာရှိချုပ်၏ ခွင့်ပြုချက်ရရှိပြီးနောက် ပြစ်မှုကျူးလွန်သည့် ခရိုင် သို့မဟုတ် ခရိုင်ခွဲ၌ အမှုစတင်စွဲဆိုနိုင်သည်။

(၂) ယခု အက်ဥပဒေအရ ကျူးလွန်သော ပြစ်ဒဏ်များကို ဒုတိယတန်းစား အာဏာအောက် မနိမ့်သော ရာဇဝတ်တရားသူကြီးက စစ်ဆေးစီရင်ရမည်။

**ပုဒ်မ ၈၄။**

(၁) ယခုအက်ဥပဒေအရ ခန့်ထားခြင်းခံရသော မှတ်ပုံတင်အရာရှိတိုင်း

www.burmeseclassic.com



သည် ပြစ်မှုဆိုင်ရာ ဥပဒေ(ရာဇသတ်ကြီးဥပဒေ)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

(၂) မည်သူမဆို လိုအပ်သည့်အခါတွင် ယင်းမှတ်ပုံတင်အရာရှိအား သတင်းပေးရန် ဥပဒေအရ တာဝန်ရှိစေရမည်။

(၃) ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၈ ၌ ပါရှိသော တရားစီရင်မှု (Judicial Proceeding) သည် ယခုအက်ဥပဒေအရ ဆောင်ရွက်သော မှုခင်းအတွက် အကျုံးဝင်စေရမည်။

## ၈၇။ မြို့တော်နေသူ ကျန်းမာရေးကိစ္စ။

**ဥပဒေ။** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဆိုင်ရာနည်းဥပဒေများ။ (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမိန့်ကြော်ငြာစာအမှတ် ၄/၁၉၉၉)

**ပုဒ်မ ၃၀။** မည်သူမျှ ကော်မတီက ထုတ်ပေးထားသော လိုင်စင်မရှိဘဲ ဥပဒေတစ်ရပ်ရပ်အရ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းက လိုင်စင်ထုတ်ပေးထားသော ထိန်းချုပ်အစားအသောက်မှအပ အခြား အစားအသောက် ထုတ်လုပ်ခြင်းလုပ်ငန်းကိုဖြစ်စေ၊ ကော်မတီက ကင်းလွတ်ခွင့်ပြုထားသော အစားအသောက်မှအပ အခြား အစားအသောက်ရောင်းချခြင်းလုပ်ငန်းကိုဖြစ်စေ လုပ်ကိုင်ခြင်းမပြုရ။

**ပုဒ်မ ၃၁။** မည်သူမျှ ကော်မတီက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော အစားအသောက်အမျိုးအစားကို ဓာတ်ခွဲအရာရှိက လူတို့စားသုံးရန် သင့်လျော်ကြောင်း ထုတ်ပေးထားသော လက်မှတ်မရရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

**ပုဒ်မ ၃၂။** မည်သူမျှ ရောဂါစွဲကပ်သည့် တိရစ္ဆာန်အသားကိုဖြစ်စေ၊ လေ သို့မဟုတ် ရေ မှုတ်သွင်းထားသော အသားကိုဖြစ်စေ ရောင်းချခြင်း သို့မဟုတ် ရောင်းချရန် ခင်းကျင်းခြင်းမပြုရ။

www.burmeseclassic.com

www.burmeseclassic.com



တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် ရန်ကုန်မြို့တော်စည်ပင် သာယာရေးဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်သည်။

**၈၈။ မြို့တော်ဈေးများကိစ္စ။**

**ဥပဒေ။** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဆိုင်ရာနည်းဥပဒေများ။ (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမိန့်ကြော်ငြာစာအမှတ် ၇/၁၉၉၉)

**ပုဒ်မ ၂၆။** မည်သူမျှ စည်ပင်သာယာဈေးအတွင်းသို့ အိမ်မွေးတိရစ္ဆာန်များကို ယူဆောင်လာခြင်းမပြုရ။

တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် ရန်ကုန်မြို့တော်စည်ပင် သာယာရေး ဥပဒေအရ အရေးယူခြင်းခံရမည်။

**၈၉။ မြို့တော်ပန်းဥယျာဉ်နှင့်အားကစားကွင်းကိစ္စ။**

**ဥပဒေ။** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဆိုင်ရာနည်းဥပဒေများ။ (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမိန့်ကြော်ငြာစာအမှတ် ၈/၁၉၉၉)

**ပုဒ်မ ၁၉။** မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ကော်မတီပိုင်အပင်များမှ အသီး၊ အပွင့်၊ အရွက်၊ အကိုင်းအခက်တို့ကို ခူးယူခြင်း၊ ချိုးဖဲ့ခြင်း၊ ခုတ်ထွင်ခြင်း၊ ပျက်စီးစေခြင်းမပြုရ။

**ပုဒ်မ ၂၃။** မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ ပျိုးခြံတည်ထောင်ခြင်း၊ ပျိုးပင်အရောင်းဆိုင်ဖွင့်ခြင်း မပြုရ။

တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် ရန်ကုန်မြို့တော်စည်ပင် သာယာရေး ဥပဒေအရ အရေးယူခြင်းခံရမည်။

www.burmeseclassic.com

www.burmeseclassic.com



## ၉၀။ **အဆောက်အအုံဆောက်လုပ်သည့်ကိစ္စ။**

**ဥပဒေ။** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
အဆောက်အအုံဆိုင်ရာနည်းဥပဒေများ။
(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
အမိန့်ကြော်ငြာစာအမှတ် ၉/၁၉၉၉)

**ပုဒ်မ ၇၆။** မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

**ပုဒ်မ ၇၇။** မည်သူမျှ ကော်မတီက ခွင့်ပြုထားသည့် အဆောက်အအုံပုံစံနှင့် ကွဲလွဲခြားနားသည့် အဆောက်အအုံကို ဆောက်လုပ်ခြင်းမပြုရ။

**ပုဒ်မ ၈၁။** မည်သူမျှ ကော်မတီက ထုတ်ပေးထားသော လိုင်စင်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကန်ထရိုက်တာ၊ ဗိသုကာ အင်ဂျင်နီယာ၊ အဆောက်အအုံ အင်ဂျင်နီယာ သို့မဟုတ် အင်ဂျင်နီယာအဖြစ် ဆောင်ရွက်ခြင်းမပြုရ။

တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေအရ အရေးယူခြင်းခံရမည်။

## ၉၁။ **မြို့တော်သန့်ရှင်းရေးကိစ္စ။**

**ဥပဒေ။** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဆိုင်ရာ
နည်းဥပဒေများ။
(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
အမိန့်ကြော်ငြာစာအမှတ် ၁၀/၁၉၉၉)

**ပုဒ်မ ၄၈။** မည်သူမျှ သာမန်အမှိုက်စွန့်ပစ်ရန် ကော်မတီက စီမံထားရှိသည့် အမှိုက်ပုံး၊ အမှိုက်ကန်၊ အမှိုက်ပုံရန်သတ်မှတ်ထားသည့်နေရာနှင့် အမှိုက်သယ်ယာဉ်မှအပ အခြားနေရာတွင် သာမန်အမှိုက်ကို စွန့်ပစ်ခြင်း မပြုရ။

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၄၉။** မည်သူမျှ ခြံထွက်အမှိုက်၊ စက်ရုံ၊ အလုပ်ရုံထွက်အမှိုက်၊ တည်ဆောက်ရေးလုပ်ငန်းထွက်အမှိုက်၊ စီးပွားရေးလုပ်ငန်းထွက်အမှိုက်၊ ဆေးရုံစွန့်ပစ် ပစ္စည်းများနှင့် စက်ဆုပ်ဖွယ်အရာများကို ကော်မတီက သီးသန့်သတ်မှတ်ထားသည့် နေရာမှအပ သာမန် အမှိုက်စွန့်ပစ်ရန် စီမံထားရှိသည့် အမှိုက်ပုံး၊ အမှိုက်ကန်နှင့်အမှိုက်ပုံရန် သတ်မှတ်ထားသည့် နေရာတွင်လည်းကောင်း၊ အခြားနေရာတွင်လည်းကောင်း စွန့်ပစ်ခြင်း မပြုရ။

တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေအရ အရေးယူခြင်းခံရမည်။

## ၉၂။ မြို့တော်အခွန်စည်းကြပ်ရေးကိစ္စ။

**ဥပဒေ။** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ယာဉ်၊ ကူးတို့၊ ပွဲရုံနှင့် ပုဂ္ဂလိကငွေချေးလုပ်ငန်းများ၊
အခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းဆိုင်ရာ
နည်းဥပဒေများ။
(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
အမိန့်ကြော်ငြာစာအမှတ် ၁၂/၁၉၉၉)

**ပုဒ်မ ၆၁။** မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီက ထုတ်ပေးသော ပုဂ္ဂလိက ငွေချေးလုပ်ငန်းလိုင်စင်မရှိဘဲ ပုဂ္ဂလိက ငွေချေးလုပ်ငန်း မပြုလုပ်ရ။

တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေအရ အရေးယူခြင်းခံရမည်။

## ၉၃။ ရန်ကုန်မြို့တွင် တိရစ္ဆာန်မွေးမြူခြင်း၊ သားသတ်ခြင်းကိစ္စ။

**ဥပဒေ။** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်များ
မွေးမြူခြင်းနှင့် သားသတ်ရုံများဆိုင်ရာ နည်းဥပဒေများ။
(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
အမိန့်ကြော်ငြာစာအမှတ် ၁၃/၁၉၉၉)

www.burmeseclassic.com

www.burmeseclassic.com



**ပုဒ်မ ၃၄(ဃ)။** မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အများပြည်သူအား အန္တရာယ်ဖြစ်စေနိုင်သည်ဟု ကော်မတီက အခါအားလျော်စွာသတ်မှတ်သော အခြားတိရစ္ဆာန်ကို မွေးမြူခြင်းမပြုရ။

တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေအရ အရေးယူခြင်းခံရမည်။

## ၉၄။ မြို့တော်သာယာရေးစီမံခန့်ခွဲရေးကိစ္စ။

**ဥပဒေ။** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စီမံခန့်ခွဲရေးဆိုင်ရာ နည်းဥပဒေများ။ (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမိန့်ကြော်ငြာစာအမှတ် ၁၅/၁၉၉၉)

**ပုဒ်မ ၆၃။** မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း ယာယီဇာတ်ရုံ ဆောက်လုပ်ခြင်းမပြုရ။

**ပုဒ်မ ၆၆။** မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း

(က) ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ လမ်းဘေးဈေးဆိုင် ဖွင့်လှစ်ရောင်းချခြင်း မပြုရ။

(ခ) ကော်မတီက ကန့်သတ်ထားသည့်နေရာနှင့် အချိန်တွင် လမ်းဘေးဈေးဆိုင်ဖွင့်လှစ်ရောင်းချခြင်းမပြုရ။

တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေအရ အရေးယူခြင်းခံရမည်။

www.burmeseclassic.com

www.burmeseclassic.com

# ဥပဒေ(၁၀၀) ပုဒ်မ(၁၀၀၀) ရှောင်ဖို့သိဖို့ဆောင်

BURMESE CLASSIC .com

ဦးကျော်ဇေယျ

www.burmeseclassic.com